အသျှင်
ကောသလ္လ
၏

# ဝိပဿနာ အလုပ်စခန်း

ကြောင်ပန်းလမ်းစဉ်၊

အဘိုး-၄

၈၀၀၅

ဗုဒ္ဓသာသနာ ပြန့်ပွားရေး ဓမ္မကထိက

**အသျှင်ကောသလ္လ**

၏

# ဝိပဿနာအလုပ်ခန်း

## ကြောင်ပန်းလမ်းစဉ်

ပဌမအစောင်။

၁၃၁၈-ခု၊ ပြာသိုလ တတိယ-ပုံနှိပ်ခြင်း အုပ်ရေ (၃၀၀၀)

ကိုချစ်ကြွယ် နှင့် သား-သမီး-များ

**ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်-စာအုပ်ဆိုင်**

နံပါတ် {၃၈=၃၉} ဗီရုံ၊ ဈေးကြိုတော်

မန္တလေးမြို့၊

သမတ,ပုံနှိပ်တိုက်၊ ဆိုင်းတန်း-မန္တလေး၊



ပဌမ ကြောင်ပန်း ဆရာတော်ဘုရားကြီး

ပုံတော်၊




ဒုတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီး



တတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီး
ပုံတော်။



ကျေးဇူးရှင်-ကြောင်ပန်းကိုဘ်းအုပ်

ဦးတိက္ကာဆရာတော် ဘုရားကြီး ပုံတော်




( ဤကျမ်းစာ၏ အရှင် )

ဗုဒ္ဓသာသနာ ပြန့်ပွားရေး ဓမ္မကထိက

**အသျှင်ကောသလ္လ၏ပုံတော်။**

# ဝိပဿနာ အလုပ်စခန်း

## ကြောင်ပန်းလမ်းစဉ်

မှ

# ကျနှုပ်သိရသမျှ...။

---

ဖြန့်ချိသူ ။
ကိုချစ်ကြွယ်-နှင့်-သားသမီးများ။
ဇမ္ဗူ့မိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်။
နံပါတ် ( ၁၀- ၁၈ ) ဗိမ့် ဈေးချို၊
မန္တလေး၊

**ဤစာအုပ်သည်။**

{၁}

တကယ့် အသိဉာဏ် ရှင်းတမ်းကို ရလိုသော သူများနှင့် ဝိပဿနာ အလုပ်ခွင်သို့တကယ်ဝင်လိုသောပုဂ္ဂိုလ်များအတွက်ကိုသာ ရည်ရွယ်သည်၊ အပျင်းပြေဘတ်လိုသော သူများနှင့် ပုဂ္ဂလဓိဋ္ဌာန် အစွဲသန်သူများအတွက် ရည်ရွယ်ချက်မရှိ၊

(၂) ဤစာအုပ်သည် ယခုအခါ ဝါဒပေါင်း များစွာ ရှုပ်ထွေးနေရာ၊ အမှား, အမှန်ကို ဝေဘန်နိုင်ရန် ဝိပဿနာ အသင်းသူအသင်းသားများ၏ လက်ကိုင်အခင်အားတခု ဖြစ်ရမည်၊

(၃) နောင် အနာဂတ် သံသရာ အတွက်လည်း ဗုဒ္ဓဘာသာ မျိုးမြန်မာတို့၏ အားကိုး, အားထားရာကြီးတခု ဖြစ်ရမည်၊

(၄) ဤစာအုပ်၏ ပဌမရှေ့ပိုင်း၌ ဝိပဿနာ အသင်းသူ, အသင်းသားများ သိသင့် သိထိုက်သော အချက်များကို ရှင်းပြထား၍၊ ဒုတိယ နောက်ပိုင်း၌ ဝိပဿနာ အလုပ် အားထုတ်ပုံ များကို လက်ဝါးပေါ်တွင်ပတ္တမြားတင်သကဲ့သို့ လူပြိန်းများပင်နားလည်လောက်အောင် ထင်ထင်ရှားရှားကြီး ပေါ်ပြထားသည်၊

{မုံ} အသျှင် ''ကောသဋ္ဌ''

# မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **ပဌမ ပရိစ္ဆေဒ။** | |
| ၁။ | ဒုတိယအကြိမ် ရိုက်နှိပ်ရခြင်းအကြောင်း | ဃ |
| ၂။ | တတိယအကြိမ် ရိုက်နှိပ်ရခြင်းအကြောင်း | စ |
| ၃။ | ဘောင်းပန်လွှာ ...... ...... | ၃ |
| ၄။ | အောင်မင်္ဂလာဝါထာ ...... ...... | ၅ |
| ၅။ | အကြောင်းပြ နိဒါန်း ...... ...... | ၆ |
| ၆။ | ထောမနာဂါထာ ...... ...... | ၇ |
| ၇။ | ကျမ်းစာကြည့်ရှု သတိပြု .... .... | ၁၃ |
| ၈။ | စာစောင်ရှင်၏ အာဘော် ...... ...... | ၁၄ |
| ၉။ | ပဏာမ ပဋိညာဉ်ဂါထာ ...... ...... | ၁၆ |
| ၁၀။ | ဇမ္ဗူကြွေးကြော်သံ ...... ...... | ၁၈ |
| ၁၁။ | ကြောင်ပန်းလမ်းစဉ်တရားတော်ကြီး။ .... | ၂၀ |
| ၁၂။ | သံဝေဂပွါးစရာ တောအုပ်ဥပမာ .... | ၂၃ |
| ၁၃။ | ဥပမေယျ ထပ်တူပြ .... ...... | ၃၃ |
| ၁၄။ | ငရုတ်သီးပုတ်အတွင်းနေ ရှာသောသူခိုးဥပမာ | ၄၂ |
| ၁၅။ | ပဌမကြောင်ပန်းရှင်ဘုရားကြီး၏စေဘနာ...... | ၅၃ |
| ၁၆။ | သပိတ်မှောက်ရှင်းတမ်း .... ...... | ၅၆ |
| ၁၇။ | သပိတ်မှောက်တရားတော်ကြီး ...... | ၆၄ |
| ၁၈။ | တုံးနာမ်, တိုင်နာမ် ရှင်းတမ်း .... ...... | ၆၆ |
| ၁၉။ | ဝိညာဏ်မြင်နှင့် ပညာမြင် ရှင်းတမ်း .... | ၇၄ |
| ၂၀။ | ကြောင်တောင်လွဲတဲ့ ပုထုဇဉ် .... .... | ၇၆ |


A

# မာတိကာ။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | ကျေးဇူးရှင်ကို ကျေးစွပ်ပြစ်မှားသော ဍုဏ္ဏွားဥပမာ ...... | ၈၄ |
| ၂၂။ | သုန်းတော်ဘွဲ့ တေးထပ်များ .... .... | ၈၈ |
| ၂၃။ | ဂီတအတွက်နှင့် ပတ်သက်၍မှတ်ချက်ရှင်တမ်း | ၉၀ |

## ဒုတိယပရိစ္ဆေဒ။

| | | |
|---|---|---|
| ၁။ | သာသနာ့တဝက် မင်းကောင်းတဆက် .... | ၁၀၁ |
| ၂။ | မကောင်းသူပယ်, ကောင်းသူကယ် ...... | ၁၀၃ |
| ၃။ | နေမင်းနှင့် သာသနာ့ဥပမာ ...... .... | ၁၀၃ |
| ၄။ | မောင်ကျန်ရစ် မယ်ကျန်ရစ် .... | ၁၀၆ |
| ၅။ | ဘုန်းကြီးနေါသ,ဂေါတမတောင်ဩချရ | ၁၀၇ |
| ၆။ | ကိုးကွယ်မှုအရေးကြီးပုံ ...... .... | ၁၀၈ |
| ၇။ | ဂိုဏ်းဂဏဝါဒ ရှုပ်ထွေး ပေါ်များပုံ .... | ၁၀၉ |
| ၈။ | ဖွေ့မိဋ္ဌာန်နဲ့ဝေဘန်ကြဲဖို့ .... .... | ၁၂၁ |
| ၉။ | မစွဲလန်းရာ ဆယ်ဋ္ဌာန .... ...... | ၁၂၂ |
| ၁၀။ | ဆရာစွဲ, စာစွဲ, ငါစွဲ .... .... | ၁၂၃ |
| ၁၁။ | စာသင်နည်းသုံးမျိုး ...... ..... | ၁၂၆ |
| ၁၂။ | စာနှင့် တရားခြားနားပုံ ...... ...... | ၁၂၈ |
| ၁၃။ | ဓမ္မမှတ်ကျောက်ကြီးများ .... .... | ၁၃၁ |
| ၁၄။ | သစ္စာသုံးပါးရှင်းတမ်း ...... .... | ၁၄၁ |
| ၁၅။ | သမုတိသစ္စာ မီးရောင်ဥပမာ ...... | ၁၄၉ |
| ၁၆။ | သဘာဝသစ္စာ မီးတောက်ဥပမာ .... | ၁၅၂ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၊ | အရိယာသစ္စာ မိုးပြင်မှုဥပမာ ... .... | ၁၅၉ |
| ၁၈၊ | ဉာဏ်စမ်း မေးခွန်းပုစ္ဆာ .... .... | ၁၆၃ |
| ၁၉၊ | လမ်းစဉ်လေးမျိုး ရှင်းတမ်း...... .... | ၁၆၄ |

## တတိယပရိစ္ဆေဒ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၊ | ဝိပဿနာအလုပ်နှင့်ပတ်သက်၍ မှတ်ချက် ရှင်းတမ်း...... | ၁၇၄ |
| ၂၊ | ဝိပဿနာယာနိကလမ်းရှပ်နာမ်အလုပ်စခန်း | ၁၇၉ |
| ၃၊ | ဝိပဿနာယာနိကလမ်း ဝိတ် စေတသိက်ရုပ် အလုပ်စခန်း: ..... | ၂၀၉ |
| ၄၊ | ဝိပဿနာယာနိကလမ်း, ခန္ဓာငါးပါး အလုပ်စခန်း:.... ...... | ၂၂၇ |
| ၅၊ | ဝိပဿနာဉာဏ် ၁၀ ပါးဖြင့် မဂ်သို့ တက်သွားပုံ.... .... | ၂၅၃ |
| ၆၊ | ရှာဒါမလွဲ ဘြဲစေနဲ့ ဒါပါဘဲနိဗ္ဗာန် တရားတော်ကြီး ..... ...... | ၂၅[illegible] |
| ၇၊ | ကျမ်းပြီးနိဂုမ်း ...... .... ...... | ၂၆၂ |
| ၈၊ | အောင်ပဏ္ဏာ .... .... .... | ၂၆[illegible] |
| ၉၊ | ဗုဒ္ဓဘာသာစစ်တမ်း: .... .... | ၂၆၆ |
| ၁၀၊ | ဝိပဿနာလူထုအောင်အားရှ[illegible]င်းကြီး[illegible] : | ၂[illegible] |

# ဒုတိယအကြိမ်
# ထပ်မံရိုက်နှိပ်ရခြင်းအကြောင်း။

ဤကြောင်ပန်းလမ်းစဉ် စာအုပ်ကို ပဌမအကြိမ်ရိုက်နှိပ်စဉ်အခါက မြန်မာနိုင်ငံလုံးဆိုင်ရာ အမြို့မြို့ အနယ်နယ်ရှိ ကြောင်ပန်းသြဝါဒခံ ဝိပဿနာအသင်းကြီးများမှ တာဝန်ခံ ရပေါင်း၍ စာအုပ်ရေ(၁၀၀၀)ပုံနှိပ်ထုတ်ဝေခဲ့ရာ၊ အချို့သော အရပ်ဒေသများသို့သာရောက်၍၊ အချို့သောအရပ်ဌာနများတွင် မရှိသလောက်ဝင်ရှားနေသဖြင့်၊ မြန်မာနိုင်ငံတွင်းရှိ ဝိပဿနာ လူထုဦးရေနှင့် စာအုပ်ရေ( ၁၀၀၀ )သည် ဆင်ပစပ်နှမ်းပက်သကဲ့သို့ပင် ရှိနေတော့ကြောင်း၊

အချို့သောလူထုများသည် သူတပါးထံမှ တဆင့်ခေတ္တငှါးရမ်း၍ ကြည့်ရှုရသော စာအုပ် အဟောင်း အနွမ်း ကလေးများဖြင့်ကိုယ်ပိုင်စာအဖြစ်ရရှိနိုင်ရေးအတွက် လမ်းစကို ခြေရာခံ၍ လိုက်လံရှာဖွေပါသော်လည်း မျက်ခြေပြတ်လုမတတ် ရှိနေတော့သဖြင့် နောက်ပိတ်ဆုံး စာရေးသူကျုန့်ပ်ထံသို့သာလာ၍ ပူဆာကြပေတော့သည်၊ ကျုန့်ပ်ထံမှာလည်း လက်ကိုင်စာအုပ် တအုပ်မျှပင်မရှိတော့၊ အခြားဘယ်စာအုပ်ဆိုင်ကိုမှလည်း ညွှန်ပြစရာမရှိပေ၊ သို့နှင့်ပင် ( နောက်တော့ ရပါလိမ့်မည် ) ဟူသော မျှော်လင့်ချက်နှင့်သာ လူထုကြီးအား နှစ်သိမ့်စေခဲ့ရပေတော့သည်။

ထိုအချိန်၌ပင် ရွှေဘိုခရိုင်-ဝက်လက်မြို့မှ ( ဆရာကြွယ် ) ခေါ်သော ဒါယကာကြီးသည် စာပေဟာဆရာ ခယ်ဖွည့် ကထိကကြီးတဦး ဖြစ်သည့်နှင့် အရပ်ရပ် အနယ်နယ်သို့ ရောက်ခဲ့ရာ၌ ကြောင်းပန်းလမ်းစဉ် စာအုပ်အတွက် လုထုကြီး၏ မျှော်လင့် တောင့်တနေကြပုံကို အလုံးစုံ သိရှိခဲ့ရသည်လည်းတကြောင်း၊ ၎င်းပြင်ထိုစာအုပ်ကိုမိမိကိုယ်တိုင် ကြည့်ရှုသောအခါလည်း၊ ဤစာအုပ်သည် ဝိပဿနာတရား လိုက်စားသူတိုင်း တယောက်လျှင် တအုပ်ကျ ဆောင်ထားထိုက်သည်ဟု ယူဆ,သဘောပိုက်မိသဖြင့် ခဲခဲယဉ်းယဉ်း ရှာဖွေခဲ့ရပုံ ပေါ်သော စာအုပ် အနွမ်းကလေး တခုကို လက်ကိုင်ပြုကာ စာရေးသူ ကျနုပ်ထံသို့လာ၍ ဤစာအုပ်အတွက်နှင့် လုထုအားကျေးဇူးများပုံ၊ လုထုကြီး၏အမြင်မှန် ရလာကြပုံတို့ကို အလုံးစုံကိုယ်တွေ့ ဖြစ်ခဲ့သည်အားလျော်စွာ ဝမ်းပန်းတသာ အားရပါးရ လျှောက်ထားပြီးလျှင် ဒုတိယအကြိမ် ထပ်မံ၍ ရိုက်နှိပ်ပေးပါရန်ကိုသည်း အတန်တန် လျှောက်ထားတော့ကြောင်း၊

သို့သော် စာရေးသူ ကျနုပ်မှာလည်း သာသနာ့ရေးရာ၌ ဝိပဿနာ ခေါင်းဆောင်တဦး ဖြစ်နေသည့်နှင့် အားလပ်ခွင့်အချိန်ကို ကောင်းစွာ မရသဖြင့် ၎င်းဆရာကြီး ဆရာကြွယ်ကိုသာ စာအုပ်ရေ ( ၁၀၀၀ )ဘာဝန်ယူ၍ ပုံနှိပ်ထုတ်ဝေရန် ခွင့်ပြုလိုက်ရတော့ကြောင်း၊

# တတိယအကြိမ်

# ထပ်မံ ရိုက်နှိပ်ရပြန်ခြင်း အကြောင်း။

ဤစာစောင်ကို ဘာကြောင့် ထပ်ခါထပ်ခါ ရိုက်နှိပ်နေရပါသလဲ ဝိပဿနာတရား လိုက်စားသူတိုင်း- လက်ကိုင်ထားကြလို့ ပေါ့-

ဤကြောင်ပန်းလမ်းစဉ်စာစောင်သည်- ဂိုဏ်းဂဏ ပါဝင်စိတ်မထားဘဲ၊ ပုဂ္ဂလဓိဋ္ဌာန်ကို ပယ်ရှားပြီး၊ ဓမ္မဓိဋ္ဌာန်ကျကျ ဇုဒ္ဓဝါဒတရားကိုသာ လက်ကိုင်ပြုကာ ရေးသားထားသဖြင့်၊ဝိပဿနာတရားလိုက်စားသူ လူတိုင်း လူဘိုင်းနှင့် သင့်လျော်သော စာအုပ်ဖြစ်ပေသည်။သင်၏အဝတွက်တာမှာလည်း ဝိပဿနာလုပ်ငန်း နာမရူပ ပရိစ္ဆေဒဉာဏ်စခန်း ပဌမအဆင့်အတန်း၌ ဤစာစောင်တခုတည်းနှင့်ပင် ကိစ္စပြီးစီးသလောက် ဖြစ်နေပေပြီ၊ဤစာစောင်ကို ကြည့်ရှုခြင်းအားဖြင့် စာမတတ်သော လူပြိန်းတယောက်ပင် ပညာရှင်များ၏ဝိုင်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်နိုင်ခြင်း၊ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်များမှာ ဝိပဿနာ ဓမ္မကထိကတဦးဖြစ်လာနိုင်ခြင်း, ခေါင်းဆောင်လုပ်လိုသော ပုဂ္ဂိုလ်များမှာ ဝိပဿနာကမ္မဋ္ဌာန်းပြဆရာ တဦးဖြစ်လာနိုင်ခြင်း, အားထုတ်လိုသော ပုဂ္ဂိုလ်များမှာ ဝိပဿနာယောဂီတဦးဖြစ်လာနိုင်ခြင်း စသော အကျိုးထူးတရားများကို ခံစားခွင့်ရပေလိမ့်မည်။သို့အတွက်-လူထု၏ နှစ်သက်မှုကိုအား

အထူးပြောစရာမလိုတော့ပါ၊ စာအုပ်ကို ထပ်ခါထပ်ခါ ရိုက်
နှိပ်နေရခြင်းကပင် သက်သေခံ၍နေပါပြီ၊ ပဌမအကြိမ် မြန်
မာနိုင်ငံတော် ကျောင်းပန်းသြဝါဒခံ ဝိပဿနာအသင်းကြီး
များမှ ကြီးမှူး၍ စာအုပ်ရေ(၁၀၀၀)ရိုက်နှိပ်ခဲ့ရာ၊ အသင်း
သူ အသင်းသားများပင် မနှိန့်စပ်အောင် ဖြစ်နေသဖြင့်၊
ဒုတိယအကြိမ် ဝက်လက်မြို့- စာပေဟောဆရာကြီး ဆရာ
ကြွယ်က, စာအုပ်ရေ ( ၁၀၀၀ )ထပ်မံရိုက်နှိပ်ပြန်ရာ၊ ထို
စာအုပ်များမှာလည်း တိုးတက်နေသောဝိပဿနာလူထု၏
အကြားမှာ မထင်မရှားပင် ကုံသွားခဲ့ပြန်ပါသည်၊ သို့နှင့်
ပင် စာစောင်ရှင်ထံသို့ အရပ်ရပ် အနယ်နယ်မှ စာနှင့်
တတန် လူကိုယ်တိုင်တမျိုး၊ ထပ်မံရိုက်နှိပ်ပေးပါရန် အ
တန်တန်တောင်းပန်ကြပြန်ရာ စာစောင်ရှင်မှာလည်း အား
လပ်ခွင့် အချိန်ကာလကို ကောင်းစွာမရခဲ့သဖြင့် ဂရုစိုက်၍
ရိုက်နှိပ်နိုင်မည့်သူများကို မျှော်လင့်နေဆဲမှာ၊ မန္တလေးမြို့
ဈေးချို-စိရုံအတွင်း ဆိုင်နံပါတ်( ၃၈-၃၉ ) ဓမ္မာ့မိတ်ဆွေ
ကိုယ်စားလည် ( ဦးချစ်ကြွယ် )က, သူ၏ဆိုင်မှာရှိသော
ကြောင်ပန်းလမ်းစဉ် လက်ကျန် စာအုပ်ကလေးများကို
အတိုးအခ, ပမာဏမထားဘဲ၊ အလှူအယက် ဝယ်ယူနေကြ
သဖြင့် တဖန်ထပ်မံပြီး သူကိုယ်တိုင် ဂရုစိုက်၍ ရိုက်နှိပ်ပါ
မည့်အကြောင်း လျှောက်ထားလာသဖြင့်၊ ၎င်း ဦးချစ်ကြွယ်
အား တတိယအကြိမ် စာအုပ်ရေ(၃၀၀၀)ရိုက်နှိပ်ရန် ခွင့်
ပြုလိုက်ရတော့ကြောင်း။

(ပုံ) စာခေါင်ရှင်း။

## ရေးသားပုံအစီအစဉ်။

ဤကြောင်ပန်းလမ်းစဉ်စာအုပ်ကို ရေးသားရာ၌ ပဌမ ပရိစ္ဆေဒ, ဒုတိယပရိစ္ဆေဒ, တထိယပရိစ္ဆေဒ ဟူ၍ အပိုင်း ကြီး သုံးပိုင်းထားကာ ရေးသားရပေလိမ့်မည်။ ပဌမအစ ပိုင်း၌ ( အာစရိယ ဂုဏော အနန္တော ) အရ၊ ကြောင်ပန်း ဆရာတော်ဘုရားကြီးများ၏ တရားရှာတော်မူရပုံ၊တရား အားထုတ်တော်မူရပုံ၊ ဟောပြောတော်မူရပုံ စသည် များကို ကြောင်ပန်းဩဝါဒခံ ဝိပဿနာအသင်းသူအသင်း သားများ နားလည်ထားရန်အကျယ်တဝင့် အခြေပါပါနှင့် ဝမ်းနည်း၊ စရာကောင်းလောက်အောင် ရေးသားထား သည်။

ဒုတိယ အလယ်ပိုင်းတွင် မြန်မာနိုင်ငံတော် ဝိပဿနာ ရေးရာ၌ ကိုဏ်းဂဏဝါဒပေါင်းများစွာ ရှုပ်ထွေးပေါများ နေရာ၊ ဘုရားဝါဒတခုနှင့် သတ္တုချ၍ ဓမ္မမိဒ္ဓါန်ကျကျ ယူ ဆပုံကိုပြပြီးလျှင် ဝိပဿနာနှင့် ဆိုင်ရာ ရှင်းတမ်းများကို လည်း အကျယ်တဝင့် ရှင်းပြထားသည်။

တတိယ နောက်ပိုင်းမှာမူကား- ဝိပဿနာယောဂီ ပုဂ္ဂိုလ်များသည် မိမိတို့ဉာဏ်သန့်ရှင်းရာ ဓာတ်တခုခုကို "ဧကောဓမ္မော" အရ၊ထုတ်နုတ်၍ အလုပ်လုပ်နိုင်ရန် ရုပ် နာမ် အလုပ်စခန်း၊ ခန္ဓာအလုပ်စခန်း၊ စိတ်, စေတသိက်, ရုပ် အလုပ်စခန်း စသည်များကို ဆရာနှင့် လက်ထပ်ကျ ပြနေ သည့်အလား ထင်ရှားအောင် ပြပြီးလျှင် ဝိပဿနာဉာဏ် ဆယ်ပါးဖြင့် နိဗ္ဗာန်သို့ အရောက်ပို့ခါ အောင်ပဏ္ဏာ ပြု လိုက်ရပါတော့သည်။

# —အချောင်သမားများ သတိ။

"အသျှင်ကောသလ္လ" သည် ဖွဲ့ဆိုရေးသား သီကုံး ဟောကြားခဲ့သော တရားဂါထာ ကဗျာ ဆောင်ပုဒ်တို့သည် အရပ်ရပ်အနယ်နယ်၌ အနှံ့ အပြားဖြစ်နေခဲ့ရာ၊ ယခုအခါ ဤစာအုပ်အတွင်း သို့ ချည်းနှင်းဝင်ရောက်လာကြပြီဖြစ်ကြောင်း။

အထူးသတိပြုရန်မှာ၊ ကြောင်ပန်းသာသနာ ကြီး၏ နောက်ဆွယ်နောက်ဖျားများမှ ဆင်ဖြူတော် မှီပြီး ကြိရုတ်နေကြတဲ့ အရေခြုံသမားများသည် သူတပါး ရေးသား ထားသော တရား ဂါထာ ကဗျာ ဆောင်ပုဒ်များကို မိမိတို့ ရေးလေသော အသွင်၊ တချို့တဝက်ပြင်ဆင်ကာ ပုံနှိပ်ထုတ်ဝေ ရောင်းချ စားသောက်နေသော အချောင်သမား များလည်း ရှိနေကြပြန်ပါသဖြင့်၊ ဤ "ကြောင် ပန်းလမ်းစဉ်" စာအုပ်အတွက်ခွင့်ပြုချက် မရဘဲ တဆင့်ကူးယူ ပုံနှိပ်ခြင်း မပြုလုပ်ကြရန် လေး နက်စွာ တောင်းပန်အပ်ပါသည်။

မူပိုင်ရှင်။

# မှတ်ချက်။

“ ကြောင်ပန်းလမ်းစဉ် ” ဟူသော အမည်သညာသည် ဤစာအုပ်၏ နိတဏ္ဍအမည်မဟုတ်၊ ကြောင်ပန်း ဆရာတော်ဘုရားကြီးများရေးသား စီရင်ချထားခဲ့ကြသော ခြောက်စောင်တွဲ၊ သုံးစောင်တွဲ၊ စတုသစ္စဒီပနီ၊ ဒိဋ္ဌိပြုတ်လမ်း-ဟောပုံကျမ်း၊ ကြောင်ပန်းတံခွန်ခေါ် နှာမ်မိုက်ကာ၊ သဘာဝတံခွန် စသော ထိုထိုလမ်းစဉ် ကျမ်းကြီးများကို ထောက်ခံ ညွှန်ပြသော နေယျတ္ထ အမည်မျှသာ ဖြစ်ပါသည်။ ဤစာအုပ်၏ နိတဏ္ဍ အမည်ကား “ ဝိပဿနာအလုပ်စခန်း ” ဟူ၍သာ မှည့်ခေါ်အပ်ပါသတည်း။

# ဆောင်းပန်းလွှာ။

=:၀:=

ဤစာစောင်၏ ပဌမပရိစ္ဆေဒ အစပိုင်းကို ကြည့်၍ ကျွန်ုပ်အား ပုဂ္ဂလဓိဋ္ဌာန် " ကြောင်ပန်း " အစွဲသန်သူ ပုဂ္ဂိုလ်တဦးဟု စွပ်စွဲချင် စွပ်စွဲမိကြပေလိမ့်မည်၊ သို့သော် ကျွန်ုပ်ကား ပုဂ္ဂလဓိဋ္ဌာန် အစွဲသန်သူမဟုတ်ပါ။ လောက ဥပမာအားဖြင့် အနာရောဂါများကို ကုသနေကြတဲ့ဆရာ ပေါင်း များစွာရှိရာတွင် မိမိ၏ အနာရောဂါကို ပျောက် ကင်းချမ်းသာ သက်သာရာ ရအောင်ကုသပေးသောဆရာ ကိုသာလျှင် ကျေးဇူးဆပ်ကြဘိသကဲ့သို့၊ ထို့အတူ ကျွန်ုပ် ၏သန္တာန်၌ သံသရာက စွဲကပ်ပါလာသော ဒိဋ္ဌိ စသော ရောဂါဆိုးကြီးများကို ပျောက်ကင်းချမ်းသာ သက်သာ ရာ ရအောင် ကုသပေးတော်မူသော ကျေးဇူးရှင် ကြောင် ပန်းဆရာတော်ဘုရားကြီးများကို ကျေးဇူး ဆပ်သောအား ဖြင့်၎င်း၊ မိမိကဲ့သို့ အနာရောဂါ လက်ရှိခံစားနေရသူ လူ အပေါင်းအားလည်း၊ ထိုဆရာများ၏ဆေးသည် ကျွန်ုပ် ကိုယ်တိုင် သက်သာရာရဘူးသည်၊ ထိုဆရာများထံသို့ ခပ်မြန်မြန် သွားကြလေဟု တိုက်တွန်း နှိုးဆော်ထောက်ခံ လမ်းညွှန်ခြင်းမျှသာဖြစ်ပါသည်။

အခြားသော ဂိုဏ်းဂဏ ဝါဒအသီးသီး ဆရာကြီးများ ကိုကား မိမိကိုယ်တိုင်လည်း ချမ်းသာကို မခံစားဘူး၍၊ သူတပါးအား လမ်းညွှန်ရန်နှင့် ကောင်းတယ်၊ မကောင်း ဘူးဟု ချီးကျူးပြစ်တင်ရန် ကျွန်ုပ်၏ တာဝန်မဟုတ်ဟု

ယူဆမိပါသည်၊ သို့အတွက် "ကြောင်ပန်းလမ်းစဉ်" ဟူသော အမည်သညာနှင့် လိုက်လျောအောင် စာစောင်၏အစ ပဌမပိုင်း၌ ကြောင်ပန်း ဆရာတော် ဘုရားကြီးများ၏ ကျေးဇူးဂုဏ်ကို ထုတ်ဖေါ်ကာ သရုပ်ပေါ်အောင် ရေးရ ပေဦးမည်။ စာရှုသူ ဓမ္မမိတ်ဆွေများသည့် ပုဂ္ဂလမိဌာန် မငြိ၊ ဓမ္မဓိဌာန်သို့ထိအောင် သည်းခံ၍ ကြည့်ရှုကြစေလို ကြောင်း၊ ဒုတိယအလယ်ပိုင်းမှာ ဝိပဿနာနှင့်ပတ်သက် သော ရှင်းတမ်းများကိုပြ၍၊ တတိယနောက်ပိုင်းကျမှ ဝိပဿနာအလုပ် အားထုတ်ပုံများကို လက်ဝါးပေါ်တွင် ပတ္တမြားတင်သကဲ့သို့ လူပြိန်းများပင် နားလည်လောက် အောင် ထင်ရှားစွာ ပြသွားပါမည်။

ဗုဒ္ဓသာသနာပြန့်ပွားရေး
အသျှင်ကောသလ္လ။

# အောင်မင်္ဂလာ။

ယော မာရသေန မာသန္န၊ မာသန္န ဝိဇယုသာဝေါ။
တိကာယပိ န မညိဿ၊ သော မေ ဒေတု ဇယံ ဇိနော။

အာသန္နဝိဇယုသာဝေါ၊ များစွာတင်းမာရ်၊ အတွင်းရန်ကို၊ ပြင်းထန်သတ်ညှဉ်း၊ အောင်တပ်ခင်း၍၊ အောင်မြင်းမင်္ဂလာ၊ အောင်ရာအောင်ကြောင်း၊ အောင်းမောင်းကိုဆော်၊ အောင်ဝ စည်တော်တီး၊ အောင်ပွဲ ယင်ကာနိုး ဖြစ်တော်မူသော၊ ယောဇိနော၊ အောင်သူတကာတို့၏ အဓိပတိ၊ မုနိမကုဋ၊ အတုလဟု၊ သုဂတသင်းကျစ်၊ မွေ့ရာဖ်တွင်ငုံထား၊ အကြွင် ရှင်တော်မြတ်ဘုရားသည်။ အာသန္န မာရသေနံ၊ ပလ္လင်လု ရန်၊ အမှုဟန်ဖြင့်၊ ချခံကို့ရာ၊ ထံမှာယှဉ်တက်၊ ပြင်ဘက်မာရ် ဟု၊ စစ်သည်တော်ရန်အထုကြီးကို၊ တိကာယပိနမညိဿ၊ အမှိုက်မြက်ပမာ၊ မဘက်သာဟု၊ မျက်နှာတော် ကြည် ကြည်ထင်လင်နှင့်၊ ထိထင်တော်မမူခဲ့ချေ၊ သောဇိနော၊ အောင်သူတကာတို့၏ အဓိပတိ၊ မုနိမကုဋ၊ အတုလဟု၊ သုဂတ သင်းကျစ် မွေ့ရာဖ်တွင်ငုံထား၊ ထိုရှင်တော်မြတ် ဘုရားသည်။ မေ မမ၊ ဘုရားသခင်၊ တရားယာဉ်၌ အစဉ် ပျော်ပါး၊ သားအထွေးခေါ်၊ တပည့်တော်အား။ ဇယံ၊ အောင်ဆု အပေါင်း၊ အောင်ကြောင်းမင်္ဂလာ အဖြာဖြာကို။ ဒေတု၊ မနှေး မဝေ ပေးသနားတော်မူပါ ဖြစ်စွာဘုရား။ ဇယံဒေတု၊ အောင်ပွဲကိုခံ၊ အောင်လံကိုတင်၊ အောင်မြင်ရန် အရေး၊ အောင်သံပေး၍၊ အောင်ဆေးဆင်ကာ၊ အောင် မင်္ဂလာကို၊ လျင်မြန်စွာ ပေးသနားတော်မူလှဲ့ပါ! သို့သော ကာ မှန်ကူ၊ အောင်တော်မူအရှင်မြတ်ကြီးဘုရား ။

# အကြောင်းပြ။

အသျှင် ကောသလ္လ သည်၊ ဂန္ထန္တရ ဗဟုသုတကို ကြိုးပမ်းရှာဖွေ သင်ကြား အားထုတ်နေဆဲမှာပင်၊ ဘဝါ ဘဝက ဆည်းပူးခဲ့သော ပါရမီများသည် မိမိ၏စိတ်ကို တိုက်တွန်းနှိုးဆော်နေသည့်အလား၊ သံသရာကြီးကို ကြောက်လန့်သော သံဝေဂစိတ်ဓာတ်များသည် မရပ်မနားတဖွားဖွား ဖြစ်ပေါ်၍နေခဲ့၏။ သို့နှင့်ပင် ကိုယ်ကျင့်ဓမ္မ, လမ်းညွှန်ပြကြသော ဂိုဏ်း ဂဏ အသီးသီးသို့ ရှာမှီးလေ့လာခဲ့ပါသော်လည်း "မိခင်မျှော်သော နွားသူငယ်သည်၊ မိခင်နှင့် အသားတူသော နွားမကြီးများကို တွေ့ရသော်လဲ ကြေနပ်မှု မရနိုင်သကဲ့သို့" ကျွန်ုပ်သည်လည်း အားမလိုအားမရ စိတ်တိုင်းကျမဖြစ်နိုင်အောင်ရှိနေခဲ့ရာ၊ ပညာရှိများ ဖွဲ့ဆို သိကုံးထားသော ချီးမွမ်းတောမနာ, အောက်ပါ စာလွှာကလေးကို "နတ်တို့ဖန် ရေကန်အသင့်- ကြာအသင့်" ဆိုသည့်အလား မခြားတူစွာတွေ့လာရပါသည်။

## ချီးမွမ်းပြဘာ သောမနဿ
## ဂါထာ။

အဟောဝတ ကြောင်ပန်းရာမော၊
သာသနဿ ဓဇုပမော။
ဝေဠုယန္တံ တုလန္တောဝ၊
ရတိ သံဇာ မနောရမော။ ။

သာသနဿ ဓဇုပမော၊ သာသနာ့အောင်လံ၊ နိဗ္ဗာန်ဆိတ်ကူး၊ ကမ်းနဖူးဝယ်၊ ထူးထူးချွန်ချွန်၊ တံခွန်သဘွယ်လည်း ဖြစ်တော်မူပေထသော၊ ရတိသံဇာ မနောရမော၊ ရဟန်းပျို ရဟန်းရွယ်၊ ကမ္မဋ္ဌာန်းဝယ် စာသင်သားတို့နှင့်တကွ၊ ဘာဝနာအစဉ်မပျာ်းရအောင် အားထားမွေ့လျော်ပျော်ဘွယ်ရာလည်း ဖြစ်တော်မူပေထသော၊ ဝါ၊ စာသင်စာချ၊ အခါရသမျှနှင့်၊ ဓမ္မာသဝန ဓမ္မဒေသနာ၊ ဝေကစာ ကမ္မဋ္ဌာန်းကျောင်းတို့နှင့်တကွ၊ ရဟန်းအပေါင်းတို့၏ မွေ့လျော်ပျော်ဘွယ်ရာလည်းရှိတော်မူပေထသော၊ ဝေဠုယန္တံ၊ နတ်တို့သခင် ဝတိန်တွင် ဘုံထွဋ်များဆိကာ၊ ဒါယကာသိကြားမင်း၏နတ်နန်းဘော်ကြီးကိုတုလေန္တာဝ၊ နှင်သားငါထား၊ တအားရှင်ဆိုင် ဂုဏ်ပြိုင်ဘိသကဲ့သို့၊ ဝါ၊ အတုအပ ကင်းပါရဲ၊ အနုအလှစာရင်း တင်ပြလို့ရို့၊ ယခုလာငြင်းပြီး အကင်းရင်ဆိုင် ဂုဏ်ပြိုင်ဘိသကဲ့သို့၊ ကြောင်ပန်းရာမော၊ ကြောင်ပန်းတောရ၊ ပေါ်ရာထာအစဉ်၊ သညာတွဲတံဆိပ်၊ ခတ်နှိပ်အပြီး၊ ကြောင်ပန်းဆိုတဲ့ တိုက်တော်ကြီးသည်၊ ဝါ၊ ဆုံးဆမမြင်၊ သံသရာတွင်လုံးဆိကာ၊ ယာနေ့တိုင်

ရတဲ့အောင်၊ ဒါနဲ့ သီလာ, ဘာဝနာလမ်းမှန်မကျခဲ့သော် ကြောင့်၊တမ်းတနေခါနော်၊ ရမ်းဆကာ မျှော်ရှုံးနှင့် ပန်းခဲ့ကြတဲ့ပြီး၊နိဗ္ဗာန်ဆိုတာ ဘယ်မှာလဲရယ်လို့၊ စိတ်ထဲတွင်ကြံခါမအိုက်ကြလေနဲ့၊အမှန်ဝမ္မာဆိုက်အောင် ဟောပြောရာဌာန၊ကြောင်ပန်းတောရ၊ ပေါရာဏအစဉ်၊ သညာဘွဲ့ထံဆိပ်ခတ်နှိပ်အပြီး၊ ကြောင်ပန်းဆိုတဲ့ တိုက်တော်ကြီးသည်၊အဟောဝတ၊ ဩြော်... ချမ်းသာလေစွ ကောင်းလေစွဟု၊ စိတ်ချသက်ချ အားထုတ်၍သာ ကျင့်ကြံ၍သာ နေထိုင်စရာ ချီးမွမ်းစရာ ကောင်းလှပါပေသတည်း။

ဗုဓလင်မြို့ရှိ ကြောင်ပန်းတိုက်တော်ကြီးသည်၊ ကျုံနုပ်အား စောင့်မျှော် နေသည့်အလား၊ အထက်ပါ စာသွာကလေးများသည်လည်း ကျုံနုပ်အား ဆီးကြိုနှုတ်ဆက်သော အနေအားဖြင့် ရောက်လာ တွေ့လာရပေသည်။ သို့တွေ့လာရသည်နှင့် ထိုစာသွာကလေးများကို အားကိုးတခု လက်ကိုင်ပြုအာ ကြောင်ပန်း တိုက်တော်ကြီးသို့ရောက်သွားခဲ့လေရာ၊ ဝိပဿနာခြောက်ခေါင်တွဲကျမ်းကြီး၏အရှင် ပဋ္ဌမကြောင်ပန်း ဆရာတော် ဘုရားကြီး၊ တရားသင်နည်း - ဆွေးနွေးနည်းခေါ် သုံးခေါင်တွဲကျမ်းပြုအရှင်– ဒုတိယ ပန်းသော ဆရာတော်ဘုရားကြီး။ ထိုဆရာတော်ဘုရားကြီးများကိုကား မဖူးတွေ့ရတော့ပေ။ ရုပ်ပုံတော်ကြီးများနှင့် တကွ၊ ထိုဆရာတော်ဘုရားကြီးများ ချမှတ်ခဲ့ကြသော လမ်းစဉ် ကျောက်စာတိုင်ကြီးများတို့သာ ဝမ်းနည်းစရာ အထိမ်းအမှတ်ဖြင့် တွေ့ရပေတော့သည်။ရင်းမြစ် သန္တုဋ္ဌိပနီကျမ်းနှင့် ဓာတုသစ္စဒီပနီ

ကျမ်းပြုအရှင် ဖြစ်တော်မူသော တတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီးသည်ကား အောက်မြို့နိုင်ငံများ၌ ယခုတိုင်အောင် သာသနာပြုအလုပ်ဖြင့် အချိန်ကုန်နေတော်မူရသည်။ ထိုစဉ်အခါ၊ ကြောင်ပန်း တိုက်တော်ကြီးတွင်၊ ရဟန်းတပည့်ပေါင်း ခြောက်ဆယ်ကျော်နှင့်တကွ၊ ရှင်သာမဏေ လူဝတ်ကြောင်၊ သီလရှင် စသော များစွာသော ဝိပဿနာယောဂီ တပည့် အပေါင်းတို့အား ပရိယတ်၊ ပဋိပတ်နှစ်ရပ်ဓမ္မ မလပ်ရအောင် တပ်အပ်တကျသင်ကြားပြသ ဆိုဆုံးမတော်မူနေသော " ဒိဋ္ဌိပြုတ်သိမ်း- ဟောပုံကျမ်း၏ အရှင်- ဦးတိဿ ဆရာတော် ဘုရားသည် " မိမိအားရင်၌မွေးဖွားသားရင်းပမာကရုဏာဖြင့်၊ ဝိပဿနာတရားဟောပုံပြောပုံ ကျင့်ကြံအားထုတ်ပုံ အလုံးစုံတို့ကို၊ အကုန်မချန် ဝေဘန်ပိုင်းခြား၍ သင်ကြားပြသ၊ ဆိုဆုံးမခြင်းကိုခံခဲ့ရ၍၊ ပဌမ-ဒုတိယ-တတိယ ဆရာတော်ဘုရားကြီးများကို ကိုယ်တိုင်ဒိဋ္ဌမတွေ့ရသော်လဲ၊ ထိုဆရာတော်ဘုရားကြီးများ ချမှတ်ထားခဲ့သော ဝိပဿနာ အလုပ်စခန်းထမ်းစဉ်ကျမ်းကြီးများကို ကြည့်ရှုလိုက်သောအခါ၊ ကိုယ်တော်တိုင်ပင် ဟောပြောဆုံးမနေသည့်အလား၊ ထင်ရှားသောတရားအရသာများကို ခံစားခဲ့ရပါသည်။ ဤသို့ကျေးဇူးဥပကာရ များပြားလှသောဆရာတော် ဘုရားကြီးများအား ကျေးဇူးဆပ်လိုသော စိတ်ဆန္ဒတို့သည် ကျွန်ုပ်၏ ဟဒယဝတ္ထု နှလုံးအကြားမှ မရပ်မနား တဖွားဖွား ဖြစ်ပေါ်၍သာ နေပါတော့သည်။ ထို့ကြောင့်- ဆရာတော်

ဘုရားကြီးများကို ကျေးဇူးဆပ်သောအားဖြင့်လည်း၊ ဤစာစောင်ကလေးထွက်ပေါ်လာခဲ့ရပါသည်။

ငှင်းနောက်တခ အကြောင်းကိုထောက်ဆသော်။ မိမိသည် မရဏပိုင်နှင်း နိုင်ငံတွင်းမှ မလွတ်ကင်းသေးသူတဦးဖြစ်ရကား၊ ဘယ်ရှယ် ဘယ်နှာ၊ ဘယ်ခါဘူမိ၊ ဘယ်ဂတိဟု၊ မသိငါးအင်ကို အမြဲဆင်ခြင်မိသောကြောင့်လည်း ဤစာစောင်ကလေးသည် မနှေးမြန်စွာ ထွက်ပေါ်၍လာခဲ့ရပါသည်။

ထို့ပြင်တလျှည့် အကြောင်းကို ကြည့်ပြန်သော်။.... '' သာသနာသဟ် ပဥ္စယုဂါနိ ဝိမုတ္တိယုဂံ, သမာဓိယုဂံ သီလယုဂံ, သုတ ယုဂံ, ဒါနယုဂဥ္စာတိ '' ဟု အရှင်ဗုဒ္ဓမထေရ် ဟောတော်မူသည်ကို အဋ္ဌကထာတို့ ဝေဘန်ကြသော ခေတ်ငါးမျိုးကို ကြည့်ခြင်းအားဖြင့်လည်း၊ ခေတ်တခေတ်ကိုအနှစ်ငါးရာကျနှင့် ရေတွက်ခဲ့လျှင် သာသနာနှစ် နှစ်ထောင့်ငါးရာအကျော်မှာ ဝိမုတ္တိယုဂခေတ်တပတ်ပြန်၍ ပေါ်ပေတော့မည်။ ထိုလာလတ္တံ့သော ဒုတိယဝိမုတ္တိယုဂခေတ်ကြီးကို မျှော်လင့်လျက်လည်း၊ ဤစာစောင်ကလေး ပေါ်ထွက်ခဲ့ရပါသည်။

ထို့နောက်တဖန်အကြောင်းကိုပြပြန်သော်။......ကျွန်ုပ်သည် ကြောင်ပန်းရိပ်ကြီး-နိုသုယည်းကို ခိုမှီးပြုကာ၊ မိမိအားထုတ်ခဲ့ရ, သိမြင်ခဲ့ရသော တရားဓမ္မတို့ကို ဗဟိုပသိက ဂုဏ်ပုဒ်အရ၊ သူတပါးအားလည်း သိမြင်စေလိုသော

စေတနာသဆန္ဒဖြင့် အရပ်ရပ် အနယ်နယ်သို့ လှည့်လည် ဟောကြားခဲ့ရာ၊ ကြောင်ပန်း သာသနာကြီးသည် ထူးခြားစွာ ပွင့်လင်းနေသည့်ကို အံ့ဩဘွယ်ရာ တွေ့နေရပါ သည်၊ မြို့တိုင်း, နယ်တိုင်း, ရွာတိုင်း, အရပ်တိုင်းမှာလိုပင် ကလေးသူငယ်, လူရွယ်, လူသစ်, လူကြီးများပါ မကျန်၊ တရားဟောသံ,တရားပြောသံ,တရားဆွေးနွေးသံ,တရား ဂါထာသံ, တရားသံပေါက်သံတို့ဖြင့် ဝေလျှံလျက်ရှိကြ ပေပြီ၊ ထိုသို့ သာသနာတော်ကြီး ပွင့်လင်းခဲ့ သလောက်၊ ဆင်ဖြူတော်မှီပြီး ကြံရွတ်နေသူများလည်း မရှားလှပေ၊ ကြောင်ပန်းဟု အမည်ခံပြီး ဒါန,သီလ, စရဏ တရားများ ကို ပယ်ရှားကာ အရိပ်ကို ရန်သူအင်ဖသော ယောကျ်ား ကဲ့သို့၊ ဟောမှား, ပြောမှား, လိုက်နာ ကျင့်ကြံမှားနေကြ သော ပရမတ် တဘက်သတ်သမ :များကိုလည်း အထင် အရှားတွေ့နေရပြန်ပေသည်၊ အချို့သော ရပ်ရွာနယ်ပယ် များ၌လည်း ကြောင်ပန်း တရားသည် အပြောတရား, အဟောတရားမျှသာ ဖြစ်ပေသည်၊အလုပ်မရှိ ဟူသော စွပ် စွဲသံများကိုလည်း မကြာခဏ ကြားနေရပြန်ပါသည်၊ ထို သူတို့၏ စွပ်စွဲပြစ်မှားသော စကားများကို ပဌမ ကြောင် ပန်းဆရာတော်ဘုရားကြီး၏ “ ခြောက်ခေါင်တွဲကျမ်း ” ဒုတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီး၏ “ သုံးခေါင် တွဲကျမ်း ” တတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီး၏ “ စတုသစ္စဒီပနီကျမ်း ” ဦးတိပ္ပာ ကျေးဇူးရှင်သုရား၏ ဒိဋ္ဌိပြုတ်လမ်းဟောပုံကျမ်း အရှင်ဦးပဏ္ဏ၏ “သဘာဝ ဘုံခွန်ကျမ်း၊ကြောင်ပန်းဘုံခွန်ကျမ်း” စသော ထိုထိုကျမ်း

ကြီးများက ဖြေရှင်းပြီးလျှင်၊ ဝိပဿနာအလုပ်ပေးလျက်ပင်ရှိနေပါပြီ။ ထိုသို့ ရှိနေပါလျက်၊ အရပ်ရပ် အနယ်နယ်ရှိ ဝိပဿနာ အသင်းသူ အသင်းသားများသည် ကျွန်ုပ်အားလည်း ဝိပဿနာအလုပ် အားထုတ်ပုံကို လမ်းစဉ်နှင့်တကွ စံနစ်တကျ ရေးသားပေးပါရန် အတန်တန် လျှောက်ထားနေကြပြန်ပါသဖြင့်၊ ကျွန်ုပ်က အကျယ်ဖြေနေဘွယ်ရာ မလိုတော့ပါပြီ။ ထိုကြောင်ပန်း ဆရာတော်ဘုရားကြီးများ၏ ဝိပဿနာအလုပ်စခန်း- လမ်းစဉ် ကျမ်းကြီးများကိုသာ ကြည့်ရှုကြပါလေတော့ဟု တိုက်တွန်းနှိုးဆော် လမ်းညွှန်ပြသော အနေမျိုးဖြင့် ဤစာစောင်ကလေးသည် ထိုထိုကျမ်းဂန်ကြီးတို့၏ အကြားထဲမှ မဝံ့တဝံ့နှင့် ကြောက်ရွံ့လျှက် "ဝိပဿနာအလုပ်စခန်း-ကြောင်းပန်းလမ်းစဉ်" ဟူသော အမည် [illegible]ညာဖြင့် ဝိစဉ်ခါ ပေါ်ထွက်ခဲ့ရပါသတည်း။

အသျှင်ကောသလ္လ
မန္တလေး။

# ကျမ်းစာကြည့်ရှု သတိပြု။

---

## မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ။

ပဏ္ဍိတ ပဋိရူပကာနံ ဟိ-သန္တိကေ ကထေတုံ ဒုက္ခံ
ဟောတိ၊ တေ ပဒေပဒေ အက္ခ ရက္ခရေ ဒေါသမေ
ဝ ဝဒန္တိ, ဧကန္တပဏ္ဍိတာ ပန ကထံ သုတွာ သု
ကထိတံ ပသံသန္တိ၊ ဒုက္ကထိတေ ပါဠိပဒ အတ္ထ
ဗျဉ္ဇနေသု ယံယံ ဝိရုဇ္ဈတိ, တံတံ ဥဇုံ ကတွာ ဒေန္တိ။

ဟိသန္တံ၊ စာရှုသူများ သတိထားဘို့ မမှားအောင် ဝင်စစ်မှန်၏။ပဏ္ဍိတပဋိရူပကာနံ၊ပညာရှိဟု ခေါ်မှုအသွင်ဝိတ်မှာ ထင်ကြကုန်သောသူတို့၏၊ သန္တိကေ၊ အထံ၌၊ ကထေတုံ၊ ဘုရားစကား မြွတ်တရားကို ရေးသားပြောဆိုခြင်းငှါ၊ ဒုက္ခံ၊ ဧတနာကို ဝေဒနာထင်မှား ဆင်းရဲပွါးသည်၊ ဟောတိ၊ ဝင်စစ်မှန်မှာ ဖြစ်ဘတ်ပါ၏၊ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား၊ တေ၊ ထိုမိမိကိုယ်သာ ပညာအရှိ အထင်ငြိနေကြကုန်သော သူတို့သည်၊ ပဒေပဒေ၊ ပုဒ်တိုင်းပုဒ်တိုင်း၌လည်း၊ အက္ခရေ အက္ခရေ၊ ပြောဆိုရေးသား အက္ခရာများ၌လည်း၊ ဒေါသမေဝ၊ အာဘော်မငြိ သတိမထား အပြစ်များကိုသာလျှင်၊ ဝဒန္တိ၊ မင်ပြော,မင်နီ အလီလီသား၍ ဆိုမှားတတ်ကြလေကုန်၏၊ ဧကန္တပဏ္ဍိတာ ပန၊ ကြောင်းကျိုးမြင်ဆီ ဝင်စစ်ပညာရှိကြီးတို့သည်မူကား၊ ကထံ၊ ပြောဆိုရေးသား မြွတ်စကားကို။ သုတွာ၊ ကြားနာကြည့်ရှုသတိပြု

၍၊ သုကထိတံ၊ ကောင်းစွာဆိုကြား မြွတ်တရားကို၊ ပသံ
သန္တိ၊ ကောင်းစွ ကောင်းစွ၊ နှုတ်ချိုမြဖြင့်၊ ချီးပ, ပြောဆို
ကြလေကုန်၏၊ ဒုက္ကထိတ၊ ချွတ်ယွင်း တိမ်းစောင်း၊
မကောင်းစကားရေးသားပြောဆိုမိသောအခါ၌၊ ပါဠိပဒ
အက္ခရဗျဉ္ဇနသ၊ ပါဠိပုဒ်အနက်သဒ္ဒါတို့တွင်၊ ယံယံ၊ အကြွင်း
အကြွင်းပုဒ်ပါဌ်အက္ခရာ သဒ္ဒါစကားသည်၊ ဝိရုဒ္ဓာဘိ၊ သတိ
လွတ်ကင်း ချွတ်ယွင်း တိမ်းပါးရှိခဲ့ကြားအံ့၊ တံတံ၊ ထိုထို
ချွတ်ချော်တိမ်းပါးမှားယွင်းသောစကားကို၊ ဥဇုံကတွာ၊
စေတနာသန်၊ မှန်ကန်စေမှု၊ ကောင်းစွာပြု၍၊ ဒေသန္တိ၊ ကာရ
ထာရေ့ပြေး၊ လိမ္မာရေးနှင့်၊ နည်းပေးလမ်းပြ ဩဝါဒ
ကို၊ ဆုံးမပေးသနားတော်မူကြလေကုန်၏၊

---

## စာစောင်ရှင်၏ အာဘော်။

ဤစာစောင်တွင် ဖော်ပြ ရေးသားထားသော အယူအဆ အားလုံးကို အများလူထုကဲ့ရဲ့မှု ချီးမွမ်းမှုကို ကျွန်ုပ်သည် တာဝန်ကြီးတခုအနေနှင့် ထည့်၍မစဉ်းစားလိုပေ၊ အဘယ့်ကြောင့်ဆိုသော် "နိန္ဒန္တိ တုဏှီမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ၊ မိတဘာဏိမ္ပိ နိန္ဒန္တိ-နတ္ထိလောကေ အနိန္ဒိတော" ဟု, ဘုရားဟောရှိပြီး ဖြစ်သောကြောင့်ကည်း၊

စာအုပ် တအုပ်သည် လူအားလုံးအတွက် တမျိုးတစားတည်း မဖြစ်နိုင်။ သို့သော် ထိုထိုသို့သော ဘုရားဟော ပါဠိတော်ကြီးများနှင့် အဋ္ဌကထာကြီးများသည်၄င်း၊ ထိုထိုကျမ်းဂန်ကြီးများကို သုတစိန္တာ ဘာဝနာဖြင့်

အခါခါ လေ့လာဆည်းပူး အထူးအားထုတ်၍ နေကြကုန်သော ပညာရှိပုဂ္ဂိုလ်ကြီးများသည့်ရင်း၊ ကျွန်ုပ်၏ သက်သေ သာဓကများဖြစ်ကြလိမ့်မည်ဟူ၍သာယုံကြည်ယူဆမိပါသတည်း၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

---

# အသျှင်ကောသလ္လ၏ ရှေ့တော်ပြေး

## ပဏာမ ပဋိညာဉ်။

ဝန္ဒိတွာ ဟံ တိရတနံ၊ မဟာစေရဥ္ဈသာဒရံ။
နိဗ္ဗာန ဂမနာမဂ္ဂံ၊ သိဒ္ဓိသံ မောဂ္ဂလ္လာနံ ရံ။ ။

အဟံ၊ ဗုဒ္ဓသာသနာ၊ ဖြန့်ပွါးရာကို၊ စေတနာအလို၊ သဒ္ဓါပို၍၊ ထိုထို ရွာရပ်၊ လှည့်ပတ်သောအား၊ ဟောကြွားရုံသာ၊ တင်းမတိမ်ပါသဖြင့်၊ စာနှင့် အတန်၊ ရေးပြန်ပါရ၊ (ကောသလ္လ) ဟု, နာမသမုတ်၊ အကျွန်ုပ်သည်။ ဝါ၊ စစ်ကိုင်းဒိစတြိက်၊ မြောင်မြို့နယ်အပါ ငါးပယ်ရွာဇာတိ၊ ပဝတ္တိကြောင်းစန်း။ အောင်လမ်းခမ္မ၊ အမှန်ရသည့် (ကောသလ္လ) ဟု၊ နာမ,မှည့်ဆို၊ ကျွန်ုပ်ရဟန်းပျိုသည်။ တိရတနဥ္စ၊ ဘုရားတရား, သံဃာအားဖြင့်၊ သုံးပါးမင်္ဂလာ၊ မြတ်ရတနာကိုပင်။ မဟာစေရဥ္စ၊ အပြစ်ကြီး အပြစ်ငယ်၊ အသွယ်သွယ်အဝဝ၊ ဆိုဆုံးမ၍၊ ဥပဇ္ဈာစရိယအစစ် ဖြစ်ကြဲ့ဖြစ်တော်မူသော ရေစကြိုမြို့ သူဌေးတိုက်ဆရာတော်ဘုရားကြီးအားပင်။ မဟာစေရဥ္စ၊ လောကသံသရာ နှစ်ဖြာခမ္မ၊ အောက်မကျရအောင်၊ အဝဝကျွမ်းဂန်၊ သင်အံ့ပို့ချ ဆုံးမပေြား၊ ငါးပယ်ရွာ ဆရာတော်ဘုရားကြီးအားပင်။ ဝါ၊ ရောဝတီ, သည့်ဦးဝေဝိဂ္ဂနှစ်ရ၊ အငယ်ရတွင်၊ ငါးခု ငါးသွယ်၊ ပယ်

ငါးပယ်ကို အမှိုပြုလို့မို့၊အမည်တခု သတ်မှတ်၊ သူတော်မြတ်တို့၏ နေထိုင်ရာ၊ "ငါးပယ်ရွာ" ခေါ်ကြ ရပ်ဌာန၏၊ ဒက္ခိဏာဒိသာ၊ကျောင်းတော်မြတ် ဝိဟာရာတွင်၊ပျော်ရွှင်မွေ့လျော်၊နေတော်မူငြား၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအားရင်း၊ မဟာစေရဋ္ဌ၊ ဒိပနီကျမ်း အခန်းခန်းကို၊ ကြိုးပမ်းသမှု ပြုရစ်ရင်ကျေးဇူးရှင် ပဌမ-ဒုတိယ-တတိယ, ကြောင်ပန်း ဆရာတော်ဘုရားကြီးများနှင့်တကွ၊ ပရိယတ် ပဋိပတ်၊နှစ်ရပ်ဓမ္မ၊မလပ်ရအောင် တပ်အပ်တကျ ပြုသသွန်သင်၊ကျေးဇူးတော်ရှင် "ဦးတိဿ" ကြောင်ပန်းရှင်အားရင်း၊ သာဒရုံ၊ယုံကြည်မြတ်နိုး အားကိုးသမှု၊ အလေးပြုကာရိုသေစွာ၊ဝန္ဒာမိ၊ရှိခဲ့တဲ့ ကျေးဇူးဂုဏ်ကို၊စိတ်အာရုံ မျှော်မှန်း၍၊ကန်းတော့ပန်း ဆင်လိုက်ရပါသတည်း၊ ဝန္ဒိတွာ၊ ဝန္ဒနာပန်း၊ ဆင်မြန်းပဏာမ၊ ဂါရဝအဉ္ဇလိ၊ ဦးတင်ချီပြီး၍၊ နိဗ္ဗာနဂမနာမဂ္ဂံ၊ "ကြောင်ပန်း လမ်းစဉ်" သညာတံဆိပ်၊ခတ်နှိပ်မှတ်သား၊နိဗ္ဗာန်သွားချန်၊ လမ်းမှန်အစစ်၊ကောန်ဖြစ်သော၊ဓမ္မဂန္ထ်ရုံ၊ ကြောင်ပန်းရှင်များ ရေးသားစီရင် ကျမ်းအစဉ်မှ၊ အမြင်ကျစ်လစ်၊ စင်စစ်နက်နဲ ခက်ခဲလှစွာ၊သဘာဝါကို၊လိခိသံ၊မိမိ၏ဉာဏ် မှီတန်သမျှ ချင့်နှိုင်းဆ၍ ဓမ္မမိတ်ဆွေ များတွေ့လည်း သိကြပါစေ သိကြစေဟု၊ စေတနာထား၊မေတ္တာပွါး၍၊ရေးသားဖြန့်ချိ လိုက်ရပါတော့အံ့သတည်း၊လိခိသံ လိခိသာမိ၊ မြို့ငါ မှောင်မသန်းကြစေဘို့ သိတ်မသိရှာ အယောင်အကာလ်း အနေတွေကို နိမ်ပြည်အမတာ အခေါင်မြန်းကြရအောင်၊

ရိပ်မိစရာ ကြောင်ပန်းဝနဆိကာ၊ ပြော်....ကလောင်စွမ်းသာ ပြလိုက်ရပါတော့အံ့သတည်း။ ။

" ဇုဋ္ဌသာသနာ့ပြန့်ပွါးရေး "
အသျှင်ကောသလ္လ။

---

# မေ့ကြွေးကြော်သံ။

—:o:—

(၁) ကြောင်ပန်းဆရာထေရ် ရေးစိသားဒါ၊ ..... ( ခြောက်စောင်တွဲ ) လို့ ကျော်လဲ ကျော်ဒါ၊...... ကျမ်းတော်မဟာ–မှန်းမျှော်သဌါ-ပန်းနော်ပမာ၊(စကျူ့ဌါရမှာ) ရှင်းကနဲ- ထင်းကနဲ-ဝင်းကနဲပေါ်လာ၊ နိဗ္ဗာန်ကို ရောက်ကြောင်း လမ်းစဉ်ကောင်း မှတ်လိုက်ပါ၊

(၂) ကြောင်ပန်းဆရာထေရ် ရေးစိသားဒါ၊.... (သုံးစောင်တွဲ)လို့ ကျော်လဲ ကျော်ဒါ၊ ကျမ်းတော်မဟာ–မှန်းမျှော်သဌါ-ပန်းနော်ပမာ၊ (သောတဌါရ)မှာ၊ ရှင်းကနဲ-လင်းကနဲ- ဝင်းကနဲပေါ်လာ၊ နိဗ္ဗာန်ကို ရောက်ကြောင်း လမ်းစဉ်ကောင်း မှတ်လိုက်ပါ၊

(၃) ကြောင်ပန်းဆရာထေရ် ရေးစိသားဒါ၊..... (စတုသစ္စ)ကျမ်းလို့ ကျော်လဲ ကျော်ဒါ၊....ကျမ်းတော်မဟာ-မှန်းမျှော်သဌါ-ပန်းနော်ပမာ၊ ( စာနဌါရ ) မှာ ရှင်းကနဲ လင်းကနဲ-ဝင်းကနဲပေါ်လာ၊ နိဗ္ဗာန်ကို ရောက်ကြောင်း–လမ်းစဉ်ကောင်း မှတ်လိုက်ပါ၊

(၄) ကြောင်ပန်းဆရာထေရ် ရေးစီသားဒါ၊....(ဟောပုံကျမ်း ) လို့ ကျော်လဲ ကျော်ဒါ၊ .... ကျမ်းတော်မဟာ-မှန်းမျှော်သဒ္ဒါ-ပန်းနော်ပမာ၊ ( ဇိဝှါဒွါရ )မှာ၊ ရှင်းကနဲ-လင်းကနဲ- ဝင်းကနဲပေါ်လာ၊ နိဗ္ဗာန်ကို ရောက်ကြောင်း ထမ်းစဉ်ကောင်း မှတ်လိုက်ပါ၊

(၅) ကြောင်ပန်းဆရာထေရ် ရေးစီသားဒါ၊...... ( သဘာဝတံခွန် ) ကျမ်းလို့ ကျော်လဲကျော်ဒါ၊—ကျမ်းတော်မဟာ-မှန်းမျှော်သဒ္ဒါ- ပန်းနော်ပမာ၊ ( ကာယဒွါရ ) မှာ။ ရှင်းကနဲ-လင်းကနဲ-ဝင်းကနဲ ပေါ်လာ၊ နိဗ္ဗာန်ကို ရောက်ကြောင်း လမ်းစဉ်ကောင်း မှတ်လိုက်ပါ၊

(၆) ကြောင်ပန်းဆရာတေရ် ရေးစီသားဒါ ...... ( ကြောင်ပန်းတံခွန်ကျမ်း ) လို့ ကျော်လဲ ကျော်ဒါ၊...... ကျမ်းတော်မဟာ မှန်းမျှော်သဒ္ဒါ-ပန်းနော်ပမာ၊ ( မနောဒွါရ ) မှာ၊...... ရှင်းကနဲ- လင်းကနဲ - ဝင်းကနဲ ပေါ်လာ၊ နိဗ္ဗာန်ကို ရောက်ကြောင်း လမ်းစဉ်ကောင်း မှတ်လိုက်ပါ၊

## ပဌမပရိစ္ဆေဒ။
## ကြောင်ပန်းနှင့်ဆိုင်ရာ ပဌမပိုင်း။

ဗုဒ္ဓ ဓမ္မ၊ သံဃာ သုံးတန်၊ ရတနံ၊ အဟံ ဝန္ဒာမိ။
ကျေးဇူးတော်ရှင်၊ ကြောင်ပန်းရှင်၊ နေ့စဉ် နမာမိ။

---

# ကြောင်ပန်းလမ်းစဉ် တရားတော်ကြီး။

ဣမံလောကံ ပဘာသေဟိ၊
သုဒ္ဓိဗုဒ္ဓါ မဟာထေရော။
ဥပ္ပန္နာသိ မယံ တေသံ၊
ဂစ္ဆေယျာမ ဥဒုံ မဂ္ဂံ။ ။

ဘောဂန္တာ၊ကြောင်ပန်းသာသနာ၊ အေးရိပ်သာ၌၊ ညီညာဖြဖြ၊ ချမ်းသာအထူး ကိုယ်စီ ရကြအောင်၊ ပဓာနအချုပ်၊ ဝိပဿနာအလုပ်တွေကို၊ အဟုတ်စခန်း၊ မဆုတ်တမ်းဟု၊ ကြိုးပမ်း အားထားလျက်၊ ပွါးများကာ နေလေ့ရှိကြကုန်သော၊ အစ်ကိုရင်းမက၊ ညီရင်းထမျှကဲ့သို့၊ ဓမ္မချစ်ပွါး၊ဒို-အစ်မ တသွယ်နှမငယ်များတို့၊ သုဘာဝ၊ ကြောင်ပန်းသခင်၊ စခန်းထွင်၍၊မှန်းယှဉ်ကာထား၊ လမ်းစဉ်များကို၊ ကောင်းမွန်စွာ မှတ်သား နာယူလိုက်ကြပါကုန်လော။ မဟာထေရာ၊ မှောင်မဘာန်း အရောင်လျှမ်း၊ အခေါင်နန်းမှာ၊ ကြောင်ပန်း-ကြောင်ပန်းဟု၊ နိုင်ငံမဆန့် ပြန့်နှံ့ကျော်ကြား၊ မဟာထေရ် ဘုရားကြီးတို့သည်၊ ဝ၊

အောင်လမ်းဓမ္မတွေက- ကြည့်သာယာ၊ မှောင်မသန်းကြစေဘို့၊ ဤသာသနာ၊ အမှိုပါစရာ တရားတချက်၊ ပွားရှုကြဲပော၊ ပွါးရှုကြပောလို့၊ သံကုန်မြည်ဟေး၊ အော်သံတွေပေးလျက် ဟစ်ကြွေးကြော်ငြာ ဤယခုဂေါတမသာသနာတွင်၊ဓမ္မာသဘင် အရောင်လျှမ်း ကြွဘာကြောင့်၊ဘာဝနာအစဉ် အောင်လမ်းအပြတွင်ဖြင့်၊ ကမ္ဘာတခွင် မှောင်ခန်းပ,စေနိုင်လို့မို့၊ ကြောင်ပန်းပါကဠု၊ နာမ ထင်ရှား၊မဟာထေရ်ဘုရားကြီးတို့သည်။ ဏ္ဍဝံလောကာ၊ အဝိဇ္ဇာတရားကအမှောင်တွေဖြာ ဝိညာဏ်လိမ်တရားက ဆန်းကြယ်စွာနိုဠ္ဌအမှားက တငါငါ၊ ဗွဲယူဒါသတ္တဝါ အမှောင်တသင်းတို့မှာဖြင့်၊ အမြဲပူကာ ပရမတ်ဓမ္မာရောင် မလင်းကြလို့မို့၊မှောင်အတွင်းကျ၍နေတဲ့ ဤလောကကြီးကို၊ပဘာသေဟိ၊သီလဂုဏ်ရောင်,သမာဓိဂုဏ်ရောင်,ပညာဂုဏ်ရောင်၊ပြောင်ပြောင် ထိန်ဝင်း အရောင်အလင်းတို့ဖြင့်။ ဝါ၊ပရမတ်တရားအရောင်,ခါတ်တရားအရောင်, သစ္စာတရားအရောင်၊မေတ္တာတရားအရောင်တို့ဖြင့်၊ သုဒ္ဓိမဂ္ဂါ၊ အရိခါတ်သား,မြတ်တရားကို၊ ထင်ရှားမသွေ မြင်ကြစေ၊ရှိသမျှတွေ့ သိကြစေလို့ စေတနာရောင်ဝင်း၊ ကောင်းမွန်စွာ တောက်လင်းကြကုန်လျက်၊ ဥပ္ပဇ္ဇန္တိ၊သာသနာ တဝက် နှင်းကာမှ၊ဘာဝနာ မဂ်သတင်းတွေနှင့်၊ ကမ္ဘာမှာ ဘဝဂ်ချဉ်းအောင် ထွက်လင်းတော်မူခဲ့ကြလေကုန်ပြီ။ ဥပ္ပဇ္ဇန္တိ၊ သာသနာအဆောင် ဓမ္မာရောင်လင်းချိန်မို့၊ ကမ္ဘာဘောင်မှာကဗျာတပေါင် သီချင်းတွေနဲ့၊ သတ္တဝါကောင်-ယောင်တသင်းတွေကို အမတာဘောင် အခေါင်ချဉ်းကြရအောင်

၈ ဝ ဝ ၅

မဟာမြောင်ဖျက်ခွင်း၍ ထွက်လင်းတော်မူခဲ့ကြလေကုန်ပြီ၊ တောသံ ထေရာနံ၊ ပဌမ ဆရာတော် ဘုရားကြီးက နန်းပြုပ္ပာ၊ ဒုတိယ ဆရာတော်ဘုရားကြီးက တုသိတာ၊ လူ့ပြည်မှာ ယခုရှိတော်မူကြကုန်သော တတိယ စတုတ္ထ၊ သာကီယနွယ်ဘွား၊ ထိုမဟာထေရ်ဘုရားကြီးတို့၏၊ ဝါ၊ သုံးဆဲ့တစ် ကမ္ဘာဘုံမှာ၊ ကာမဂုဏ် ငါးကင်ကို ချောင်းတတ်သည့်၊ ဒိဋ္ဌိလောင်း ကြွက်ယုတ်မာကို၊ ဖက်ဖြုတ်ခါ သံသရာပြတ်တဲ့အောင်၊ မဂ်ချုပ်ချာ ဥာဏ်မဟာအုပ်လို့ မို့၊ ပိဋကတ်မဟီ၊ ဝိပဿနာအဆီတွေကို စားကြတဲ့၊ အာဖာနည်မည်ကြွား၊ ထိုမဟာထေရ်ဘုရားကြီးတို့၏၊ ဥဇုံမဂ္ဂ၊ နိဗ္ဗာန်အောင်နန်း၊ ဆောင်ကြ၄န်းသို့၊ ဖြောင့်တန်းမတ်မတ် ဆိုက်ကပ်ကဲ့ရန်၊ စိတ်အကြံဖြင့်၊ မိဗ္ဗာန်ချထား၊ ထမ်းစဉ်များကို၊ ဝါ၊ (ခြောက်စောင်,သုံးစောင်) ဆုံးအောင်ကြံစည်၊ သစ္စာအဆီ၊ ဒိပနီနှင့်၊ တလီဟောပုံ၊ ထမ်းအရုံကို၊ မယံ၊ အမိအဘ၊ ကိုအစ်မနှင့်၊ နှမအသွင်၊ အလွန်ချစ်ခင်ကြကုန်သော သင်တို့-ငါတို့ တတွေသည်။ ဂန္ထေယျာမ၊ ကြည့်ရှု၍သာ ကျက်မှတ်၍သာ ကျင့်ကြံ၍သာ လိုက်သွားကြပါကုန်စို့ သတည်း။ ဂန္ထေယျာမ၊ "ခြောက်စောင်" ကို ပေါက်အောင် သိစေဘို့၊ "သုံးစောင်" ကို ဆုံးအောင် သာ ကြည့်ကြပေတော့၊ ဟောပုံကို သဘောကုန်အောင် ညှိညှိပြီး "ကျမ်းတံခွန်တွေကို" ထမ်းညွှန်ပမာ မှန်းပါလို့ ဖြောင့်တန်းစွာ လိုက်သွားကြပါကုန်စို့ သတည်း။...... ဂန္ထေယျာမ၊ သိတဲ့သူဖေါ်ကာစားကြပေတော့၊ မသိသူတွေ ကျော်ကာသွားကြပေလိမ့်၊ တော်ဘုရား ကပိမြတ်ဆရာ

အများသည်၊ သိမှတ်စရာ တပေါင်စခန်း အရတွင်ဖြင့်၊ ဝိပဿနာ အရောင်လျှမ်း ကြွချိန်မို့၊ မဏိမြတ်ဘဂဝါ အောင်ခန်း ဓမ္မတွေနှင့်၊ ပိဋကတ်အလာ မှောင်မသမ်းကြ ရအောင်၊ ဩြော်......ကြောင်ပန်း၏လမ်းစဉ်ကို၊စခန်းထွင်ကာ ရေးသား၍ ပေးသနားတော်မူခဲ့ကြလေကုန်သတည်း။

သာဓု—သာဓု—သာဓု၊

---

### သံဝေဂပွါးစရာ တောအုပ်ဥပမာ။

ဒိုး-ဓမ္မမိတ်ဆွေ—ယခု သင်တို့ ငါတို့ ရောက်နေကြတဲ့ ဘုံဌာနကြီးတွေဟာ ဘုရားရဟန္တာအရိယာတို့၏ ဉာဏ်အမြင်ကို ခေတ္တဌါးပြီး စိတ်ဝင်စားကြည့်လိုက်မယ်ဆိုရင်၊ ပျော်စရာကင်း၊ ပျင်းစရာ တသွယ်၊ သာယာဘွယ်မရှိ၊ ပကတိသဘောက ဒုက္ခလောက, ဒုက္ခတောကြီးတွေပါ တကား၊

ထိုလောကကြီးတွေကို သံဝေဂပွါးစရာ ဥပမာတင်စားပြီး ထင်ရှားစွာပြရအောင်၊ ယခုစာဘတ်နေသဲ အသင်ဓမ္မမိတ်ဆွေ၏စိတ်တဲမှာ အင်မတန် ကြီးကျယ်တဲ့ တောအုပ်ကြီးတခုကို ဘန်ဆင်းလိုက်စမ်းပါ၊ ၎င်းတောအုပ်ကြီးထဲမှာ ဘာတွေရှိသလဲ၊တနှစ်တခါ မီးတွေကလောင်ထားတော့ သစ်ပင်ချုံနွယ်တွေခြောက်သွေ့နေတဲ့ ထင်းခြောက်တွေ များစွာရှိတာပေါ့၊ အဲဒီထင်းခြောက်တွေ ဘာအသုံးကျသလဲ၊မီးဆောင်စရာ လောင်စာအဖြစ်အသုံးကျတာဘဲ၊

အမိုက်အပြား အင်လေးပါ။ ကျနေတဲ့ အမိုက်မှောင်ကြီးကလဲ "သန်း ခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ် ကုံး၊ အပြည့်ဖုံး၍၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား အမိုက်အပြား၊ အင်လေးပါး" ဆိုသော ဥပမာစကားအရ၊ အခါကလဲ သန်းခေါင်အခါ၊ နေ့ကလဲ လကွယ်နေ့၊ တော အုပ်လယ်မှာလဲ ရောက်နေတယ်၊ အရပ်ရှစ်မျက်နှာတို့က လဲ မိုးတိမ်တိုက်တွေ ပတ်ဝိုက်လျက် လျှပ်ရောင်ကလေး များကလဲ တခါတရံမျှ မလက်လာဘူးတဲ့။

ဘေးဘျမ်းပေါကြွယ် ထိုတော၌လယ် ဘေးရန်တွေ ကြည့်လိုက်ပြန်တော့လဲ မြွေဘေး၊ ကင်းဘေး၊ ခြသေ့်၊ သစ်ကျား သားရဲစသော ဘေးရန်တွေကအနန္တ၊ မတိမ်းသာ မရှောင် သာအောင် ရှုပ်ထွေး ပေါများလှတဲ့ ၎င်းတောကြားထဲ မှာ အသင်ခမ္ဘမိတ်ဆွေ ပျော်ပါးစွာ နေနိုင်ပါ့မလား......။ ဘယ်မှာပျော်နိုင်မလဲ၊ ပကတိက ထင်းခြောက်တော၊ ဘေး ရန်တွေကပေါပြန်တော့ ကြောက်စရာတမျိုး၊ ထိတ်စရာ တသွယ်၊ သာယာဘွယ်ဆိုလျှင် အနုမြူမျှ ရှာမရဘူးပေါ့။

မာယာဝဥ္စနာတုရှင် သို့ပင် ပကတိသဘောက ပျော်စရာ မကောင်းသော်လဲ၊ ၎င်းတောအုပ်ကြီး၏ အလယ်ခေါင်မှာ မာယာဆောင်တမျိုးညာယ်နဲ့၊ ဘီလူးမ နတ်စိမ်းမ၊ ဘုတ်သရဲမ၊ ဗာည်းဟူသော မိဖုရားတွေ ဝန်းရံ ကာ ပျော်စံနေတဲ့ ဘုရင်တဦးကို ထူးထူးဆန်းဆန်း ခတ် သွမ်းသွမ်းကနေပြီး ကြည့်လိုက်စမ်းပါအုံး၊ မရှိတာကို အရှိ ထင်ရအောင် မဟုတ်တာကို အဟုတ် ထင်ရအောင်၊ မမှန်

တာကို အမှန်ထင်ရအောင် ဟန်ဆောင် ဘမ်းပြဘတ်တဲ့ မာယာဝဋ္ဋ၌ အဘက်မှာတော့ တဘက်ကမ်းခပ် တတ်မြောက်သည့်အတွက် တက္ကသိုလ်ဘွဲ့ထူး ဆွတ်ခူးထားတဲ့ ဘုရင်တဦးပေပေါ့။

**ဖန်ဆင်းထားဒါ ဆန်းကြယ်စွာ** သူဖန်ဆင်းထားတာတွေ ကြည့်လိုက်စန်းပါအုံး မြင်မြင်သမျှလူအများတွေ အထင်မှား, အမြင်မှားဖြစ်လောက်အောင် ပကတိ သဘာဝအလိုအလျောက် ပေါ်ပေါက်နေကြတဲ့ သစ်ပင်ချုံနွယ်ကလေးတွေဟာ လေတိုက်ခတ်သည့် ဒဏ်ကို မခံနိုင်ရှာကြလို့ ယိမ်းယိုင်လှုပ်ရှားနေကြတာကိုကချေသည်မကလေးများကပြနေကြသည့်အသွင် ထင်ရအောင် မျက်စိက ကြည့်ရှုချင်စရာ ရူပကာမဂုဏ်အနေနဲ့ ပြထားတယ်။ နွေအခါ နေပူရှိန်၏ဒဏ်ကြောင့် အဖန်ဖန် ကြွေကျနေကြတဲ့ သစ်ရွက်ခြောက်သံတွေ လေတိုက်ခပ်မှုကြောင့် တဖျပ်ဖျပ် လှုပ်ရှားပြီး၊ တပင်နှင့်တပင် ပွတ်သပ်ကြတဲ့ သစ်ကိုင်းခြောက်သံတွေကိုတော့ ကချေသည်မကလေးများမှ သီချင်းသီဆိုသောအသံ၊ တီးသံမှုတ်သံများကဲ့သို့ နားမှကြားချင်စရာသဒ္ဒကာမဂုဏ်အနေနဲ့ ပြထားပြန်တယ်။ ၎င်းသစ်ပင်ခြောက်များမှ ထွက်နေတဲ့ အနံ့တွေကိုတော့ ရေမွှေးကရမက်ပေါင်ဒါ လိမ်းချယ်ထားသလို၊ မနမ်းရ မနေနိုင်၊ မရှူရမနေနိုင်လောက်အောင် ဂန္ဓာရုံအနေနဲ့ ပြထားပြန်တယ်။ ထိုသစ်ပင်များမှ သီးနေတဲ့ သစ်သီးခြောက်ကလေးများကိုတော့ စားစရာတမျိုး၊ သောက်စရာတဖုံ၊ ရသာရုံအနေ

နဲ့ တည့်တည့်ထောင် ခင်းကျင်း၍ထားပြန်တယ်၊ ၎င်းတော အတွင်းမှာရှိကြတဲ့ မျက်ပင်ခြောက်, နွယ်ပင်ခြောက်တွေ ကိုတော့ စပရိန်မွေ့ရာ၊ ကမ္ဗလာကော်ဇော၊ မက်မောလောက်အောင် ဇိမ်ချင်စရာ, ထိုင်ချင်စရာ ပေါ်ဦးဖွာခုံ အနေနဲ့ ပြုထားပြန်တယ်၊

မိဖုရားရတနာ ဝန်းရံကာ။ ဘုရင်၏အပေါ်မှာ ဝန်းရံ ခစားနေကြတဲ့ ဘိလူးမ, နတ်မိမ်းမ, ဘုတ်သရဲမ စသော မိဖုရားများကလဲ မောင်တော်ဘုရား၊ ... ဖန်ဆင်းထားဘာ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်၊ သာယာခင်မင် လိုချင် နှစ်သက်စရာ ကောင်းပါပေတယ်၊ မောင်တော်ဘုရားလို ဖြင့် ကမ္ဘာမှာ ရှားထောက်ပါရဲ့လို့ အားပေးစကားများကို ပြောကြားခါ ပျော်ပါးစွာနေထိုင်ကြတယ်၊

သူ့သတ်သမား အလုပ်များ။ သူတို့ရဲ့နောက်နားက အလုပ်များနေကြတဲ့ သူ့သတ်သမားများကို ကြည့်စမ်းပါအုံး၊ ဘယ်ကလောက် အလုပ်ရှုပ်နေကြသလဲ၊ ပဌမ (၁)နံပါတ် သူ့သတ် သမားကြီးကတော့ မြို့ထဲ ရွာထဲမှာ ရှိကြတဲ့ လူ အပေါင်းတွေကို တောကြီးထဲသို့ မရောက်ရောက်အောင် ဆွဲငင် ခေါ်ဆောင်နေရတယ်၊ ဒုတိယ (၂)နံပါတ် သူ့သတ် သမားကြီးကတော့ ပဌမလူ ခေါ်ဆောင်လို့ရောက်ကြတဲ့ လူအပေါင်းတွေကို အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ပျော်ပါးနေခဲ့မှာ မသိမသာ ကြိုးကြိမ်နွယ်များဖြင့် တုပ် နှောင်နေရတယ်၊တတိယ (၃)နံပါတ် သူ့သတ်သမားကြီး

၏ အလုပ်ကတော့၊ ကြိုးနှင့်တုပ်ထားတဲ့ လူတွေကို မြေကြီးပေါ်မှာ ပက်လက်လံလဲအောင် ခြေထောက်နှင့် ကန်ကာ လှဲနေရတယ်၊ စတုတ္ထ (၄) နံပါတ် သူသတ်သမားကြီးကတော့ မြေကြီးပေါ်မှာ လဲကျနေတဲ့ သတ္တဝါတွေကို လည့်ပင်းနင်းပြီး သန့်လျက်နဲ့ခွင်းကာ ဘီလူးစာကျွေးပစ်လိုက်တော့ဒါဘဲ၊ အချိုသူများလဲ ပျော်ပါးနေဆဲ၊ တချို့ သူများလဲ ကြိုးတုပ်ခံနေရပြီ၊ တချို့ကတော့ ပက်လက်လံလို့၊ တချို့ကိုတော့ ဘီလူးစားကုန်ပြီ၊ တချို့လူတွေမှာတော့ မျက်စိလယ် လမ်းမှားပြီး ချောက်ကမ်းပါးကျလို့ ဟစ်အော်မြည်းတမ်းနေကြရှာတယ်၊

ဟဲ-မွေ့မိတ်ဆွေ .... စဉ်းစားကြည့်လိုက်စမ်းပါ။ ဒီလူတွေဟာ ငင်းတောကြီးထဲ ဘာလုပ်သွားကြတာလဲ၊ ကြိုးတုပ်ခံရအောင်, အသတ်ခံရအောင်, သေချင်ကြလို့ အသေခံသွားကြတာလား၊ မဟုတ်ပါဘူး......။ ဒီလိုသေရမယ်ဆိုတာကို အစက သိလျှင် ဘယ်မှာသွားကြလိမ့်မလဲ၊ အကောင်း ရှိတယ်ထင်ပြီး အကောင်း ခံစားချင်ကြလို့ လက်ဆောင်အမျိုးမျိုးယူကာ သွားကြတာပေါ့။ ဘယ်လိုပင် လက်ဆောင်ထိုးသော် ကြိုးတုပ်မှ လွတ်ရဲ့လား။ ဘယ့်ကလောက် လက်ဆောင်ပေးသော်လဲ သေဘေးက လွတ်ရဲ့လား-မလွတ်ပါဘူး။ တနေ့ကျတော့ သူတို့ရဲ့ ထုံးစံမွေ့တာအတိုင်း အညာပေးတဲ့ နှိပ်စက်ကြတော့တာဘဲ၊

ပညာရှိလူလိမ္မာ   တနေ့သောအခါ လူလိမ္မာ ပညာရှိ ပေါ်ပေါက်လာ။ တယောက်သည် အမြှမြှ အရှာရှာရှိ လူ အပေါင်းတွေ အုံးအုံးတက်၊ ကြွက်ကြွက်ဆူ၊ လက်ဆောင် များကိုယူကာ သွားလာနေကြတဲ့ ထိုတောအုပ်ကြီးသို့ ရုံ စမ်းရန်သဘောနဲ့ ရောက်သွားခဲ့တယ်။ ဘီလူးမ နတ်မိမ်းမ ဘုတ်သရဲမ များသည်လည်း မိမိတို့၏ရှိရင်းစွဲ ဘီလူးသား ရဲ့အသွင်ကို ဖျောက်၍၊ ဆဲငါးနှစ်ရွယ်၊ ဆဲခြောက်နှစ် ရွယ် ဘုံကြိုးပြတ်တဲ့ နတ်မိခယ်ကဲ့သို့၊ ထယ်ထယ်ဝါဝါ သာယာ စွဲမက်မလောက်အောင် ဟန်ဆောင် ဖန်ဆင်း၍၊ ငေးပါ၊ သောက်ပါ၊ နေပါ၊ ထိုင်ပါ၊ မာယာဉာဏ်ဖြင့် ပြ ကြပြန်တာပေါ့။ ထိုသို့ပြကြသည်ကိုလည်း လူလိမ္မာ ပညာ ရှိသည် အရေးမယူ အလေးမမှုဘဲ၊ သူတို့၏ နဖူးမောက် ခြင်း၊ နှာရောင်ကောက်ခြင်း၊ ဖနှောင့်တိုခြင်း၊ အရိပ်မထွက် ခြင်း စသော လက္ခဏာများကို အကဲခတ်ကြည့်ရှုကာ မိမိ ၌ ပါလာခဲ့သော မာယာဝဋ္ဋနဲ့ အတတ်မျိုးကို တတ်အပ် ထကျွ သဘာဝဓာတ်ရင်း မြင်စွမ်းနိုင်တဲ့ ဓါတ်မှန်ပြောင်း ကို တပ်ဆင်ကာကြည့်ရှုလိုက်သောအခါ......။ အစွယ်ပြူး တူးနှင့် ဘီလူးမ, ပစပ်ပြဲပြဲနှင့် နတ်သားရဲမ၊ အညစ် အကြေး အထပ်ထပ် လိမ်းတဲ့ နတ်မိမ်းမများ၏ ပကတိ သဘာဝကို ကြောက်ထန့်ရှုံ့ရှာဘွယ်အနေ ထင်ရှားစွာမြင် ရလေ၏။ သူတို့တည်ထောင် ခင်းကျင်း ဖန်ဆင်းထားတဲ့ အရာဝတ္ထုတွေ ကြည့်ရှုလိုက်ပြန်တော့လဲ ရှိရင်းစွဲဖြစ်တဲ့ သစ်ပင်ခြောက်၊ သစ်ရွက်ကြွေသံ၊ အပုပ်နံ့၊ သစ်သီး

ခြောက်၊ မြက်ပင်ခြောက်များကိုသာ ထင်ရှားစွာ မြင်ရလေတော့၏။

ထိုအခါ လူလိမ္မာပညာရှိသည့် နောက်နားက အလုပ်များနေကြတဲ့ သူသတ်သမားကြီးများ၏ ဘက်သို့ လှည့်ကာ နှိပ်စက် ညှဉ်းပန်းနေကြပုံကို သေချာစွာကြည့်ရှု၍၊ စတုတ္ထ(၄)နံပါတ် သူသတ်သမားကြီး၏ အနားသို့ကပ်ပြီး အသင်သည် အဘယ်ကြောင့် သတ္တဝါများကို မညှာမတာ ရက်စက်စွာ သတ်ဖြတ်၍ နေသနည်းဟု မေးမြန်းလိုက်သောအခါ။.... ကျွန်ုပ်သည်- သတ်ချင်လို့ သတ်ရသည် မဟုတ်ပါ။ တတိယ(၃)နံပါတ်လူက ခြေနှင့်ကန်လှဲပြီး သတ်ပါ့ သတ်ပါဟု ထပ်ကာထပ်ကာ စေခိုင်းနေသည့်အတွက် သတ်ရခြင်းဖြစ်ပါတယ်လို့ အဖြေအစစ်ခံထွက်လေတော့၏။ ။ပညာရှိသည် တတိယ (၃)နံပါတ် သူသတ်သမား၏ အနားသို့ကပ်ပြန်ကာ အသင်ဟာ တယ်ပြီးရက်စက်ပါကလား။ အဘယ့်ကြောင့် သတ္တဝါများကို မတရားသဖြင့် နှိပ်စက်၍နေပါသလဲဟု စစ်ဆေး မေးမြန်းပြန်သောအခါ၊ကျွန်ုပ်ကလဲ နှိပ်စက်ချင်လို့ နှိပ်စက်ရတာ မဟုတ်ပါဘူး။ ဟိုအနားက ဒုတိယ သူသတ်သမား ကြိုးတုပ်ထား၍ တာပန် ရှိသည်အားလျော်စွာ ဆောင်ရွက် နေရပါကြောင်း ထပ်လောင်း၍ပြောပြပြန်လေ၏။ ။ဒုတိယ သူသတ်သမားထံ တဖန်သွားပြန်၍ ကြိုးနှင့်တမျိုး၊ ကြိမ်နှင့်တဖြာ၊ တုပ်နှောင်ကာ ညှဉ်းပန်းနေတဲ့ ဒုတိယ သူသတ်သမားဆိုတာ အသင်ဘဲ မဟုတ်လားဟု ခြောက်လှန့်ကာ မေးလိုက်ပြန်သောအခါ၊ကျွန်ုပ်သည် ပဌမ(၁)နံပါတ်လူက

ခေါ်ဆောင်ပေး၍သော ဝတ္တုရားအားလျော်စွာ ဆောင်ရွက်နေရပါသည်ဟု လွှဲဖယ်ကာ ပြောပြပြန်သတည်း။ ။

ထိုအခါ-လူလိမ္မာပညာရှိသည် ပဉ္စမသူသတ်သမားထံ ခပ်မြန်မြန်သွားတဲ့၍ အသင်သည် လူအများကို မှောက်မှောက်မှားမှား ဆင်းရဲပွါးအောင် အဘယ့်ကြောင့်ခေါ်ဆောင်တိုက်တွန်းနေရသနည်းဟု မေးမြန်းပြန်လေ၏။ ။

ပဉ္စမ သူသတ်သမားကလည်း ကျွန်ုပ်သည်- သတ္တဝါများကို မှောက်မှားစေလိုသော သဘောထားဖြင့် ခေါ်ဆောင်နေသည်မဟုတ်ပါ။ အရှင်သခင်ဖြစ်သော မိဗ္ဗရားကြီးများ၏ အလိုတော်ပြည့်အောင် မျက်နှာလိုအားရ လုပ်ကိုင်နေရပါသည်ဟု ဘီလူးမ,နတ်ဗိမ်းမ,ဘုတ်သားရဲမတို့၏အပေါ်သို့သာ လွှဲဖယ်ကာချလိုက်တော့၏။ ။ပညာရှိသည် ဒါဖြင့်ကောင်းပြီ၊ သင်တို့အသာနေ၊ သင်တို့၏ တာဝန်မရှိပြီ၊ မိဗ္ဗရားများကို စစ်တော့မည်ဆို၍ သန်လျက်ကို ကိုင်ကာ အသင်တို့သည် လူအများကို ကြိုးတုပ်ခံရအောင်၊ အသတ်ခံရအောင်၊ မှောက်မှောက် မှားမှား ချောက်ကမ်းပါးသို့ကျအောင် မဟုတ်မတရားသော ကာမဂုဏ် နိုင်ငံကြီးကို တည်ထောင် ဖန်ဆင်း၍နေကြတဲ့ သင်တို့တတွေဟာ သေတို့သာပြင်ပေတော့ဟုသန်လျက်နဲ့ ချိန်ရွယ်လိုက်တော့မှ၊ အလွန်တရာကြောက်လှ၍၊ အမောင်-ဤအာရုံငါးပါး နိုင်ငံကြီးကို ကျွန်ုပ်တို့ တည်ထောင် ဖန်ဆင်းထားသည် မဟုတ်ပါ။ ကျွန်ုပ်တို့၏အရှင်သခင် ဟိုပလ္လင်ပေါ်က ဘုရင်မင်းမြတ်ကြီး ဖန်ဆင်းထားသည်ကိုသာ အဟုတ်ထင်မှတ်၍ အားပေး အားမြှောက်ပြုလုပ်၍နေပါသတည်းဟု အသီး

အသင်း ပြောဆိုကာ " ကိုယ်မချည့်ဟာ, အမိသော်လဲ သွား
တော်ခဲ " ဆိုသည့်စကားအလားကဲ့သို့၊ ရှင်ဘုရင်အပေါ်
သို့သာ တာဝန်လွှဲလိုက်ကြလေတော့၏။

ဘုရင်ကို စစ်တမ်းထုတ်ပြီ။

ထိုအခါကျေးတော့မှ လူလိမ္မာ ပညာ
ရှိသည့် ရှင်ဘုရင်ကို စေ့စေ့ကြည့်
ကာ၊ ဩော်...... လက်စသက်တော့ အသင်ရဲ့ အတတ်
ပညာတွေပါကလား၊ အသင်ဟာအကျိုးမရှိတဲ့ အလုပ်ကြီး
ကို အဘယ့်ကြောင့် လုပ်ကိုင်နေချင်ပါသနည်း၊ အသင်၏
လိမ်လည်မှုကြောင့် သတ္တဝါတွေသည် နစ်နာမှောက်မှား
ကုန်ပါပကောဟု, စောကြောအပြစ်တင်လိုက်တော့မှ၊ ရှင်
ဘုရင်က, အမောင် လူသား..... သေသေချာချာ စဉ်းစားပါ
ဦး၊ ကျွန်ုပ်ဟာ သတ္တဝါတွေကို သုံးရှုံးနစ်နာအောင် လိမ်
လည်လှည့်ပတ်မယ်ဆိုတဲ့ သဘောနဲ့ ကြောင့်ကြဗျာပါရ
ထုတ်ပြီး တမင်လုပ်၍ ပြနေသည်မဟုတ်ပါ၊ ကျွန်ုပ်ရဲ့ခန္ဓာ
ကိုယ်က အလိုလိုထွက်နေတဲ့ ပကတိသဘာဝ အရောင်မျှ
သာဖြစ်ပါတယ်၊ ထိုအရောင်ကိုအကောင်အထယ်တင်မှတ်
ပြီးသူ့ဘာသာ မှားနေကြတဲ့ သတ္တဝါများကိုကား ကျွန်ုပ်
မတတ်နိုင်တော့ပါ၊ ကျွန်ုပ်၏ တာဝန်လည်း မဟုတ်တော့
ပါပြီ။ အမောင်လူသား ...မယုံလျှင် ကျွန်ုပ်ရဲ့ခန္ဓာကိုယ်
ကို လုံခြုံအောင် အုပ်ခြုံ၍ကြည့်ပါတော့ဟု, ဝန်ခံလိုက်
သဖြင့် လူလိမ္မာပညာရှိသည့် ဘီလူးသားရဲတွေ မကပ်နိုင်
သော ဂါထာများကို ရွတ်ဆိုကာ ရှင်ဘုရင်၏ ခန္ဓာကိုယ်
ကို အဝတ်ဖြူတဘက်ဖြင့် လွှမ်းခြုံလိုက်သောအခါ၊ တော
ကြီးထဲ၌ နဂိုရှိက,အရှိထင်နေသော ကချေသည်, ဘီချင်း

သံ, အမွှေးနံ့, စားသောက်ဘွယ်ရာအဖြာဖြာတို့နှင့်တကွ၊ အိပ်စရာ, နေစရာ, ပျော်စရာအာရုံများသည် အားလုံးကုန် ကွယ်ပျောက်၍ ထင်းခြောက်အတိသာ ရှိလေတော့၏၊ ဘီလူးမ, နတ်မိမ်းမ,ဘုတ်သားရဲမတို့သည်လည်း ဂါထာ မန္တန် ရွတ်ဆိုသံကို မခံနိုင်ရှာကြသဖြင့် ဝေးရာအရပ်သို့ ထိမ်းရှောင် ထွက်ပြေးကြလေတော့၏၊

ထိုအခါကျတော့မှ၊ လူလိမ်မာ ပညာရှိသည့် အဝတ် ခြုံသားသော ရှင်ဘုရင်၏ လည်ပင်းကို ကိုင်ကာ လူအများ ကိုခေါ်၍ အို-လူပေါင်းတို့ .... အသင်တို့ တကယ် အရှိထင် ပြီး ပျော်ပါးနေကြတဲ့ ကာမဂုဏ်တွေဟာ ယခု ရှိသေး ရဲ့လား ကြည့်လိုက်စမ်းပါ၊ အသင်တို့ ထင်နေတဲ့ အာရုံ တွေဟာ ဟောဒီဘုရင်က,ထုတ်နေတဲ့ အရောင်တွေမျှသာ ဖြစ်တယ်၊ ၎င်းဘုရင်၏ သတ္တိကို မသိကြသည့် အတွက် တကယ် အရှိထင်ပြီး အသင်ဒုက္ခ ရောက်နေကြရတယ်။ ပကတိအရှိ သဏ္ဍာချကြည့်လိုက်တော့ ထင်းခြောက်နှင့် ဘုရင်သာ ထင်ရှားစွာ တွေ့မြင်ရပါ တကားဟု ရှိမင်းစွဲ သဘာဝ ထုတ်ဖေါ်ကာပြလိုက်တော့မှ ကိုယ်တိုင်ဒိဋ္ဌ တွေ့ မြင်ရသမျှ လူအပေါင်းတို့သည် သောင်းသောင်းကြွကြွ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်၊ တကယ် ပညာရှိပါပေ တယ်၊လူအပေါင်းတို့၏ အားကိုးရာအစစ် ဖြစ်ပါပေတယ် ဟု ချီးမွမ်းဩဘာ ဟောမနာပြုကာ ချမ်းသာရာ ရကြ လေကုန်၏။ ဘုရင်၏ သတ္တိကို မသိမရိပ်မိကြကုန်သေး သောသူအပေါင်းတို့သည် ယခုထက်တိုင် သွားလာပျော် ပါး ခံစားကြလျက် လမ်းမှန်ပြသော လူလိမ္မာပညာရှင်

ကိုပင် ရန်သူထင်ကာ ဆင်းရဲဒုက္ခ ရောက်ကြတုန်းပင်၊ ......
ကဲ-စာရှုသူ ဓမ္မမိတ်ဆွေ၊အသင်လဲ စာဘတ်ရင်းနဲ့ တော
အုပ်တဲ မျက်စိလယ်နေအုံးမယ်နော်-ကြပ်ကြပ်သတိထား၊
ဥပမာနဲ့တဲ တော်တော်ရှည်သွားပြီ၊ စကားမျောသွားရင်
အတောမသတ်တဲ နေရေ့မယ်၊...... ဒီနေရာတွင် ဥပမာ
တခဏ်းရပ်ပြီး ဥပမေယျ လှမ်းဟပ်လိုက်ကြအုံးစို့၊

## ဥပမေယျ ထပ်တူပြ။

သံသရာတောအုပ်ကြီး။ ယခု သင်တို့-ငါတို့နေကြတဲ့ သံသရာ
တောအုပ်ကြီးကိုကြည့်လိုက်စမ်းပါ၊
ပကတိက ဘာတွေရှိသလဲ၊မျက်စိနှင့်ဆိုင်ရာအဆင်းခါတ်၊
နားနှင့်ဆိုင်ရာအသံခါတ်၊နှာခေါင်းနှင့်ဆိုင်ရာအနံ့ခါတ်၊
လျှာနှင့်ဆိုင်ရာရသာခါတ်၊ကိုယ်နှင့်ဆိုင်ရာအတွေ့ခါတ်၊
ဒီအဆင်း, အသံ, အနံ့, အရသာ, အတွေ့ အဝိ ဆိုတဲ့
ဗဟိဒ္ဓရုပ်လောက, ရုပ်သဘာဝကလေးတွေဟာ တော
ထဲက,သစ်ပင်ချုံနွယ်တွေ အလိုအလျောက်ပေါ်ပေါက်ပြီး
သေချိန်တန်တော့ သေသွားကြရတာလို၊ "အတ္တနော သ
ဘာဝံ ခါရေတီ·တိ ခါတု" ဆိုတဲ့ အတိုင်း၊ မိမိ၏
သဘော မိမိဆောင်ပြီး ဖြစ်ချိန်တန်ဖြစ်၊သေချိန်တန် သေနေ
ကြရတဲ့ ကလေကာဝ ဘောက်သောက် သယံဇာတ,
အနန္တမျိုးတွေတဲ။ တောကြီးများကို မီးလောင်ထားသလို
အနိစ္စမီး, မရဏမီးတို့၏ မပြတ်မသပ် အထပ်ထပ်လောင်
ကျွမ်းခြင်းကို ခံနေကြရသဖြင့်၊ ချမ်းသာသုခဆိုလျှင် အနု
မြူမျှမရှိ၊ ပကာဘိ ဒုက္ခတောကြီး ဖြစ်နေတာပေါ့၊အိုဘား

နာသေသေဘေးဆိုတဲ့ ဘေးတွေကလဲ ဝိုင်းအုံနေကြတယ်။ အဲဒီ ပကတိသဘောတွေကိုသာ မြင်မယ်ဆိုလျှင် အသယ်မှာ ပျော်ချင်စရာ နှစ်သက်စရာ ရှိပါတော့မလဲ၊ ကြောက်စရာ၊ လန့်စရာ၊ မနေချင်စရာ၊ ငြီးငွေ့ စရာကြီးပေပေါ့၊ ပကတိ ရှိတဲ့ သဘောတွေကို မမြင်နိုင်အောင် အဝိဇ္ဇာတရားကြီးက မှောင်ချထားလိုက်တော့ ပျော်ပါးစွာ နေနိုင်ကြတယ်။

မှောင်ကြီးထဲ ရောက်နေပါလျှက် အဘယ့်ကြောင့် ပျော်ပါးစွာ နေနိုင်ကြသလဲ..... နာမ်ဘုရင်က၊ ဖန်ဆင်းပြဒါကိုး။ ၎င်းဘုရင်ဟာ နာမ်ဆိုတဲ့အမည်၊ စိတ်ဆိုတဲ့အမည်၊ ဝိညာဏ်ဆိုတဲ့အမည် အမျိုးမျိုးကို ခံယူကာ မာယာဝဠ္ဍ အတတ်ကို ဆရာမပြဘဲ သဘာဝအလျောက် တတ်မြောက်နေတဲ့ ဘုရင်တဦးပေါ့၊ သူ၏အပါးက ခစားနေကြတဲ့ မိဖုရားတွေကလဲ ပျော်ပါး စရာကြီးပါဘဲ၊ တဏှာ ဆိုတဲ့ ဘိလူးမ၊ ဒိဋ္ဌိဆိုတဲ့ နတ်စိမ်းမ၊ မာန ခေါ်တဲ့ ဘုတ်သားရဲမတွေ ဝန်းရံကာ ဟဒယဝတ္ထုပလ္လင်ပေါ်က နေပြီး ရွှင်ပျော်ကာ ဖန်ဆင်းနေဘာတွေ ကြည့်လိုက်စမ်းပါ၊

မျက်စိနှင့်ဆိုင်ရာ ကြည့်ရှုစရာတွေမှာလဲ အဆင်းဆင်ဆင် ပရမတ်တော်ခြောက်တခုတည်းကို ကြည့်ချင်စရာ ရှုချင်စရာ သာယာ နှစ်သက်လောက်အောင် ရုပ်ရှင်နဲ့ ဝေဘ်ရှင်ရုံ၊ ကဇာတ်ရုံ၊ ပြဇာတ်ရုံကြီးများကို တည်ဆောင်ကာ၊ မင်းသား၊ မင်းသမီး၊ ဝန်ကြီး၊ ရှင်ဘုရင် ပျော်ရွှင်စရာတွေဘဲ၊

နားနှင့်ဆိုင်ရာမှာလဲ အသံဆတ်ဆတ် ပရမတ်ခေတ်ခြောက်ကို ရေဒီယိုသံ, ခေတ်စက်သံ, မင်းသမီးသံ, မင်းသားသံ, ဆိုင်းသံ, ဗိုင်းသံ တညံညံနှင့် နားထောင်ချင်စရာကြီးပေါ့။

နှာခေါင်းနှင့်ဆိုင်ရာမှာလဲ အနံ့ဆတ်ဆတ် ပရမတ်အနံ့တမျိုးတည်းကို ရေမွှေး, ကရမက်, ပေါင်ဒါ သာယာစရာတွေပေါ့။

ဇိဝှါပသာဒ လျှာနှင့်ဆိုင်ရာမှာလဲ စားသောက်ဘွယ်ရာအဖြာဖြာတွေဟာ အမည်နာမကိုတောင် မရေတွက်နိုင်ဘူး။

ကာယပသာဒ ကိုယ်နှင့်ဆိုင်ရာ တွေ့ထိ ဝတ်ဆင်စရာတွေမှာလဲ ကတ္တီပါမွေ့ရာ, ကမ္ဗလာကော်ဇော မက်မောလောက်အောင် ပြထားတယ်။ မန္တလေးမြို့-ရန်ကုန်မြို့ဆိုက အထည်ဆိုင်ကြီးတွေမှာရှိတဲ့ အဝတ်အထည်တွေကိုဘဲ ကြည့်စမ်းပါအုံး။ ဘယ်ကလောက် များပြားဆန်းကြယ်သလဲ။ အဲဒီ အာရုံတွေကို သူ့အဆင့်အတန်းနှင့်သူ ခွဲစားနေကြပုံတွေဟာ ဘယ်လောက် စိတ်ဝင်စားစရာကောင်းသလဲ။

ဒါန, သီလ ဆိုတဲ့ လက်ဆောင်ထံပိုး များများထိုးနိုင်တဲ့သူတွေမှာတော့ မန္တလေး-ရန်ကုန် ခေါ်တဲ့ မြို့ကြီးတွေမှာ ခေတ်ရှင်ရုံကို နေ့စဉ်ကြည့်၊ ရေဒီယိုမှလာတဲ့ အသံအမျိုးမျိုးကို နားထောင်၊ ပွန်းဒီးယားခေါ်တဲ့ ရေမွှေး, ပေါင်ဒါများကိုလိမ်းချယ်၊ အသွယ်သွယ်သော အဝတ်အထည်များကို ဆင်မြန်းခါ တိုက်အိမ်ကြီးတွေပေါ်မှာ

ပျော်ပျော်ကြီး ခံစားစံစားနေကြရတယ်။ ။သည့်ထက် အတက်တန်းကျတဲ့ နတ်ပြည်တွေမှာတော့ လူ့ပြည်မှာလို လုပ်ကိုင် ရှာကြံရခြင်းမရှိ၊ ပကတိ အလိုလိုဖြစ်တဲ့ နတ်နတ်သြဇာ, နတ်ဝတ်တန်ဆာများကို ဝတ်ဆင်ကာနေကြ ရတယ်။

သမထ,ဆိုတဲ့ လက်ဆောင်မျိုး ပေးနိုင်တဲ့ ဖြယ္ဗာများကိုတော့၊ဗိတိခေါ်တဲ့အစာကိုကျွေးပြီး၊ ကန္တာ့ထက် ဝက်, ကန္တာ့သုံးပုံတပုံကစ၍ ကန္တာပေါင်း ရှစ်သောင်း လေးထောင်တိုင်အောင် ပျော်ရွှင်ခွင့် အဆင့်အတန်းပေး ထားတယ်။

ဒါန,သီလ,လက်ဆောင်ကို များများမပေးနိုင်ကြတဲ့ သူတွေကိုတော့ အဆင့်အတန်းအား လျော်စွာ တောရွာ ဇနပုဒ်ခေါ်တဲ့ အရပ်များမှာနေရပြီး၊ မျက်စိက ကြည့်စရာ အာရုံမှာလဲတနှစ်မှတခါ၊ဆိုဒါလိုဘုရားပွဲ,ကျောင်းပွဲအလှူ မသာကလေးရှိမှ ဇာတ်ပွဲသဘင်များကိုကြည့်ရှုလို့၊ဆိုင်း သံ ဝိုင်းသံ့ဂီ လေးများကို နားထောင်၊ တောကျို တောင် ကြားမှာပေါက်တဲ့ သနပ်ခါးခေါက် ခပ်ကြမ်းကြမ်းကို လိမ်း၊စားရပြန်တော့လဲ့ တလုပ်တဆုပ်၊ ဝတ်ရပြန်တော့ လဲအစုတ်အနုတ် ဆိုတာနဲ့နက်လင်းလာရင့်ထမင်းကြမ်း ခဲနှင့် လန်းလျက်မဲ အနိုင်နိုင်ခဲကြရရှာတယ်။ ဝတ်စားနေ ထိုင် တာတွေကြည့်လိုက်ပြန်တော့လဲ အင်ဖက်အမိုး၊ ကျူ ရိုးတိုင်ထူကာ၊ဂုန်အိပ်ကို ကမ္ဘလာပြုပြီး နေကြရရှာတယ်၊

ဒါန,သီလ,လက်ဆောင်တံပိုး လုံးလုံးမှ မထိုးနိုင်ကြတဲ့ သူတွေကိုဘော့ မျက်ဝိသယ် လမ်းမှားအောင် လုပ်ပြီး

အပါယ်လေးပါးဆိုတဲ့ချောက်ကမ်းပါးသို့ တွန်းထိုးကာ ချလိုက်ကြတော့ဒါဘဲ၊ အဆင့်အတန်းအားလျှော်စွာ နာမ်ဘုရင်ပြထားပုံတွေဟာ ဘယ့်ကဆောက် စိတ်ဝင်စားစရာကောင်းသလဲ၊

သူ၏အပါးက,ခြံရံ ခစားနေကြတဲ့ မိဖုရားများကို ကြည့်လိုက်ပါဦး၊ တဏှာဆိုတဲ့ ဘီလူးမကလဲ နာမ်ဘုရင် ဖန်ဆင်းတာတွေဟာ သာယာစရာ, နှစ်သက်စရာ, ပျော်မွေ့စရာကောင်းပါပေတယ်ဟု, ချီးမွမ်းပြောဆိုကာ လာလာသမျှ လူအပေါင်းတို့ယံမှ လက်ဆောင် အမျိုးမျိုးကိုယူ၍ နေပါထိုင်ပါ စားသောက်ပါဟု, ပျူငှါသော လောကဝတ်ကို မပွတ်အောင် ပြုနေရှာတယ်၊ ထို့ကြောင့်- ကျွန်ုပ်တို့၏ ကျေးဇူးရှင် " ဦးတိဿ " ကြောင်ပန်းရှင်ဘုရားသည် ဒိဋ္ဌိပြုတ်လမ်း-ဟောပုံကျမ်း၌၊......

> တဏှာသယ၊ မြင်လိုက်ရင် တားမရ၊ ကြားလိုက်ပြန်တော့လဲ မလောင်းဆံ၊ နံလိုက်ရင် ဆူဆူပွက်၊ လျက်လိုက်ရင် အခွင့်မိ၊ တွေ့ထိတော့ မေ့ကြောတွေထုံ၊ အာရုံကို သာယာတတ်တဲ့ တဏှာခေတ်ဆိုတဲ့ ဘီလူးမကြီးသည်—ဟု,

တဏှာ၏ သဘာဝကို ဘီလူးမနှင့် ဥပမာ ပြတော်မူခဲ့ပေ၏။

ဒိဋ္ဌိဆိုတဲ့ နတ်မိမ်းမကြီးကလဲ မိမိ၏အရှင်သခင် ဘုရင်မင်းမြတ် လိမ်ပြအာပ်သည်ကိုပင် မိမိကိုယ်တိုင် မရိပ်မိရှာ၍၊ လာလာသမျှ လူအပေါင်းကိုလဲ ကြည့်ပါ ရှုပါပျော်ပါး

ပါဟု၊ အခါခါ တိုက်တွန်း နှိုးဆော်ကာ နေရှာတယ်၊......
ထို့ကြောင့်......

ဒိဋ္ဌိယာ- နွေခေါင်းအင် ဘိတ်ခမြင်၍၊ ဝိတ်ပင် မောဟ ယင်းရှုလကြောင့်၊ ရူပဟန်တောင် သူ ယောင်ငါယောင် အကောင်အထည်၊ အရှည်အတို အဓိုအမဘဲ့ရယ်လို့၊ အမြဲတန်းအားဖြင့် ခွဲလမ်း မှဘ်သိမ်း ခိတ်ဘာသန္တာန်မပြတ် ကိန်းနေတဲ့ ဒိဋ္ဌိဆို တဲ့ နတ်ဇိမ်းမကြီးသည်-ဟု၊

ဒိဋ္ဌိ၏ပကတိသဘောကို ပေါ်လောမြင်အောင်ပြတော် မူ၏၊

မာန ခေါ်သော ဟုတ်သားရဲမကြီးသည်လည်း နာမ် ဘုံ၏ သဏ္ဍာန်ကိုပင် အဟုတ်အမှန်ထင်ကာ မာန်ဝင်၍နေ ရှာ၏၊ သတ္တဝါများကိုလည်း မောက်မော် တက်ကြွ၊ မာန် မာန ဖြစ်လောက်အောင် အားပေးအားမြှောက် ပြုလုပ်နေ ၏၊ ထို့ကြောင့်.....

မာနနဲ့-ဦးသငေ့ကြိုသနေ့ သို့ကလို အသွင်ပြုံ့ ဆေးဒဲ့ခဲ့၊ ကိုယ် ကိုကို ထင်တလုံးဟာမို့၊ ဖြင့်ဦး ဟန်ဆောင် မာန်ထောင်ရှင်ဒွဲ့၊ ငါသာပင် အချုပ် တဲ့နေယိုင်း ခိတ်သန္တာန် အဟုတ်ခွဲနေတဲ့ မာန ဆိုတဲ့ ဘုတ်သားခဲ့မကြီးသည်-ဟု၊

မာန၏ သဘောဝကို ဟုတ်ပေါ်ကာဖွင့်လိုက်လေ၏၊

ဤကဲ့သို့ တဏှာဘီလူးမ, ဒိဋ္ဌိနတ်ဓိမ်းမ, မာနဘုတ်သား ရဲမတို့သည်၊ ဒါန, သီလ, လက်ဆောင်ဆောက် ပေးနိုင် သောသူများကို လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ဟု ဆိုအပ် သော ကာမသုဂတိ ခုနစ်ဘုံခေါ်တဲ့ သံသရာတောအုပ် ကြီးအတွင်း၌ လူ့ကာမဂုဏ်, နတ်ကာမဂုဏ်များကို ခံ စားစံစားစေ၏။

သမထလက်ဆောင်တံမိုး ထိုးနိုင်တဲ့သူများကိုတော့၊ ဗြဟ္မာ့ပြည်ဟု ဆိုအပ်သော သံသရာ တောအုပ်ကြီး၌ အထက်တန်းကျလှသော ဗြဟ္မာ့ကာမဂုဏ်များကို ပေး၍ ပျော်ပါးစေ၏။

ထိုလူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ဟု, ဆိုအပ်သော သံသ ရာတောအုပ်ကြီးအတွင်း၌ ရှိရင်းစွဲ ဓာတ်သဘာဝများနှင့် နာမ်ဘုရင်၏သတ္တိ ရင်းပြင် တဏှာဘီလူးမ, ဒိဋ္ဌိနတ်ဓိမ်းမ မာန ဘုတ်သားရဲမတို့၏ ချယ်လှယ်နေကြပုံကို အပြစ်မြင် ၍ စိတ်ဝင်စားစရာ အောက်ပါ ဆောင်ပုဒ်ကလေးဖြင့်ပင် သရုပ်ဖော်၍ ပြလိုက်ရပေတော့၏။

## အကျဉ်းချုပ် ဆောင်ပုဒ်။

(၁) အဆင်းခေါက်ခြောက် တောအုပ်လယ်၊ ပျော် စရာ ထင်လောက်တွယ်၊ ဘီလူးမနဲ့ ပေါင်းလို့ရယ် ဝိညာဏ် လိမ်ပြတယ်၊ သူလိမ်ဒါ မရိမ်မိလို့ ဒိဋ္ဌိဆက်တွယ်၊ မာန ခေါ် ဘုတ်သားရဲက အဟုတ်ခွဲ–ဘင်လွဲ မောက်မာတယ်၊ ရုပ်ခံပကတိက ငါမရှိ အနိမ်မြူနယ်၊

(၂) **အသံခေတ်** = သဒ္ဒါရုံ
(၃) **အနံ့ခေတ်** = ဂန္ဓာရုံ
(၄) **အရသာခေတ်**= ရသာရုံ
(၅) **အတွေ့ခေတ်** = ဖောဋ္ဌဗ္ဗာရုံ
(၆) **သဘောခေတ်**= ဓမ္မာရုံ

သံသရာသူသတ်သမားကြီးများ။ သတ္တဝါမှန်သမျှ အနန္တတို့သည် ဝဋ်**သံသရာ** တောအုပ်ကြီးအတွင်းသို့ အဘယ်ကြောင့် ရောက်လာကြပါသလဲ။ သူသတ်သမားအပေါင်းတို့တွင်၊ ပဌမ (၁)နံပါတ် တံဆိပ်ခတ်နှိပ်ခြင်းခံရတဲ့ **မောင်ဇာတိ လက်ချက်ပေါ့**။ ထိုမောင်ဇာတိ ခေါ်ဆောင်လို့ ရောက်လာကြတဲ့ သတ္တဝါတွေဟာ လူ့**ကာမဂုဏ်**,နတ်**ကာမဂုဏ်**, ဗြဟ္မာ့**ကာမဂုဏ်**တွေနဲ့ အမြဲတန်းပျော်ပါးခံစားနေကြရတာလား။ ဘယ်မှာဟုတ်မလဲ၊ ဒုတိယ(၂)နံပါ**တ်အမည်**ရတဲ့ သူသတ်သမား **မောင်ဇရာ**က, အာရုံငါးပါး **ကာမဂုဏ်ဘ**ရားတွေနဲ့ ခံစားပျော်ပါးနေခဲ့ဖြစ်တဲ့ သတ္တဝါတွေကို ဆံဖြူခြင်း၊ သွားကျိုးခြင်း, ခါးကိုင်းခြင်း၊ နားထိုင်းခြင်း၊ ပါးရေ,နားရေ တွန့်လိပ်ခြင်းဆိုတဲ့ အအို တည်းဟူသော ကြိုးတွေနဲ့ တုပ်နှောင်နေတယ်။ ။အချို့သူများလဲ ကြိုးတွေတုပ်၍ မလှုပ်ရှား မသွားလာနိုင်ကြတော့ဘဲ၊ တုန်တုန်ရီရီနှင့်ဖြစ်နေကြပြီ၊ တော်တော်ကြာတော့ **မောင်ဗျာဓိ** ခေါ်တဲ့ ၊တတိယ(၃)နံပါတ် သူသတ်သမားက,လာပြီး **မောင်ဇရာ** ကြိုးတုပ်ထားတဲ့ သူတွေကို(၉၆)ပါးသော ရောဂါဝေဒနာတွေနဲ့ ဒိုင်ရာထဲ

ပက်လက်လံလဲအောင် တွန်းလှဲလိုက်သဖြင့် ကယ်ပါ, ယူပါ တစာစာနှင့် အော်ပြည်နေကြရရှာတယ်။ ။စတုတ္ထ (၄) နံပါတ် မောင်စံမရကာလ၊ သူ့အလှဲ့ကျပြန်တော့ အသေ ဆိုတဲ့ သန်လျက်နဲ့ ခွင်းပြီး၊ တဏှာ မာန ဒိဋ္ဌိတို့၏ အစာဖြစ် သွားဒါပေါ့။ ထိုသတ္တဝါတို့သည် သေသည်အထိ သတိမရ နိုင်ကြတော့ဘဲ၊ ကာမဘုံ၌သာ စွဲလမ်းသွားကြသဖြင့်၊ မောင်ဇာတိလက်ထဲ တဖန်ပြန်ရောက်ကြပြန်ပါရော။

ကဲ–ခမ္မမိတ်ဆွေ စဉ်းစားစမ်းပါ....။ သတ္တဝါမှန်သမျှ အနန္တတွေဟာ၊ လူ့ပြေ,နတ်ပြေ, ဗြဟ္မာ့ပြေ ဆုတောင်းပြီး၊ ဒါန,သီလ, သမထမှုတို့ကိုလုပ်နေကြသည်မှာ၊ အိုဘေး,နာ ဘေး, သေဘေးတွေနဲ့ တွေ့ချင်ကြလို့လားလို့ မေးစရာ မကောင်းဘူးလား။ ။အိုချင်ပါတယ်,နာချင်ပါတယ်,သေ ချင်ပါတယ်လို့တော့ ဘယ်သူမှ ပြောမှာမဟုတ်ဘူးပေါ့။ ဒါပေမယ်လို့၊ သံသာရဝဋ္ဋဒုက္ခတော မောစနှုတ္တာယလို့ ပငပ်က,တဖွဖွဆိုနေရင်းဘဲ၊အအိုတော,အနာတော,အသေ တော သွားမိရက်ဖြစ်နေကြတယ်၊နဂိုရ် အစတုန်းကတော့ လူ့ပြေ, နတ်ပြေ, ဗြဟ္မာ့ပြေ ဆိုတဲ့ သံသရာတောအုပ်မှာ အကောင်းရှိတယ်ထင်ပြီး အကောင်းခံစားချင်လို့ သွားကြ တာဘဲ၊ ယခုတော့ ဘာတွေခံစားနေရသလဲ၊ ဒါ့ကြောင့်- သတ္တဝါတို့၏ ဖြစ်နေပုံကို စံနစ်ကုန် တွေးလိုက်တော့ ရှေး အခါက ပညာနည်းပါးတဲ့ သူခိုးတယောက်နဲ့ ဥပမာ တထပ်တည်းတူနေတာဘဲ၊

သူခိုးဥပမာ။

ရှေးအခါက, ရွာတရွာမှာ သူခိုးလွန်စွာပူနေသတဲ့။ ဘယ်သူ့အိမ်မှာ ငွေက ဘယ်လောက်ပါသွားတယ်၊ အထည်က ဘယ်လောက်ဘိုး၊ ရွှေက မည်မျှနှင့် ညတိုင်း ညတိုင်းဆိုတာလို မအိပ်ရလောက်အောင်ထကြွ သောင်းကြမ်းနေတာကို၊ ဒါနဲ့ဘဲ တနေ့သန္ဓကျတော့ ရွာအစွန်အဖျားက အကြံများတဲ့ ထင်မှယား နှစ်ယောက် တိုင်ပင်ကြသတဲ့။ ။ရှင်မရေ-ယနေ့ည ငါတို့အိမ်မှာ သူခိုးများလာခဲ့ရင် ငါက, မင့်ကိုမေးမယ်၊ ငွေငါးရာထုပ် ဘယ်မှာ ထားသလဲလို့ မေးရင်- အိမ်အောက်က ငရုတ်သီးပုဇွန်တဲမှာ ထားပါတယ်လို့ ပြောလိုက်ပေတော့ဟု, ညအိပ်ရာဝင်ခါနီးမှာ တိုင်ပင်၍အိပ်ကြသတဲ့၊ ၎င်းညမှာဘဲ သန်းခေါင်ယာမ် အချိန်လောက်ကျတော့ တိုင်ပင်ထားကြသည်အားလျော်စွာ သူခိုးကလဲ လာပါရော၊ အရိပ်သင့် စောင့်မျှော်နေကြတဲ့ လင်မယားက သူခိုးလာမှန်းသိတော့၊ ယောကျ်ားလုပ်သူက မသိချင်ဟန်ဆောင်ကာ ရှင်မရေ-ခွေးတွေကလဲ တယ်ပြီးဟောင်ပါလား၊ နုမှ သတိရလို့မေးရအုံးတော့ ဒို့ငွေငါးရာထုပ် ဘယ်မှာ သိမ်းထားသလဲလို့ မေးလိုက်တော့၊ မယားလုပ်သူကလဲ အလိုက်သိစွာ မောင်ရယ်-ဒီအတွက်နဲ့တော့ စိတ်သာချပါ၊ ကျွမသေသေချာချာသိမ်းထားပါတယ်၊ ဘယ်သူခိုးမှ မယူနိုင်ပါဘူး၊ ဟိုအိမ်အောက်က ငရုတ်သီးပုဇွန်သုံးပုတ်ရှိတဲ့ အထဲမှာလေ-အထက်ဆုံးပုတ်ထဲမှာ ငွေတရာခွဲထားတယ်၊ အလယ်ကပုတ်ထဲမှာ ၂၀၀၊ အောက်ဆုံးပုတ်ထဲမှာ ၂၀၀ ထားတယ်လို့ ပြောလိုက်ခါရှိသေး အလစ်သုတ်ရန် ချောင်းနေတဲ့

သူခိုးက, နေရာကျပြီ ယနေ့ညတော- ငွေငါးရာကော့သွ ရတော့မှာဘဲလို့ ဝမ်းသာအားရဖြစ်ခါ လင်မယားနှစ်ယောက် အိပ်ပျော်စေရန် ခေတ္တစောင့်ဆိုင်းပြီး၊ ပုဆိုးကိုခါးတောင်း မြှောင်အောင်ကျိုက်ကာ အိပ်မ်အောက်မှာရှိတဲ့ ငရုတ်သီးပုတ်ကြီး ဝင်ပြီးမွှေတော့ဒါပေါ့၊ ပဌမ အပေါ်ဆုံးက, ငရုတ်သီးပုတ်ကို နှံ့စပ်အောင်မွှေသော်လဲ ငွေတပြားမှမတွေ့ရဘူး၊ လူမှာတော့ ပစပ်တွေနှာခေါင်းတွေ လက်တွေ တော်တော်ပူသွားပြီ၊ ဒါနဲ့ အထက်ဆုံးအပုတ်ကြီးကို မနိုင့်တနိုင် မ,၍ချပြီး အလယ်ကပုတ်တဲမွှေပြန်ပါရော။ .... အိပ်မ်ပေါ်က လင်မယားနှစ်ယောက်ကတော့ တယောက်ကို တယောက် ဖက်တွယ်ပြီး စိတ်ထဲကပြုံးနေကြဒါပေါ့လေ။...... အလယ်ပုတ်ထဲမွှေပြန်တော့လဲ ငွေက တပြားမှမတွေ့ရဘူး။ သူယ်မှာတွေ့မလဲနဂိုရ်ကမှ မရှိဘဲကိုး၊ ဒါပေမယ်လို့ အားမရှော့သေးဘူး၊ ငွေကို လိုချင်တဲ့ လောဘဇောတိုက်တွန်းနေတော့ အလယ်ကပုတ်ကြီးကိုတဖန်ချပြီး အောက်ဆုံးပုတ်ရှာပြန်တာပေါ့၊ အောက်ဆုံးပုတ်ကျတော့ ရှာလို့သာရှာနေရ လူကတော့ တော်တော်ပန်းနေပြီ၊ ပဌမပုတ်တွေ မွှေတုန်းက ငရုတ်သီးတွေက တကိုယ်လုံး ပူနေတော့ နှာခေါင်းက ချေချင်ဒါကတမျိုး၊ ပစပ်က ချောင်းဆိုးချင်ဒါက တဖုံ ကိစ္စတွေအမျိုးမျိုးကြုံနေရှာတာပေါ့၊ အသံတွက်သွားပြန်ရင်လဲ ငွေမတွေ့ခင် အိမ်ရှင်များ နိုးမှာစိုးဘာနဲ့ လက်တဘက်က နှာခေါင်းပိတ်လိုက်, ပစပ်ပိတ်လိုက်နှင့် တော်တော့ကို အလုပ်ရှုပ်နေရှာတယ်၊..... ဒါ့ထဲက သူမှာပစ္စည်းကလမရှိရှာ၊ ခိုးလို့ရမှ စားရတဲ့သူဖြစ်လေတော့၊ ဆဲဒီည

ကဆိုရင် ဒီမိက ထမင်းမစားခဲ့ရဘူးတဲ့၊ ဘာတွေကိုသာ စားလာရသလဲဆိုတော့ ပိုက်ဆံဘယ်လောက် ပေးလျှင် အများကြီးရတဲ့ ပဲလှော်တွေကိုသာ အဝစားခဲ့ရသတဲ့၊ ပဲလှော်စားတော့ ဘာဖြစ်သလဲ၊ ကိစ္စအရ ပိုလာတာပေါ့၊ နှာခေါင်းနှင့် ပစ်ပိတ်ရုံ ဘင်မကတော့ဘူး၊ အောက်ဘက် ကိုပါလွှဲပြီး ပိတ်နေရပြန်တယ်၊ ဒီတော့မှ ဒီမိ့ရှင်လင် မယားက သူခိုးတော့ ဒုက္ခများနေပြီဆိုပြီး၊ လာကြပါဗျို့ သူခိုးပါ၊ သူခိုးပါ ဟု၊ ဟစ်အော်ကာ ဒုတ်တွေ ဓါးတွေနဲ့ ဝိုင်းပြီး လိုက်ကြတော့၊ နဂိုရ်က ဆောင့်ပြီး ပိတ်ထားခဲ့ရ တာတွေက အကုန်ပွင့်ထွက်ကုန်တာပေါ့၊ နှာခေါင်းကလဲ ဟပ်ချိုး၊ ပစ်ကလဲ အဟမ်း၊ အောက်ကလဲ တဘွတ်ဘွတ် နဲ့ပေါ့လေ၊ နောက်လူတွေကလဲ အတင်းဝိုင်းပြီး လိုက်နေ တော့ ဟပ်ချိုး-အဟမ်း-ဘွတ်-- ဟပ်ချိုး အဟမ်း-ဘွတ် ဆိုတဲ့ အသံတွေဟာ လေယာဉ်ပျံများ အခိုးထုတ်သလို လမ်းတလျှောက်လုံး ဆူညံသွားပါသတဲ့၊

ဥပမေယျ။

အောင်မယ်......ဓမ္မပိတ်ဆွေရေ၊ အဲဒီသူခိုးကို ကြည့်ပြီး ရယ်မနေနဲ့ အုံး၊ အသင့်ကိုယ်ကို အသင် ပြန်ပြီး ကြည့်လိုက်စမ်းပါ၊ သတ္တဝါမှန်သမျှ အနန္တတွေ ကိုယ့်အဖြစ်ကိုတွေးပြီး တရေးရေး စဉ်းစားလိုက်မယ်ဆို ရင် အဲဒီသူခိုးထက်ပိုပြီးဆိုးနေလိမ့်မယ် ထင်တယ်၊ ဘာ့ ကြောင့်လဲဆိုတော့ ဥပမာကိုပြန်ပြီး စဉ်းစားလိုက်စမ်းပါ အုံး၊ သူခိုးဟာ ငရုတ်သီးပုတ်ထဲ ဘာကိုအလိုရှိလို့ မွှေပါလဲ ပုတ်ထဲမှာ ရှိတဲ့ ငရုပ်သီးတွေကတော့ ပင်ကိုယ်ပကတိက အပူသဘော၊ အစပ်သဘောတွေနော်၊.... မာယာညတ်

များတဲ့ လင်မယားလိမ်တာကို မသိတဲ့အတွက် ငွေအရှိ ထင်ပြီး ရှာဒါမဟုတ်လား။

အသင်တို့ ငါတို့ ချမ်းသာရှာနေကြတဲ့ လူ့ပြေဆိုတဲ့ ဂေရုတ်သီးပုတ် ကတလုံး၊ နတ်ပြေဆိုတဲ့ ဂေရုတ်သီးပုတ်က တလုံး၊ ဗြဟ္မာ့ပြေဆိုတဲ့ ဂေရုတ်သီးပုတ်က တလုံး၊အဲဒီထဲမှာ ရှိရင်းစွဲခတ်တွေက ဂေရုတ်သီးလောက် မက ပုစပ်လှ၍၊ သုခဟူသည့် မြူမှုမဖက် သက်သတ် ဒုက္ခသဘောတွေဘဲ မဟုတ်လား။ဒါပေမဲ့ မာယာဉာဏ်များတဲ့ လင်မယားနှင့် တူတဲ့ မနောဝိညာဏကျွန္တာ နာမ်တရား လိမ်ပြတာကို မသိကြသည့်အတွက်၊ လူ့ပြေတည်း ဟူသော ဂေရုတ်သီး ပုတ်ကြီးထဲမှာ လူ့ကာမဂုဏ်ဆိုတဲ့ ငွေကိုရှာနေလိုက်ကြ တာ တွေကော-တွေ့ကြရဲ့လား။ ဘယ်မှာတွေ့မလဲ၊ ပင် ကိုယ်ကမှ မရှိဘဲကိုး။ ။တဖန်-လူ့ပြေထက် နတ်ပြေက ကောင်းတယ်ဆိုတာ နတ်ပြေဂေရုတ်သီးပုတ်တက်ပြီး နတ် ကာမဂုဏ်ဆိုတဲ့ ငွေကို မွှေကြပြန်ပါရော။ နတ်ပြေမှာ မတွေ့ရတော့ ကောက္ကာ ဗြဟ္မာ့ပြေမှာရှိမှာဘဲဆိုပြီး ဗြဟ္မာ့ ပြေတည်းဟူသော ဂေရုတ်သီးပုတ်မှာ ဗြဟ္မာ့ကာမဂုဏ်ဆို တဲ့ ငွေကို ရှာကြပြန်ပါရော။ အပြီးသတ်တော့ ခုတင်က သူခိုးဟာငွေကိုမတွေ့ဘဲ ဂေရုတ်သီးပူမိပြီးပြန်ခဲ့ရသလို၊ ယခု ဒီမှာလဲ ချမ်းသာကို မတွေ့၊တနေ့ကျတော့ အဒဒိုငွေ့ အနာ ငွေ့၊ အသေငွေ့ သင့်ပြီး ပြန်ခဲ့ကြရတာဘဲ။

ဩော်......ဓမ္မမိတ်ဆွေရေ၊သူခိုးအကြောင်းပြောနေရ တာနဲ့ နောက်က စကားဆက်တောင်ပျောက်နေပြီ၊ သံသ ရာတောအုပ်က နေပြီး ဂေရုပ်သီးပုတ်ရောက်နေပြီထင်တယ်၊

ပြောလိုတာကတော့ အကောင်း စံစားချင်ကြလွန်းလို့ သံ သရာတော်အရပ်သို့ သွားကြတဲ့ သတ္တဝါတွေဟာ၊ အိုဘေး နာဘေး, သေဘေး တွေ့ရပုံကို ပြောလိုတာပါဘဲ၊ ဒါန လက်ဆောင်ထိုးသော်လဲ အအိုကြီးကတော့တုပ်ရက်ဘဲ။ သီလ လက်ဆောင်ပေးသော်လဲ နာဘေးကတော့ မလွှတ် နိုင်ဘူး။သမထလက်ဆောင် သ,သော်လဲသေရမှာကတော့ ကြေန္တဘဲ။ဒါကြောင့်-သတ္တဝါတို့၏ ဖြစ်ပုံ, နစ်ပုံကို စံနစ် ကျန်တွေးပြီး အောက်ပါ လင်္ကာလေးကို ရေးသားမိ ပေ၏။

### ဟစ်အော်သံ။

(၁) ရူပါရုံ သဒ်တနယ်၊ အဝိဇ္ဇာမှောင် ဖုံးကွယ်၊ ဝိညာဏ်လိမ်ဆန်းကြယ်လို့-မဟုတ်ဘဲအလွဲ ပြလေတယ်၊ ဩဠြငါ ဆက်ခါတွယ်၊ တဏှာက သာယာတယ်၊ မာနက ငါငါချယ်၊ ပပဉ္စ ဖွဲ့ ချက်ကြောင့် ဝဲစက်လယ်ခဲ့ဘယ်...၊အဆင်း ဓာတ်သုညနယ်၊ မဟာမှောင်ကင်းပ၊ ဓမ္မာ ရောင်ဝင်းမှ ထင်လင်းစွာ မြင်နိုင်ပါတော့ မယ်၊

(၂) သဒ္ဒါရုံ = အသံဓာတ်
(၃) ဂန္ဓာရုံ = အနံ့ဓာတ်
(၄) ရသာရုံ = အရသာဓာတ်
(၅) ဖေါဋ္ဌဗ္ဗာရုံ = အတွေ့ဓာတ်
(၆) ဓမ္မာရုံ = သဘောဓာတ်

ပညာရှိမဟာ မြတ်ဗုဒ္ဓါ။

ဤကဲ့သို့ အိုမဆုံး, နာမဆုံး, သေမဆုံး၊ တရန်းရန်းဖြစ်နေကြပုံကို အလုံးစုံ သိမြင်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ကိုယ်တော်တိုင်ပင် ခံရသည့်အလား၊ အလွန်တရာမှ သနားတော်မူသည့်အတွက် လေးဆဲ့ငါးဝါတိုင်တိုင် နေ့မနား,ညမနား, လမ်းမှန်တရားများကို ပြသ,ဟောကြားကာ၊ အအိုနယ်, အနာနယ်, အသေနယ်မှ ကယ်တင်နိုင်သလောက် ကယ်တင်တော်မူသွားပေပြီ။ ထိုသို့ ကယ်တင်ပါသော်လည်း ယုံကြည်မှု ရသောသတ္တဝါများကား လက်သည်းတော်ပေါ်က မြေမှုန့်အလားဥပမာပြထားပေ၏ ယုံကြည်မှုမရ၍ ကျန်ရှိနေသော သတ္တဝါများကား မဟာပထဝီမြေကြီးက မြေမှုန့်ပမာဏ များပြားလှ၍၊ ယခုအထိ ဒုက္ခခံကြရတုန်းပင် ထိုကဲ့သို့ အိုမှုတန်းလန်း, နာမှုတန်းလန်း၊ သေမှုဒုက္ခ တန်းလန်းနှင့် ကျန်ရှိနေရစ်ကြသော သတ္တဝါများကိုလည်း ကရုဏာတရားလွန်စွာပွါး၍ သနားတော်မူလှသည့်အတွက် နောင်ရေးကိုမျှော်မြင်ကာ အမြင်မှန်ကို ရကြစေခြင်းငှါ၊ သာသနာ ငါးထောင်နှင့်တကွ ပိဋကတ်ဒေသနာ ဓမ္မက္ခန္ဓာ နိဗ္ဗာန်သွားရာ လမ်းစဉ်ကြီးများကို ချထားတော်မူခဲ့ပေသေး၏။ ထိုမြတ်ဗုဒ္ဓ၏ မဟာကရုဏာတော်ကြီးများကို စဉ်းစား၍ကြည့်လိုက်လျှင် အားနာပါးနာပင် လိုက်စားချင်စရာအားထုတ်ချင်စရာကောင်းနေချေပြီဘကား။

**ပညာရှိအကျော် ကြောင်ပန်းဆရာတော်**

ဥပမေယျ တနည်းပြရလျှင်၊ ယခုအခါ သာသနာနောက်ပိုင်း၌ ဝိပဿနာ ယာနိကသမား, ဝိပဿနာတရား လိုက်စားကြသူ ရဟန်းရှင်လူ အပေါင်းတို့၏ အားကိုး အားထားရာကြီး အစစ် ဖြစ်တော်မူသော ကျွန်ုပ်တို့၏ ကျေးဇူးရှင် နိုင်ငံကျော် ကြောင်ပန်း ဆရာတော်ဘုရားသည် ဗုဒ္ဓဘုရား ချထားခဲ့သော ဝိဇ္ဇာမဟာလမ်းစဉ် ဒေသနာများကို ကြည့်ရှုသင်ကြားကာ ဆင်းရဲခြင်း၏ ဓာတ်ရင်းကို ရှာတော်မူခဲ့ပေ၏။ ။သတ္တဝါများသည် အဘယ့်ကြောင့် အဖန်ဖန်သေ၍နေရသနည်းဟု, စစ်ဆေးကြည့်သောအခါ၊ .... ဗျာဓိ ဓါ နာမှုကြီးကိုသာ ထင်ရှားစွာ တွေ့ရပေသည်။ ။ ဗျာဓိတရားက,မသနား မညှာတာ ကိုးဆဲ့ခြောက်ပါးသော ရောဂါဝေဒနာတို့ဖြင့် နှိပ်စက်ညှဉ်းပမ်း၍နေရသနည်းဟု ကြည့်ရှုပြန်သောအခါ ဇရာ-အိုမှုကြောင့်သာဟု, အဖြေပေးရပေတော့မည်။ အဘယ့်ကြောင့်- ဇရာတရားက, ဆံဖြူ, သွားကျိုး၊ နားအိုမျိုးတို့ဖြင့် တုပ်နှောင်၍နေရသနည်းဟု ကြည့်ရှုတော်လျှင်၊ ဇာတိခေါ် ပဋိသန္ဓေနေမှုကြောင့်သာလျှင်ဟု, ဧကန်အဖြေထွက်လာတော့၏။ ။ တဖန်-ဇာတိတရားက,သတ္တဝါများကို အိုအောင်နာအောင်သေအောင် အဘယ့်ကြောင့် ပဋိသန္ဓေ တည်ထောင်၍နေရသနည်းဟု, မေးမြန်း ဝေဖန်ပြန်သောအခါ၊ တဏှာ, မာန, ဒိဋ္ဌိတို့က အကောင်းရှိသည့်ဟု ပြသောကြောင့်သာ ဒါန, သီလ, သမထမှုတို့ကို ဘဝပတ္ထနာနှင့်ပြုကာ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်သို့ လာကြ၍၊ တဏှာ, မာန, ဒိဋ္ဌိတို့ထံ

ဂန္ဓီသိတ လက်ဆောင်တံပိုး အမျိုးမျိုး ထိုးကာ ပျော်ပါးစွာနေကြလေသည်၊ သို့သော် (သေတဲ့လူနှင့် စာချင်မျက်ဖြူဆိုက်နေတဲ့ သူက တော်သေး၏) ဟု ပြောရသလို အပါယ်လေးပါးထက် လူ့ပြည်က ကောင်းတယ်၊ လူ့ပြည်ထက် နတ်ပြည်က သာတယ်၊ နတ်ပြည်ထက် ဗြဟ္မာ့ပြည်က အသက်ရှည်တယ်ဟု ဆိုရပေသည်၊ နောက်ပိတ်ဆုံးမှာကား သေမှုသို့ ခေါင်းဆိုက်ကြရသည်ချည်းပင်တည်း၊

**သူသတ်သမားပမာ နည်းယူပါ**

လူလိမ္မာ သူသတ်သမားနှင့် လူမိုက် သူသတ်သွားကဲ့သို့သာ ထူးတော့သည်၊ လူမိုက်သူသတ်သွားမှာကား၊ သေမိန့်ကျလာသောလူများကို မသနား မညှာတာ ကြောက်စရာအသွင်ကို ဝတ်ဆင်၍ ဓား ထွ ထက်နက်တို့ကိုကိုင်ဆောင်ကာအတင်းဒလကြမ်း ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်၍နေ၏၊ လူလိမ္မာလူသတ်သမားသည်ကား ကြိုးမိန့်ကျနေသောသူများကို သေရမည့်အရိပ်နိမိတ်ကိုမျှ မသိမရိပ်မိစေဘဲ၊ စားသောက်ဘွယ်ရာ အဖြာဖြာတို့ဖြင့် ပျော်ပါး စားသောက်စေပြီးမှ မသိမသာ စက်ခလုပ်က ဖြုတ်၍သတ်လိုက်တော့၏၊ သေမှုကား မထူးတော့ချေ၊

ဤကဲ့သို့ ပင်ကိုယ် ပကတိ သဘာဝက၊ အကောင်းမရှိ၊ မကောင်းအထိ ပကတိထာဝရ၊ ဒုက္ခသစ္စာ အသေလောကကြီး ဖုန်နေဝါကျက်၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည့် အဘယ်ကြောင့် ချမ်းသာသုခ ရှိယောင်ယောင် တည်ထောင် ဖန်ဆင်း၍နေရသနည်းဟု၊ ဝိဇ္ဇာဉာဏ် သန့်လျက်ကို လက်

ကိုင်ပြကာ ရှုကြည့်စစ်တမ်းထုတ်လိုက်သောအခါ၊ တဏှာ မာန ဒိဋ္ဌိတို့က, အဖြေထွက်လာသည်မှာ .. ကျွန်ုပ်တို့သည် မနောဝိညာဏကၡန္ဓာစိတ် နာမ်တရား၏ အခြေအရံဝေတသိက်များသာ ဖြစ်ကြပါသည်၊ ကျွန်ုပ်တို့ ကိုယ်တိုင်က တည်ထောင်ဖန်ဆင်း၍ ပြတတ်သည်မဟုတ်ပါ၊ "မနော ပုဗ္ဗင်္ဂမာ" ဒေသနာအရ၊ ဝိညာဏကၡန္ဓာနာမ်စိတ်က ပြုသည့်ကိုသာ အားပေးအားမြှောက် ပြုလုပ်ရုံမျှဖြစ်ပါသည် ဟု မိမိ၏ ပကတိသဘာဝများကို ထုတ်ဖေါ်ကာ ပြကြသောအခါ စိတ်နာမ်တရားသည်သာလျှင် တရားခံအလား ထင်ရှား၍နေပေတော့သည်၊

ကျေးဇူးတော်ရှင် ပညာ့ရှင် အကျော် ဆရာတော် ဘုရားကြီးသည်၊ တဏှာ, မာန, ဒိဋ္ဌိတို့ မပုံးမကာ ပြတ် ရာ ပြတ်ကြောင်းဖြစ်သော ဘုရားဟော ဒေသနာ ပါဠိ တော် ဂါထာများကို ကြည့်ရှုရှာတတ်ခါ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ" ဟု ပါဠိတော်လာ သည့်ထည်းတဖြာ၊ ။ "စိတ္တေန နီယတိ လောကော၊ စိတ္တေနနီယတိပဇာ" လို့၊ ဒေသနာရှိသည်လည်းတဖုံ၊ ။ "မနောပုဗ္ဗင်္ဂမာဝိညာဏံ" ဟု၊ပဋ္ဌာနပမသုတ္တန် ရှိပြန်သည် လည်းတကြောင်း၊ ။ပရမတ္ထဒီပနီဋီကာကြီး၌လည်း "စိတ္တမယော, စိတ္တနိမ္မိတော, စိတ္တပရိကပ္ပိတော, စိတ္တေ ဝေဥပလဒ္ဓမနော" ဟု နာမ်၏သဘောကို ပေါ်လော ဖြင်အောင် ဖွင့်ပြထားသည်တို့ကို အဖန်ဖန်စဉ်းစား၍၊နာမ် စိတ်ကို ဝိပဿနာဉာဏ်မျက်စိဖြင့် စေ့စေ့ကြည့်ကာ အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော အရိယသစ္စာပိတ်[illegible]ါ

များဖြင့် အစုဝ်ခြိုလိုက်သောအခါ၊ ထိုနာမ်စိတ်မှ ထွက်နေသော ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ၊ ရေ မြေ တော တောင် သမုဒ္ဒရာ၊ လူ့ဘုံ, နတ်ဘုံ တည်းဟူသော အရိပ်တို့သည် ပျောက်ကွယ်၍ ဗဟိဒ္ဓရုပ်လောကနှင့် အဇ္ဈတ္တနာမ်သဘာဝထီးထီးကိုသာ ထင်ရှားစွာ တွေ့ရလေတော့၏၊ ၊ထိုအခါ- တကျော်မာနဒိဋ္ဌိတို့သည်လည်း မပူးမကပ်နိုင်ရှာကြတော့သဖြင့် ခွါ၍ဘိမ်းရှောင် ထွက်ပြေး၍သာနေရှာကြပေတော့သည်၊ ထိုနာမ်စိတ်၏ ပကတိသဘာဝကလည်း ဧကတ္တ, နာနတ္တ, အဗျာပါရ, ဧဝံဓမ္မတာ နည်းလေးဖြာတွင် အဗျာပါရနည်းအရ ကြည့်လိုက်ပြန်တော့လဲ၊ သတ္တဝါတို့ကို မှောက်မှားစေလိုသော စေတနာဆန္ဒဖြင့် ဘယ်သူ့ကို ငါလိမ်ပြမည်ဟု ကြောင့်ကြဗျာပါရ ရှိသည့်မဟုတ်၊ သူ့ပင်ကိုယ် သဘာဝအလျောက်၊ မီးတောံနှင့် မီးရောင်ပမာ မီးတောက်ပေါ်သောလျှင် မီးရောင်ပါမြဲဓမ္မတာသာ ဖြစ်၍နေတော့သည်၊ ဤကဲ့သို့ နာမ်စိတ်၏သတ္တိကို အတတ်သိမြင်တော်မူသောအခါ၊ သံသရာတောသွား အကောင်းကြိုက်သမား အနန္တပုထုဇဉ်သတ္တဝါများကိုလည်း အထင်မှား အမြင်မှားမဖြစ်ကြစေရန်၊ ဘုံနာမ်တိုင်းနာမ်, လူနာမ်, နတ်နာမ်, ဗြဟ္မာနာမ်, ပုဂ္ဂိုလ်နာမ်, သတ္တဝါနာမ်, ယောကျ်ားနာမ်, မိန်းမနာမ် သုံးဆဲ့ တဘုံ အကုန်လုံး နာမ်ဟု နိုင်ငံကိုလှည့်လည်၍ ဟောပြောကြေငြာခဲ့လေသည်။ ထိုသို့ ကြောင်ပန်းတောရပဌမဆရာတော်ဘုရားကြီးသည် ပိဋကတ်ဒေသနာတော်များနှင့် တိုက်ဆိုင်၍ ဟောကြားကြေငြာခဲ့သည်ကို ဆက်လက်ထောက်

ခံကာ၊ ဒုတိယ ကျောင်းပန်း ဆရာတော်ဘုရားကြီးသည် လည်း တရားသင်နည်း—ဆွေးနွေးနည်း ခေါ်- သုံးစောင် တွဲကျမ်း၌၊ နေက နာမ်၊ အရောင်က ရုပ်၊ ကြက်က နာမ်၊ အသံက ရုပ်၊ ရေနံဆီက နာမ်၊ အနံ့က ရုပ်၊ ထန်းလျက်က နာမ်၊ ချိုသာက ရုပ်၊ ဦးခေါင်းက နာမ်၊ မာတာ နူးညံ့ တာ, ပူတာ, အေးတာ, တောက်ကန် လှုပ်ရှားတာက ရုပ်၊ အရှေ့, အနောက်, တောင်, မြောက်၊ အောက်,အထက်၊ အနိမ့်,အမြင့်၊ အဝေး, အနီး၊ အသေး, အကြီး၊ လေးမျောင့် ရှစ်ထောင့်၊ နက်,တိမ်,တိုရှည်၊ ရှိ-မရှိ,သိ-မသိ၊ ငုပ်ထုတ် က နာမ်၊ ဟဒယဝတ္ထုက ရုပ်ဟု, ဝိပဿနာအလုပ် အား ထုတ်ရာတွင် သဏ္ဌာန်စာနပျောက်၍သညာတ ဆိုက်ရောက် စေခြင်းငှါ ထပ်မံ၍ ပြတော်မူခဲ့သည်။

ငင်းနောက်-တတိယ ကျောင်းပန်း-ဦးဝိရိယ ဆရာတော် ဘုရားကြီးသည်လည်း "စတုသစ္စဒီပနီကျမ်းကြီး" တွင် သဘာဝသိဒ္ဓနှင့် ပရိကပ္ပသိဒ္ဓ နှစ်ပါး ခွဲခြားကာ၊ နာမ် တရား၏ ဆန်းကြယ်ပုံကို၊ ထိုထို ပါဠိတော်ကြီးများနှင့် တိုက်ဆိုင်၍ အကျယ်တဝင့် ဖွင့်ပြတော်မူခဲ့ပြန်ပေသည်။

ထို့ပြင် ကျနုပ်တို့၏ ကျေးဇူးတော်ရှင် "ဦးတိဿ" ကျောင်းပန်းရှင်ကလည်း၊

နှန်းအကွက်ကျ ဝမ္မောစအသိကို၊ ဟောပြမည့် အလုပ်သက်သက်မျှဖြင့်၊ အပေါဝတာအညီ ထုတ်ချ ပြရလျှင်၊ဘုတ်အဆက်ဆက်မှ ရုပ်သက်အာခထောက်ကို ချုပ်ပျက်အရ သ နထိအ ပြတ်မပြင်၍၊ အမှန်ရှိခြစ် အသွင် သမုတိပွေကြဲဒါကဘော့၊သုပိနေ ဒိဋ္ဌိမက်

ရုပ်လိုပါဘဲထဲ့။ စိတ်သက်သက် အလုပ်သတ္တိမျှကို၊ ခေတ်အတို အကျကြိုယာဆိုက်တော့မှ၊ ဘိလာခိုက် နိမိတ်အကဲအသွင်တွေဟာ၊ စိတ်ထဲတွင် စာနကြေ ပျက်ပါရော။ မရလေတဖက် ဟိုသည်မှာဟု၊ ထို ဤ ဟာဂ ထင်တာတွေကိုတော့၊ သခ်ါရေ ပရတော ထောက်ပြီး၊ ဓမ္မသဘော ရောက်အောင် ရှုနိုင်မှ၊ နောက်နောင်ယာခု ရွှင်လန်းသာ၍၊ အစဉ်ချမ်းသာ ခွင့်ရကြမယ်-ဟု၊

နာမ်စိတ်ကို အမိဖမ်း၍ ဝိဇ္ဇာညဏ်နှင့်ရှုပုံ ဝိပဿနာ ကြေငြာစာတမ်းများကို ဝေဌကမ်းလှမ်းခဲ့လေသည်။

**ပဋ္ဌမကြောင်ပန်းရှင်ဘုရား၏ စေတနာ။**

ကျေးဖူးရှင် ပဋ္ဌမကြောင်ပန်း ဆရာတော်ဘုရားကြီးသည်၊ ၎င်း နာမ်စိတ်ကို အမိဖမ်းရန် ကြံရွယ်ကာ၊ အထက်ချင်းတွင်း မြစ်ညာ "ဝက်ရဲရွာ" အနီး ဓဟာမြိုင်ခေါ်သော ကြောင် ပန်းတောကြီးထဲ၌၊ ကျွန်းသစ်ခေါင်းကို သင်္ခမ်းကျောင်း ပြု၍၊ နှစ်ရက်ခြားမှတခါ၊ သုံးရက်ခြားမှတခါ ဆွမ်းခံစား ပြီးလျှင်(၁၂)နှစ်တိုင်တိုင် အပင်တပန်း နာမ်စိတ်ကို အမိ ဖမ်းတော်မူသတဲ့၊ (၁၂)နှစ်ကာလကြာမှ နာမ်စိတ်၏သတ္တိ ကို အတတ်သိတော်မူသောအခါ၊ ကြောင်ပန်းတောကြီးမှ ထွက်ခွါ၍၊ ယခုအခါ ကြောင်ပန်းတိုက်ကြီး၏ တည့်ရာ ဗုဒ္ဓသင်မြို့ကြီး၏ စနေထောင့်ခတ်ကျူကျ တမိုင်လောက် ဝေးကွာသော ဌာနီ မန်ကျည်းပင်ကြီး တပင်ကို အမှီပြု ကာ၊ တပါးစာနေလောက်သော ခုဘင်ကလေးတချပ်ကို

လှည်းပေါင်းမိုးကလေးကုပ်၍ လာလာသမျှ လူအပေါင်း
တို့အား နာမ်တရား၏ ဆန်းကြယ်ပုံကို ဟောကြားတော်မူ
ခဲ့လေသည်။ ထိုစဉ်အခါက တရားနာပရိသတ်သည်ရွာမှ
ရွာဆိုတာလို ခန္ဓာငါးပါးဆိုလျှင် ဒီဆန်းထင်၊ အနိစ္စ,
ဒုက္ခ, အနတ္တ ဆိုလျှင် အသံကိုမှမကြားချင်သောခေတ်ဖြစ်
နေ၍ ဆရာတော်ဘုရားကြီး၏အနားမှာ တရားကိုနာနိုင်သူ
အလွန်တရာ နည်းပါး၍နေသတဲ့။ ဆရာတော်ဘုရားကြီး
သည်လည်း တရားကလဲ ပေါက်ခါစ၊ ပြောပသိကဆိုတဲ့
တရားတော်၏ ဂုဏ်ပုဒ်အရ ဟောပြောချင်သောစေတနာ
က ထက်သန်လှ၍၊ ဆွမ်းခံရာမှ ရလာခဲ့သော မုန့်ပဲသရေ
စာကလေးများကို ယူဆောင်ကာအနီးအနားမှာ ဘောင်သူ
ယာခတ် လယ်လုပ်နေကြသော လယ်တဲကလေးများသို့
သွား၍၊ ပုဂ္ဂိုလ်ခင်ပြီးတရားကို မင်လာအောင် မုန့်ပဲသရေ
စာကလေးများပေး၍ လယ်သမားများကိုစ၍ တရားဟော
တော်မူရှာသတဲ့။ ထိုအခါက စပြီး ဆရာတော်ဘုရား
ကြီး၏ ဂုဏ်သတင်းသည် ( ပန်းသတင်းလေညှင်းဆောင်
လူ့သတင်းလူချင်းဆောင် ) ဟူသောစကားကဲ့သို့၊ လာလာ
သမျှလူအပေါင်းတို့အား ရုပ်တရားကို အသာထားပြီး နာမ်
တရားကိုသာ အသားချ၍ ဟောပြတော်မူသဖြင့်၊ ဆရာ
တော်ဘုရားကြီး၏ ( တုံးနာမ်-တိုင်နာမ် ) ဟူသော ဂုဏ်
သတင်းသည် နိုင်ငံတွင်းသို့ ဖြေးဖြေးခြင်း ပြန့်နှံ့၍သွားခဲ့
လေသည်။ ။၎င်းကဲ့သို့ တုံးနာမ်-တိုင်နာမ် ဟူသောအသံ
ကို ကြားလိုက်ရသော အခါ အတ္တဒိဋ္ဌိ လက်ခံရှိကြသော
အန္ဓပုထုဇဉ်များသည် နားမခံနိုင်ရှာကြသဖြင့်၊ သံဃာ

များကိုစည်းဝေးကာ ဆရာတော်ဘုရားကြီးအား သပိတ်မှောက်ကံပြုရန် ကြံစည်ကြသေးသတဲ့၊ ထိုအခါ ဆရာတော်ဘုရားကြီးသည် ဖြူးရှင်သောအမူအရာဖြင့် သံဃာအစည်းအဝေးကြီးသို့ ဝင်ရောက်ခါ ( အရှင်ဘုရားတို့ ..... တပည့်တော်ကို ဘယ်အကြောင်း ဘယ်ကိစ္စနဲ့ ခေါ်ကြပါသလဲဘုရား)လို့ လျှောက်ထားလိုက်တော့ (ကိုယ်တော့်ကို သပိတ်မှောက်မလို့ ) ဟု, ဒေါမာန်ပါပါနဲ့ စာဆရာကြီးတွေက ဝိုင်းပြီးပြောလိုက်ကြသတဲ့၊ ဒီတော့မှ ဆရာတော်ဘုရားကြီးက တပည့်တော်မှာ ဘာအပြစ်များ ရှိလို့ပါလဲဘုရား၊သပိတ်မှောက် အင်္ဂါရှစ်ပါးမှာ ဘယ်အပါးနဲ့ များငြိလို့ပါလဲဘုရား၊ တပည့်တော် ဟောတဲ့တရားဟာ ဘယ်ပါဠိတော် အဋ္ဌကထာနဲ့ များ မကိုက်ညီလို့လဲဘုရားလို့ ရိုသေစွာလျှောက်ထားလိုက်တော့ ( စကားများမနေနဲ့ မှောက်ချင်လို့မှောက်တာ ) လို့ ဆိုလိုက်ကြသတဲ့၊

စာရှုသူဘို့ရေ .....စဉ်းစားသာကြည့်ကြပေတော့၊ဘယ်ကလောက် ဆန်းပြားတဲ့ သပိတ်မှောက်ကံမျိုးလဲဆိုတာ၊ ဘုရားဟောတဲ့ ပါဠိတော်တဲမှာတော့ ဒီသပိတ်မှောက်ကံမျိုး မတွေ့ဘူးသေးပါဘူး အဲဒီအခါကျတော့မှဆရာတော်ဘုရားကြီးက အရှင်ဘုရားတို့......တပည့်တော်မှာ အပြစ်များရှိနေသထားလို့ စဉ်းစားမိဘယ်၊ ယခုလို မှောက်ချင်လို့ မှောက်တာဆိုတော့ အရှင်ဘုရားတို့က နောက်ကျနေသကိုး၊ တပည့်တော်က သိမ်ထဲက ထွက်လာတဲ့နေ့ကစပြီး သုံးဆဲ့တဘုံအကုန်လုံး မှောက်ထားတယ်ဟု ဆိုကာ ပြန်ကြွတော်မူသာခဲ့သတဲ့၊

ဒါ့ကြောင့်-ဓမ္မမိတ်ဆွေတို့ရေ.....

သပိတ်မှောက်ရှင်းတမ်း။

သပိတ် မှောက်တယ် ဆိုဘိုင်းလဲ သိတ်ပြီး အရမ်းကြောက်နေကြနဲ့အုံး၊ ဒီအမှောက်မျိုးက တော့ လောကသုံးပါး အထုမရှိတဲ့ ဘုရားကိုယ်တော် မြတ်ကြီးကိုတောင်မှမှောက်လာခဲ့ကြသေးတာဘဲ၊ 'စိတ္တေ န နိယျာတိ လောကော '' ပုဂ္ဂိုလ်သတ္တဝါဆိုတာ စိတ်ဖန် ဆင်းတာ'' ဓမ္မာနိသတ္တ နိဇ္ဇီဝ သဘာဝါ '' အသက် သတ္တ ဝါဆိုတာ တကယ်မရှိဘူးလို့ ဘုရားဟောသော်လဲ မယုံ နိုင်ကြလို့ မှောက်နေတဲ့သတ္တဝါက မဟာပထဝီက မြေမှုန့် လောက် များတယ် ဆိုပါကလား၊ အမြင်မှန်ရတဲ့ သတ္တဝါ က လက်သည်းပေါ်က မြေမှုန့်လောက်ရှိတာဘဲ၊ ဒီတော့- မကြိုက်လို့ မှောက်တယ်ဆိုတာ ဘာဆန်းသလဲ၊ ယခု ကာလမှာလဲ သပိတ်တွေ တော်တော် ခေတ်ထနေတယ်၊ တဆိတ်ကလေးရှိ သပိတ် အားကိုး နေကြ တာဘဲ၊ ကျုပ်တို့တော့ ပန်းကန်ပြားနဲ့ စားနေရို့ သပိတ်မရှိလို့ မမှောက်ရပါဘူး၊

၁၃၁၃-ခုနှစ် အချိန်လောက်ကဘဲ ကြောင်းပန်းအတွက် နဲ့ ပတ်သက်ပြီး၊ ဟို-အမတောမျိုးမှာတဲ့ ငွေညှိဘို့အရပ် ဆီက သပိတ်သံ၊ ဖွန်းသံ၊ ခွက်သံတွေ ကြားလိုက်ရသေး တယ်မဟုတ်လား၊ အဲဒါလဲ ဒီအမှောက်မျိုးပါဘဲဗျာ၊ အဆန်း လုပ်ပြီး ဖြေရှင်းနေစရာတောင်မဟုတ်ပါဘူး၊ ဘာ့ကြောင့် လဲဆိုတော့ အဲဒီသပိတ်ကိစ္စမပေါ်ပေါက်မီအချိန်ကလေးမှာ ဒကာ၊ ဒကာမတို့ ပင့်လျှောက်ချက်အရ၊ သာသနာပြုအလုပ် ကိစ္စနဲ့ ကွန့်ပ်ကိုယ်တိုင် ဝိပဿနာ သာသနာပြုဓမ္မကထိက

ကိုယ်တော်သုံးပါးနှင့် အတူတကွ၊ အဲဒီ ရေစကြိုမြို့ကို ရောက်သွားခဲ့တယ်။ သူဖွေးတိုက်ခေါ်သော တိုက်ကြီး၏ အတွင်းမှာပင် တည်းကျောင်းအဖြစ်နဲ့ ခေတ္တတည်းခိုပြီး ညအခါ မြို့တွင်းမှာ တရားပွဲကြီးများ ဖွင့်ဟှစ်ရာ၊ တရားနာ ပရိသတ်တွေက တညထက်တညဆိုတာလို များပြားလာဒါကို မြင်ကြတော့၊ ကျောင်းတွင်းက စာဆရာတွေမှာ ကူထမနှောင့်ရ သဘောမျိုးတွေ သက်ဝင်ကာ မနေတတ် မထိုင်တတ် ဖြစ်ကုန်ရှာတာပေါ့။ တရားပွဲဖွင့်ဟှစ်၍ နှစ်ည မြောက် နောက်တနေ့ နံနက်ကျတော့ ဆွမ်းစားခါနီး အချိန်ကလေးမှာ ပြူးကလူး ပြာကလာနှင့် ကျွန်ုပ်တို့ထံ စာဆရာတွေပိုင်းပြီး ရောက်လာကြတယ်။ ဘယ်အချိန်က များ တိုင်ပင် ချိန်းချက်ထားကြတယ်မသိပါဘူး......။ထို စာ ဆရာတို့၏အထဲမှာ ငါဟဆိုတဲ့ မာနတွေ တာလူလူနှင့် ကြွက်ဆူတောမှာ မင်းမူနေရှာတဲ့ (ဦးစကြာ)ဆိုတဲ့ ကိုယ် တော်တပါးကို ကျွန်ုပ်တို့နှင့် အတွက်အခံပြောရန် အကြီး အကဲ ခေါင်းတင်ထားကြတာကိုး။...... အဲဒီ (ဦးစကြာ)မှာ လဲ စကြာဆိုပေမဲ့ ဆူသာချေး, မနှောရချေးတွေက ဆို့ ပိတ်နေလေတော့ ကောင်းကောင်း မလည်နိုင်ရှာတော့ပါ ဘူး။ လေတိုက်သော်လဲ ဘေးချော်ထွက်နေတော့ဒါပေါ့။ ဒါနဲ့ဘဲ အဲဒီ (ဦးစကြာ)က, ကျွန်ုပ်တို့ကို စပြီးမေးလိုက် တယ်။.... သူမေးတဲ့ စကားကလေးဟာ ယခုထက်ထိ ကျွန်ုပ်ရဲ့နားထဲမှာ ကြားသလိုသိုရှိသေးတယ်။ သူမေး လိုက်ပုံကတော့ ( အရှင်ဘုရားတို့ မနေ့ညက, ဟောသွား တဲ့အထဲမှာ ပုဂ္ဂိုလ်သတ္တဝါ, ယောကျ်ား,မိန်းမ မရှိဘူးဆို

တဲ့ စကားဟာ ခဏခဏပါတယ်၊ မိန်းမ မရှိဘူးဆိုရင် ကိုယ်တော်တို့ ဆွမ်းချက်ပြီး ကပ်နေတာတွေဟာ မိန်းမ မဟုတ်လို့ ထာတွေတုန်း) တဲ့၊ သူ့အမေးက နက်နဲလွန်း တော့ ကျွန်ုပ်တို့မှာလဲ မဖြေရခက် ဖြေရလဲခက်ဖြစ်နေတာ ပေါ့၊ သူ့မေးကြည့်တော့ စာချပုဂ္ဂိုလ်တဲ့၊ ဘာတွေချနေ တယ် မပြောတတ်ပါဘူး၊ ဒါနဲ့ဘဲ နောက်ပိုင်းက, ငါတို့ ဆရာ အနိုင်ရမှာဟာလို့ စောင့်ကြည့်နေကြတဲ့ သူ့တပည့် ပရိသတ်က သူတို့ဆရာ နေရာမကျပုံ ပေါ်နေတော့ သူတို့ ရဲ့အားကိုးအားထားပြုကြတဲ့ မြို့ထဲက ဘုန်းကြီးလူထွက် ရှူးပေါ်ပေါ် (မောင်စံပု) ဆိုတာကို ပြေးခေါ်ကြပြန်တာ ကိုး၊ ၎င်းဘုန်းကြီးလူထွက် ရှူးပေါ်ပေါ်လဲ အလာတကြီး နဲ့ တဖန်ရောက်လာပြန်တော့ ပေါက်ဆိန်ပေါက်ကလေး ဝပ်ချတဲ့ကာ (တုံးနှံ့ခမ်-ဖိုင်နာခမ်အကြောင်း တဖန်ဆက် လက်ပြောကြပြန်ရာ၊ ကျွန်ုပ်ကဘဲစ၍ မီးခြစ်ကလေးရှေ့ မှာချပြီး၊ ကဲကဲ-ဟောဒီ မီးခြစ်ဆိုတာ ဘယ်ခွါရမှာပေါ်သ လဲ) လို့ မေးလိုက်တော့ (မီးခြစ်ဆိုတာ စက္ကူခွါရပေါ် တာပေါ့) လို့ ဖြေလိုက်ပြန်ပါရော၊ အရှူးထက် တမူးသာ သွားပြန်တာပေါ့၊ ဒါ့ကြောင့်-မုံရွာမြို့ နိုင်ငံကျော်ဓမ္မကထိက သကဒါဂါမ် အမည်ခံတဲ့ ဆရာဘကြီးက ( ဘုန်းကြီး လူ ထွက် ရှူးပေါ်ပေါ်နဲ့ စကားပြောရမှာများ-ကျားဖင်နှိုက်ရ တာထက် ကြောက်သေးရဲ့ )လို့ ပြောတဲ့စကားဟာ အဲဒီ အခါတုန်းက ကျွန်ုပ် ကိုယ်တိုင်တွေ့ရတော့ တယ်မှန်ပါ ကလားလို့ အောက်မေ့မိတယ်၊

**အရှင်ဟာထက် နောက်ဟာဆိုး။** ပုံကလေးဘာရ ပေါ်လာလို့ ပြောလိုက်ရအုံးမယ် ရှေးအခါက ကျောင်းတကျောင်းမှာ၊ ကျောင်းသားကိုရင်များ ဆွမ်းခံသွားနေခိုက်၊ အမယ်ကြီးတယောက်က ဗျန့်ထမိကြီးဝတ်ပြီး ဆွမ်းပို့လာသတဲ့။ ...ရှေးတုန်းကတော့ အမယ်ကြီးတွေဟာ ဗျန့်ထမိကြီးတွေ ဝတ်လေ့ဝတ်ထ ရှိတာကိုး၊ ဒါနဲ့ ကျောင်းထဲရောက်အသွား ခွေးတွေက များများနဲ့ ဝိုင်းပြီး ဆွဲကြတော့ ခွေးတွေရဲ့ ပစပ်တဲမှာ ထမိကြီးက ပါသွားတော့ဒါကိုး၊ ကျောင်းပေါ်က ဘုန်းကြီးက အော်သံကြားလို့ အလန့်တကြားနဲ့ ပြတင်းပေါက်က သွားပြီးကြည့်လိုက်တော့၊ အလဲ- အမြင် မကောင်းပါဘဲလားဆိုပြီး၊ ဘုန်းကြီးက ဒကာမကြီး ထိုင်နေ ထိုင်နေလို့ ခိုင်းလိုက်သတဲ့၊ ဒကာမကြီးကလဲ ရှက်ကိုး ရှက်ကန်းနဲ့ ခေါင်းပေါ်က ဆွမ်းအုပ်ကြီး ထက်နှစ်ဘက်နဲ့ ကိုင်ပြီး အသာထိုင်လိုက်ရဒါပေါ့၊ ဘုန်းကြီးက တခါပြန်ပြီး ကြည့်လိုက်တော့ နဂိုရ်ကထက် ပိုဆိုးနေတာမြင်ရပြန်သဖြင့်၊ ဒကာမကြီး ပြန်ပြီး ထလိုက်အုံး–ထလိုက်အုံးလို့ ခိုင်းရပြန်ပါရောတဲ့၊ ဘုန်းကြီးနဲ့ ဒကာမ စစ်ဒရိန်းပြုသလို ဖြစ်နေကြတော့ဒါပေါ့။

**ထို့တူပမာဏ။** ယခုဒီမှာလဲ မတ်တတ်ရပ်နေတဲ့(ဦးစကြာ) နေရာမကျပုံပေါ်လို့ (မောင်စံပု) အထိုင်ခိုင်းလိုက်တော့မှ ပိုဆိုးမနေဘူးလား အဲဒီက နောက်ထာမှ မကြာ သပိတ်သံတွေ ခွက်သံတွေ ကြားလာရတော့ဒါပါဘဲ၊ဘာပြုလို့ မှောက်တာတုန်းဆိုတော့ တရားဟောလို့တဲ့၊ဘယ့်ကထောက် ကြောက်စရာကောင်းတဲ့ သပိတ်

ကံလဲဗျာ၊ ၎င်းနောက် ( အဓမ္မဝါဒ နိဂ္ဂဟကျမ်း ) ဆိုတဲ့ စာအုပ်ကလေးတအုပ် ထွက်လာသေးတယ်၊ အဲဒီ စာအုပ်အတွက်တော့ လူတကာဘဲ ဝေဘန်ကြပြီးသားတွေပါ၊ အထူးပြောနေစရာမလိုတော့ပါဘူး၊ ကျမ်းပြုရှင်လို့ အမည်ခံတဲ့ ( ရှင်သီလဝံသ ) ဆိုတာ ကျနုပ်တို့နှင့် ပြောစဉ်အခါကတော့ မပါရှာပါဘူး၊ ကျနုပ်တို့နဲ့ဘဲ သံဝါနှင့်စပ်လျဉ်းတဲ့ တရားစကားများ ကောင်းမွန်စွာ ဆွေးနွေးကြပါသေးတယ်၊ စာအုပ်ကလေးကလဲ သူရေးတာ ဟုတ်ဟန်မတူပါဘူး၊ ရေးတဲ့သူကတော့ အဝါလမ်းက နေရာမကျလို့ အဖြူလမ်းလိုက်နေတဲ့ ကျားဖင်နှိုက်ရတာထက်ကြောက်စရာကောင်းတဲ့ အစားထဲက ထင်ပါရဲ့၊ ဒါပေမဲ့ရှင်သီလဝံသဟာ နောက်ပိုင်းကျမှ သူများက ဝိုင်းဖြွခံကြတာနဲ့ အဓမ္မဝါဒ ကျမ်းစာအုပ်ကလေး ကိုင်ကာ ခြေထောက်ပြီး က,မိလေသလား မပြောတတ်ပါဘူး၊ သူလဲအဘ,မှားရှာတာပါဘဲ၊ ပွဲကြည့်တဲ့ပရိသတ်ကလဲ ထွမ်-ထွမ်နဲ့ ကံတွေး တွေးပြီး ပြန်ကုန်ကြတယ်၊ ၎င်းနောက်( ရေစကြို တွန်းသွန်ရေး, သစ္စဝါဒီ ပကာသနီကျမ်း )ဗိုလ်ကြောင်ပန်းက ပြန်နှုတ်ထားလိုက်တာလဲ ရစရာကိုမရှိတော့ဘူး၊ ကျနုပ်လိုသာဖြင့်ရှက်တာနဲ့ ရေမရှိတဲ့ချောင်းနှာခေါင်းပိတ်ပြီး ဒိုင့်ဗင်ထိုးချလိုက်စရာသာ ကောင်းတော့ဒါပါဘဲ၊

အဲဒီအခါက ရေစကြိုတိုက်ကြီးမှာ ဦးစီးဥက္ကဋ္ဌ ဖြစ်တော်မူတဲ့ ဆရာတော်ဘုရားကြီးကတော့၊ ပင်ကိုယ်ပကတိက သူ့တရားနှင့်သူ ပျော်မွေ့ကာ ခပ်အေးအေးနေ

တတ်သော ဝါသနာရှိသည်အားလျော်စွာ၊ သူတို့လုပ်တာ
တွေ ဘာမှမသိရှာပါဘူး။ နောက်ပိုင်း လက်လွန်ကုန်မှသိရ
တော့လဲ ဘယ့်နှယ်မှ မတတ်နိုင်တော့ဘူးပေါ့။ ထိုဆရာ
တော်ဘုရားကြီး၏ သီလ သမာဓိ ခန္တီ သစ္စာ မေတ္တာ စ
သော ဂုဏ်တို့ကို ကျွန်ုပ်ကိုယ်တွေ့ ချီးကျူးမိပါ၏။ ။
သို့သော် လောက၌ ခွေးမွေးများသော ဥပမာကဲ့သို့ ထို
ခွေးဆိုးကို သတ်ပစ်ရမည်ဆိုလဲ အခက်၊ မြစ်တဖယ်သွား
ပြီး လွှတ်ရမယ်ဆိုလဲ သနားစရာဆိုတာလို၊ ထိုဆရာတော်
ကြီးမှာလဲ တပည့်ကောင်းတွေ မွေးထားမိရက်နေသဖြင့်၊
ဆရာတော်ကြီးနှင့်တကွ တိုက်ကြီးရော ရေစကြို့မြို့ကြီး
ပါ နာမည်ပျက်ခံရရှာတယ်။ ဘယ့်ကလောက် နစ်နာစ
ရာကောင်းသလဲ။ ( ငါးခုံးမ တကောင်နဲ့ တလှေလုံးပုပ် )
ဆိုတာ ဒါမျိုးခေါ်တာဘဲ။ ဒါနဲ့ဘဲ စကားစပ်မိလို့ ဆက်
ပြောလိုက်ရအုံးမယ်။...... ကျွန်ုပ်တို့ဟာ အခုဒီ ရေစကြို့မြို့
ကအပြန် မြင်းခြံဆိုတဲ့မြို့က ဆက်လက် ပင့်လျှောက်ကြ
ပြန်သဖြင့်၊ မြင်းခြံမြို့မှာ တရားပွဲကြီးများ ကျင်းပကာ၊ ဤစာ
အုပ် အစပိုင်းက ရေးခဲ့တဲ့ ( ကြောင်ပန်းလမ်းစဉ် ) ဆို
တဲ့ ဂါထာကို စာရွက်ကလေးတွေရိုက်ပြီး ဝိပဿနာအ
သင်းသားများက ဓမ္မလက်ဆောင်အဖြစ်နဲ့ ဝေငှဒါကိုး။
အခုဒီ ကြောင်ပန်းလမ်းစဉ် တရားခွန်းထဲမှာ...... တောသံ
တေရာနံ့ပဥ္စမ ဆရာတော်ဘုရားကြီးက နန်းမြပဉ္စာ၊ ဒုတိ
ယ ဆရာတော်ဘုရားကြီးက ဘုသိတာ၊ လူ့ပြည်မှာ ယခု
ရှိတော်မူကြကုန်သော တတိယ စတုတ္ထ သာကီယနွယ်
ဘွား ထိုမဟာထေရ် ဘုရားကြီးတို့၏ လို့ ၊......အာစရိယ

ဂုဏော အနန္တာအရ၊ ဆရာ၏ဂုဏ်ကို ချီးကျူးကာ ရေးသားထားပါသည်ကို၊ ရင်းမြင်းမြို့ နွားထိုးကြီးနယ် သင်းသဘော့ရွာက ပိဋကတ်ဆရာကြီး (ဦးစံထူး) ဆိုသူ က, ကြေငြာစာရွက်ကလေးကြည့်ပြီး ဝေဘန် စွပ်စွဲပြန်သ ဘဲ။ ဘယ်လို ဝေဘန်သလဲဆိုတော့ (ကြောင်ပန်း ခွေး ကထိကတွေက၊ လူ့ပြည်မှာ ဘုရားနှစ်ဆူ၊ နတ်ပြည်မှာ ဘုရားတဆူ၊ ဗြဟ္မာ့ပြည်မှာ ဘုရားတဆူ ပွင့်နေတယ်)လို့ ရေးသား ဟောကြားနေကြတယ်ဆိုပြီး စွပ်စွဲပြန်သတဲ့။ စဉ်းစားကြစမ်းပါဗျာ...... ဒါသာကတော့ ကလေးတွေ တောင်သိလောက်ပါတယ်။ (မသိသေးရယ်တဲ့ အိုမဆိုင်၊ ပန်းမွေ့ရာ မွေးကောင်ဘော၊ ရောနှောလို့ထိုင်) ဆိုတာလို ဖြစ်နေတော့ဒါပေါ့၊ ဒါနဲ့ဘဲ အဲဒီစကား ကျွန်ုပ်နားကြား လာတော့ ရှေးတုန်းက ပုံကလေးတခုသွားပြီး သတိရ မိတယ်......။

အတွေးချော်ပုံ

လူတယောက်က, ဗလာစာရွက်ထဲမှာ (ဗ) ထက်ချိုင့်ဆိုတဲ့ အက္ခရာကိုရေးပြီး သူငယ် ချင်းထံ ကလေးတယောက်ကို အပေးခိုင်းလိုက်သတဲ့။ ဟိုရောက်တော့ သူငယ်ချင်း လုပ်တဲ့လူက စာရွက်ကလေး ကြည့်ပြီး ဝေဘန်သတဲ့။ ဘယ်လို ဝေဘန်သလဲဆိုတော့— ဪ ဒီအက္ခရာဟာ ဟိုက ရေးပေးလိုက်တုန်းကတော့ (ဝ)အက္ခရာနေမှာဘဲ၊ ယူလာတဲ့ကလေးက လမ်းမှာ မတော်တဆ လွှတ်ကျလို့ ပိန့်သွားတာနဲ့တူရဲ့လို့ တွေး သတဲ့။

ယခု ဗိုလ်ကတ်ဆရာကြီး (ဦးစံထူး) လဲ အဲဒီ အတွေး မျိုးထဲရောက်မနေဘူးလား၊ ဒီလိုစွပ်စွဲချက်မျိုးတွေ လိုက် ပြီး ဖြေရှင်းနေရရင်လဲ ကိုယ့်အလုပ်ကို လုပ်ရတော့မှာ မဟုတ်ဘူး။ ဒါကြောင့်-ဘေးပတ်ဝန်းကျင် အခြေအနေ ကြည့်နေရင် ကိုယ့်အလုပ်ကိစ္စ မအောင်မြင်နိုင်ဘူး။ ပုထု ဇဉ်ဆိုတာ ထင်ရာပြောမှာပေါ့၊ ပုထုဇဉ်ရဲ့ ပစပ်ဟာ ကြောက်စရာ အကောင်းဆုံးဘဲ၊ ပုထုဇဉ်ပစပ်က မဟာ လိုက်နဲ့ ဟာလိုက်ရင် အမှားတွေချည်းထွက်လာကုန်တော့ တာဘဲ။ ပုထုဇဉ်ပစပ်က မပြောလိုက်နဲ့ ပြောလိုက်ရင် အလွဲချည်းပြောမိရက်နေတော့ဒါဘဲ၊ဒါ့ကြောင့်-အများကို ငဲ့နေရင် ဘုရားတောင် ပွင့်နိုင်စရာ အကြောင်းမရှိဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ''ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝ, နန္တ, သဘာ, သခ'' လို့ ယူနေကြတဲ့ သတ္တဝါတွေက တကမ္ဘာ လုံး မဟုတ်လား၊ သို့ယူနေကြငြားသော်လဲ မြတ်စွာဘုရား ဟာ သူတို့ကားအများ၊ငါကား တယောက်ထဲဆိုပြီးမပွင့် ဘဲများနေရဲ့လား၊ ( ဓမ္မာ, နိသတ္တ နိဇ္ဇီဝသဘာဝါ အနိစ္စာ ဒုက္ခာ အနတ္တာ ) ဆိုပြီး၊တကိုယ်တည်းသာ သတ္တဝါတွေ ကို ခြေကန်ထွက်လာတဲ့အတွက်ကြောင့် လောကသုံးပါး မှာ တုမရှိတဲ့ဘုရားလို့ ထင်ရှားစွာ ပွင့်ပေါ်တော်မူလာ တယ်မဟုတ်လား၊ကဲ့ရဲ့မှု ချီးမွမ်းမှုဆိုတာကတော့ဘုရား ကိုယ်တော်မြတ်ကြီးတောင် မလွတ်နိုင်ဘူး၊ '' စတု ပရိသ မဇ္ဈေ နိသိဒိတွာ ဓမ္မံကထေန္တဿ ကောဧ္စ ဂရဟန္တိ ကောဧ္စ ပသံသန္တိ '' လို့ ဓမ္မပဒမှာ ထင်ရှားရှိသားဘဲ၊ ကျုပ်တို့ လိုအစားမှာကား အဘယ်ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။

ဒါကြောင့်-ဤစာစောင်၇င် ကျနုပ်အတွက်တော့ စောစော
က ပြောထားလိုက်ရအုံးမယ်၊ ယခု-ကြောင်ပန်းလမ်းစဉ်
စာအုပ်အတွက် ကြိုက်ရင်လဲယူသွား၊ မကြိုက်ရင်လဲ ပုံ
ထားလိုက်ပေါ့၊စကားတော့များမနေနဲ့၊ကျနုပ်ဟာ လမ်း
မှန်ကျကျ မြတ်ဗုဒ္ဓ၏ အနတ္တ သာသနာကြီးကို ပြန့်ပွါး
အောင်သာသနာပြုတော့မယ်လို့ ဓိဋ္ဌာန်တဲ့နေ့ကစ၍ သုံးဆဲ့
တဘုံကို စိတ်ထဲကမှန်းပြီး (၃၁)ဂဏန်း ခြေထောက်မှာ
ရေးထားတယ်၊ ကျနုပ်ကို မှေကော်ချင်လဲ မှောက်ကြအုံး
ပေါ့၊ သူများလို ပုဂ္ဂလအနေနဲ့ ပုဂ္ဂိုလ်ကိုတော့ မှောက်
စရာမရှိလို့မမှောက်ရပါဘူး၊ ဓမ္မအနေနဲ့တော့ သူများ
မမှောက်ခင်စောစောစီးစီးကဘဲ ကျုပ်တို့က ပြန်မှောက်
ထားလိုက်တယ်၊

သုံးဆဲ့တဘုံ နိဗ္ဗိတ်ပျောက်ဘဲ့

## သပိတ်မှောက် တရားတော်ကြီး။

ခန္ဓိရာမိက သဗ္ဗိသံ၊ နိဗ္ဗုဒါမိ တိဘဝါ-ဟုံ၊
အတိပါပံ ပေါထေတွာန၊ နိကုဇ္ဇာမိ ဒိဋ္ဌိပတ္တံ၊ ။

ဘောဇ္ဈော၊ သပိတ်မှောက်ထာ၊ ဘယ်လိုဟာဟု၊ ကြံ
ကာ စဉ်းစား အိုလူများတို့၊တုမှေ၊မှားတဲ့ သပိတ်ကိုတော့
အသာထားနော်၊ ဘုရားရဲ့သပိတ်ကိုတော့ နာကြားနော်၊
ဘာဝနာတရားနဲ့ ပျော်နေကြကုန်သော သင်တို့သည်၊
သုဏာထ၊ သာသနာမှာ အမှားမဝင်ကြရအောင်၊ ဒိတခါ

နှားဆင်လိုက်ကြ ပါကုန်လော့။ အဟံ၊ သံသရာ ပင်လယ်ကြောမှာဖြင့်၊ မာန်တဏှာ ခင်တွယ်လို့ မျောခဲ့ရ၊ အတောမသတ် ရဟတ်ဗွေချာ ဖြစ်ချင်တိုင်းဖြစ်၍လာတဲ့ ငါသည်၊ အဟံ၊ နှိပ်စီသဟဲ့ အဆိပ်တောက်စေတော့လို့၊ ဒိဋ္ဌိရဲ့သပိတ်မှောက်တွေကိုလဲ ခံခဲ့ရတဲ့ ငါသည်း ခဒိရာဝိကသဒိသံ၊ ရှား,သံ, ဇွဲဟာ၊ ချွန်သည့်တာဓကြောင့်၊ ကိုယ့်မှာရှုးဝင်၊ထံကျင်သုံးချောင်းနှင့် တူလှစွာသော၊ တိဘဝံ၊ ကာမရူပ၊ အရူပမှာ၊ သေခြင်းမရလာ၊အဖြေးသွင်းလို့မရပြီဘူး၊ ကွေ့ကွင်းကြတာကလဲ အဖုံဖုံ၊ သုံးဘုံဘဝ သုံးလောကကြီးကို၊ နိဗ္ဗာန်ပါမိ၊ တွေးလိုက်တိုင်း မသက်သာ၊အခက်တွေဖြာလို့မပြီးနိုင်ဘူး၊ ဩဩ်–ငြီးငွေ့လှတော့သည်တကား။ နိဗ္ဗာန်ပါမိ၊သူ့ကိုမတွဲတော့ငါ့ရွဲ့ချင်၊ငါ့ကိုမတွဲတော့သူရွဲ့ချင် မြင်မြင်တိုင်း-စိတ်ရိုင်းတွေတဝင်၊ အထင် အထင်၊ ဩဩ်-ဒုက္ခဒုက္ခ ဇာတိဘေး ပြေးမှလွတ်မည်ပင်၊တဘ္ဘ၊သဏ္ဍာန်လဟာမကျုရင်ဖြင့်၊ မဟန်ပါသဗျ၊ ကံကြမ္မာ မလှတဲ့ ထိုအကြောင်းကြောင့်၊ အတိပပါပံ၊ ရတ်လဲရတ်ချာ၊ ယုတ်လဲယုတ်မာ၊ အလွန်ပင်ဆိုးဝါးလှစွာသော၊ ဒိဋ္ဌိပတ္တံ၊ သုံးပင်လယ်ခရီး၊ အတ္တဒိဋ္ဌိဆိုတဲ့ သပိတ်ကြီးကို၊ ဒိဋ္ဌိပတ္တံ၊ ရုပ်တရားကိုတော့ မခေါ်ချင်ပေါင်, နာမ် တရားကိုတော့ မကြည့်ချင်ပေါင်၊ သတိမဆောင် ပေါက်ပြား၍၊မှောက်မှားလို့နေတဲ့ အတ္တဒိဋ္ဌိသပိတ်ကြီးကို၊ ဒိဋ္ဌိပတ္တံ၊ ဆွမ်းသပိတ်အားလုံးဟာ ရှုံးမှာမလွဲပါဘူး၊မဲချင်တိုင်းမဲ၍နေတဲ့ အတ္တဒိဋ္ဌိသပိတ်ကြီးကိုးပေါထေတွာန၊မသမာသလေ အမြင်ရိုင်းလို့ မလင်းရှာတဲ့၊ဓမ္မတာတွေ ယှဉ်ပြိုင်လို့မငြင်းလိုတော့

ပါဘူး၊ အတင်းနှိပ်စက် ထုကာနှက်၍၊ နိကုဋ္ဌာဒိ၊ နိမိတ် သညာဉာဏ်ပျောက်စေတော့လို့၊ ဟော-ဗိုဒ္ဓိရဲ့ သပိတ်ပြန်လို့ ပျောက်လိုက်ပါတော့အံ့သတည်း၊ နိကုဋ္ဌာဒိ၊ ခင်နဲ့ ငါ သေခန်းပြတ်ရေ့ဟဲ့ လို့၊ နေချမ်းမြတ်တဲ့ အမတာရည်၊ ဘာညာမထိ မထောက်ထားနိုင်ဘူ၊ အာဇာနည် တယောက်ပွါးပါတဲ့၊ ရှုအားသန် နိမိတ်ပျောက်မဲ့ အစားဟာမို့၊ ဟော-ဟောဒါကမှ သပိတ်ပျောက် တရားတော်ကြီးအစစ် ဖြစ်တော်မူပါပေသတည်း၊

---

## တုံးနာမ် တိုင်နာမ် ရှင်းတမ်း။

ပြော်- ဓမ္မမိတ်ဆွေရေ၊ သပိတ်အကြောင်းနဲ့ ပတ်သက်ပြီး စပ်မိစပ်ရာပြောလာလိုက်တာ စကားကြောတောင် တော်တော်ရှည်သွားပြီ။ နောက်နားက ချထားခဲ့တဲ့စကားစကလေးကို ပြန်ပြီးသတိထားလိုက်စမ်းပါအုံး၊ ပြောလိုတာကတော့ ကျေးဇူးရှင် ပဋ္ဌမကြောင်ပန်းဆရာတော်ဘုရားကြီး တုံးနာမ်, တိုင်နာမ် ဆိုတာကို စပြီးဟောတော်မူတာကို ပြောလိုတာပါဘဲ၊ "ဝိဇ္ဇောန နိယျတိ လောကော၊ မာယုပမဥ္စ ဝိညာဏံ" စသော ပါဠိတော်ကြီးများကို ဗမာစကား-ဗမာနားနှင့် လယ်အောင် တုံးနာမ်, တိုင်နာမ်၊ လူနာမ်, နတ်နာမ်လို့ ဘာသာပြန်ပြီး ပြတာပါဘဲ၊ တုံးနာမ်, တိုင်နာမ် ဆိုတော့ ဒိတခုထဲမှတ်မနေကြနဲ့နော်၊ သုံးဆဲ့တဘုံ ခေါ်ဝေါ်သမျှ အမည်နာမတွေ အကုန်လုံး နာမ်လို့

ဆိုလိုတယ်။တော်တော်ကြာတော့ ရွာတရွာက, စာသမား တရလိုလဲ ဖြစ်နေကြအုံးမယ်၊ (ကြက်က နာမ်၊ အသံက ရုပ်) ဆိုတာကိုတော့ စာအုပ်ထဲပါလို့ ကြိုက်ပါရဲ့တဲ့၊ မန်ကျည်းပင်က နာမ်၊ အဆင်းက ရုပ်) ဆိုတာကိုတော့ မင်းတို့လုပ်ပြောတာမို့ မယုံနိုင်ဘူးတဲ့၊ ဘယ့်ကလောက် ငကျသလဲ။

အဲဒါလို နာမ်အချက် မှန်ကွက်ချွတ်ပြတာကို နားမလည် ရှာကြတော့ ခရစ်ယာန်လို့ခွဲသူခွဲ၊ ဘုရားဟောထဲ မပါဘူး လို့ ပြောသူပြော၊ ပညတ်ပယ်တယ်လို့ ဆိုသူဆို၊ ထိုထို သို့သောအရပ်ဒေသတွေမှာ ဆူဆူပူပူ ဖြစ်သွားတာပေါ့၊ ထိုသို့ ဆူပူနေတုန်းအချိန်မှာ မြန်မာပြည်၏ အထယ်ပိုင်း ခတ်ကျကျနေသတခုက, စာဆရာတဦးမှာ အကြီးထူးပေါ် ကာ ဆရာတော်ဘုရားကိုလာ၍ လျှောက်ထားပြန်သတဲ့၊ ဘယ်လို လျှောက်ထားပြန်သလဲဆိုတော့...... ဆရာတော် ဘုရားက, တုံးနာမ့်တိုင်နာမ်လို့ ဟောလိုက်သည့်အတွက် ကြောင့် အောက်ပိုင်းအရပ်ဆီမှာဖြင့် တော်တော်ဘဲ ဆူဆူ ပူပူ ဖြစ်ကုန်ကြပြီဘုရားလို့ လျှောက်ထားလိုက်သတဲ့၊...... ဒီတော့မှ ဆရာတော်ဘုရားကြီးက အေး–ဆူပစေပေါ့၊ ဆူ ရင်ပွက်လာလိမ့်မယ်၊ပွက်တဲ့အခါကျမှ ထဘက်ခြောက် ခပ်ပြီး သောက်ရတာပေါ့လို့ ပြက်ရယ်ပြုသလို အမိန့်ရှိ လိုက်သတဲ့၊ဒါနဲ့ဘဲ-စာဆရာကဝိမှာ မခံချိမခံသာ အားမ လို အားမရဖြစ်ခါ၊ ဆရာတော်ဘုရား–တုံးနာမ်, တိုင်နာမ် လို့ မဟောပါနဲ့တဲ့ (တုံးလို့သိဘာ နာမ်) လို့ ဟောရ

ရင် သာမကောင်းပေဘူးလား;ဘုရား၊ ဒီလိုဆိုရင်လူအများ
လဲ ကြိုက်ကြမှာဘဲဘုရားလို့ ထပ်ပြီးလျှောက်ထားသတဲ့၊
ဒီတော့မှ- ဆရာတော်ဘုရားကြီးက စာရွက်နှင့် ခဲတံကို
အမြန်ယူတဲ့ကာ ....၊

> ဖုံ့ဖိတဲ့ညဏ် တုံးသိဘာ နာမ်ပါလို့ ချောသော်
> လဲ၊ တောရဆရာ ငါကိုယ်တော်က၊ ဒါလိုမဟော။
> တိုင်တုံးနာမ်၊ ပိုင်လုံး ကြိုသာကြိုတော့၊ စာမခံ
> သဒ္ဒါညဏ်လွတ်ပါလို့၊ ဝါသနာ ကာလံညွတ်အောင်
> ကွယ် ---- လောကွတ်မပြော-လို့၊

ရွတ်ချည်းအား စာစီကာပေးပြီး အချားကြိုက်အောင်တော့ ငါက လောကွတ်လုပ်၍ ဟောမနေနိုင်ဘူး၊ ငါဟောတဲ့အထဲမှာလဲ (လို့)ဆိုတဲ့ စကားမပါဘူး၊ နှင့်ဟာနှင် (လို့)မထဲ့ချင်နေ ထဲ့ချင်ထဲ့လို့ ရှင်းရှင်းနဲ့ ဘွင်းဘွင်း အမိန့်ရှိလိုက်တော့မှ ဖျော်ခနဲထ၍ပြန်သွားသတဲ့၊

ဤနေရာ၌-ကျနုပ်အနည်းငယ် ရှင်းပြပါဦးမည်၊ စာရှုသူ ဓမ္မမိတ်ဆွေများ စဉ်းစားပါ၊ အထက်ကပြခဲ့တဲ့ ( တုံးနာမ်,တိုင်နာမ် ) ဆိုတဲ့စကားနဲ့ ( တုံးလို့သိဘာ နာမ်) ဆိုတဲ့စကားနဲ့ ဘယ်လောက် ကွာခြားတယ်ထင်သလဲ၊ (လို့)ဆိုတဲ့ စကားတလုံးဟာ ဘယ်ထိအောင် ခရီးရောက်သလဲ၊ ဟိုမှာရှိတဲ့ တုံးကြီးကို ဒီကသိတဲ့ နာမ်ဆိုတာကတော့ လူတကာ ကြိုက်ထာပေါ့၊ ဒီအသိမျိုးလောက်တော့ ဟောနေစရာ မလိုပါဘူး၊ ကလေးလဲသိ,ကုလားလဲသိ၊ တိန်းစားလဲသိတာဘဲ၊ ဒီအသိမျိုး တဘံသရာလုံးက သိလာကြ

လို့ အတ္တဒိဋ္ဌိ ငြိနေတာပေါ့--၊ ဇာ်ဒီအာသိမျိုးက, လွန်မြောံ ပြီး ပရိညာဉာဏ် ပေါ်စေခြင်းငှါ၊ တုံးနာမ်,တိုင်နာမ်လို့ ဟောရခြင်းဖြစ်ပါတယ်။

ဒါကြောင့်- နောက်နောင်ကို အပြစ်မပြောမိအောင် အောက်နားက, စကားဝါကျကလေးနှစ်ခုကို သေသေချာချာ ဖတ်ပြီးမှတ်ထားလိုက်စမ်းပါ။

(၁) အသင်တို့ ထင်နေတဲ့ ဟိုနားက လုံးလုံးရှေရှေ တုံး တိုင်ကြီး တွေထဲမှာ နာမ်ရှိတယ်လို့လဲ ကြောင်ပန်းက မဟောပါဘူး။

(၂) ဟိုနားမှာရှိတဲ့ တုံးတိုင်ကြီးတွေကို ဒိကာသိတဲ့ နာမ်တရားလို့လဲ ကြောင်ပန်းက မဟောလိုဘူး။

ဒါဖြင့်-ဘယ်လိုရည်ရွယ်ချက်နဲ့ ဟောခဲ့သလဲ စဉ်းစားပါ၊ တုံးနာမ်ကို မကြိုက်ဘူးဆိုလျှင် တုံးကို ရုပ်လို့ ဆိုမလား၊ ရုပ်တရားက-၂၈-ပါးရှိတယ်နော်၊ အဲဒီ ရုပ်နှစ်ဆဲ့ရှစ်ပါးထဲမှာ၊ တုံးရုပ်လို့ များ တွေ့ဘူးပါသလား၊ ဒါဖြင့် တုံးက ပညတ်ပါလို့ ပြောချင် ပြောအုံးမှာပေါ့၊ ပညတ်, သမုတ်,အဝိဇ္ဇမာန တူတူဘဲနော်၊ ပါဠိလို အဝိဇ္ဇမာန၊ ပါဠိပျက်လို ပညတ်၊ဗမာလို ထင်ရှားမရှိတာ၊ "ပါဠိလို သမုတိ ဗမာလို သမုတ်ထာ" ရုပ်နာမ်မှ လွတ်လွှဲပြီး ပညတ်က တပုံအနေနဲ့ ရှိရဲ့လား၊သို့မဟုတ် ရုပ်တရားက' ကျနုပ်ကို တုံးလို့ ခေါ်ကြပါဆိုပြီး သူ့ကိုယ်သူ ပညတ်နေတာလား၊ ဘယ်သူက ပညတ်တဲ့ ပညတ်လဲ ကြပ်ကြပ် သတိထား။ ဉာဏ်ရှုန်နိုက်၍ စဉ်းစားပါ၊ကြောင်ပန်းက, ပညတ်နာမ်

လုပ်ထားလို့ မကြိုက်ဘူးဆိုရင် နာမ်တရားဖယ်ထား။
အသင်ပညတ်က ပြနိုင်ပါမည်လား၊ ပညတ်ဆိုတာ နဂိုရ်
ကိုက မရှိတာများမို့ နာမ်လုပ်ထားစရာလဲမရှိပါဘူး၊ဒီနေရာ
မှာ ညဏ် အစုတ်အနုတ်ဆိုရင် နောက်ဆုတ်သွားတတ်
တယ်၊ ညဏ်ကျွန်လွတ်၍ ဝေဘန်ပါ။ ဒါ့ကြောင့်—အရုပ်နှင့်
အရိပ်၊မီးတောက်နှင့်မီးရောင်၊ကျောက်နှင့် ကျောက်ရောင်
လို့ ခြောက်စောင်မှာ ပြထားခဲ့တာပေါ့၊

ထင်ရှားသည့်ထက် ထင်ရှားသွားအောင် ဥပမာ
တနည်းထပ်၍ ပြပါဦးမည်၊ ။အရှေ့က နေကျဲကျဲထွက်စ
အခါ အသင်ဓမ္မမိတ်ဆွေ ကိုယ်တိုင် မြစ်ကမ်းပါးသွားပြီး
ရပ်လိုက်စမ်းပါ၊မြစ်ထဲမှာ တသွင်သွင်စီးဆင်းနေတဲ့ရေအ
ယဉ်တွေမြင်ပါလိမ့်မယ်၊ အသင့်ခန္ဓာကိုယ်အရပ်ကထွက်
နေတဲ့အရိပ်ကြီးဟာ ရေပြင်ပေါ်မှာသွားပြီး ကျမနေဘူး
လား၊ အရိပ်က ရေပေါ်မှာ သွားကျလိုက်တော့၊ ရေက
ခေတ္တ ရပ်နားနေအုံးမှာဘဲဆိုပြီး မစီးဘဲများ နေရဲ့လား။
ဗကတိသဘောအားဖြင့် မပြောင်းမလွဲ စီးမြဲ စီးနေတာပါ
ဘဲ၊ခန္ဓာကိုယ် အရပ်ကြီးကို ဖယ်ပစ်လိုက်၊ အရိပ်က သီး
ခြား ကျန်ရစ်သေးရဲ့လား၊ဘယ်က ထွက်နေတဲ့အရိပ်လဲ၊
ရေသည် အရိပ် အကျခံရကာမျှသာဖြစ်ပါတယ်။ ထို့တူ
ပမာ ရုပ်တရားက ရေနှင့်တူစေ၊ နာမ်ပရမတ်က ခန္ဓာ
ကိုယ်အရပ်နှင့် တူစေ၊ အရိပ်က တိုးတိုင်ဆိုတဲ့ ပညတ်
နှင့်တူစေပေါ့၊

ရှင်းသည့်ထက် ရှင်းသွားအောင် တနည်းဥပမာ ပြဦး
မည်၊ ။အသင် ဓမ္မမိတ်ဆွေ မှန်ကြည့်ဘူးတယ်မဟုတ်

သား၊ မှန်ကြည့်တဲ့အခါမှာ မျက်နှာရိပ်ကြီးဟာ မှန်ထဲကျနေတယ်။ အဲဒီ အရိပ်ကြီးဟာ အသင်မကြည့်ခင်တုန်းက မှန်ထဲမှာ မရှိနိုင်ဘူးဆိုတာ စိတ်ထဲမှာ ရှင်းပါစေ၊ ဒါဖြင့် ကြည့်နေတုန်းဆဲဆဲမှာတော့ မှန်ထဲမှာရှိတယ်ထင်သလား၊ ရှိတယ်လို့ထင်လျှင် မှန်ကို ခွဲရှာစမ်းပါ တွေ့ပါမည်လား။ မှန်ကွဲရုံရှိမှာပေါ့ တွေ့မှာတော့မဟုတ်ပါဘူး၊ အသင် မျက်နှာ ပယ်ပစ်လိုက်၊ အရိပ်ရှိသေးရဲ့လား၊ ပြန်ကြည့်လိုက်၊ အရိပ်ပေါ်လာပြန်ပြီ။ ထို့တူပမာ ပညတ်ဆိုတာလဲ "အနိုပ္ပတ္တေနှ နဖာတော၊ ပစ္စုပ္ပန္နေနဗ္ဗိဝတ္တိ" ပါဘဲ။ အဲဒီပါဠိကို သဘာဝကျကျ အနက်ပေးပြမယ် နားထောင်......

အနိုပ္ပတ္တေနှ၊ မှန်မကြည့်ခင်တုန်းကလဲ အရိပ်မရှိ ကြည့်ပြီးသည့်နောက်မှာလဲ အရိပ်ပျောက်၍သွားသလို၊ နာမ်စိတ်မပေါ်ခင်ကလဲ ပညတ်မရှိ၊ နာမ်စိတ်ချုပ်သွားပြန်တော့လဲ ပညတ်သီးခြားမရှိနိုင်ဘဲရို့၊ ဖြစ်ဆဲမဟုတ်သော အတိတ်၊ အနာဂတ်စိတ်ဖြင့်၊ န ဖာတော၊ တုံးတုံးတိုင်တိုင် ပေါ်လာနိုင်သည်မဟုတ်။ ပစ္စုပ္ပန္နေနှ၊ မှန်နှင့်မျက်နှာ ပထာပြိုင်မိ ကြည့်ဆဲမှာသာ အရိပ်ပေါ်လာသကဲ့သို့ ထို့တူမလွဲ ယခုဖြစ်ဆဲ စိတ်ထဲ၌သာလျှင်၊ ဗိဝတိ၊ တုံးတုံးတိုင်တိုင် ပေါ်လာနိုင်ဘိ အသက်ရှင်၍နေသည်မည်၏။

ဒါကြောင့်- ပညတ်တရားဆိုတာ အဝိဇ္ဇာမာနအတိ၊ ပင်ကိုယ်ပကတိက တကယ်မရှိသည့်အတွက် နာမ်ထဲ ဆွဲသွင်းစရာလည်းမရှိ၊ ပယ်ပစ်စရာလည်းမရှိ၊ ဥပါဒ်၊ ဌီ၊ ဘင် မရ၊ ကာလဝိမုတ်တရားမျိုးရို့၊ ဝိပဿနာအရာ အသုံးမကျ၍၊ လုံးဝသူ့အပေါ်ကို အလေးတမူ အရေးယူပြီး

ထည့်ပြောနေစရာ မလိုတော့ပေ။ ဝိပဿနာရှု၍ဖြစ်သော နာမ်ဓိတ်ပရမတ် အရပ်ကိုသာ အရေးထား၍ ဟောကြားပါသည်ကို မရိပ်မိရှာကြသောသူတို့သည် ကြောင်ပန်းက ပညတ်ပယ်တယ်လို့ ဆိုလိုဆိုးနဂိုရ်က ဗဟိဒ္ဓမှာအရှိထားပြီး၊ အရိပ်ကို ရန်သူထင်သော ယောကျ်ားသည် ဓါးကို ထမ်းကာ မိမိ၏ အရိပ်ကိုပင်လိုက်၍ ရန်ရှာနေသလို၊ ပညတ်ဆိုတာကိုလည်း တခြားမှာ အရှိထားပြီး၊ ဖြစ်မှားစရာ သာယာ နှစ်သက်စရာ ဖြစ်ပေါ်၍နေရှာကြပေသည်။

ဥပမာအားဖြင့် မျက်လှည့်သမား တယောက်သည် ကျွန်ုပ်ကား မျက်လှည့်ဆရာကြီးပါ။ ဝါ၊ ကျွန်ုပ်ကား လူလိမ် လူညာကြီးပါဟု သူ့ကိုယ်သူ ဝန်ခံနေပါလျက်၊ အတိုးအခ ကြေးငွေပေးကာ ကြည့်ရှုနေကြခြင်းသည် မျက်လှည့်ဆရာကိုဘဲ အဖြစ်ဆိုကြမည်လား။ သို့တည်းမဟုတ် ကြည့်သောသူတွေကို အဖြစ်တင်ကြမည်လား။ မျက်လှည့်ကြည့်ပရိတ်သတ်အားလုံးတွင် မျက်လှည့်ဆရာ၏ မာယာဝဥ္စနသတ္တိကို အနည်းအကျဉ်းမျှ မရိပ်မိရှာကြသော ကလေးသူငယ်များသည် သာယာစရာရှိလျှင် သာယာမယ်၊ ဒေါသဖြစ်စရာရှိလျှင် ဖြစ်မယ်ဆိုတဲ့သဘောများကို ထက်ကိုင်ပြုကာ၊ မျက်လှည့်ဆရာပြထားသော ရွှေကိုပင် အသုံးရ, အသုံးဝင် တကဲ့ရွှေထင်လျက်၊တဘက်သတ်အမြင်ဖြင့်၊ လိုချင် နှစ်သက်၍သာ နေရှာကြပေသည်။ အသိဉာဏ်ယှဉ်ဆင်ခြင်စဉ်းစား လူကြီးများမှာကား၊ မျက်လှည့်ဆရာသည် တပဲနှစ်ပြားမျှ, အတိုးခနှင့်လိုက်၍ပြနေသည်ကို ထေခံဆ

သဖြင့်၊ပကတိမျက်မြင်ရွှေဟုထင်သော်လည်း အတွင်းဝါတ်က ရွှေမဟုတ်ကြောင်း ကောင်းကောင်းကြီး သိသဖြင့် လိုချင်နှစ်သက် စွဲသမ်းခြင်းမဖြစ်နိုင်တော့ပေ။...... ထို့အတူ အနန္တပုထုဇဉ်သည့် ကလေးများအသွင် တဘက်သတ်မြင်သာရှိကြရာသဖြင့် တုံးဆိုတာ နာမ်၏သတ္တိ၊ တိုင်ဆိုတာ နာမ်၏သတ္တိဟု နှစ်သိနှစ်မြင် ပညာရှင်ကြီးများက ပြောဟောကြပြောပါသော်လည်း သဘောမကျနိုင်ဘဲ ဒေါသဖြစ်၍သာ နေကြပေသည်။ ဒါ့ကြောင့်- ထိုကလေးများကို အရေးလုပ်၍ရှင်းတမ်းထုတ်နေစရာမလိုတော့ပါ(ငါသားဘုရားမှ မတော်နိုင် ) ဆိုတာလို၊ပါဠိအဋ္ဌကထာများထုတ်၍ပြနေပြောသော်လည်း နွားကိုပတ္တမြားပေးသကဲ့သို့သာ ရှိနေချေမည့်တကား၊ထို့ကြောင့်(ဝိညာဏ်မြင်ကားအပါယ်မချ၊ ဒိဋ္ဌိမြင်ကသာ အပါယ်ချသည်၊ ဝိညာဏ်မြင်ကား ဘုရားပင်မြင်သေး၏ ) ဟု၊ ခြောက်စောင်တွဲကျမ်းကြီး၌ ပြထားတော်မူခဲ့ပေသည်၊ ဘုရားသခင် ကိုယ်တော်မြတ်သည့်လည်း ချစ်သွီးဝိသာခါ၊ ချစ်သား အာနန္ဒာ၊ ငါ၏သပိတ်၊ ငါ၏တောင်ဝှေး စသည်ဖြင့် ခေါ်ဝေါ် သုံးစွဲတော်မူသေး၏၊ ထိုသို့ သုံးစွဲပြောသော်သည်း ဝိညာဏ်မှား၏ ဝတ်ရင်းကို ထင်လင်းစွာ မြင်တော်မူထားသဖြင့် အမှားကို အမှားဘဲလို့ သိဒါသည့်ပင်လျှင် အမှန်ဖြစ်၍နေပေတော့သည်၊

## ဝိညာဏ်မြင်နှင့် ပညာမြင်ရှင်းတမ်း။

ဝိညာဏ်မြင်နှင့် ပညာမြင် နှစ်ပါးခြားနားပုံ

ဝိညာဏ်မြင်နှင့် ပညာမြင် နှစ်ပါး ခြားနားပုံကို ဥပမာ တင်စား၍ထင်ရှားအောင်ပြပါဦးမည်။ ငယ်ရွယ်စဉ်အခါက မိဘနှစ်ပါး သေဆုံးသွားသဖြင့် သနားစရာ ကျန်ရစ်ရှာသော တလသား, နှစ်လသားအရွယ် ကလေးသူငယ် တယောက်ကို၊ အခြားမိန်းမကြီးတယောက်က ကောက်၍ မွေးစားထားရာ သူငယ်ခမျာမှာ စကားပြီ, နားလည်အရွယ်သို့ရောက်သော အခါ၊ ထိုမိန်းမကြီးကိုပင် အမေစစ်ဟု, ထင်ရှာ၍ အမေ, အမေဟုသာ ခေါ်ဝေါ်နေရှာ၏။ ထိုမှတဖန် ဆယ်နှစ်, ဆဲ့တနှစ်အရွယ် ကျောင်းသားငယ်ဘဝသို့ ရောက်လာပြန်ရာ အခြားသော ကလေးသူငယ်များနှင့် ကစားပျော်ပါးနေရာမှ၊ ဟဲ့-အမေ မရှိတဲ့ကလေးဟု, ဆဲရေးတိုင်းထွာသံကြားရသဖြင့် ဒေါသဖြစ်ခါ ဒါ ငါ့အမေဘဲကွဟု, မိန်းမကြီးကိုပင် လက်ညှိုးညွှန်၍ပြလေ၏။ ထိုအခါ-အခြား သူငယ်များက, အဲဒါ-မင့်အမေမဟုတ် မင်းအမေက သေရှာပြီဟု ပြောကြပြန်သဖြင့် ဝမ်းနဲ့ပက်လက်ဖြစ်ခါ အိမ်ပြန်လာ၍ အမေလုပ်သူကို အကျိုးအကြောင်း မေးလေတော့သည်။ အမိလုပ်သူသည်လည်း မပြောလျှင်မပြီး မတိုးက မပြည့်ဆိုသလို၊ ဟုတ်တယ် လူကလေး မင့်အမေက, မင်းငယ်ငယ်က သေသွားရှာတယ်။ ငါက မွေးစားတဲ့ အမေဟုပြောလိုက်သောအခါ၊ (ဩော်....ငါ့အမေစစ်မဟုတ်ဘဲကိုး) ဟု စွဲသမ်းမှုပေါ်ရော့ကာ ဟာကနဲဖြစ်၍သွားလေသည်။

ထိုနောက်မှာလဲ အဖေ့အမေလို့ ခေါ်သေးတာပါဘဲ၊ ခေါ်ပေမယ့်လို့ နဂိုရ်မသိခင်တုန်းက ခေါ်တဲ့အမေနဲ့ ယခုသိပြီးမှ ခေါ်တဲ့အမေနဲ့ အသံထွက်ချင်းတူသော်လဲ အတွင်းဓာတ်က မတူတော့ဘူး၊ ဟိုတုန်းက ခေါ်တဲ့အမေကတော့ ပစပ်ကလဲ အမေလို့ ခေါ်တယ်၊ အတွင်းဓာတ်ကလဲ အမေစစ်လို့ ထင်တာဘဲ၊ ယခုသိပြီးမှ ခေါ်တဲ့အမေကတော့ ပစပ်က ခေါ်တိုင်းခေါ်တိုင်း အတွင်းဓာတ်ကလဲ တကယ်မဟုတ်ဘူးဆိုတာသိနေ၍ နှစ်သိ နှစ်မြင် ဖြစ်နေတော့ဒါဘဲ၊ ထို့တူပမာ ဝဋ္ဋမအမြင် အန္ဓပုထုဇဉ်များ ခေါ်ဝေါ်နေကြတဲ့ အမေ့အဖ ဆိုတာကတော့ ဗဟိဒ္ဓမှာ အရှိထားပြီး ခေါ်တယ်၊ တရားသိမြင် သူတော်စင် အရိယာများကတော့ ဗဟိဒ္ဓက ရုပ်တရား၊ အမေ့အမေဆိုတာ အဇ္ဈတ္တနာမ်ပေါ်တာပါလားဟု ရုပ်နာမ် နှစ်ပါး ခွဲခြားပြီးသား ဖြစ်နေလေတော့သည်။ ။ဤကား-ဝိညာဏ်မြင်နှင့် ပညာမြင်နှစ်ပါး ခြားနားပုံအချက်ကို သိသာရုံအမြွက်မျှ ပြဆိုလိုက်ခြင်းပေတည်း။ ။ဒါကြောင့်–ဓမ္မမိတ်ဆွေရေ....တရားသိတယ်ဆိုတာ ဘယ်လိုများ ဖြစ်သွားတာပါလိမ့်မလဲလို့ ခေါင်ပြီး အတွေးချော်မနေပါနဲ့၊ သိပ်ပြီးထူးထူး ဆန်းဆန်းကြီး မဟုတ်လှပါဘူး၊ တရားသိတော့ ခေါင်းက ဂျိုပေါက်လာတာလဲမဟုတ်၊ ထမင်းကိုလည်း ရှော့၍မစား၊ မျက်မြင်မှာ မထူးခြားတော့၊ မင်းတို့ တရားလိုက်စားနေတဲ့ သူတွေလဲ ပခုံးနှစ်ဘက်ကြား ခေါင်းပေါက်ပြီး၊ သားတွေ, မယားတွေနဲ့ နေကြတာဘဲ၊ ငါတို့နဲ့ ဘာများ ထူးသေးသလဲလို့

မေးတတ်ကြသည်၊ အောက်ပါအတိုင်းသာ ဖြေလိုက်ကြပေတော့။

ဆောင်ပုဒ်။

ပုထုဇဉ်များကတော့ အရေမ်းမဲ့ကြည့်တယ်။
အရိယာများကတော့ တရားနဲ့ကြည့်တယ်။
မျက်မြင်တွင်ကား မခြားလှတယ်။
အတွင်းခံတတ်မှာကား ကွာခြားကြတယ်။
သို့ပြေမဲ့မသိကြရင်တော့ တူသလိုထင်တယ်။
သိတဲ့ခါမှ မတူတာကိုမြင်မယ်။
ဝိပဿနာ ဉာဏ်မှန်ပေါက်တော့။
အဆံမရောက်တဲ့ သကြိုန်အမြောက်ပုံသို့နှယ်။

ခြောက်ဒွါရဆိုလေး

ဓမ္မမိတ်ဆွေရေ..... သောတာပန်စခန်းလောက် လမ်းပေါက်မှုရည်ရွယ်ချက်နဲ့ရေးနေတယ်နော်၊ရုပ်နာ့အမြင်နဲ့ နှိုင်းယှဉ်ပြီး အတွေးခေါင်မနေနဲ့အုံး၊ မဂ်ပယ်စဉ်ကိုလဲနားလည်းထားပါစေ၊ ထင်ရှားသည့်ထက် ထင်ရှားသွားအောင် ဥပမာတဆင့်ထပ်ဖွင့်၍ပြပါဦးမည်၊ ၊ယခု အသင်ဓမ္မမိတ်ဆွေနေတဲ့အရပ်ဌာနကနေပြီး၊ ခရီးဆယ်မိုင်လောက်ဝေးတဲ့အရပ်ဆီသို့ဖွင့်မ်းပြီးကြည့်လိုက်စမ်းပါ၊ ဆဲဒီနေရာဆီမှာ ကောင်းကင်က မိုးကြီးဟာ ကုတ်ကျနေတယ်လို့မထင်ဘူးလား၊ ထင်တဲ့အရပ်ဌာနသို့ ရောက်အောင် လူကိုယ်တိုင် သွားကြည့်လိုက်တော့ တကယ်မဟုတ်ဘူးဆိုတာ သိခဲ့ပြီဆိုပါတော့။ နေမြဲအရပ်ဌာနသို့ပြန်ခါ တဖန်ပြန်ကြည့်လိုက်စမ်းပါအုံး၊ ထင်မြဲထင်သေးတာဘဲ မဟုတ်

လား၊ ဒါပေမဲ့ လူကိုယ်တိုင် သွားမကြည့်ခင်ထုန်းက ထင်
တဲ့အထင်နဲ့ ကြည့်ပြီးမှထင်တဲ့အထင်နဲ့ မတူတော့ဘူး၊စဉ်း
စားမိရဲ့လား၊ အဲဒါလိုပါဘဲ အန္ဓပုထုဇဉ်များ အထင်က
တော့ မရောက်ခင်တုန်းကအထင်လို အဟုတ်ထင်, တကယ်
ထင်, တဘက်သတ်အမြင်သာရှိတာဘဲ၊ အရိယာများအမြင်
ကတော့ ရောက်ပြီးမှပြန်ကြည့်ဒါလို ပကတိ မျက်မြင်ထင်
ရှားမှ အတွင်းခံတ်က မဟုတ်ဘူးဆိုတာသိနေ၍ နှစ်သိ
နှစ်မြင် ပညာယှဉ်၍နေပေပြီ၊

ဒါ့ကြောင့်-ပုထုဇဉ်နှင့် အရိယာများ မျက်မြင်မှာ တူကြ
သော်လဲ အတွင်းခံတ်ကား ကွာခြားလှပေသည်၊ မျက်စိ
ကကြည့်ရာမှာ အန္ဓပုထုဇဉ်ကတော့ လူဆိုတာ ဗဟိဒ္ဓမှာ
အရှိထားပြီး ကြည့်တယ်၊ နာမ်၏သတ္တိ အတတ်သိကြတဲ့
အရိယာများကတော့ မြင်ရတဲ့အဆင်းခံတ်က ရုပ်တရား၊
လူဆိုတာက စိတ်ကြီးတဲ့နာမ်တရားဟု, ရုပ်နာမ်ကိုသာ ပွါး
ဗ်ရက်နေပေတော့သည်၊ နားကကြားရာမှာလဲ အဖေလို့
ခေါ်လိုက်သော အသံကို ကြားရသည်နှင့် သားဆိုတာ
ဗဟိဒ္ဓမှာ အရှိထားပြီး၊ ငါ့သားကလေးက, ငါ့ကိုခေါ်နေပြီ
ဟု အသံဆက်ဆတ် ရုပ်ခံတ်အပေါ်မှာ သားစွဲမိဋ္ဌိငြိနေ
လေသည်၊ အရိယာများကတော့ ဒီနားပေါက်က ကြား
တာချင်း တူကြငြားသော်လဲ အသံခံတ်ကား နားဝတွင်
ချုပ်ဆုံးကွယ်ပျောက်သွားသော ရုပ်တရားမျှသာ၊ သားဆို
တာ စိတ်ကကြီးတဲ့ နာမ်တရားဘဲဟု, ရုပ်နာမ် နှစ်ပါးကို
သာ ရှုမိရက်နေလေတော့သည်။ နှာခေါင်းက နံရာမှာလဲ
အနံ့ခံတ်က ရုပ်တရား၊မွှေးကရက် ပေါင်ဒါဆိုတာ

က နာမ်တရား၊ ပစ်ကစားရာမှာလဲ ရသာဓာတ်က ရုပ်တရား၊ ဝက်သား, ကြက်သား, အမဲငါး ဆိုတာက နာမ်တရား၊ ကာယဒွါရက တွေ့ထိရာမှာလဲ့ မာသဘောက ရုပ်တရား၊ ပုဆိုး အင်္ကျီဆိုတာက နာမ်တရား၊ နာမ်မှားပေါ်တာပါကလားဟု, ပညတ်တရား သီးခြားမရှိ၊ နာမ်,ရုပ် နှစ်ပါး၏ အသားကျကို တွေ့နေရပေတော့သည်။

ဒါကြောင့်—တရားသိတယ်ဆိုတာ တခြားမဟုတ်ပါဘူး။ ဪ ..... ( နဂိုရှိတုန်းက ငါတို့ ထင်ခဲ့တာတွေဟာ ဘာမှမဟုတ်ဘဲကိုး ) လို့ သိတာပါဘဲ။ အသင် ဓမ္မမိတ်ဆွေ တန်ခူးလသင်္ကြန်အခါ၊ မန္တလေး, ရန်ကုန်ဆီမှာ ပစ်ပေါက်ကြတဲ့ သင်္ကြန်အမြောက်ကြီးတွေကိုမြင်ဘူးတယ် မဟုတ်လား။ အဲဒီ အမြောက်ကြီးတွေဟာ အတွင်းက အဆံမပါတော့ အသံသာမြည်ပြီး ဗဟိဒ္ဓထွက်၍ မှန်စရာမရှိဘူး။ စစ်တိုက်ရာမှာ ပစ်ကြတဲ့ ရန်သူပစ် အမြောက်ကြီးတွေကတော့ အတွင်းက အဆံကြီး ပါနေသည့်အတွက် ဗဟိဒ္ဓမှာ မှန်စရာရှိသမျှ အကုန်လုံးမှန်ကုန်တော့ဒါပေါ့။ ထို့အတူ အန္ဓပုထုဇဉ်များမှာလဲ အတ္တဒိဋ္ဌိ အဆံပါနေသဖြင့် ဗဟိဒ္ဓမှာ သာယာနှစ်သက် ငြိစ်မှားကျူးလွန်စရာတွေ အမှတ်ထင်ပြီး ခိုးမှု, တိုက်မှု, သတ်ဖြတ်မှု စသော ဝိတိက္ကမတွေ လွန်ကျူးကုန်တော့ဒါဘဲ၊ အရိယာများမှာတော့ အတ္တ ဒိဋ္ဌိ အဆံ မပါသည့်အတွက် ဝိညာဏ်လိမ် အသံလောက်သာ မြည်ဟီးပြီး ဪ .....စိတ်ပေါ်ဒါပါဘဲကိုးဟု သိကြသဖြင့် ဗဟိဒ္ဓထွက်ခါ သာယာ ငြိစ်မှားစရာ မရှိကြတော့ဘူး။

ကဲ-ဓမ္မမိတ်ဆွေ-ဤမျှနှင့်ဘဲ တိုးနာမ်,ထိုင်နာမ်၏အချက်ဗမာပြန်သက်သက်နဲ့ ရှင်းပြခဲ့တာ စဉ်းစားမယ်ဆိုရင် နားလည် သဘောပေါက်လောက်ပါပြီ၊ ပါဠိ,အဋ္ဌကထာ မပါလို့ သဘော မကျနိုင်သေးဘူး ဆိုရင်လဲ အရှင်ဦးပဏ္ဍိဝ, ရေးသားဖွင့်ဆိုထားတဲ့ ကြောင်ပန်းထံ့ခွန်ခေါ် နာမ်ဒိုကာကျမ်းကြီးကို ကြည့်ပါအုံး၊ပါဠိတွေ မဘုန်နိုင်အောင် တွေ့ပါလိမ့်မယ်၊ အဲဒီ ကျမ်းကြီးကို ကြည့်လို့မှ သဘော မကျနိုင်သေးဘူးဆိုရင်လဲ မဘတ်နိုင်တော့ဘူး၊ ကျနုဝ်တို့ သာဝက မဟုတ်တော့ပြီ၊အသင် သဘောကျတဲ့ ဆရာတပါးထံသို့သာ ခတ်မြန်မြန် သွားပေတော့ဟု တိုက်တွန်းလိုက်ရပေတော့သည် ဟူလို၊

---

## ကြောင်စောင်လွဲတဲ့ ပုထုဇဉ်။

ယထာပိ အဂ်သမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထောဣထိ၊
ဧဝံ ခန္ဓေသု သန္တေသု ဟောတိ၊သတ္တောတိ သမုတိ၊

အဂ်သမ္ဘာရာ၊ ဝင်ရိုးတဝ စက်ဘီးတသွယ်၊ ချယ်လယ်ပေါင်းယှဉ်၊တပ်ဆင်ဖွဲ့ထား၊အဆောက်အအုံများကြောင့်၊ ရထောဣတိသဒ္ဒေါ၊ ရထား ရထား၊ လူအများတို့၊ စကားအရာ ပြောဆိုဌါဟု၊ရကာဗိုင်းအုံ၊ သမုတ်ကုန်လပ်၊ ရထားဟူသော အမည်ပညတ်သည်၊ ဟောတိ ယထာ၊ ပကာတိတရား၊ မရှိပြားလဲ၊တင်စားကော်ရော်၊ ခေါ်ဝေါ်စရာ ဖြစ်ပေါ်သာသကဲ့သို့၊ ဧဝံ၊ ထိုရထားနှင့်၊ မခြားစံယူ၊ အလားတူသာလျှင်၊ခန္ဓေသု၊ရုပ်ဝေဒနာ၊ သညာ သင်္ခါရ၊ဝိညာဏ

ဟု၊ ငါးခု ငါးဖြာ၊ ငါးခန္ဓာတို့သည်၊ သင်္ခတသု၊ ထင်ရှား တွေ့ကြို၊ အကြောင်းရှု၍၊ ပေါင်းဆုံကြကုန်သည့် ရှိသော်၊ သင်္ကေတ သမုတိ၊ သတ္တဝါဟု၊ ခေါ်ဝေါ် ပြုတို့၊ သမုတ် မှတ်၊ အမည်ပညတ်သည်၊ ဝါ၊ ကမ္ဘာဦးသား၊ လူအများတို့၊ တင်စားကော်ရော်၊ ခေါ်ဝေါ်ကာမျှ၊ အဘာဝပညတ်သည်၊ ဟောတိ၊ ရုပ်နာမ် နှစ်ပါးမကွဲပြားက၊ ထင်မှားဘွယ်ရာ၊ ဖြစ်ပေါ်လာ၏၊......ဟောတိ၊ ရုပ်ထဲမှာလဲ သတ္တဝါမပါ၊ နာမ် ထဲမှာလဲ သတ္တဝါမပါ၊ ကြောင်းကျိုးဆက်စပ်၊ ပရမတ် တံထွာ၊ သယ်ဓာတာ၊ သဘာဝမို့၊ ငါမရ သူမရှိ၊ ပကတိ အနတ္တာ၊ သတ္တဝါဆိုတာ အရိပ်မျှမို့၊ သြော်—စိတ်ကကြီ ရုံသာ၊ ဟောတိ၊ ဤအချက် ဆုံးပိုင်ကြီးလျှင်၊ တုံးတိုင် နာမ့် ဆိုတာ ထင်အရှားပါဘဲ မမြင်ကြသလို ယောင်တောင် တောင် ငနဲ့တို့မှာဖြင့်၊ အထင်မှားပိုမို ရှောင်ပယ်ကာလွဲလွဲ ပြီး၊ သခိတတွေကို အကောင်အထယ်နဲ့ စွဲကြဒါကြောင့်၊ သြော်......ကြောင်တောင်လွဲကြီးတွေသာ ဖြစ်၍နေကြလေ သတည်း၊

### ကျေးဇူးရှင်ကို ကျေးစွပ် ဖြစ်မှားကြပုံ။

ဤကဲ့သို့ ကျေးဇူးရှင်-ပဌမ ကြောင်ပန်းဆရာတော်၊ ဒုတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓ၏ ပဋိပတ္တိသာသနာကြီးကို ဖွင့်ဟစ်ကာ စာမတတ်သော သူများပင် နားလည်နိုင်လောက်အောင် ဝိပဿနာအလုပ် အားထုတ်ရာဝယ် ဉာဏ်အမြင် ကြည်လင်သန့်ရှင်းစေခြင်း ငှါ ရုပ်နာမ် နှစ်ပါးကိုအသားချ၍ ပါဠိတော်ကြီးများကိုလဲ

ဗမာပြန်ရှင်းရှင်းနဲ့ ဘာသာပြန်ပြီး အနှသာသနီနည်းအရ ဘွင်းဘွင်းကြီး ဟောပြောတော်မူခဲ့ကြသည်။ ဝေထန်မှုဉာဏ် မရှိသဖြင့် အနည်းအကျဉ်းမျှ မသိမရိပ်မိရှာကြကုန်သော သူတို့သည် စေတနာကို ဝေဒနာထင်မှတ်ကာ၊ ရန်သူ အသွင်၊ ဆူးသာဝင်၍၊ မုံ့ဟင်းခါးသယ်မျက်နှာကို ကြက်မ ကြည့်ချင်သလို၊ ကြောင်ပန်းဆိုလျှင် အသံကိုမှ မကြားချင် အောင်ဖြစ်၍နေသူများလည်း ရှိကြပေသေးသည်။

## နမိတ်မရှိ-နမာမရှိ။

ရွာတရွာ၌ ကျုနုပ်ကြားဘူးသည်မှာ....ဒကာ,ဒကာမ များ ဦးထိပ်ထား၍ ကိုးကွယ်ကြသော ဆရာတော်တပါး သည် မိမိ၏ဒကာတဦးက, သားရှင်ပြုမင်္ဂလာ ပြုလုပ်လို ပါသည်ဖြစ်၍ ထိုဆရာတော်ဘုရားထံ လျှောက်ထားတိုင် ပင်သည်မှာ၊အရှင်ဘုရား......တပည့်တော်မှာ–အလှူမင်္ဂလာ ပြုလုပ်လိုပါသည်၊နေ့ကောင်း ရက်သာများ ရွေး၍ပေးသ နားတော်မူပါ၊ အထူးလျှောက်ထားလိုဒါကတော့၊ တပည့် တော်အလှူမှာ သူများတကာလို ဇာတ်ပွဲ,ဆိုင်းပွဲများကို ထည်းဝါသနာမရှိ၍ မထည့်လိုပါ၊ဓမ္မကထိကကိုယ်တော် များကို ပင့်ဖိတ်၍ ညတရားပွဲများနှင့်သာပြုလုပ်လိုပါသည် ဟူ, လျှောက်ထားသောအခါ၊ ထိုဆရာတော်ဘုရားမှာ မျက်စိ မျက်နှာပျက်၍ ရှေးအခါက, ဘုန်းကြီးတပါး ကျောင်းသား လူလယ်တယောက်ကို အဆုံးမ,ခက်သလို ဖြစ်နေတော့ဒါပေါ့။ ဘယ်လိုလဲဆိုတော့ အဲဒီ ဘုန်းကြီးက လဲ ဝက်သားကို တော်တော်ဘဲကြိုက်ဆိုကိုး။ ဒါထဲက,

ကျောင်းသား လူသယ်နဲ့ တွေ့နေတော့၊ ကျောင်းသား ကလေးက ရွာထဲက ပါလာသမျှ ဝက်သား၊ ကြက်သား တွေ ဆွမ်းတော်ပွဲ အကုန်ကောက်၍စွန့်ပြီး သူချည်းစား ပစ်သတဲ့။ ဒီတော့ ဘုန်းကြီးမှာ သူကြိုက်တဲ့ ဝက်သားကို လဲ မစားရ၊ ဘုရားကို ဆွမ်းတော်မတင်နဲ့ လို့ ပြောရမှာ လဲ ခက်နေတော့၊ ဆွမ်းစားရင်းနဲ့ ကျောင်းသားတွေကို စောင်းပြီး ( လောကမှာ ဘုရားနဲ့ ပင်းပြီး မိုက်တဲ့ အကောင်လောက် ဆုံးမရ ခက်ထာမရှိဘူးကွ ) လို့ ဆိုသတဲ့ ယခုဒီမှာလဲ တရားပွဲဆိုတော့မလုပ်နဲ့ လို ဆိုရမှာလဲ အခက် ဆိုင်းဓာတ်ကို တဲ့ ပါလို့ ခိုင်းရမယ်ဆိုရင်လဲ မကောင်း ဖြစ်နေတော့၊ နေစမ်းပါဦးဒကာရဲ့ ..... ယခု မင်းပင့်ချင်တဲ့ ဓမ္မကထိက ကိုယ်တော်က, ဘယ်ကလဲလို့ မေးသတဲ့။ ဒီတော့မှ-ဒကာလုပ်တဲ့ လူက အရှင်ဘုရား ယခုအခါတော့ ကြောင်ပန်းကိုယ်တော်တွေဟာ တရားအပြ, အသ, တော်တော် ကောင်းတာဘဲ။ အဲဒီ ကိုယ်တော်တွေကိုဘဲ ပင့်ဘို့ရာ စိတ်ကူးထားတယ်လို့ လျှောက်ထားလိုက်တော့၊ ဆရာတော်ဘုရားမှာ မျက်နှာကြီးနီမြန်းကာ၊ အောင်မာ လုပ်ရမှာက အလှူမင်္ဂလာပွဲ၊ ကြောင်ပန်းကိုယ်တော်များ ဟောမဲ့တရားက ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ လူမရှိ၊ နတ်မရှိနဲ့ အတိတ်နိမိတ်မရှိတဲ့ အမင်္ဂလာစကားမို့ လားလားမှ မတော်ဘူး။ မင့်သဘောနှင့် ထင်ရာလုပ်မယ်ဆိုရင်လဲ ငါ့ကို လာပြီး တိုင်ပင်မနေနဲ့ ဆိုပြီး၊ ဘိုဆရာသမထမှာ သူ့အလိုကျ ဆိုင်းဓာတ်က မပါသဖြင့် ဒေါထ၍နေသတဲ့။

ဓမ္မမိတ်ဆွေရေ.....ပုဂ္ဂလမိဉ္စာန် အစွဲသန်ပြီး ကြောင်

ကို မုန်းတဲ့ အကြောင်းပြောမိတော့၊ မြို့မကျ, တောမကျ,
ဈာနတခုက၊ စာချဘုန်းတော်ကြီးတပါးအကြောင်းပေါ်လာ
ပြန်တယ်။ ထိုဘုန်းတော်ကြီးကျောင်းမှာ ဒကာ,ဒကာမ
တွေက ဥပုသ်နေ့မှာ ဥပုသ်စောင့်နေကြတာကို။ မွန်းလွဲလို့
နေ့ဆွမ်းစားပြီးစ အချိန်ကလေးမှာ၊ ဗိုက်ကလဲလေးတာနဲ့
ကျောင်းပေါ်က ဆရာတော် အေးခုတင်ပေါ်ပက်လက်လှန်
ပြီး မှေးနေခိုက်၊ ဥပုသ်သယ် ဒကာ,ဒကာမတွေက သူညီ
သူညံ့နဲ့ ပရမတ်တရား,ဓါတ်တရား ဆွေးနွေးတဲ့ အသံတွေ
ကြားရတော့၊ အိပ်လို့ကလဲ မရတာနဲ့ ဒေါပွ၍နေသတဲ့
ဒီအထဲမှာ ကျောင်းအောက်က, ဒကာ တယောက်က၊
ကြောင်ပန်း ခြောက်စောင်တွဲကျမ်းကြီးကို ကိုင်ပြီး အော်
ကျယ်– အော်ကျယ်နဲ့ ဖတ်နေတဲ့အသံ ကြားရပြန်တော့၊
ကျောင်းပေါ်က ဆရာတော်က,ဗိုက်၍နားထောင်ပြီး၊ ဟဲ့
ဒကာ … ခဏလောက် ရပ်လိုက်စမ်းပါအုံးကွဲ့၊ယခု မင်း
ဖတ်နေတဲ့စာတွေဟာ တယ်ပြီးအနှစ်အသားပါပါကလား
သာမညစာ မဟုတ်ဘူးဟေ့။ ရဟန္တာဉာဏ်အမြင်တွေ
ရေးထားဒါ အလွန်ကောင်းတဲ့ စာဘဲလို့ချီးမွမ်းပြီး၊ နေ
စမ်းပါအုံး စာအုပ်အမည်က,ဘာတဲ့လဲ၊ကျမ်းပြုရှင်ပုဂ္ဂိုလ်
က ဘယ်သူတဲ့တုန်းလို့ မေးလိုက်တော့၊ကျောင်းအောက်
က ဒကာက,မှန်ပါ—ကြောင်ပန်းခြောက်စောင်တွဲကျမ်းပါ
တဲ့ဘုရားလို့ လျှောက်ထားလိုက်ခါရှိသေး၊အမယ်လေး–
အဟုတ်မှတ်လို့ ချီးမွမ်းနေ၊ ဒီစာလောက်တော့ ငါက,
ခြေထောက်နဲ့တောင် ရေးနိုင်ရဲ့လို့ဆိုသတဲ့။ ။ခမ္ဘမိတ်
ဆွေရေ-ဒီလိုအကြောင်းတွေ ရှောက်ပြောနေလို့တော့ ကုန်

မှာမဟုတ်ပါဘူး၊ အချို့အရပ်ဒေသများ၌ ကြားရဘူးသည်
မှာ ကြောင်ပန်း ဆိုလျှင် မှန်းစိတ်ဝင်၍၊ ကြောင်ပန်းပင်ကို
တောင် အိမ်ဝိုင်း၊ ကျောင်းဝိုင်းထဲ မစိုက်ရလို့ တားမြစ်
ထားကြသေးသတဲ့ အချို့အရပ်များဆိုရင်လဲ ကြောင်ပန်း
ခြောက်စောင်တွဲတွေ သဲပုံစေတီတည်ပစ်တယ်လို့ ကြားရ
တယ်၊ အချို့မှာလဲ မီးရှို့ဘို့ရာ ကြံစည်ကြသေးတာဘဲ၊ မသိ
ရင်တော့ ကြောက်စရာဘဲနော်၊

ကျေးဇူးရှင်ကို ကျေးဇူး ပြစ်မှားတဲ့ တောသွားပုဏ္ဏား
လူနွားနှင့် တသားတည်း တူမနေကြဘူးလား၊ ၊ရှေး
အခါက ကာသိက ရွာသား၊ လယ်လုပ်ယောကျ်ား ပုဏ္ဏား
တယောက်ဟာ၊ နွားပျောက်လို့ လိုက်လံရှာဖွေရာမှ မျက်
စိလယ် လမ်းမှားပြီး အတောင် ခြောက်ဆယ် နက်တဲ့
ချောက်ကမ်းပါး ကျသွားရှာသတဲ့၊ အစာရေစာလဲ မစား
မသောက်ရနဲ့ ဒုက္ခရောက်နေတဲ့ ပုဏ္ဏားကို ငါတို့ ဗုဒ္ဓ၏
အလောင်းတော် မျောက်မင်းကြီးက မြင်လေတော့၊ ကရု
ဏာသက်ဝင် မေတ္တာယှဉ်ပြီး၊ ချောက်တွင်းမှ ကယ်တင်
ရန် ကြံရွယ်ကာ ပုဏ္ဏား၏ခန္ဓာကိုယ်တမျှ အလေးချိန်ပမာ
ဏရှိတဲ့ ကျောက်ခဲကြီး တခုကို ချီမ,ကာ၊ ယခုကာလ,
ကာယဗလသမားများ အလေးမ,ကစားကြသလို၊ မိမိ၏
အားအစွမ်းကို စမ်းသပ်တော်မူပြီးမှ ကယ်တင်နိုင်လောက်
မည့် အခြင်းအရာကို သိ၍ ချောက်တွင်းသို့ ခုန်ဆင်းကာ
ပုဏ္ဏားကို ကျောမှာ ပိုးစေပြီး အားကြိုးကာ ခုန်တက်
တော်မူရှာတယ်၊ အဲဒါလို ကျေးဇူးတုံးကိုထမ်းပြီး အား
ငမ်းရတာကလဲ တမ္မာန၊ အတောင်ခြောက်ဆယ်မြင့်မောက်

တဲ့ ချောက်ကမ်းပါးက ပုဏ္ဏားကို ထမ်းပိုးပြီး ခုန်တက်ရ တာကလဲ တဌာန၊ အလွန်တရာ ပင်ပန်းလှတာနဲ့ ခေတ္တ ခဏ အမောအပန်းပြေစေရန် ပုဏ္ဏား၏ပေါင်ကို ခေါင်း အုံးပြုပြီး ရန်သူများ မလာအောင်စောင့်ရှောက်ပါလို့ ပြော ကြားကာ အိပ်ပျော်သွားရှာတယ်။ ထိုအခါ မိတ္တာပုဏ္ဏား မှာ ပင်ကိုယ်ပကတိက ယုတ်မာသော စိတ်ဓာတ်ရှိသည့် အားလျော်စွာ၊ ကျေးဇူးရှင်ကြီး၏ အပေါ်မှာပင် ကျေးဇူး တွေကိုသတိမရနိုင်တော့ဘဲ၊ လောဘတဏှာက တိုက်တွန်း နှိုးဆော်လာသဖြင့် ကျေးစွပ်ပြစ်မှားရန် မသမာသော အကြံတခုပေါ်လာသည့်မှာ၊ ယခုအခါ ငါ့မှာ အစာအာဟာ ရ မစားရတာကလဲ ကြာလှပြီ၊ သွားရမည့် ကန္တာရခရီး ကလဲမနီးလှသေးပေ၊ ဒီတော့ စားနပ်ရိက္ခာအစာအာဟာရ ကိစ္စလဲ ပြီးစေတော့၊ သားမယားထံရောက် ရောက်တဲ့ အခါလဲ လက်ဆောင်သ ရန် မျက်နှာလှစေတော့လို့ အကြံ ယုတ်ပေါ်ကာ၊ အနားမှာရှိတဲ့ ကျောက်ခဲကြီးတခုနဲ့ ကျေး ဇူးရှင်ကြီး၏ ဦးခေါင်းကို မရှုမလှ ရက်စက်စွာထုသတ်လေ တယ်၊ ထိုအခါ အလောင်းတော် မျောက်မင်းကြီးမှာလဲ ပြာယီးပြာယာ အိပ်ရာက လူးလဲထကာ ဦးခေါင်းက သွေး စက်တွေကလဲဖြာလို့၊ ရန်သူကို ကြည့်ပြန်တော့လဲ အခြား တပါးကိုမမြင်ရ၊ မသမာတဲ့ မိတ္တာပုဏ္ဏားကိုသာ ရန်သူ အဖြစ် တွေ့နေရတယ်၊ ဒီမှ တော့ပုဏ္ဏားယုတ်ကလဲ မိမိ၏ ပြစ်မှားမိတဲ့ အကုသိုလ်ကို သတိရ၍ ကရုဏာစွဖြစ်ခါမသာ ယာသောမျက်စိမျက်နှာနဲ့ မျောက်မင်းကိုကြည့်ပြီး၊ အရှင် မျောက်မင်း-ကျွန်ုပ် ပြစ်မှားမိတာကိုလဲ သည်းခံတော်မူပါ

ကျွန်ုပ်တော့ မှားပါပြီ၊ ယခုအခါ ကျွန်ုပ်မှာဆိုရင် ရပ်ရွာသို့ ရောက်အောင် ဘယ်နည်းနှင့်မှ မပြန်တတ်တော့ပါဘူး။ အရှင်မျှော်မင်းရဲ့ အသက်သာလျှင် ရှိပါတော့တယ်၊ အရှင်မျှော်မင်း လိုက်၍ပို့မှ ချမ်းသာရပါတော့မယ်လို့ တောင်းပန်ပြန်သတဲ့။ ဘယ့်ကလောက် မျက်နှာပြောင်တဲ့ ပုဏ္ဏားလဲဆိုတာ စဉ်းစားသာကြည့်ပါတော့။—အလောင်းတော်မြတ် မျောက်မင်းလဲ ဦးခေါင်းကဒဏ်ရာ မသက်သာလှသဖြင့် မျက်ရေများ စက်လက်ကျကာ၊ မိမိ၏ ခန္ဓာသန္တာ မေတ္တာ စသော ပါရမီများ ပြည့်ရန်အရေးကိုသာ မြော်တွေးဆင်ခြင်ပြီး၊ အသင် ပုဏ္ဏား–ငါကား အသင်နှင့်တကွ မြေပြင်က ခြေလျှင်သွား၍လမ်းမပြနိုင်တော့ပြီ၊ သစ်ပင်ပေါ်မှနေပြီး တပင်မှ တပင် ခုန်ကျော်ကာ ငါသွားမည်၊ ငါ၏ ဦးခေါင်းမှ ကျသော သွေးစက်များကိုသာ မပြတ်အောင် ကြည့်ရှု၍လိုက်ခဲ့ပေတော့ဟု၊ သွေးစက်များချကာ ပြည်ရွာသို့ ရောက်အောင် လမ်းပြလိုက်ရှာသေးသတဲ့။

ထို့အတူပမာပါဘဲ၊ ကျွန်ုပ်တို့၏ ကျေးဇူးရှင် ပဌမ, ဒုတိယ ကြောင်ပန်း ဆရာတော်ဘုရားကြီးများ ဟာလဲ သတ္တဝါများကို သံသရာချောက်တွင်းမှ ကယ်တင်နိုင်ရန် စိတ်အကြံဖြင့် မိမ္မာန်ပြုကာ၊ ဝိပဿနာ တရားတော်မြတ်ကြီးတွေကို ကိုယ်တိုင်အားထုတ် စမ်းသပ်တော်မူပြီးလျှင်၊ အရပ်ရပ် အနယ်နယ်သို့ လှည့်လည်ကာ တကဲ့စေတနာဖြင့် တရားမိုးကြီးများ ရွာသွန်းကာ ဟောကြား ကယ်တင်တော်မူကြပါသည်ကို၊ မနာလိုမုန်းထား အလိုလို ဒေါမာန်ပွါးကာ ဏှာသာ ကျောက်ခဲ, မစ္ဆေရကျောက်ခဲဘို့

ဖြင့် ပေါက်ခွဲ၍၊ သပိတ်မှောက်လိုမှောက်, ခွက်မှောက်လို
မှောက်၊ အယူလွဲတယ်လို့ထင်သူထင်၊ အဆိပ်ပင်လို့ ပြော
သူပြော၊ သဘောဆိုး စိတ်ယုတ်မာတို့ဖြင့် ဖွပ်ဖွဲ့ ဖြစ်မှား၍
သာ နေကြပါလှန့်၏၊ ထိုသို့ပင် အမျိုးမျိုးအဖုံဖုံ ဖွပ်ဖွဲ့ ဖြစ်
မှား နှောင့်ယှက်ပြောဆို၍နေကြပါလှန့်သော်လည်း၊ သူတို့
အပေါ်မှာ ပြန်၍ဒေါသ ဖြစ်တော်မမူဘဲ သနားသော ကာရု
ဏာဖြင့်သာ အရစ်ရစ်အနယ်နယ်သို့ လှည့်ထည်၍အဆင်းရဲ
ခံကာ ဟောကြား ကယ်တင်တော်မူပြီးလျှင်၊ အလောင်း
တော် မျောက်မင်းသည် သွေးစက်များ ချ၍ ပြသွားသလို၊
ထိုနှင့်မခြား အလားတူစွာ၊ ဘေးဘျမ်းကင်းရာ နိဗ္ဗာန်တာသို့၊
အရောက်ပို့လိုသော စေကနာဆန္ဒဖြင့်၊ ဝိဝဋ္ဋဒီပနီ, ဝိပဿ
နာ ဒီပနီ သဘာဝဒီပနီ စသော ခြောက်စောင်တွဲကျမ်း၊
တရားသင်နည်း-ဆွေးနွေးနည်းခေါ် "သုံးစောင်တွဲကျမ်း"
တည်းဟူသော လမ်းစဉ်ကြီးများကို ချထားကာ၊ မသမာ
သော ဓာရာ, ဗျာပိမ့်မရကာ၊သံသရာ ရန်သူကြီးများ လက်
ချက်ဖြင့် သေဘက်သို့သာ လိုက်ပါသွားကြ ရရှာ လေပြီ
တကား။ တရားခမ္ဘတွေကို နားမဝ,တဝနှင့် ဝမ်းနည်းစွာ
ကျန်ရစ်ရှာကြသော ကျေးဇူး မြင်သိ တပည့် ကြီးငယ်
အသွယ်သွယ်တို့သည် ကန္တာခန်းသော်လဲ ဥဒါန်းမကျေနိုင်
ဆိုသော စကားကဲ့သို့၊ လွမ်းတာ့ခွေယိုင် ဖြေဆည်နိုင်ရှာ
ကြသဖြင့်၊ အထိမ်းအမှတ် ကျောက်စာတိုင်ကြီး များနှင့်
တကွ၊အရိုးအိုးစေတီကြီးများကိုတည်ဆောက်ပါ၊အောက်
ပါ ကမ္ဗည်းစာကလေးများဖြင့် မှတ်တမ်းတင်၍ ထားခဲ့ကြ
ပေသည်။

## ကျေးဇူးရှင်
## ပဌမကြောင်ပန်း ဆရာတော်ဘုရားကြီး၏
## ဘုန်းတော်ဘွဲ့ လာတော်မူ တေးထပ်။

တောင့်နှစ်ရာ ကောဇာနှစ်၊ ရှစ်ဆယ်ရှစ်မှာတွင်၊
မကာရ ရာသီခွင်ဝယ်၊ သာကီရှင် ဒို့ဖုန်း။
ဆန်းသုံးရက် လ,ပြာသိုမှာ၊ မြွက်ညို မွေးပျံ့ကြိုင်တုန်း။
နတ်အပေါင်း ဆောင်ထမ်းယူသည့်၊ ကြောင်ဝန်းတသု
လက်ရုံး၊
တောင်ကျွန်းဇမ္ဗူ မျက်နှာဖုံးဟာရို့၊ တသက်လုံးမျှော်ပေ၊
ယနေ့တိုင် မေ့နိုင်ဘဲသာပ၊ဆွေ့ယိုင်လဲ သဲကြွေလှုနေ၊
ကြွလာနိုးနှင့် တ,လျက်မပြေသည့်၊ ကျွမျက်ရေ စန်းငွေဥ
ရယ်နဲ့၊
လွမ်းလေယာခ များတပဲ့ရှင်လျှ၊သနားငဲ့တော်မူ၊
တရားပြလို့ ဆရာတော်တဆူငယ်၊ လာတော်မူ ရှုအုံးဖျာ့
လေး။

---

## ကျေးဇူးရှင်
## ဒုတိယကြောင်ပန်းဆရာတော်ဘုရားကြီး၏
## ဘုန်းတော်ဘွဲ့ မမေ့နိုင်တေးထပ်။

ထောင့်နှစ်ရာ ပြိုးကြွယ်လစ်၊ ကိုးဆယ်ရှစ်မှာနေ၁၊
သတိုးနွယ်စစ် ကဏ္ဍာကျော်သည့်၊ဆရာတော်ကြောင်ပန်း။
တော်သထင်း ရင့်မာထုံတယ်၊ ပင့်ဖြယ္ဓာရုံ ခွင့်ပန်သည့်
အခန်း၊

ဆန်းဆယ်ရက် ညီညာဆောင်သည်၊ ပြည်ပြဟ္မာဘောင်
ထက်နန်း၊
နီလာရောင် ယှက်သန်းတဲ့၊ နံနက်ချမ်းရီရီ၊
သုံးနာရီ ယှွင်းမပျက်ပါဘူး၊ ဆင်မင်းရက် မြန်းထွက်ပျော်
သည်၊
နန်းကနက် မျှော်ခါရည်သည်၊ ပေါ်မထသာပြီ ပန်းသာ
ဘုရဂူကိုလ၊
မှန်းကာဆ ပဏာချွေ၊ တမ်းတ တွေတွေ၊
လွမ်းသမျှ ကဏ္ဍာကြေတောင်၊ မဟာထေရ် မေ့ဘူးဖျော့
လေး၊

---

ကျောက်စာတိုင်ကြီးများ၏အသိမ်းအမှတ်ကုသိုလ်တော်

## ရှစ်ဆယ်ပေါ် တေးထပ်။

အခွင့်သာ ကျင့်စရာ ပွင့်ခါပြီ၊ အရှင်မဟာခမ္မ ကျမ်း ခြောက်စောင်၊ အခွန့်ကာလ လျှမ်းတောက်ပြောင်သည်။ မှန်းထောက် နောက်နောင် တကဏ္ဍာနီး၊ နောက်သား၊ နောက်ဖျား ပျောက်ရှား အစဉ်မကွာအောင်၊ ကျောက် သားအပြင်မှာ ဆောက်သွားတင်လို့အပြီး၊ ၊အများ အမြင်ကြီး၊ တရားသင်နည်း၊ ချွေးခွေးနည်း ရွှေခက်ချော ကို၊သေလကျွရ ဆက်ကာမြဲ၊မဟာလက်ထက် သာသနာ မဂ်အမတာခရီးသို့၊တချက်တပါတည်း ရည်ရော်း တပည့် တွေ့ ခရိုကေ-သတိနေ့မလင့်ကြတာကြောင့်၊ သိနသာအခွင့်

နှိုင်းချင့်ပူဇော်၊ ၊အပိုင်အခဲ မယိုင်မလဲ ခိုင်မြဲတဲ့ ကုသိုလ်တော်ကို ပြုလိုသော် အာတိဒုဿဘပေရို့၊ ဂတိသုံးဘဝ ခဲခက်ရှော၊ ကဲထက်စေတနာ၊ ၊ကောင်းစနက် ပေါင်းဘဝင် လောင်းမြွက်ပါသည်၊သောင်းစက္ကဝါ အချယူကြလေး၊ ၊ရပ်ဆန်း ကပ်လှမ်း နတ်နန်း ပလ္လက်ဇာမှာ၊မြတ်ပန်းအရှင် နှစ်ဖြာ သာရသံထင့်လေ။

---

**ဂီတနှင့်ပတ်သက်၍ မှတ်ချက် ရှင်းတမ်း။**

ဘယ်ကလာလာ၊ ဘာကိုပြောပြော၊ ဘယ်သဘောစမ်းစမ်း၊ ဘယ်လမ်းကိုလိုက်လိုက်၊ နောင်စခန်းတွင်၊ အောင်နန်းအဝင်မှာ၊ ကြောင်ပန်းပင်သို့ ဆိုက်ကြရလိမ့်မတဲ့, ဆိုသော ကြောင်ပန်းတိတ်တဘောင်အရ၊ ယခုအခါ ထိုဆရာတော်ဘုရားကြီးများကိုသာ တောင့်တ၍နေကြရလန့်ပြီတကား။ ထိုစဉ်အခါက ဆရာတော်ဘုရားကြီးများသည် သတ္တဝါတို့၏ အလိုကို ဆန်သွားချမ်းမှု ငဲ့ညှာတော်မမူဘဲ၊ အနိစ္စ, ဒုက္ခ, အနတ္တကို သွယ်ဝိုက်သော ပရိယာယ်နည်းမပါ မှုချထိုက်ရိုက်နည်းဖြင့်သာ တဲ့တဲ့ကြီး ဟောကြားတော်မူခဲ့ကြပါသဖြင့်၊ ကြောင်ပန်းသာသနာကြီးသည် ယခုအခါလောက် ပွင့်လင်း စည်ကားခြင်းသို့ မရောက်ခဲ့ပေ၊ ထိုဆရာတော်ဘုရားကြီးများမရှိသည့်နောက်၊ ယခုအခါ ဝိပဿနာတရား လိုက်စားသူမှန်သမျှတို့၏ ချီးကျူးခြင်းခံရသော ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဆရာတော် နိုင်ငံကျော် ( ဦးတိဿဒ္ဓ ကြောင်ပန်းရှင် ) သည်၊ ဆရာတော် ဘုရားကြီး များ၏ အနတ္တ သာသနာကြီးကို ဆက်လက် တည်ထောင်ကာ၊

လောကဥပမာအားဖြင့် ရောဂါအမျိုးမျိုးစွဲကပ်နေသော သူနာများကို ကုသကြသော ဆေးဆရာပေါင်း မြောက်မြားစွာရှိရာတွင်၊ လိမ္မာသောဆေးဆရာသည်စဉ်းစားဆင်ခြင်ရာ၊ သူနာမှန်သမျှ အချိုအချဉ် စားချင်သူက များ၏၊ သို့သော် အချိုအချဉ်နှင့်ကားမသင့်ပေ၊ ထိုသူ၏သန္တာန်၌ စွဲကပ်နေသော ရောဂါသည် အလွန်တရာ ခါးလှစွာသော မုတ်ကဲဆေးကြီးကိုစားမှ ပျောက်မည်ကိုသိ၏၊ သူနာများကား မစားလိုကြပေ၊ဆေးကိုအလွန်တရာကြောက်၏။ ထိုအခါ-ဆရာလုပ်သူသည် ရောဂါပျောက်စေလိုသော စေတနာကိုသာ အဓိကထား၍၊ ဆေးကို ဝမ်းထဲသို့ ရောက်စေခြင်းငှါ မသောက်ချင် သောက်ချင်အောင် ကြံဖန်၍ပေးရသည်မှာ၊ ဆေးကို မသိမသာ အနည်းငယ်မျှသာထည့်၍၊ မန်ကျည်းသီး,ထန်းလျက်,ကြံသကာ စသောအချိုအချဉ်ကလေးများ ဖုံးလွှမ်းဝန်းရံကာပေးလိုက်သောအခါ သူနာသည် ရွှင်ရွှင်ပျပျ ထ၍သောက်သဖြင့်၊ ရောဂါပျောက်ကင်းချမ်းသာမှုကို ရလေတော့၏၊ဆရာလုပ်သူသည် သူနာနှင့်အချိုအချဉ် မသင့်ဘူးဆိုတာကိုသိပါသည်၊သိလျက်နှင့်ဘာ့ကြောင့် ကျွေးသလဲ စဉ်းစားစမ်းပါ။ ဆရာအလိုကတော့ ဆေးတမျိုးထည်းနဲ့ အားလုံးသော သူနာတွေပျောက်စေချင်တာပေါ့၊ ဆေးပုလင်းပေါင်းများစွာကို အဘယ်မှာဒုက္ခခံပြီး ထားချင်ပါမလဲ၊သို့ပေမဲ့ သူနာတွေက အစားစားရှိနေတော့ ဆေးအမျိုးမျိုး ဖေါ်စပ်ကာ ရောဂါကိုကြည့်ပြီး ပေးနေရသလို၊ ဘုရား ကိုယ်တော်မြတ်ကြီး သော်မှလဲ သတ္တဝါအစားစားကိုကြည့်၍ သုတ္တံနိတရား,ဝိနည်းတရား

အဘိဓမ္မာတရား၊ မုချတရား, ပရိယာယ်တရားဟု, တရားအမျိုးမျိုးကို ခွဲခြား၍ ဟောကြားတော်မူရပေသည်ကို ထောက်၍ ကျွန်ုပ်တို့၏ အနန္တသခင် ဦးထိဏ္ဍ, ကျောင်းပန်းရှင်သည်လည်း ဗုဒ္ဓရှင်တော်ဘုရား၏ ယထာနုလောမသုတ္တန် ဒေသနာတော်ကြီးများကို ကြည့်ရှုကာ သတ္တဝါများ၏ အဇ္ဈာသယကို တစိတ်တဒေသ သိတန်သလောက် သိရသဖြင့် ဗုဒ္ဓ၏ ပါဠိတော်ကြီးများကို စာမတတ်သော သူများပင် နားလည်နိုင်လောက်အောင် အချိုအချဉ်နှင့် တူသော သံပေါက်လင်္ကာ ကဗျာကလေးများဖြင့် ဓမ္မတန်ဆာ ဆင်ကာဆွဲဆောင် ဟောကြားတော်မူခဲ့ပေသည်။ ။ ၎င်းပြင် အရှင်ဦးပဏ္ဍဝ၏ သဘာဝတံခွန်, ကျောင်းပန်းတံခွန် စသော ကျမ်းကြီးများကလည်း ဆရာတော်ဘုရားကြီးများ ချထားခဲ့သော လမ်းစဉ်ကြီးများမှ ခက်ခဲ နက်နဲလှ၍ သိမြင်ယူဆရန် ခဲယဉ်းသော အချက်အလက်များကို ဒီဟာက, ဒီလိုယူ၊ ဒီလမ်းက, ဒီလိုသွားဟု, လက်ညှိုးညွှန်၍ ပြနေသည့်အလား၊ အလွန်တရာ ထင်ရှားလှပါပေသည်။ ထိုသို့ ဓမ္မပရိယာယ် အသွယ်သွယ်သော စကား, အသွယ်သွယ်သော တရားတို့ကို ဖွင့်ဆိုဟောကြားတော် မူခဲ့ပါသဖြင့်၊ ယခုအခါ ဗမာနိုင်ငံတော်ကြီး အတွင်း၌ အရပ်တိုင်း, ရွာတိုင်း, မြို့တိုင်း, နယ်တိုင်းမှာလိုလိုပင် ကလေးသူငယ်များမှစ၍ လူရွယ်, လူလတ်, လူကြီးပိုင်းသို့ တိုင်အောင် တရားဟောသံ, တရားပြောသံ, တရားဆွေးနွေးသံ တရားသံပေါက်သံ, တရားဂါထာသံတို့ဖြင့် ဝေလျှံထွက်ရှိကြပေပြီ။ ဤကဲ့သို့ ဓမ္မပရိယာယ်အရာ လိမ္မာတော်မူသော

ဆရာတော်ဘုရား၏ ဂုဏ်အင်္ဂါကို ရုံလင်စွာသိကြသော ပညာရှိ ကဝိပုဂ္ဂိုလ်များသည် ချီးကျူး၍ မကုန်နိုင်အောင် ပင်ရှိကြလေယောင်တကား။

ဆရာတော်ဘုရားများ၏ အတွင်းစိတ်စေတနာကို သေချာစွာ မသိမရိပ်မိကြကုန်သောသူတို့သည်၊ ထိုသံပေါက်လင်္ကာ ကဗျာများကိုပင် ပေါ့ပေါ့တန်တန် မှတ်ထင်ကာ ဘင်တီးလုံးသွား၊ ချွတ်တီးလုံးသွား၊ ယိမ်းသွား စသည်ဖြင့် အမျိုးမျိုး စွပ်စွဲပြောဆို၍သာ နေကြရာ၏၊ သတိရှိကြစေ၊ ခြသေ့ ကိုပေါက်သော်လည်း ဘုရားကို မှန်တတ်ပေသည်၊ ဆရာတော်ဘုရားများ၏အတွင်းစိတ်စေတနာထားသည့် နောက်ပိတ်ဆုံးအားဖြင့် ကလေးသူငယ်များ အတွက် ဗုဒ္ဓဘုရား၏ ရွှေနှုတ်တော်ထွက် ဓမ္မစကားကြီးများကို နှုတ်ထဲမှာထည့်ပြီး ရွတ်ဘက်နေရတယ်ဆိုရင် အတိုးတန်လှပေပြီ၊လောက၌ တဏှာပွါးစရာ ဝတ္ထုဆန်း, မဂ္ဂဇင်းများကို ဘတ်နေမည့်အစား၊ ကာမဂုဏ်နှင့် စပ်သော သီချင်းများကို သီဆိုနေမည့်အစား တရားနှင့်စပ်သော သံပေါက်လင်္ကာများကို ရွတ်ဆိုနေရသည်က တော်သေး၏၊ ရွတ်ဆိုတန်များသောအခါ ထိုသံပေါက်လင်္ကာထဲမှ သဘာဝ အဓိပ္ပါယ်ကလေးများကို ဖြေးဖြေးခြင်း သိ၍လာပေလိမ့်မည်။ ကလေးသူငယ်များ ရွတ်ဆိုသံ ကြားရသော အခါ စဉ်းစားဉာဏ်ရှိသော လူကြီးများသည်လည်း သဘာဝ အဓိပ္ပါယ်များကို ထုတ်ယူကာ သံပေါက် တပုဒ်ထည်းနှင့်ပင် တရားရနိုင်၏ဟု, ရည်ရွယ်ချက်နှင့် ရေးသားထားခြင်း ဖြစ်ပေသည်၊ ကျွန်ုပ်ကိုယ်တိုင် ကြောင်ပန်းတိုက်တွင်

နေ့စဉ်အခါကပင် ဆရာတော်ဘုရားသည် သတ္တဝါများကို တရားရစေခြင်းငှါ အမျိုးမျိုးကြိုးပမ်း၍ ဆွဲဆောင်ရသည့် အတွက် ဒုက္ခများလှသည်၊ ကိုယ့်တရားကိုယ်အားထုတ်၍ တပါးတည်းသာ နေချင်တော့သည့်ဟု၊ မကြာမကြာ ညည်းညူသံကြားရဘူး၏။ သို့သော် သတ္တဝါများအပေါ် သနားသောကရုဏာစိတ်များက ယိုဖိတ်နေသဖြင့်၊ အဆင်း ရဲခံကာ ယခုအချိန်တိုင်အောင်ပင် ရေးသား ဟောကြား လျက်နေတော်မူရသည်။

အမှာ။ ဤနေရာ၌မူ မိတ်ဆွေများသိစေရန် ကျွန်ုပ် အနည်းငယ် သတိပေးလိုသည်မှာ၊ ဆရာတော်ဘုရားများ နှင့်တကွ ဆရာတော်ဘုရားများ၏လက်အောက်ခံဘပည့် ရင်းများ ရေးသားထားကြသော သံပေါက်လင်္ကာကဗျာ များ၌အပ၊ သာသနာနောက်ဖျားမှ ကြောင်ပန်းဟု အမည် ခံကာ ထင်ရာရေးနေကြသော သူများကိုကား ချီးကျူး ကဲ့ရဲ့ရန်နှင့် ထောက်ခံဖြေရှင်းနေရန် ကျွန်ုပ်၏တာဝန် မဟုတ်ပါ၊ ဆရာတော်ဘုရားများ အပေါ်ကိုသာ ပြစ်မှားမိ မည်စိုး၍ သတိပေးလိုက်ရခြင်းဖြစ်ပါသည်။

သို့သော်-ဤသော မနှစ်သက်ရခံ့နှင့် ပြစ်မှားရန်အသင့် စောင့်မျှော်ကြသောသူများအတွက်ကားကို ဘယ့်ကလောခံ ပင် ဖြေရှင်းရေးသားနေပါပြီးသော်လည်း၊ (အပြစ်ရှာလို သောသူထံ ဆင်ခြေလဲခြင်းသည် အကျိုးမရှိ) ဆိုသော စကားကဲ့သို့ အကျိုးများမည်မထင်။ ဥပမာအားဖြင့် ငှက် ဖျားမိ၍ခံတွင်းပျက်နေသောသူသည် မည်မျှလောက်အာဟာ

တန်၍ အရသာရှိတဲ့အစာကို ကျွေးပြားသော်လဲ သူ၏ ပစပ်ထဲသို့ ရောက်သောအခါ ခါးသောအရသာ တခုကို သာတွေ့နေရသဖြင့်၊ ကျွေးသောသူကိုပင် ကျေးဇူးမတင် ယောန်ဝင်ရန်မူ၍သာနေသော လူမမာကဲ့သို့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဝှက်ဖျားမိ၍နေကြကုန်သော အန္ဓပုထုဇ္ဇန် သံသာရ သူနာတို့သည်လည်း ဝိဇ္ဇာဉာဏ် ခံတွင်းပျက်၍ နေရှာကြ သဖြင့်၊ ကိုယ့်ကိလေသာ ကိုယ်မနိုင်ကြတော့ဘဲ ဗဟိဒ္ဓက အဆင်း၊ အသံ၊ အနံ့၊ အရသာ စသော ရုပ်တရားများအပေါ် ကိုသာ ရန်ရှာ၍နေကြကုန်၏၊ ဗဟိဒ္ဓက အသံဓာတ် ရုပ် တရားမှာ ကား ကောင်းစရာ ဆိုးစရာ သာယာ နှစ်သက် စရာ မရှိပါဘဲလျက်၊ အဇ္ဈတ္တသန္တာန်၌ ဒိဋ္ဌိ၊ တဏှာ၊ အဝိဇ္ဇာ၊ ရှုသာဘိလူးများ ဝင်ပူးနေသော မိမိစိတ်ကို သတိမထားမိ၍ ကိလေသာက အပြင်ဘက်မှာ အရှိထင် ကာ အသံဓာတ်အပေါ်မှာ သီချင်းဆိုတယ်၊ ဂီတဆိုတယ် နှင့်ရန်ရှာပြစ်မှား၍သာနေကြလေကုန်၏။

ရှေးအခါက စိတ်မနှံ့သော ကိုရင်ကြီးတပါး ပိယဆေး ဆောင်ထားသလိုဖြစ်နေချေပြီတကား၊ ပင်ကိုယ်ပကတိက စိတ်ကောင်းကောင်း မအောင်ရှာတဲ့ ခတ်အူအူ ကိုရင် ကြီးတပါးဟာ ဆွမ်းခံအိမ်က၊ သူငယ်မကလေး တယောက် အပေါ်မှာ တဘိန်းလယ် တဘက်သတ်မျက်စိကျ၍နေသ တဲ့၊ တနေ့သ၌တော့ ပိယဆေးများကို ဆောင်ကာ ဆွမ်းခံ သွားသောအခါ၊ ကလေးမ ကလဲ နေ့စဉ်နှင့်အမျှ လောင်း လှူနေကြ ထုံးစံအတိုင်း ဆွမ်းတပန်းကန်နှင့် ပဲဟင်းကျဲ ကျဲ တခွက်ယို လက်ကကိုင်ပြီး ကြိုအချောင်းကို အနားမှာ

ထောင်ကာ ပုဂ္ဂိုလ်မရွေးကြွလာတဲ့ ကိုယ်တော်ကိုလောင်း လှူမယ်ဆိုတဲ့ စေတနာနဲ့စောင့်မျှော်နေတုန်း ဖြုန်းကနဲ ဆို ပိယဆရာ ကိုရင်ကြီးက ရောက်သွားတော့ ပဲဟင်း ကျဲဘခွက်နှင့် ကြံတချောင်း အရံသင့် လောင်းလှူလိုက်ထာ ပေါ့၊ ။ကိုရင်ကြီးမှာလဲ ပီတိသောမနဿဖြစ်ခါ သွားနေ ကြဆွမ်းခံအိမ်များကိုပင်မသွားနိုင်ရှာတော့ဘဲ၊ စိတ်ထဲက, တတွေးတွေးနှင့် ကျောင်းကိုသာ အဘင်းပြန်ပြေးလာသ တဲ့၊ လမ်းတလျှောက်လုံး သူ့စိတ်ထဲမှာ ဘယ်လိုတွေးသ လဲဆိုတော့ .. တယ်စွမ်းတဲ့ပိယဆေး၊ ကောင့်ကလေးမ, ကတော့ ငါ့ကျေနပြီ၊ ပဲဟင်းကျဲကျဲနှင့် ကြံတချောင်း လောင်းလိုက်တဲ့ အဓိပ္ပါယ်ကိုထောက်တော့ ယနေ့ကစပြီး သူ့ကို ရအောင် (ကျဲ ကြံ)ပါလို့ ပြောလိုတဲ့အဓိပ္ပါယ်ဘဲ လို့ တွေးသတဲ့၊ ကျောင်းရောက်တော့လဲ ဝမ်းသာလုံးဆို့ ပြီးဆွမ်းများတောင် ကောင်းကောင်းမစားနိုင်ရှာတော့ဘဲ အိပ်ရာထဲ ပက်လက်လှန်လဲကာ တရေးရေးနဲ့သာ အချိန် ကုန်သွားသတဲ့ ဒီလိုနဲ့ နောက်တနေ့နံနက် ရောက်ပြန်တော့ လဲ ၎င်းပိယဆေး ဆောင်ကာ သွားပြန်တာပေါ့၊ ဒီကနေ့ တော့ ကလေးမကလေးက အရင်ကလို ပဲဟင်းကျဲကျဲ မဟုတ်တော့ဘဲ ခပ်ပျစ်ပျစ် ချက်ထားတဲ့ ပဲဟင်းတခွက် လောင်းပြန်ပါရော၊ ။ဒီတော့ ကိုရင်ကြီးက တွေးပြန် တယ်၊ အင်း .. ဒီတခါတော့ ပဲဟင်းပျစ်ပျစ် လောင်းပြန် ပြီးဒီအဓိပ္ပါယ်ကတော့ (သူ့ကို ပစ်မထားပါနဲ့ ကိုရင်ကြီး) လို့ ဆိုလိုတဲ့ အရိပ်နိမိတ်ဘဲလို့ တွေးပြန်သတဲ့၊ စဉ်းစား စမ်းပါ၊ မွေ့မိုက်ဆွ—ပဲဟင်းကျဲနှင့် ကြံတချောင်းလောင်း

တော့လဲ သူ့ကိုရအောင် ကြံကြံပါလို့ ခိုင်းတာတဲ့၊ ပျစ်ပျစ်လောင်းပြုန်တော့လဲ ပစ်မထားပါနဲ့လို့ ပြောဒါတဲ့၊ ဘယ်တော့မှ မလွှတ်တော့ဘူး၊ နောက်ရက်လောင်းရင်လဲ ဆက်တွေ့အုံးမှာဘဲ၊ ကလေးမကတော့ သူ့ကိုလဲ မသိရှာပါဘူး၊သူ့ဟာသူ လောင်းနေကြ့ လောင်းဒါပါဘဲ၊ကိုရင်ကြီးမှာတော့ မစားနိုင်မသောက်နိုင်ဖြစ်ခါ သူ့ပဒိယဆေးစွမ်းကြောင်း လူတကာ ထယ်ပြီးပြောနေသတဲ့၊ ကြားကြံတဲ့ သူအပေါင်းတို့ကလဲ ကိုရင်အူကြီးမို့ မဟုတ်ဘူးပြောရမှာလဲအခက်၊သူပြောသမျှပွဲကျပြီး တဝါးဝါးနှင့်သာ ဝိုင်းရယ်နေကြရတော့ဒါပေါ့၊

ယခု ဒီမှာလဲ ဟောပြောကြတဲ့ ဓမ္မကထိကတွေတော့ သတ္တဝါများ တရားရစေခြင်းငှါ ဓမ္မပရိယာယ် အမျိုးမျိုးဆောင်ကာ တကဲ့စေတနာနှင့် ဟောပြောနေကြပါသည်ကို အဝိဇ္ဇာပိယ, တဏှာပိယ, လက်ကိုင်ရှိကြတဲ့ လောဘုမ္မဏ္ဏ က အန္ဓပုထုဇဉ်များက အသံကြားသမျှ ဂီတ ထင်ပြီး၊ပစပ်က ပြောရဒါအားမရလို့ စာအုပ်နှင့်ရိုက်ပြီး ဝေလိုဝေ။ မနေနိုင် မထိုင်နိုင်ဖြစ်နေကြခြင်းဟာ ( ကိုယ်မလှဒါ ရွာလယ်ပြု ) ဆိုသလိုဖြစ်နေတော့ဒါပေါ့၊ကြားကြံတဲ့ ပညာရှင်အပေါင်းတွေကလဲအန္ဓနှင့်တုပြီးပြောနေရမှာလဲ(ပုထုဇ္ဇနော ဥမ္မတ္တကော )မို့ မနောထဲကသာ ပြုံးနေကြရတော့ဒါဘဲ၊ ဒါ့ကြောင့်-ဂီတအတွက်နဲ့ ပတ်သက်ပြီး တရားကို မကြိုက်နိုင်သူများအတွက် အချက်ကျကျ ပါဠိအဋ္ဌကထာ

အကိုးအကားပြကာ ရှင်းလင်းရေးသားထားသော ( ဂီတာ ဝိနိစ္ဆယဋီကာ ) စသည်တို့မှာ ကြည့်ကြလေဟု, စေတနာ ကောင်းနှင့် တိုက်တွန်းလိုက်ရပေတော့သည်၊ ကျွန်ုပ်ကား မကြိုက်သောသူများကို ကြိုက်အောင် အလိုလိုက်ခါ ဆွယ်တရား ဟောတတ်သော ဝါသနာမရှိ။ ဒီ.....ဂီတာ မကြိုက်တဲ့ ဓမ္မမိတ်ဆွေ၊ အသင့်ကို မေးစမ်းပါရစေ။ အောက်ပါ မေးခွန်းကလေးတွေကိုသာ စဉ်းစား၍ဖြေခဲ့ပါ တော့၊

အလွန်တရာ ခက်ခဲနက်နဲတဲ့ တရားတော်ကြီးတွေကို အများနားလည်နိုင်အောင် ဗမာပြန်သက်သက်နဲ့ ဓမ္မတန်ဆာဆင်ပြီး သုခုမ္မာရဏဖြစ်စေခြင်းငှါ ရွတ်ဆို ရေးသားထားတဲ့ သရဘည ဓမ္မဂီတ လောက်ကိုမှ မကြားချင်ဘူး ဆိုပါတော့၊ ဝမ်းသာစရာပါဘဲ ဓမ္မမိတ်ဆွေ.....ဂီတဆိုရင် တရားထဲကပါတဲ့ အာသံလောက်ကိုမှ မကြားချင်ဘူးဆိုတော့၊ ဇာတ်ပွဲသဘင်များ ကပြလို့ မင်းသမီး, မင်းသားများ သီချင်းဆိုသံ ကြားတဲ့အခါ အသင်ဟာ မကြားနိုင်လောက်တဲ့ အရပ်ဌာနဆီသို့များ ထွက်ပြေးတိမ်းရှောင်နေရသလား၊ အကယ်၍မလွှဲသာမရှောင်သာတဲ့အခါလဲမှာ သီချင်းသံကို နားမခံနိုင်လို့ မကြားလောက်အောင်၊ နားပေါက်ကို ဝါဂွမ်းနဲ့များပိတ်ဆို့ထားရသလား၊ သို့မဟုတ်ပါဘဲ ဇာတ်ပွဲသဘင်ရှိတဲ့အခါ အသင်ဟာ ရှေ့ဆုံးက, ရောက်နေနှင့်သူလား....၊ ဒုမင်္ဂလ, သုမင်္ဂလ ကိစ္စကြီး ငယ်

ရှိတဲ့အခါ မိမိကိုယ်တိုင် အငြိမ့်မင်းသို့ စောတ်ခုံပေါ်တင်ပြီး အောက်ကနေ ပစ်ပြဲအောင် ကြည့်နေသူလား စဉ်းစားပါ၊ မကြိုက်ဘူးပြောတာနဲ့ ယုံခုတော့မှာလား၊ လက်တွေ့က သက်သေခံပါလိမ့်မယ်၊ ဂီတာ ဆိုရင် ဘာဂီတာမှ မကြိုက်ဘူးဆိုရင်တော့ ချီးမွမ်းစရာဖြစ်ပါတဲ့၊ သာရခေါ်ပါတယ်၊ယခုတရားထဲမှာ ပါထဲ့ အသံ့ကိုတော့ ဂီတာဆန်လို့ မကြားချင်ဘူးတဲ့၊သီချင်းသံကိုတော့ ပစ်ပြဲအောင် နားထောင်တယ်။ ဒါဘာသဘောလဲ စေတနာလား, အဝိဇ္ဇာလား, ရာဿလား၊ တရားကိုမကြိုက်ထာလား, ဂီတကို မကြိုက်ထာလား စဉ်းစားဝေဘန်ပါ အဲဒီလို လူမျိုးကိုများ အဖြေပေးနေစရာ လိုသေးသလား၊ ဒီတရားမျိုး မကြိုက်ရင်ဂီတမပါတဲ့ တရားများကို နာကြား ပွါးများအားထုတ်ဆင်ခြင်ပြီး တွင်တွင်ကြီး ကြိုးစားပေါ့၊ အများနားလယ်အောင် ဟောပြောရထဲ့ မေ့ကထိကတွေမှာတော့၊နန္ဒမင်းသား ဘုရားချွတ်သလို ပရိသတ်အစားစားကြည့်၍အဖျင်းဆုံး အညံ့ဆုံး အောက်ထစ်ဆုံးအားဖြင့် မဏ္ဍုက ဖါးနတ်သား၊ ထင်းနို့သားငါးရာ၊ မဟာဒတ္တသွားလား၊ ပဉ္စဂ္ဂဝုဏ္ဏား အစရှိတဲ့ ဝတ္ထုသက်သေ သာဓကတွေ ထောက်ပြီး ရုပ်သံ, နာမ်သံ ကြားရရင် မနဲ့ဘူးဆိုတဲ့ အနေမျိုးနဲ့ အဆင်းရဲခံကာ ဆွဲဆောင် ဟောကြားကြရတယ်၊ ဒါကြောင့်- မကြိုက်သော်လဲ မပြစ်မှားမိစေရန် သတိပေးလိုတ်တယ် မေ့မိတ်ဆွေ။

ဆောင်ပုဒ်။

မယူတတ်ပြန်ရင်လဲ ပုထုဇန်။
ယူတတ်ပြန်ရင်လဲ သောတာပန်။
ကြုံ့ကြိုက်ရာကစံ နိုက်ပါကြဉာဏ်၊ ရေးသားဖော်
ရွှေစာတမ်းက၊ ခေမာနန်း တက်လှမ်းရဘို့အမှန်။

ဤတွင် ကြောင်ပန်းလမ်းစဉ်
ပဌမပိုင်း ပြီးပြီ၊

### ဒုတိယပရိစ္ဆေဒ။

# ဝိပဿနာရှင်းတမ်းနှင့်ဆိုင်ရာ ဒုတိယပိုင်း။

**သာသနာတဝက် မင်းကောင်းတဆက်။**

ဒိုး—ဓမ္မမိတ်ဆွေ......ယခုအခါ သာသနာကလဲ တဝက်နီးလာပြီ၊ “ သာသနာတဝက်-မင်းကောင်းတဆက် ” ဆိုတဲ့ ပေါရာဏတပေါင်စကားအရ၊ မင်းလုပ်ချင်ကြတဲ့သူတွေကလဲ အနန္တရှိနေကြဟန်တူတယ်၊ မင်းကောင်းနဲ့တွေ့ဘို့ရာ မျှော်လင့်နေကြတဲ့လူတွေကလဲ အများကြီးဘဲထင်ပါရဲ့၊ အချို့ကလဲ ပြာကိုလျက်ပြီး မျှော်တဲ့သူကမျှော်၊ ခါတ်လုံးဆောင်၍ တ, တဲ့သူက တ၊ ပေါက်ထမ်းလိုက်မှ ဧကန္တတွေ့ရမှာဘဲလို့ ထင်သူထင်၊ ကောင်းကင်ခရီးက စကြဝဠာကြီး စီးပြီး လာမှာဘဲလို့ ပြောသူပြော၊ မြေကြီးထဲက လာမှာလေလား၊ ကောင်းကင်က လာမှာလေလားနဲ့ အမျိုးမျိုး မျှော်လင့်တောင့်တ ထင်ကြေးပေးနေကြပေသည်၊ သို့သော်-ဤနေရာ၌ ကျွန်ုပ်၏အယူအဆကို ပြောပြရမည်ဆိုပါလျှင်၊ ယုံချင်လဲယုံ, မယုံချင်လဲ ဒီနေရာတွင် ပုံထားလိုက်ပေါ့၊ အသင်တို့ မျှော်နေကြတဲ့ မင်းမျိုးကား ဟုတ်မည်မထင်၊ ယခုအခါ-အသင်ဓမ္မမိတ်ဆွေရဲ့ မျက်စိအောက်မှာ သရုပ်ပေါ်ကာပြနေတဲ့ လောကကြီးကို ကြည့်လိုက်စမ်းပါ ဘယ်လိုဖြစ်နေသလဲ၊မကောင်းတဲ့ဘက်ကိုလှဲပြီး ကြည့်လိုက်ပြန်

တော့လဲ လူ့ဘဝကြီးမှာ နေချင်စရာ မရှိလောက်အောင် အစွမ်းကုန် မကောင်းနေတာဘဲ၊ တဖန် ကောင်းတဲ့ဘက်က လှဲ့ပြီး ကြည့်လိုက်ပြန်မယ်ဆိုရင်လဲ အသင် ဓမ္မမိတ်ဆွေဟာ၊ သာသနာတော်မြတ်ကြီးနဲ့လဲ တွေ့လာရတယ်၊ မနုဿတ္တဒုလ္လဘ လူအဖြစ်ကိုလဲ ရနေတယ်၊ယခုအခါ ဒုတိယဝိမုတ္တိယုဂ ခေတ်ကြီး တပတ်ပြန်ချိန် နီးသည့်အတွက်၊ မြန်မာဘောင်မှာ ဓမ္မာရောင်တွေလွှမ်းပြီး အနတ္တသာသနာကြီး ပွင့်ထင်းစပြုနေပြီ၊ အရပ်တိုင်း,ရွာတိုင်း, မြို့တိုင်း, နယ်တိုင်းမှာလိုလိုပင် ဘုန်းကြီးမွေကထိက၊လူဓမ္မကထိက မိန်းမတွေစကာပြီး လူထုရဲ့စိတ်ဓာတ်တွေကို ယဉ်ကျေးသိမ်မွေ့မှု ရကြစေခြင်းငှါ ပြုပြင်ကာ ဟောပြနေကြတယ်၊ စာအုပ် စာတမ်းတွေဘက်က ကြည့်လိုက်ပြန်တော့လဲ လောကီ,လောကုတ္တရာ စိတ်ဓာတ်ကို ပြုပြင်တဲ့ကျမ်းစာတွေဟာ ဘယ့်ကလောက် များပြားသလဲ၊ လိမ္မာယဉ်ကျေးမှု ရတန်သလောက်လဲ့ ရကုန်ကြပါပြီ၊ဒီလိုယဉ်ကျေးမှုတွေ ရလာကြတော့ လူထုတွေမှာတနေ့တခြားမကောင်းသော စိတ်ယုတ်မာများကို ပယ်ရှားကာ၊ ကောင်းသော စိတ်ဓာတ်များသာ ဝင်စားလာကြသဖြင့်၊ စိတ်ကောင်းရှိသော လူထုအပေါ်မှာ အုပ်ချုပ်နေရတဲ့မင်းဟာလဲ ဘယ်နည်းနှင့်မှ မင်းဆိုး,မင်းယုတ်မာကြီး ဖြစ်နိုင်တော့မည် မဟုတ်ပါ၊ ဒါ့ကြောင့်- သာသနာတဝက်- မင်းကောင်းတဆက်နဲ့ တွေ့ချင်ရင် အသင်စိတ်ဓာတ်ကလေးကို အရင် ပြန်ကြည့်လိုက်စမ်းပါအုံး ဓမ္မမိတ်ဆွေ၊သို့အတွက် ပညာရှိများ သဘ်ပေးထားကြသည်မှာ .....၊

## မကောင်းသူပယ်–ကောင်းသူကယ်
## ဆောင်ပုဒ်။

အနတ္တတရား မသိသူ ပယ်လိမ့်မည်၊
အနတ္တတရား သိသူ ကယ်လိမ့်မည်၊
အမှုမမှန်ပါလျှင်၊ ဘယ်သူ့ခန္ဓာမှ မတားပေဘူး၊
လေးပါးအပါယ် ရောက်မည်ကြိုစည်၊
ကယ့်ကိုယ်ကိုအား, ကိုယ်သနား, တရားကစ်သင့်ပြီ၊
အဲဒါကြောင့်-ဗုဒ္ဓသာသန ဝါဒဖြန့်နေသည်။

---

နေမင်းနှင့် သာသနာ ဥပမာ။

အခါတပါး ကျွန်ုပ်သည်–မန္တလေး မြို့တော်ကြီးမှာ စာသင်သား ဘဝနှင့် နေရစဉ်အခါက၊ ထိုထိုသို့သော သတင်းစာ အစောင် စောင်ကိုကြည့်၍၊ လောကရေး, နိုင်ငံရေး, ဘာသာရေး, သာသနာရေးတို့ကို တွေးပြီးစိတ်လေး၍နေစဉ်၊ဓမ္မာစရိယ စာချဆရာတော်ဘုရားကြီးတပါးသည် သာသနာရေးနှင့် ပတ်သက်၍ မိန့်မြွက်ဘူးသည့် ဥပမာ အချက်ကလေးတခု ကို ယုတ္တိသဘာဝ အလွန်ကျ၍ ဤနေရာ၌ ထည့်သွင်း ဖေါ်ပြလိုက်ပါအုံးမည်၊ ထိုဆရာတော်ကြီး အမိန့်ရှိဘူး သည့်မှာ....၊ သာသနာကြီးဟာ ထောက်ရာဌက်, ခင်ပုတ် ဌက်များ ပျံသလို၊ တက်ချည် သက်ချည်,နိမ့်ချည် မြင့်ချည် သွားလိမ့်မတဲ့။ လောက ဥပမာအားဖြင့် အရှေ့ဥဒည် တောင်စွန်းက နေဝန်းကြီးပေါ်ထွက်လာတဲ့အခါ လူငှက်များ တို့သည် နေထွက်လာပြီ, နေထွက်လာပြီဟု, လှုပ်လှုပ်ရွရွ

အလုပ်အကိုင်များကို လုပ်ကိုင်ကြကာ နေကိုအသိအမှတ်ပြု ကြတယ်။ ၎င်းနောက်- မွန်းမတည့်မီအကြားမှာ နေကို ခတ်မှေးမှေးဖြစ်ခါလာခဲ့ရာ၊ မွန်းတည့်သောအခါမှ ကြေးစည် ခေါင်းလောင်းများထိုးကာ နေမွန်းတည့်ပြီ၊ နေမွန်းတည့်ပြီဟု, တဖန်ပြန်၍ သတိရလာကြပြန်တယ်၊ မွန်းတည့်ပြီးနောက် နေမဝင်မီအချိန်တိုင်အောင်မေ့လျော့သွားကြပြန်တာဘဲ၊ နေဝင်ကာနီးအချိန်ကျမှ နေမင်းကြီး ဝင်တော့မယ် နေဝင်လှုပြီဟု သတိရကာ ထကြွလုံ့လဝီရိယထုတ်ပြီး အလုပ်အကိုင်များကို အစွမ်းကုန် ကြိုးစားလိုက်ကြတော့ဒါဘဲ၊

ထို့တူပမာ ကမ္ဘာ့လောကခေတ်တိုက်ဘောင်ကြီးအတွင်းနှင့် ဗုဒ္ဓရှင်တော်ဘုရား တည်းဟူသော နေမင်းကြီးသည် သဗ္ဗညုတဉာဏ်တော် တည်းဟူသော ယုဂန်တောင်စွန်းမှ ဓမ္မက္ခန္ဓာဒေသနာပေါင်း ရှစ်သောင်း လေးထောင် တရားရောင်တို့ဖြင့် ပြောင်ပြောင်ထိန်လင်းလျက်ပွင့်ထွန်းပေါ်ပေါက်တော်မူလာစအချိန်က၊ သာဝတ္ထိ, ရာဇဂြိုဟ်၊ ထိုထိုသို့သော မြို့ပြ ပြည်ရွာ လူများစွာ တို့သည်၊ ဘုရား ပွင့်လာပြီတဲ့ ဟူသော ဂယက်သံဖြင့် သောင်းသောင်းညံညံ ဓမ္မက္ခန်တရားဘို့ကို နာခံမှတ်သားကြရသဖြင့်၊ သာဝတ္ထိပြည်မှာဆိုရင် လူပေါင်းခုနစ်ကုဋေရှိသည့်အနက် ငါးကုဋေက အရိယာပုဂ္ဂိုလ်တွေတဲ့၊ အဖျင်းဆုံးအညံ့ဆုံးအားဖြင့် ခုနစ်နှစ်သို့-ခုနစ်နှစ်သား ကလေးသူငယ်များကစပြီး အရိယာအထွေး ရူဋ္ဌသောတာပန် အငယ်စားကလေးတွေ ဖြစ်ကြတယ်၊ ဆဲဒီသာဝတ္ထိပြည်,ရာဇဂြိုဟ်

ပြည်များမှာ သောတာပန်ပုဂ္ဂိုလ်တွေဟာ လက်ညှိုးထိုးလို့မလွဲနိုင်လောက်အောင် ပေါများသတဲ့။ ဘယ့်ကလောံအားကျစရာကောင်းသလဲ၊ ထိုကဲ့သို့ ဘုရားသခင်ကိုယ်တော်မြတ်သည် ထေးဆဲ့ငါးဝါတိုင်တိုင်နေ့မနား ညမနား သတ္တဝါများကို ဟောကြားခေါ်ဆောင်ပြီး ပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက်၊ ကျွန်ရှိရစ်သော သတ္တဝါများအတွက် သာသနာငါးထောင် ထားခဲ့သည့်အနက်မှာ၊ ထက်ထက်တော်ကကဲ့သို့ မဟုတ်တော့ဘဲ ခတ်ပေါ့ပေါ့ဖြစ်လာခဲ့ရာ၊ ယခုအခါ နှစ်ထောင့်ငါးရာအပြည့် သာသနာနေ့မွန်းတည့်တော့မည်ဖြစ်၍ တဖန် သတိရလာကြပြန်ပေပြီ၊.... အရပ်ရပ်အရွာရွာ လူဘကာရဲ့ ပစပ်မှာဆိုသလို ပရမတ်သံ ခတ်သံတွေ ပေးနေကြသဖြင့်၊ ရှေးကလို အေးအေးဆေးဆေးနေလို့ မဖြစ်ကြတော့ဘူး၊ လောကာအနေအားဖြင့်လဲ တရားစကားမှ မပြောဘတ်လျှင် လူဝိုင်းထဲဝင်ပြီး မထိုင်ဝံ့လောက်တဲ့ အခြေမျိုးသို့ ဆိုက်ရောက်နေပေပြီ၊ ထို့ကြောင့်-ခေတ်ကိုမြင်သိ ပညာရှိကာဒိပုဂ္ဂိုလ်များသည် ခေတ်၏ရှေ့ပြေး သတိပေးသောအားဖြင့် အောက်ပါ ဓမ္မကောလာဟလကဗျာကလေးများကို ရေးသားထားကြပေသည်၊

## မောင်ကျန်ရစ်- မယ်ကျန်ရစ် မဖြစ်ကြစေရန်။

| | |
|---|---|
| အ-ပြန်ရင်လဲ အောက်ကျလိမ့်မယ်၊ | အ-ပြန်ရင်လဲ အောက်ကျလိမ့်မယ်၊ |
| န-ပြန်ရင်လဲ နောက်ကျလိမ့်မယ်၊ | န-ပြန်ရင်လဲ နောက်ကျလိမ့်မယ်၊ |
| အောက်ကျ နောက်ကျ ထောက်ဆပါတကယ်။ | အောက်ကျ နောက်ကျ ထောက်ဆပါတကယ်။ |
| ဝိပဿနာ ဉာဏ်မလှစ်က | ဝိပဿနာ ဉာဏ်မလှစ်က |
| မောင်ကျန်ရစ်ဖြစ်ရပါလိမ့်မယ်။ | မယ်ကျန်ရစ်ဖြစ်ရပါလိမ့်မယ်။ |

x x x x

တဖန် ကျွန်ုပ်တို့ ရဟန်းတော်ဘက်ကလှဲ့ပြီး ကြည့်လိုက်ပြန်မယ် ဆိုရင်လဲ ဟောမှုအချက် ရှေးတုန်းကလို မသက်သာလှတော့ဘူး၊ အဘယ့်ကြောင့်လဲ ဆိုပါလျှင် ရှေးအခါ တောရွာတရွာက ဖျက်မမြင်လင်မယားနှစ်ယောက် တယောထိုးကြတာလို (မောင့်ကိုလဲ ငါမမြင်၊ မယ့်ကိုလဲ ငါမမြင်၊ အရှအင်—အရှအင်) နဲ့ ဒီးပြီးသတ်ခဲ့ရတာဘဲ၊ ဟောပြောတဲ့ပုဂ္ဂိုလ်ကလဲ မိမိအလှဲ့ကျလို့ မလွှဲမရှောင်သာလို့သာ ဟောလိုက်ရ၊ ဒကာ့ ဒကာမများ သိကြပါစေ့ မြင်ကြပါစေဆိုတဲ့စေတနာ ထားဘို့ရာ ဝေးရော၊ ကိုယ့်တရားကို ဖျက်ချေပြတ်သွားမှာစိုးလို့ မမှားအောင် တော်တော်ဘဲ ဂရုစိုက်စဉ်စားနေရတယ်၊ ဒါဖြင့် နာကြတဲ့လူတွေ ကြည့်လိုက်စမ်းပါအုံး၊ ငါ့မှာ ကိစ္စ ကြီးငယ်ရှိတုန်းကတော့ သူကလာပြီးကူညီဘယ်၊ သူ့ကိစ္စရှိတော့ ငါမသွားမကောင်းဘူး ဆိုတဲ့ အနေမျိုးနဲ့ မလွှဲသာလို့ မကောင်းသွား သွားကြရ၊ တရားရဘို့ဆိုတာ စဉ်းစားသာကြည့်ကြပါတော့၊ ဒါဖြင့် ဟောတဲ့ တရားတွေကကော ဘယ်လို တရားမျိုးတွေ

ဟောသွားသလဲ၊ ဘယ်ဘုရားလက်ထက်တော်က ဘာသူဌေးကြီးဟာ ဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုတွေပြုလို့ ဘာနတ်ပြေမှာ ဘယ်လိုဘုံဗိမာန်ကြီးနဲ့ နတ်သမီးက ဘယ်လောက် ခြံရံပြီး ဘာနတ်သားကြီး ဖြစ်နေသတဲ့၊ ဘယ့်နှယ်တဲ့ ညာ့နှယ်တဲ့၊ ဟိုနှယ်တဲ့ သည့်နှယ်တဲ့နဲ့၊ သူများဖြစ်ထာတွေ အားရပါးရ မစားရ ဝခမန်းပြောပြီး ကောင်းကင် လက်ညှိုးထိုးပြသွားဒါနဲ့ တကာ ဒကာမတွေမှာလဲ အားရ တင်းတိမ်နေကြတယ်၊ တရားဆုံးကာနီးတော့ ဘုန်းကြီးက (ဤကား သုတ္တန်ဒေသနာတော်မြတ်ဖြစ်ချေသည်)လို့ ဆိုလိုက်ခါရှိသေး တရားသိမ်းတော့မယ်ဆိုပြီး ရုံးရုံး ရုံးရုံးဖြစ်ကုန်ကြပြီ၊ (ထို့မှတပြာ၊ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား) ဆိုတဲ့ နောက်တော့ ဘာမှန်းမှ မသိလိုက်တော့ဘူး၊.... ယခုကာလတော့ ဟောတဲ့ပုဂ္ဂိုလ်ရော နာတဲ့ပုဂ္ဂိုလ်ပါ ဆိုဘာလိုဘဲ ဒီလိုနဲ့ မရကြတော့ဘူး၊ ရပ်ထဲ ရွာထဲကမိန်းမတွေ ကလေးတွေကစပြီး တရားဟောနေပြီ၊ အံ့ဒါ ခက်တော့ဒါဘဲ၊ သတိရမယ်ဆိုရင်လဲ ရကြဘို့အချိန်တော်ပြီထင်ပါရဲ့၊

**ဘုန်းကြီးဒေါသ ဂေါတမတောင် ဩချရသတဲ့။**

ကျနုပ်ကလဲ သာသနာပြုအဖွဲ့ထဲ ပါနေ့တော့၊ အရပ်ရပ် အရွာရွာ ရောက်နေတာနဲ့ ကြားခဲ့ရ ဘူးသေးတယ်၊ ကျောင်းတကျောင်းက ဇရပ်တဆောင်းပေါ်မှာ ဒကာမကြီးတွေက ဉပုသ်နေ့ ဉပုသ်စောင့်ရင်းနဲ့ ပရမတ်တရား ဓာတ်တရားတွေ ဆွေးနွေးနေကြတာကို၊ ကျောင်းက ဘုန်းတော်ကြီး

ကလဲ ညနေ လေးနာရီ အချိန်လောက်ကျတော့ ဇရပ်ပေါ်က ဒကာမကြီးတွေထံ အလ္လာပ, သလ္လာပ စကားပြောရန် ကြွသွားသတဲ့။...... အဲဒီ ဥပုသ်သည်တွေထဲမှာ ခပ်စွာစွာ ဒကာမကြီးတယောက်က ပါလာတာကို။ဘုန်းကြီးဇရပ်ပေါ်ရောက်လာတော့(ရောက်ရောက်ခြင်းဆောက်နဲ့ထွင်း) ဆိုတာလိုဘဲ၊ ဒကာမကြီးက ရှေ့ဆုံးမှနေ၍ လက်အုပ်ကလေးချီကာ လျှောက်ထားလိုက်သတဲ့။ ဘယ်လိုလျှောက်ထားလိုက်သလဲ ဆိုတော့ ( သံသာနယ် လွတ်လွယ်တဲ့မဂ်တရား၊ဥပုသ်သယ် တပည့်များကို ဟောပါဘုရား ) လို့ လျှောက်ထားလိုက်တော့...... ဘုန်းတော်ကြီးက၊ အောင်မယ်— နင်တို့နဲ့မဂ်တရားနဲ့ အရောလား၊ဒိုးမဲကြီး၊ဒိုးမဲကြားက နင်တို့လိုအစားတွေ မဆိုထားနဲ့၊ငါတို့တောင်မှ မရနိုင်လို့ ခက်တယ်ဆိုကာ အောက်ပါစကားကလေးနဲ့ ငြှန်ပြီး အမိန့်ရှိလိုက်သတဲ့။ ( မပြောနဲ့နော်၊မလျှော်တဲ့ မဂ်စကား နင်တို့လို မဆိုထားနဲ့၊ ဒို့တောင် ခက်သား ) လို့ မျက်နှာထားကြီးနဲ့ ပြောလိုက်တော့၊ ဒကာမကြီးကလဲ မခံချင်တဲ့အောနဲ့ အရှေ့မပေးသေးဘဲ ထပ်ပြီး လျှောက်ထားပြန်သတဲ့။ ( မပြောပါနဲ့ဘုရား၊ ကျွမ်းဝန်နဲ့ထင်ရှား၊ ရွာထဲလူတွေများတောင်၊ဟောနိုင်ကြသား)လို့ ထပ်ပြီးလျှောက်ထားလိုက်ပြန်တော့ ဘုန်းဆရာမှာ သူ့ဒေါသ,သူမနိုင်ရှာတော့ဘဲ ( ဟောချင်ဟော မဟောချင်နေ ကျုပ်လာပြောမနေနဲ့ ) ဆိုပြီး ထ၍သွားသတဲ့။ဒီတော့မှ ဒကာမကြီးက ဘေးနားက ဥပုသ်သယ်မိန်းမကြီးတွေ သက်ကုပ်ပြီးအသာနေကြ အသာနေကြ၊ ဘုန်းကြီးဒေါသက၊ ဂေါတမတောင်

ဩချရတယ်လို့ ဆိုလိုက်သေးသတဲ့၊ စဉ်းစားကြပါတော့ ဗျာ၊

ကိုးကွယ်မှုအရေးကြီးပုံ။

ဒါကြောင့်—ခင်ဗျားတို့ ဒကာ, ဒကာမတွေဟာ တပဲ့နှစ်ပြားပေးရတဲ့ ရေအိုး, ထမင်းအိုး, ဟင်းအိုးများ ဝယ်တဲ့ အခါတော့၊ အကွဲအနာအဆာ မပါအောင် တီးခေါက်ပြီးဝယ်တတ်ကြတယ်၊ ထောင်ကုန်, ရာကုန်, သိန်းကုန်, သန်းကုန် အကုန်ကျခံပြီးပြုရ လှူဒါန်းကိုးကွယ်မှုနေရာကျတော့ သတိချို့နေကြဟန်တူတယ်၊ နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်ရတဲ့ ပစ္စည်းကလေးတွေ ဦးဦးဖျားဖျား ကျွေးပြီး ကိုးကွယ်ထားကြတာ ဘာကို လိုလို့လဲ စဉ်းစားစမ်းပါ၊ ဗေဒင်ဟောလို့လား၊ ဆေးကုပေးလို့လား၊ ပုဏ္ဏားထိုက်ခင်မင် ရင်းနှီးလို့ အလကားကျွေးထားတာလား၊ ကိုးကွယ် ဆိုတဲ့ စကားအရ အသင်တို့က အားကိုးကြတော့ ဘာတွေကို ကာကွယ်ပေးသလဲ၊ ဒါနပြုတတ်အောင်, သီလဆောက်တည်တတ်အောင်, ဘာဝနာတရား ပွါးများ တတ်အောင်, အပါယ်လေးပါး မကျအောင် အားကိုးကြတာဘဲ မဟုတ်ဘူးလား၊ ကိုးကွယ်မှု မှားပလားဆိုမှဖြင့် ဆေးဆရာ အခေါ်မှားတဲ့ သူနာရှင်တဦးလိုဖြစ်နေအုံးမယ်၊ ၊သတိရလို့ပြောလိုက်ရအုံးတော့၊ သူနာတဦးမှာ စွဲကပ်နေတဲ့ ရောဂါက မှတ်ရောင်တဲ့ရောဂါဆိုကိုး၊ အခြားရွာတရွာမှာ မှတ်ရောဂါ ကုသတဲ့ ဆရာ အလွန်တရာ နာမည်ကျော်တယ်လို့ ကြားရတော့၊ ထိုသူနာအတွက် သွားပြီးခေါ်သတဲ့ ဆရာကလဲ သူနာကုရန် ဆေးလွယ်အိတ် ပခုံးမှာ ချိတ်ပြီး

လိုက်လာတာပေါ့၊ ဒါနဲ့ဘဲ အပင့်လာတဲ့လူနဲ့ ဆေးဆရာ စကားတပြောပြောနဲ့ လာလိုက်ကြတာ၊ လမ်းမှာချောင်း ရေကလေးတချဖြတ်ကူးကြတော့၊ ရေကလဲ ခါးတောင်း ကျိုက် မလွတ်တလွတ်ဖြစ်နေတာကိုး၊ ပုဆိုးကိုလဲ ရေစွပ် မခံချင်တာနဲ့ ယောကျ်ားအချင်းချင်းဘဲ ရှက်စရာမရှိပါ ဘူးဆိုပြီး လူမမြင်ရာတော်သလို ကူးသွားကြတာပေါ့၊...... ဆရာလုပ်တဲ့လူက ရှေ့က အခေါ်သာတဲ့လူက နောက်က ရေလယ်လောက် ရောက်ကြတော့ နောက်ကလူမှာ မျက် နှာကြီးရှုံ့မဲ့ကာ ဆရာကိုကြည့်ပြီး စိတ်ပျက်တဲ့အသံနဲ့ အလန့်တကြား အို-ဆရာ,ဆရာ– ခင်ဗျားခြေကြွနွေ-၅ ကျပ်ယူပြီး ဒီနေရာကဘဲ ပြန်ပါတော့လို့ ပြောသတဲ့၊ ဒီတော့-ဆရာမှာလဲ အံ့အားသင့်စွာနဲ့ လှဲကြည့်ပြီး၊ သူနာနှင့် မှ မတွေ့ရသေးဘဲ ဘယ့်နှယ်ပြန်ရမှာလဲလို့ မေးတော့၊ မဟုတ်ပါဘူးဆရာရယ် ပြန်သာ ပြန်ပါတော့လို့ အတင်း ခိုင်းနေသတဲ့၊ ဆရာက ဘာဖြစ်လို့တုန်း ကဲပြောစမ်းပါ အုံးဆိုတော့မှ၊ ဆရာရယ် မပြောလဲမပြီး အားနာနာနှင့်ဘဲ ပြောရတော့မှာဘဲ၊ ဟိုမှာ ကုရမဲ့လူနာက ခင်ဗျားဟာ လောက် မကြီးဘူးဗျလို့ဆိုသတဲ့၊

**ဆိုက်းဂဏာဝါဒ ရှုပ်ထွေးပေါများပုံ။** ကဲ–ဓမ္မမိတ်ဆွေရေ..... အဲဒါတွေအသာ ထားခဲ့ပါတော့၊ ခေတ်အားလျော်စွာ လော က အနေအားဖြင့်လဲ အောက်မကျ နောက်မကျ၊ သံသရာ အနေအားဖြင့်လဲ အောက်ကျ နောက်ကျ မဖြစ်ရအောင် တရားရှာကြစို့၊ ၊ယခုအခါ–ဗမာနိုင်ငံကွင်းမှာ ဂိုဏ်း

ဂဏဝါဒတွေကလဲ များပါသိသနဲ့၊ တော်တော်ကြာ ဘာဂိုဏ်းပေါ်လာပြန်ပြီ၊ တော်တော်ကြာ ညာဂိုဏ်းပေါ် လာပြန်ပြီ၊ ဟိုဒင်းဂိုဏ်း, ဒီဒင်းဂိုဏ်း၊ ဘယ်နှယ်ဂိုဏ်း, ညာ့နှယ်ဂိုဏ်းနဲ့ အဘိုင်းမသိအောင် ရှုပ်ထွေးနေတာဘဲ၊ တခါ လောကုတ္တရာ ဝိပဿနာဘက်ဆိုင်ရာ စာအုပ်တွေ ကြည့်လိုက်ပြန်တော့လဲ၊ ကျနုပ်ဟာ တခါတရံ သုတေသန အဖြစ်နဲ့ မြို့ကြီး,ပြကြီးများ ရောက်သွားတဲ့အခါ စာပုံနှိပ် တိုက်ကြီးများနှင့် စာအုပ်ဆိုင်ကြီးတွေကို သွားပြီးကြည့် မိဘယ်၊ ပေါများလိုက်တဲ့ ဝိပဿနာဆိုင်ရာ စာအုပ်တွေ ဟာ ရှုပ်ထွေးနေဒါဘဲ၊ ( အချိန်မှန်နိုင်ပါတော့မလား၊ ဗမာ ပြည်မှာ နာရီတွေကများ ) ဆိုတဲ့ သီချင်းသွားလိုဖြစ်မနေ ပေဘူးလား၊ ဒီ-ဓမ္မမိတ်ဆွေ- အသင့်ကို တိုးတိုးကလေး မေးစမ်းပါရစေ၊ ယခုအခါ ဝိပဿနာတရား လိုက်စား တော့မယ်ဆိုရင် ဘယ်ဂိုဏ်းကိုသွားလို့, ဘယ်ဆရာကို အားကိုးပြီး၊ ဘယ်ဝါဒက မှန်တယ်လို့ ယူဆမလဲ၊ ဘယ် စာအုပ်ဟာ အမှန်ဘဲလို့ လက်စွဲပြုပြီး ကြည့်ရှုမလဲ၊ သို့ မဟုတ်ရင် ဟိုလူကပြောလဲယုံ၊ ဒီလူကပြောလဲယုံ၊ မွဲပုံမှာ ဒုတ်စိုက်ထားသလို၊ တောင်လေ လာတော့ မြောက်ယိမ်း လိုက်၊ မြောက်လေလာတော့ တောင်ယိမ်းလိုက်နဲ့၊ ယိမ်း သမားထဲကလုပ်နေမလား စဉ်းစားပါ၊ ဒီလို သူများပြော တိုင်းယုံနေရမယ်ဆိုရင်လဲ၊ ရှေးတုန်းက အပျိုကြီးတယောခ် လို ဖြစ်နေမှာပေါ့၊

ရွာတရွာက, အပျိုကြီးတယောက်ဟာ စဉ်းစားဝေ ဘန်တတ်တဲ့ ညဏ်ကလဲမရှိတော့၊ သူများပြောသမျှကို

တော်တော်ဘဲယုံကြည်လွယ်သတဲ့၊ ကာလသား တယောက်က လာပြောလိုက်၊ ယုံကြည်လို့ ကလေး တယောက်ရတော့ ပစ်သွား၊ နောက်တယောက်က လာပြော ယုံလိုက်၊ ကလေးတယောက်နဲ့ ပစ်သွားလိုက်၊ ဒါပေမဲ့ နောက်ဟာခါ လာပြော ယုံပြန်တာဘဲ၊ ဒီလိုနဲ့ ကလေး ခုနစ်ယောက်ရှိသွား၊ အပြီးသတ်တော့ အဲဒီ ကလေးတွေဟာ မယ်မယ်ရရ အဖေခေါ်စရာ တယောက်မှမရှိဘူးတဲ့၊ ဒီလိုဆိုတော့ ယခုအခါမှာလဲ ဝါဒတွေက ခတ်များများ၊ ဘယ်ဟာကို အားထားရမှန်းမသိဖြစ်ပြီး၊ ခမ္ဗမိတ်ဆွေ—စိတ်များရှုပ်သွားသလား၊ စိတ်မရှုပ်ပါနဲ့ ဘယ့်လောကပင် ဂိုဏ်းဂဏ ဝါဒတွေများနေသော်လဲ ထရားကမများဝါဘူး၊ အရေးဝါဒကတော့ တခုပါဘဲ၊ သူ့အလို ငါ့အလိုနဲ့ ပြောလို့ ညင်းခုံနေရတာပါ၊ ဥပမာအားဖြင့် အရှေ့, အနောက်, တောင်, မြောက်, လူလေးယောက်ဝိုင်းပြီး ထိုင်နေကြတဲ့နေရာမှာ။ အလယ်က ကွမ်းအစ်တလုံးကိုချပြီး၊ အရှေ့ဘက်ကလူကို မေးကြည့်စမ်းပါ၊ ကွမ်းအစ်ကြီးဟာ ဘယ်ဘက်ကလဲလို့ မေးရင် ကျုပ်အနောက်ဘက်ကပါလို့ အဖြေပေးပေဘူးလား၊ တဖန် အနောက်ဘက်ကလူကို မေးပြန်တော့ အရှေ့ဘက်က၊ တောင်ဘက်က လူကိုမေးတော့ မြောက်ဘက်က၊ မြောက်ဘက်ကလူကို မေးတော့ တောင်ဘက်က၊ အမျိုးမျိုး အဖြေပေးကြတော့ ဘယ်သူဟာ မှန်တယ်လို့ ယူဆမလဲ။ သူ့အလိုနှင့်သူတော့ မှန်ကြဒါချည်းပေါ့၊ အဲဒီ လူလေးယောက် ဒီနေရာမှာထိုင်ပြီး တနေ့လုံး ညင်းတော့ ပြီးဆုံးခြင်းသို့ ရောက်ပါ့မလား၊ မော့လို့ သေရင်သာ သေရမယ် ဘယ်

တော့မှ အပြီးသတ်မှာမဟုတ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်အလိုနှင့် ကိုယ် ပြောနေကြတာကိုး၊ မြန်မြန်အပြီး သတ်ချင်ရင် ဘေးက လူလေးယောက်အလိုကို ဖယ်ပစ် လိုက်၊ အလယ်က ကွမ်းအစ်ကြီးကို မေးကြည့်စမ်းပါ။ ဘယ်သူ့အလိုလိုက်သလဲ, ဘယ်သူ့အလိုမှ မလိုက်ပါဘူး အလယ်ကပါဘဲ၊ ယခုအခါမှာလဲ ဝါဒတွေများလို့ ခေမ္မ မိတ်ဆွေစိတ်မရှုပ်ရအောင် ဥပမာပုံကလေးဘာ ထပ်ပြော ခုံးမယ်၊ သေသေချာချာ စဉ်းစားပြီ ဖတ်ခဲ့နေ5....။

**ဦးရွှေရိုး နှင့် မယ်ရွှေရိုး။**

ရှေးအခါက တောရွာကလေးတရွာမှာ(ဦးရွှေ ရိုးနှင့် မယ်ရွှေရိုး) ဆိုတဲ့ အဘိုးအို, အမယ်အို လင်မယားနှစ်ယောက်ရှိကြသတဲ့၊ လင်ရယ် မယားရယ် လို့ဖြစ်လာတဲ့နေ့ကစပြီး အသက်ငါးဆယ်ကျော်,ခြောက် ဆယ်တွင်း တိုင်အောင် ပေါင်းသင်း နေထိုင်လာလိုက်ကြ တာ တယောက်နှင့် တယောက် တခါမျှစိတ်ဆိုးဘူးတယ် ရန်ဖြစ်ဘူးတယ်လို့မရှိဘူးတဲ့၊တယောက်မှားလျှင် တယော် က သည်းခံလို့ အင်မတန်မှချစ်ခင်ကြင်နာကြတာပေါ့၊ရိုး လိုက်တာဆိုတာလဲ မပြောပါနဲ့တော့ နာမည်နဲ့ အလိုက် ပါဘဲ။ရှေးလူကြီးတွေဆိုတော့ ယခုခေတ်ကာလ ပေါ်တဲ့ ဝဏ္ဏပစ္စည်းတွေ စကားအသုံးအနှုန်းတွေဆိုရင် သူများ ပြောလို့သာကြားရ၊ ဘာခေါ်တယ်လို့ ဘယ်ဟာမှ မယ် မယ် ရရ မသိကြရှာဘူးတဲ့၊ ခေတ်ဆလိုနဲ့ကြည့်မယ်ဆိုရင် ရိုးလွန်းတော့ နဲ၊နဲ လွန်းတော့ အ အ လွန်းတော့ အူ ဆိုတဲ့ ထဲက ရောက်နေတော့ဒါပေါ့၊ ဒါနဲ့ဘဲ တနေ့သဌကျတော့

ဦးရွှေရိုးက တောထဲကပြန်အလာ၊ ခြေသလုံးမှာလဲ ရွှံ့တွေဖေလို့၊ ရေအိုးမှာကြည့်လိုက်ပြန်တော့ ရေကလဲမရှိဘာနဲ့၊ သံပုံးဆိုင်းကလေး ပခုံးပေါ်တင်ပြီး ရေခတ်အသွား၊ လမ်းကြားမှာ ဝင်းဝင်း ဝင်းဝင်းနဲ့ အရောင်ထင်နေတဲ့ ဝတ္ထုကလေးတခု တွေ့ရတာကိုး။ ၎င်းဝတ္ထုကတော့ တခြားဟာ မဟုတ်ပါဘူး၊ ယခု ခေတ်ကာလ မိန်းခလေးများ တခြားတရွာ သွားတဲ့အခါ အလှပြင်စရာ ခါးကြားမှာ ဆောင်သွားကြတဲ့ ခါးပိုက်ဆောင် မှန်ကလေးပါဘဲ။ ဒါနဲ့ ဦးရွှေရိုးကြီးက အဲဒီ မှန်ကလေး ကောက်ပြီး ကြည့်လိုက်တော့ ခေါင်းပေါ်ကပေသီးလောက်ရှိတဲ့ ဆောင်ထုံးကလေးနဲ့ သူ့ရုပ်ပုံကြီးကမှန်ထဲမှာပေါ်နေတာကိုး၊ ဒီတော့မှ သေသေချာချာကြည့်ပြီး ဘယ်လိုအောက်မေ့သလဲဆိုတော့ အင်း— ငါငယ်ငယ်တုန်းက မြင်ရဘူးတဲ့ ငါ့အဘိုးရဲ့ ဓာတ်ပုံကလေးဟာ ပျောက်သွားတာ ကြာလှပြီ၊ ယခုမှ ပြန်တွေ့ရတော့တယ်လို့ ဝမ်းသာအားရနဲ့ ပုဆိုးအိပ်ထောင့်ထဲ ထည့်ကာ အိမ်ပြန်လာ၍ အဝတ်ပါကလေးထဲမှာ ထည့်ပြီး သူ့မိန်းမ မယ်ရွှေရိုးကြီး မသိအောင် တနေ့လျှင် သုံးခါ သုံးခါဖွင့်ကြည့်သတဲ့၊ မယ်ရွှေရိုးကလဲ နေ့တိုင်းနေ့တိုင်း မကြာမကြာ အဝတ်ဖါကို ဖွင့်တာမြင်ရတော့ မသင်္ကာတာနဲ့ သူ့ယောကျ်ား တောထဲသွားတဲ့အခိုက် ခိုးပြီးဖွင့်ကြည့်တော့ ၎င်းမှန်ကလေးတွေ့ပြန်တာကိုး၊ သူက ကြည့်လိုက်ပြန်တော့လဲ သူ့ခေါင်းပေါ်က ဘီးဆံပတ်ကြီးနဲ့ ခြောက်လက်မ နှင်းဆီပွင့်ကြီး ပန်ထားတဲ့ရုပ်ပုံ မှန်ထဲမှာ ပေါ်ပြန်တာပေါ့၊ ဒါနဲ့ဘဲမယ်ရွှေရိုးကလဲမှန်ထဲက သူ့ရုပ်

ပုံ သေသေချာချာကြည့်ပြီး၊ အင်း......ကြည့်စမ်းပါ ကိုရွှေရိုး အသေကောင်၊ ရိုးတယ် ရိုးတယ်နဲ့ မယားငယ် ထားတာ ကြာလှပြီ၊ နေ့တိုင်းနေ့တိုင်း ဒီပါကို ဖွင့်ဖွင့်ကြည့်နေတာ၊ ဘာများ ကြည့်ပါလိမ့်မလဲလို့ အောက်မေ့နေ၊ ယခုမှ မယား ငယ့်ဓာတ်ပုံတွေ့ရတော့ဘယ်၊ မသာကောင်၊ အော့ဝမ်း ကျ၊ ဒီမိကို မလာရအောင် ရန်ထောင်ပစ်လိုက်မယ်နဲ့ ဒေါ်ပွနေတဲ့အခိုက်၊ ဦးရွှေရိုးကြီးကလဲ တောတဲက ပြန်လာ တော့၊ ထမိကို တိုတိုပါအောင်ဝတ်ခါ၊ ဒိမ်ပေါက်ဝက နေပြီး အတင်းဆုပစ်လိုက်ထာ၊ ဦးရွှေရိုး ခမျာမှာ နားရင်း ကိုပူနေတာဘဲဆိုကိုး၊ ဟုတ်လဲဟုတ်ပေမှာဘဲလေ၊ လောက မှာထမင်းသာ စေးနိုင်တယ်လို့ကြားဘူးတာဘဲ၊ ကျုပ် တို့တော့ ဘုန်းကြီးမို့ ဘာပြောတယ်လို့ မသိပါဘူး၊ ဒါနဲ့ ဦးရွှေရိုးကလဲ ရိုးရိုးကြီးနဲ့ မဟုတ်ပါဘူး မရွှေရိုးရဲ့၊ ဆဲဒါ ငါ့အဘိုးရဲ့ဓာတ်ပုံကလေးပါ။ တယောက်ကလဲ မယားငယ် ဓာတ်ပုံ၊ တယောက်ကလဲ အဘိုးဓာတ်ပုံနဲ့ အညင်းအခုံဖြစ် ကြပါရော။ ရန်ဖြစ်လို့ တော်တော်ကလေး မောသွားကြ တော့မှ ဦးရွှေရိုးကြီးကစပြီး ကဲ–မယ်ရိုးရေ ဒို့နှစ်ဦးသား ဒီလိုအညင်းအခုံ ပွါးနေလို့ ဘယ်တော့မှ အပြီးသတ်မှာ မဟုတ်ဘူး၊ ကျောင်းက ကိုးကွယ်ထားတဲ့ ဘုန်းကြီးထံ သွားပြီး ရှင်းလင်းကြမယ်၊ ဘုန်းကြီးက ဆုံးဖြတ်ပေးတာ ကို နာခံရမယ်လို့ တိုင်ပင်ပြီး မှန်ကလေးကို ကိုင်ကာ ကျောင်း ရောက်သွားကြတာပေါ့၊ ဘုန်းတော်ကြီးကလဲ မောင်ရိုးနဲ့ မယ်ရိုး ဒီတခါ တယ်ပြီး အလာထူးပါကလား၊ ဘာများ ဖြစ်လာကြသလဲလို့ မေးလိုက်တော့၊ မယ်ရိုးက

ဒေါ်သ အရှိန်မသေသေးတာနဲ့ ကြည့်စမ်းပါ၊ ကိုယ်တော်၊ ကိုယ်တော့်တပည့်ဟာ ရိုးတယ်ရိုးတယ်နဲ့ ချတော့ မယားငယ်ထားတယ်ဘုရား……ကောင်းနိုင်ရော့လား၊ ။ဦးရွှေရိုးကလဲ မဟုတ်ရပေါင်ဘုရား တပည့်တော်ရဲ့ အဘိုးခေတ်ပုံကလေး ပျောက်နေတာ ကြာလှပြီ၊ ချမှ ပြန်တွေ့တာနဲ့ သိမ်းထားဒါ၊ သူက မယားငယ်ခေတ်ပုံလို့ စွဲတယ်ဘုရာ့နဲ့ ဘုန်းကြီးရှေ့တွင်အလုအယက်ပြောနေကြပြန်၏၊ ။ဘုန်းကြီးကလဲ့ နှင်တို့ဟာ မဟုတ်သေးပေါင်ဟယ်၊ အဲဒီ ခေတ်ပုံက ဘယ်မလဲဆိုးပြီး ယူကြည့်လိုက်တော့ မှန်ထဲမှာ ခေါင်းဖြူကြီးနဲ့ ဘုန်းကြီးရုပ်ပုံကြီး ပေါ်နေပြန်ဒါကိုး၊ ဒီတော့မှ ဘုန်းကြီးကလဲ သေသေချာချာကြည့်ကာ၊ ဟင်-ဘယ်မလဲ မောင်ရွှေရိုးပြောတဲ့အဘိုးခေတ်ပုံဆိုတာ လဲမဟုတ်၊ မယ်ရိုးထင်တဲ့မယားငယ်ခေတ်ပုံဆိုတာလဲမပါ၊ အပြီးသတ်တော့ ငါ့တို့ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူသွားတာ ကြာလှပြီ၊ ယခုမှဘဲ ခေတ်ပုံကလေးကို ဖူးတွေ့ရတော့တယ်ဆိုပြီး၊ ဘုန်းကြီးက မှန်ကလေးကို ကုန်းကုန်းပြီး ဝပ်ချရှိခိုးသတဲ့၊ ဦးရွှေရိုးနဲ့ မယ်ရွှေရိုးကြီးဘို့လဲ အနေရခက်နေတော့ ဒါပေါ့လေ၊

ကဲဝမ္မမိတ်ဆွေ……စဉ်းစားစမ်းပါ၊ အဲဒါ ဘယ့်နှယ်လုပ်ပြီး ဆုံးဖြတ်မလဲ၊ မှန်ကလေးကတော့ ဦးရွှေရိုးထင်တဲ့ အဘိုးခေတ်ပုံဆိုတာလဲမဟုတ်ပါ၊ မယားငယ်ထင်တဲ့ မယ်ရိုး ဘက်လဲ မလိုက်ပါဘူး၊ ဆရာတော်ကြီးလို့ ထင်တဲ့ ဘုန်းကြီးဘက်ကိုလဲ မျက်နှာ မလိုက်ဘူး၊ မှန်ကတော့ မှန်ဆိုတဲ့အတိုင်း မှန်မှန်ကလေးနေတာပါဘဲ၊ ထိုဥပမာ

အတူ မြတ်စွာဘုရား ထားတော်မူခဲ့တဲ့ နိဗ္ဗာန်ရောက်ရန် ဝိပဿနာဆိုတဲ့အနတ္တဉာဏ်မှန်ကတော့၊ဘယ်သူ့အတွက် ဘယ်ဝါအတွက်၊ ထိုဂိုဏ်းအတွက်၊ ဒီဂိုဏ်းအတွက်လို့ ပုဂ္ဂလဓိဋ္ဌာန်အနေနဲ့ ဂိုဏ်းကွဲအောင်ညင်းခံရအောင် ထားခဲ့တာမဟုတ်ပါဘူး။ ယခုတော့ ကိုယ့်အသိဉာဏ်ကလေးနဲ့ကိုယ်ဝေဘန်ပြီး၊ ငါ့ဂိုဏ်းက မှန်တယ်၊သူ့ဂိုဏ်းက မှားတယ်နဲ့ အညင်းအခံပွါးနေကြတယ်။ ဘယ်လိုပင် ညင်းခံနေကြငြားသော်လဲ အပြီးသတ်တော့ မြတ်စွာဘုရား အလိုဟော်ကျတဲ့ဂိုဏ်းဟာ " အနတ္တ ဒီမိုကရေစီ " ဖြစ်သွားမှာပါဘဲ။

\+ \+ \+ \+

ဂိုဏ်းကွဲကြပုံ။

ဤနေရာ၌ ဂိုဏ်းကွဲရပုံကို အနည်းငယ်ရှင်းပြပါဦးမည်၊ဂိုဏ်းကွဲဘယ်ဆိုတာ ခုကာလမှသာ မဟုတ်ပါဘူး၊မြတ်စွာဘုရား လက်ထက်ကလဲ ဂိုဏ်းတွေကွဲခဲ့တာဘဲ။ ဘုရားကိုယ်တော်မြတ် မပွင့်မီအချိန်လောက်ကစပြီး သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်များမှာ မိမိကိုယ်ကို ဗုဒ္ဓဟု ဝန်ခံကာ ဝါဒဖြန့်နေကြတဲ့ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ပကုဓ၊ကစ္စာယန၊အဇိတ၊ကေသကမ္ဗလအစရှိတဲ့ တိတ္ထိဂိုဏ်း ဆရာကြီးတွေ ပေါ်ပေါက်ခဲ့တယ်။ ဘုရားပွင့်တော်မူလာတော့လဲ သူတို့ဟာ ဘုရားလက်အောက်ကို ဝင်ကြတာမဟုတ်ဘူး။ သူတို့သာဝကတွေ၊ သူတို့တပည့်တွေ၊ သူတို့ပါဝါတွေနဲ့ အသီးအသီးနေကြတာဘဲ။ မြို့သူမြို့သား လူအများတွေမှာလဲဘယ်ဟာက ဘုရားစစ် ဘုရား

မှန့်ဖြစ်ပါလိမ့်မလဲလို့ အမျိုးမျိုးစုံစမ်း ဝေဘန်ကြတယ်။ အမြင်မှန်ရတဲ့ သူတွေလဲ ရသွားကြတာဘဲ၊ အမြင်မှန်မရလို့ အပါယ်လေးပါး ကျတဲ့သူတွေလဲ ကျကုန်ကြတာဘဲ။ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီး ထင်ရှား ပွင့်နေလျက်တောင်မှ ဂိုဏ်းတွေ, ဂဏတွေ, ဝါဒတွေ, ကွဲပြားနေကြသေးတာဘဲ။ ယခုကာလ ဂိုဏ်းကွဲတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။ ယခုကာလ ဂိုဏ်းကွဲရပုံကို ပြောပြပါဦးမည်၊ ဘုရားဟောတဲ့ တရားချည်းမှန်ပါလျက် ဘာ့ကြောင့် ဂိုဏ်းကွဲရသလဲလို့ မေးစရာရှိတယ်၊ ၊ဥပမာ—ဆရာတယောက်က ဂိုဏ်းတဂိုဏ်း တည့်ထောင်ပြီး ဘုရားဟောပါဠိတော်ထဲက ဒါနနှင့်စပ်ဆိုင်ရာ ပါဠိအကိုးအကားတွေကို ရှာဖွေစုဆောင်းကာ၊ ဒါန အရေးကြီးတဲ့အကြောင်းဟောပြလိုက်တော့၊ဒါန ကြိုက်ကြတဲ့ တပည့်သာဝကတွေ များစွာရလာတာပေါ့။ အဲဒီ ဂိုဏ်းကိုတော့ ဒါနဂိုဏ်းလို့ နာမည်ကြီးလာတယ်၊

နောက်တခါ ဆရာတယောက်ကလဲ သူတို့နဲ့ မတူအောင် ငါ့ဂိုဏ်းတခု ထူထောင်မှဘဲဆိုပြီး၊ သီလနှင့်စပ်ဆိုင်ရာ ပါဠိ အကိုးအကားတွေပြကာ သီလသာလျှင် အခြေခံဖြစ်ကြောင်း၊ သီလမပါလျှင် ဘယ်နေရာမှ မပြီးနိုင်ကြောင်း အကျယ်တဝင့် ယုတ္တိ ယုတ္တာနှင့် ဟောပြပြန်တော့၊ သီလကြိုက်သမားတွေကလဲ သူ့ တပည့်သားတွေဖြစ်လာပြန်တာပေါ့၊သူတို့ဂိုဏ်းကိုတော့ သီလဂိုဏ်းကြီးလို့ အမည်ပေးလိုက်ကြပြန်ပြီ၊

တဖန် အခြားဆရာတယောက်ကလဲ သူများနှင့်မတူတာကို လုပ်မှဘဲဆိုပြီး တသီးပုဂ္ဂလ တည်ထောင်ကာ သမာဓိနှင့် ဆိုင်ရာ ပါဠိ အကိုးအကားတွေကိုသာ ရှာပြီး၊ သမာဓိ မပါလျှင် ပညာမဖြစ်နိုင်ကြောင်း၊ သမာဓိအခြေမခံဘဲ ပညာကို စ၍လုပ်လျှင်၊ ပုဆိုး အင်္ကျီမပါဘဲ ခေါင်းပေါင်းကြီး ပေါင်းဖြဘာနဲ့တူတယ်၊ လှေကား သုံးထစ်ရှိတဲ့အနက် အထက်ဆုံးအထစ်ကို ကျော်တက်တာနဲ့တူတယ်၊ ဘယ့်နှယ်-ညာ့နှယ်နဲ့ ပရိယာယ်အမျိုးမျိုးဆင်ကာ ဟောပြလိုက်တော့၊ ပုဂ္ဂလ အစွဲသန်ကြတဲ့ တပည့်သာဝက တွေကလဲ ငါတို့ဂိုဏ်းကလွဲပြီး အခြားဂိုဏ်းတွေဟာ အလုပ်မရှိ၊ အဟောသမား, အပြောသမား, အလကားဟာတွေလို့ ထင်ကုန်ပါရော၊ သူတို့ဂိုဏ်းကိုတော့ သမာဓိဂိုဏ်းကြီးလို့ ခေါ်ရဖြန်တာပေါ့၊

ဥင်းပြင် ဆရာတဦးကလဲ၊ ဒါန, သီလ, သမထ တွေဟာ သာသနာ့ဝ တရားတွေသာ ဖြစ်တယ်၊ ယခုအခါ သာသနာတော်တွင်းမှာ ဝိပဿနာပညာသာလျှင် အရေးကြီးကြောင်း ဟောပြန်တော့ ဝိပဿနာဂိုဏ်းကြီးလို့ အမည်ပေးကြပြန်တာပေါ့၊ ၊တော်တော်ကြာတော့ ငါ့ဂိုဏ်းကမှန်တယ်၊ သူ့ဂိုဏ်းက မှားတယ်နဲ့ အကိုက်အခံအညင်းအခုံတွေပွါးပြီး၊ ရှေးအခါက, သားအဘနှစ်ယောက်ဘုရားဟောတဲ့ မင်္ဂလာတရားတော်ကို လက်ကိုင်ဒုတ် လုပ်ပြီး ရန်ဖြစ်သလို ဖြစ်နေတော့ဒါပေါ့၊

**သားအဘချင်း ရန်ဖြစ်ကြပုံ။**

သားဖြစ်တဲ့သူက အမေမှန်းမသိ၊ အဖေမှန်း မသိ ထန်းရေသောက်၊ မူးရိုက်၊ ကြက်တိုက်၊ မြင်းလောင်းဆိုသလို၊ အလုပ်အကိုင်ကိုလဲ မလုပ်မကိုင် ချင်တော့ဘဲ အမေအဖေရှာထားတဲ့ ပစ္စည်းတွေကိုသာ သုံးဖြုန်းနေတော့၊ အဖေလုပ်တဲ့သူက ဆုံးမသတဲ့။.... ငါ့သားရယ် မင်းငယ်စဉ်ကသင်ခဲ့ရတဲ့ မင်္ဂလာတရားတော်များ ပြန်ကြည့်ပါအုံး၊ မာတာပိတုဥပဋ္ဌာနံ- အမိအဘတို့ကို ပြုစုလုပ်ကျွေးရမယ်တဲ့၊ ယခုတော့ ငါ့သားက အမိအဘတို့ လုပ်ကိုင်ထားတဲ့ ပစ္စည်းများကိုသာ စားသောက်သုံးဖြုန်းနေတယ် တော်နိုင်ပါ့မလားကွယ်လို့ ဆိုတော့၊ ။ သားဖြစ်သူက ပြန်ပြောသတဲ့။...... အောင်မာ အဖေရာ, ခင်ဗျားက " မာတာပိတုဥပဋ္ဌာနံ " ဆိုတဲ့ ပုဒ်ကိုသာ ကြည့်ဒါကိုး၊ အဲဒီ နောက်နားက 'ပုတ္တ ဒါရဿ သင်္ဂဟော' ဆိုတာကိုတော့ မပြောဘဲကိုးဗျ ဆိုပြီး၊ သားအဘနှစ်ယောက် ရန်ဖြစ်ကြပါရောတဲ့။ ယခုဒီမှာလဲဘဲ ဒါန, သီလ, သမထ ဝိပဿနာ ဘုရားဟောတာချည်း မှန်ပါလျက် ဂိုဏ်းကွဲပြီး ဝါဒ များနေရတယ်၊ ဒီတော့ ဂိုဏ်းဂဏ ဝါဒတွေ ဘယ်လောက်ပင် များနေသော်လဲ အသင်ခမ္ဗမိတ်ဆွေတို့ ကျနုပ်တို့အတွက် ဝေဘန်ရမှာက၊ ဥပမာ-တဆယ်,တရာ, တထောင်,တသောင်း စသည်ဖြင့် သူ့အဆင့်အတန်းနှင့် သူ့ ထလခတွေ အမျိုးမျိုးပေးထားတဲ့ အလုပ်ရုံကြီးတခုရှိတယ်ဆိုပါတော့၊ အဲဒီ အလုပ်ရုံကြီးမှာ အသင်ခမ္ဗမိတ်ဆွေဟာ တဆယ်တန်, တရာတန်, တထောင်တန် ဆိုတဲ့ အလုပ်တွေကိုလဲ လုပ်နိုင်တဲ့ အရည် အချင်း ရှိတယ်၊

တသောင်း လခရတဲ့အလုပ်ကြီးကိုလဲ လုပ်နိုင်တဲ့ပညာအရည်အချင်းရှိတယ်၊ အဲဒီလို မိမိမှာ ဘယ်အလုပ်မျိုးမဆို လုပ်နိုင်တဲ့အရည်အချင်းရှိပါလျက် တဆယ်ဘန့် တရာတန့် တထောင်တန် အလုပ်နှင့် တင်းတိမ်နေလျှင် နေရာကျနိုင်ပါမည်လား၊

ဓမ္မမိဋ္ဌာန်နဲ့ ဂဲ-ဓမ္မမိတ်ဆွေ ... အဲဒီပုဂ္ဂလမိဋ္ဌာန် သူ့ဂိုဏ်း ဝေဘန်ကြစို့ ငါ့ဂိုဏ်းတွေ ဘေးချိတ်ပြီး ဘုရားအလိုတော်ကျ ဓမ္မမိဋ္ဌာန် သဘာဝနဲ့ အသင်နှင့် ကျနုပ် နှစ်ယောက်ထဲ တိုးတိုးတိတ်တိတ် ကြိတ်ပြီးတိုင်ပင် ဆွေးနွေးရအောင်၊ တရားမဆွေးနွေးခင် အသင်ငယ်ငယ်တုန်းက ထင်ခဲ့တဲ့ အထင်တွေ၊ အသင့်မိဘ ဘိုးဘွားလက်ထက်က စွဲလာတဲ့ မိရိုးဖလာ အစွဲတွေ၊ ငါ့ဆရာပြောတာမှ မှန်တယ်၊ငါတို့ ဂိုဏ်းမှ ဟုတ်တယ်လို့ဆိုတဲ့ ဆရာစွဲ,ဂိုဏ်းစွဲတွေ ဘေးနား အသာပုံထားလိုက်စမ်းပါ (ယုံကြည် ကျန်းမာ၊ဖြောင့်စင်းစွာနှင့်၊ ဥဿာဟမှု၊ ပညာရှုသည်၊ ငါးချပ်ခါနိယင်္ဂမတရားတည်း) လို့ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ဆုံးမတော်မူတဲ့ အတိုင်း၊ အများကိုလဲမငဲ့၊ ဂိုဏ်းကိုလဲမငဲ့၊ဆရာကိုလဲမငဲ့ ဂုဏ်ကိုလဲ မကြည့်၊လာဘ်ကိုလဲမမျှော်၊ဘုရားအလိုတော်ကျမှ ယုံကြည်မယ်ဆိုတဲ့ဖြူစင်ဖြောင့်စင်းတဲ့ စိတ်ကလေးကို မွေးမြူထားလိုက်စမ်းပါ၊ ကျနုပ်ပြောပြမယ်၊ ... အင်္ဂုတ္တရပါဠိတော် ကာလာမသုတ္တန်မှာ မစွဲလမ်းရဋ္ဌာနလို့ ကာလာမ,မင်းသားတွေကို ဘုရားဟောထားတာရှိတယ်၊ ကာလာမ,မင်းတို့၏ အုပ်စိုး

ရာ ကေသမုတ္တ ခေါ်တဲ့ နိဂုံးရွာငယ်ကလေးဟာ တော အုပ်၏ အဝင်စု,လမ်းဆုံ လမ်းခွမှာ တည်နေတဲ့ ရွာက လေးဆိုတော့ ခရီးသွားဧည့်သည်တို့၏ တည်းခိုရာဌာန ကလေးတခုလို ဖြစ်နေတာပေါ့၊ ရောက်လာကြတဲ့ ဧည့် သည်တွေက ဝါဒအမျိုးမျိုးတွေ ဖြန့်ကြတော့၊ ကာလာမ, အမျိုးသားတွေမှာ ဘာကို လုပ်ရမှန်းမသိအောင်ဖြစ်နေကြ တယ်၊ ၊အဲဒီအချိန်အခါမှာ ၎င်းရွာကလေးသို့ ဘုရား ကိုယ်တော်မြတ် ကြွရောက်တော်မူလာတော့၊ ဝါဒ အမျိုး မျိုးတွေ ရှုပ်ထွေးနေကြောင်း လျှောက်ထားကြတဲ့အခါ၊ မြတ်စွာဘုရားက ချစ်သား ကာလာမ,တို့၊ ငါဘုရားဟော တာကို စဉ်းစားနားထောင်ကြဲဆိုပြီး အောက်ပါ ဆယ်ဌာ နကို ပြောပြတယ်၊

မစွဲလမ်းရာ ဆယ်ဌာန။

(၁) ငယ်စဉ်တောင်ကျေး ကလေးဘဝက ကြားနာခဲ့ခ မှတ်သားခဲ့ရဘူးတာတွေကိုလဲ အစွဲအမြဲ ယူမထား ကြနဲ့၊

(၂) မိဘ ဘိုးဘွား လက်ထက်က ဆင်းသက်လာတဲ့ မိ ရိုး ဖလာ အစွဲတွေကိုလဲ အမြဲတထစ်ချ မှတ်မထား ကြနဲ့၊

(၃) ဒါက ဒီလိုတဲ့၊ ဟိုဟာက ဟိုလိုတဲ့လို့ သူများက ပြောတာနှင့်လဲ ပုံတော်လှပြီ အစွဲအမြဲ ယူမထားကြနဲ့၊

(၄) ဒီအယူအဆတွေတော့ ငါတို့သင်ထားတဲ့ ကျမ်း

ဂန့်တွေနဲ့ ညီမျှတယ် ဟုတ်မှာဘဲလို့လဲအမြဲ မှတ်မထားကြနဲ့၊

(၅) မိမိဘာသာ ကြီးစည့် စိတ်ကူးလို့ ပေါ်လာတဲ့ အယူအဆတွေကိုလဲ ဟုတ်မှာပြီဆိုပြီး အစွဲသန်မနေကြနဲ့၊

(၆) တခြားသူတွေ လုပ်ကိုင် ကျင့်ကြံနေတာ မြင်ရလို့လဲ ဒီလူတွေလုပ်တာတော့ ဟုတ်မှာဘဲဆိုပြီး အမြဲအစွဲ မယူကြနဲ့၊

(၇) တစုံတခု အကိုးအကား အထောက်အထားကို ရှာဖွေ စဉ်းစားရာ၊ အထောက်ကောင်း ရတာနဲ့လဲ အစွဲအမြဲမှတ်မထားနဲ့၊

(၈) သူပြောတဲ့ အယူအဆတွေကတော့ ငါယူထားတာတွေနဲ့ အကုန်တူဘာဘဲဆိုပြီးတော့လဲ တထစ်ချမှတ်မထားလေနဲ့၊

(၉) ဒီပုဂ္ဂိုလ်တွေကတော့ အထက်တန်းကျတဲ့ ပုဂ္ဂိုလ်တွေဘဲ၊ ဒီပုဂ္ဂိုလ်တွေပြောတဲ့ စကားတော့ မှတ်သားထိုက်တယ်လို့လဲ ယူမထားကြနဲ့၊

(၁၀) ဒီပုဂ္ဂိုလ်ကတော့ ငါတို့ ကိုးကွယ်ထားတဲ့ဆရာဘဲ ငါ့ဆရာ ပြောတဲ့စကားတော့ မှတ်သားထားမှာဘဲလို့တဲ ဆရာစွဲ စွဲမနေကြနဲ့တဲ့၊

x x x x

ဆရာစွဲ-စာစွဲ-ငါစွဲ ခမ္မမိတ်ဆွေ- စဉ်းစားစမ်းပါ၊ ဘယ့်ကသောက် နက်နဲ့ထဲ့ အချက်ကလေးတွေလဲ ဝေဘန်စရာတွေပေါ့၊ ယခုကာလတော့ တရားနှင့်ပတ်

သက်လို့ ဝေဘန်လျှင် အပါယ်ကျမှာလိုလို ထင်နေကြ တယ်။ မဝေဘန်ရင် မှားမှာပေါ့။ အဲဒီ အထက်ကပြခဲ့တဲ့ အမိပ္ပါယ်တွေ အကျဉ်းချုံးပြီး ဗမာပြန်ရှင်းရှင်းကလေးနဲ့ ပြောလိုတာကတော့၊ တရားစစ်တရားမှန်ကို တကယ်လို ချင်လျှင်၊ (၁)နံပါတ် ဆရာစွဲ၊ (၂)နံပါတ် စာစွဲ၊ (၃)နံပါတ် ငါစွဲ၊ အဲဒီ အစွဲသုံးခုကို ရှေးဦးစွာ ပယ်ရမယ်။ ဘာ့ကြောင့် လဲဆိုတော့ ဆရာစွဲရှိနေတဲ့ ပုဂ္ဂိုလ်များဟာ ငါ့ဆရာပြော တာမှ ဟုတ်တယ်ဆိုပြီး တထစ်ချ မှတ်ထားတော့၊ သူ့ ဆရာကလွဲရင် ဘယ်သူကိုမှ အဟုတ် မထင် တော့ဘူး။ တခြားသူများက လာပြောတဲ့အခါမှာလဲ ငါ့ဆရာပြောတာ နှင့်မှ မတူဘဲ မယူနိုင်ဘောင်ဆိုပြီး လာလာသမျှ ဝါဒတွေ အကုန်လုံး ဘော်လှန်ပစ်လိုက်တော့တာဘဲ။ အဲဒီလို ဆရာစွဲ ရှိနေတဲ့ ပုဂ္ဂိုလ်များမှာ ဘယ်တော့မှ တရားမရနိုင်ဘူးလို့ မှတ်ထားလိုက်ပေတော့၊ ဉပမာ–အသင် မေ့မိတ်ဆွေက ကျွန်ုပ်ကို ဆရာအနေနဲ့ ကိုးကွယ်ထားတယ် ဆိုပါတော့၊ ကိုယ့်ဆရာပြောတဲ့စကားကို စွဲစွဲမြဲမြဲယုံကြည်တတ်တယ် ဆိုတာမျိုးဟာ လောကမေ့တာဘဲ။ ဒီတော့ ကျွန်ုပ်ပြော သမျှတွေကို အသင်ကအကုန်လုံးယုံကြည်တယ်၊ ကျွန်ုပ်က အယူမှားလို့ အပါယ်ကျလျှင် အသင် မေ့မိတ်ဆွေလဲ အပါယ်အကျခံရတော့မှာထါး၊ ဒီလိုမဟုတ်ပါဘူး။ စဉ်းစား ဝေဘန်ပြီး ယုံပေါ့။ အထက်က ပြခဲ့တဲ့ မစွဲလမ်းရာ ဆယ် မှာနမှာ နောက်ဆုံးပိတ် ဆယ်နံပါတ် အရကိုလဲကြည့်ပါ၊ ရှင်းပြင်"အသျှင်ဇနကာဘိဝံသ"၏ ကျမ်းစာမှာလဲ(မည် သူကိုမျှ မညွှာကြနှင့် မိဘဆရာ၊ ဖြစ်စေကာထည်း၊ သူဟာ

ဗာလ၊ ပဏ္ဍိတဟာ၊ ကျွန်ခွဲလှစ်၊ တွေ့တိုင်းစစ်၊ စံနစ်ကျစေ ကွဲ့ ) လို့ ဝေဘန်စရာပြဆိုထားတယ်။ ဒါ့ကြောင့်-တရားစစ် တရားမှန်ကို လိုချင်ရင် (၁)နံပါတ်ဆရာစွဲကို ပယ်လိုက်ပါ။

(၂)နံပါတ် စာစွဲရှိနေတဲ့သူများမှာလဲ အစီအစဉ်မကျပေါက်တတ်ကရ မိမိ ရထားတဲ့ စာကလေး တညှို့တထွာနှင့် တရားဆွေးနွေးကြတဲ့ လူပိုင်းထဲဝင်ပြီး အနှောက်အရှက် ပေးလားပေးတတ်ရဲ့၊ တရားဟောတဲ့ ဓမ္မကထိကကိုယ်တော်တွေ ကြွလာတယ်ဆိုရင် ထိုဆရာများထံမှ တလုံးတပါဒ ရအောင် ယူလိုက်မယ်ဆိုတဲ့ သဘောမျိုးမထားဘဲ ပကာသနကိုသာ အလိုရှိ၍ မိမိရထားတဲ့ စာကလေးများကို ရွတ်ပြလားပြတတ်ကဲ့၊ အလေးတိုက်, ဈေးကိုက် ရုံစမ်းလိုတဲ့ သဘောမျိုးနဲ့ မေးလား မေးတတ်ကဲ့၊ ဘယ်တုန်းက ပဌမကျော် ကိုယ်တော်ကလေးတပါး ငါ မေးလိုက်ထာ မဖြေနိုင်ရှာဘူးကွဲ့ လို့ အသားယူလား ယူတတ်ကဲ့၊ အဲဒီလို စာစွဲရှိနေတဲ့သူများမှာလဲ တရား ရဘို့ရာ လွန်စွာ ခဲယဉ်းနေတော့ဒါဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်ဓမ္မက္ခန္ဓာတွေဟာ သတ္တဝါ တဦးတယောက်အတွက်ရယ်လို့ ဟောထားခဲ့တာမဟုတ်ပါဘူး၊ ဒါတွေကို ဘယ်သူမှလဲအကုန်လုံး မတတ်နိုင်ဘူး။ စာတကယ် တတ်ချင်ရင်တော့ ဘုရားဆုပန်မှ နေရာကျတော့မှာဘဲ၊ မိမိဉာဏ်မှီသမျှ တစိတ်တဒေသ, တစွယ်တငန်းက သိကြရတာကိုဘဲ စာတတ်လုပ်နေ

ကြရတယ်၊ ဒီတော့ အသင်ဓမ္မမိတ်ဆွေ သိတဲ့ဟာကိုလဲ ကျွန်ုပ်သိချင်မှ သိမယ်၊ ကျွန်ုပ် သိတဲ့နေရာကိုလဲ အသင်ဓမ္မမိတ်ဆွေ သိချင်မှ သိမယ်၊ဘုရားညဏ်အရာက လွန်စွာ ကျယ်ဝန်းတာကိုး၊ ဒါကြောင့်-ကျွန်ုပ်တို့ ဆရာဘုရား အမိန့်ရှိဘူးတယ်၊ ယခုအခါ ဗမာနိုင်ငံမှာ စာတတ်တဲ့ ပုဂ္ဂိုလ်မရှိပါဘူးတဲ့၊ဂါလဲမတတ်ပါဘူးတဲ့၊ဘယ့်ကလေး သဘာဝကျတဲ့စကားလဲ၊ဘုရားထက်ထက်တော်က ပေါဋ္ဌိလ ဆိုတဲ့ ရဟန်းကြီးကို လူဘကာဘဲ ကြားဘူးကြပါလိမ့်မယ်၊ အဲဒီ ရဟန်းကြီးဟာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ပြီး ဒိုးလိုမွှေ့, ရေလိုနှောက်နိုင်သတဲ့၊ ဒါတောင်မှ ဘုရားက တုစ္ဆပေါဋ္ဌိလလို့ အခေါ်ခံရသေးတယ်၊ ယခုကာလ စာတတ်တွေဟာ ပေါဋ္ဌိလ, ဇိပ်နေသလောက်ဘဲရှိပါလိမ့်မယ်၊အဲဒီထဲက ငါစာတတ်တယ်ဆိုပြီး စာမာန်ပွါးကာ စာသိကလေးလောက်နဲ့ တင်းတိမ်နေသူများ သတိရလောက်ကြပြီထင်ပါရဲ့၊

**စာသင်နည်း သုံးမျိုး။** ဒါကြောင့်—အဋ္ဌသာလိနီ အဋ္ဌကထာကြီး၏ နိဒါန်းမှာပင် နိဿရဏတ္ထ၊ ဘဏ္ဍာဂါရိက၊ အလဂဒ္ဒူပမလို့ စာသင်နည်း သုံးမျိုးကို ပြခဲ့တာပေါ့၊ နိဿရဏတ္ထ သင်နည်းဆိုတာကတော့ ငါသည် မြတ်စွာဘုရား၏ ဒေသနာတွေကို သင်အံလေ့ကျက်ပြီး၊ မိမိခန္ဓာမှာ ရှိတဲ့ တရားတွေကို သိအောင် အားထုတ်မယ်ဆိုတဲ့ စေတနာမျိုးနဲ့သင်တဲ့နည်းကိုနိဿရဏတ္ထ သင်နည်းလို့ ခေါ်တယ်၊ ၊ဘဏ္ဍာဂါရိက သင်နည်းဆိုတာကတော့၊

ရှင်သာရိပုတြာ, ရှင်အာနန္ဒာ စသော မထေရ်များကဲ့သို့ ဖြစ်စွာဘုရား၏ ပိဋကတ်ဓမ္မက္ခန္ဓာတွေ မပျောက်မပျက် ရအောင် စောင့်ရှောက် ထိန်းသိမ်းတဲ့ အနေမျိုးနဲ့ သင်တဲ့ နည်းကိုတော့ ဘဏ္ဍာဂါရိက သင်နည်းလို့ ခေါ်တယ်။ အလဂဒ္ဒူပမသုတ်ကတော့ မြွေဖမ်းတဲ့နည်းမျိုးတဲ့၊အဖမ်း မတတ်လျှင် မြွေကိုက်ပြီး သေရသလို၊ယခုလဲ စာကိုအသင် မတတ်ရင် ဒိဋ္ဌိမာနဂါဟကိုက်ပြီး အပါယ်လေးပါးဆိုက် ရတော့သာ တဲ့၊ ဒါကြောင့် .....

ဂန္ထေ ဉတောပိ နောကာယော၊
ဂါဟော ဂါဟတိ ပုဂ္ဂလံ။
ဂန္ထေ ဉတော အဉတော ဝါ၊
ကာယော ဉတော ဝိဂစ္ဆတိ။

ဂန္ထေ၊ စာပေကျမ်းဂန်တို့ကို၊ ဉတောပိ၊ တတ်သော်လည်း၊ ကာယော၊ ကိုယ်ထဲ၌၊ နောဉတော၊ မတတ်သည်ရှိသော်၊ဂါဟော၊ဂါဟတရားသည်၊ပုဂ္ဂလံ ပုဂ္ဂိုလ်ကို၊ ဂါဟတိ၊ ဖမ်းယူ ကိုက်စားတတ်၏၊ ဂန္ထေ၊ စာပေကျမ်းဂန် တို့ကို၊ ဉတောဝါ၊တတ်သော်ရင်း၊ အဉတောဝါ၊ မတတ် သော်ရင်း၊ကာယော၊ကိုယ်ထဲ၌၊ဉတော၊တတ်သည်ရှိသော်၊ ဂါဟော၊ဂါဟတရားသည်၊ဝိဂစ္ဆတိ၊ကင်းပြတ်၏၊

တနည်း ဓမ္မပဒ၌လည်း၊ ၊ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံဗာလဿ ဇာယတိ၊ ၊ဉတ္တံ၊လက်အတတ် နှုတ်အတတ် စာပေအတတ်, အဟောတတ်, အပြောတတ် စသော တတ်

သမျှအတတ်မျိုးသည်၊ ဗာလသဿ၊ အသိအလိမ္မာဉာဏ်ပညာ မရှိသူ လူမိုက်အား၊ အနတ္ထာယ၊ အကျိုးမဲ့ ပျက်စီးရုံသာ၊ ဇာယတိ၊ ဖြစ်၏။

**စာနှင့်တရားခြားနားပုံ။** ။ဒီနေရာမှာ-စာနှင့်တရား အသိချင်း ခြားနားပုံကို လက်တွေ့သာဓက, ကလေးတခု ပြောပြပါအုံးမယ်။ ။တောမြို့ကလေး တမြို့မှာ၊ စာချ အကျော်ဆရာတော်ကြီးတပါးရှိသတဲ့။ ယခုခေတ်အနေနဲ့ ဆိုရင်တော့ စာကလဲ တော်တော်တတ်ပုံရပါရဲ့။ မြို့ပေါ် မှာ စာတတ်တယ်လို့ နာမည်ကြီးနေတော့၊ စာမာန်ပွါး ကာ တခြားချပ်ရွာက ဓမ္မကထိကပုဂ္ဂိုလ်တွေ ဘာတွေ လာတယ်ဆိုရင် ဘယ်သူ့ကိုမှ လက်သင့်မခံဘဲ စာမာန် နှင့် တိုက်လွှတ်ထားဘဲတဲ့။ တနေ့သ၌တော့ တောရွာတရွာ က ဝိပဿနာဓမ္မကထိက လူပုဂ္ဂိုလ် ဆရာကြီးတဦး သာ သနာပြုကိစ္စနဲ့ ၎င်းမြို့ရောက်သွားတော့ ထိုစာချဆရာတော် က နှိမ်လိုတဲ့သဘောနဲ့ ကျောင်းသို့ခေါ်ကာ မင်းက ဘယ် အရပ်ကလဲ၊ ဘာတရားတွေများ ဟောသလဲ၊ ဘာများ တတ်လို့လဲနဲ့ လဲပေါင်းစွာထုတ်ခါ မေးမြန်း ငေါက်ငန်း လေရာ၊ ဓမ္မကထိက ဆရာကြီးက မှန်ပါ တပည့်တော်မှာ စာတော့ ဘာမှမတတ်ပါဘုရား။ဒါပေမဲ့ သဘာဝလိုတော့ အရှင်ဘုရားမေးချင်တာ မေးပါတော့လို့ ခတ်ပြောင်ပြောင် လျှောက်ထားလိုက်သတဲ့၊ ဒီတော့မှ ဆရာတော်ကြီးက အောင် မာ=မင်းလိုလူစား ငါမေးတာဖြေနိုင်ပါ့မလား၊ ကဲဗျာ= သည့်ပြင်ဟာတွေဆိုတာ အသာထားပါအုံးတော့၊ တရား

ဟောဆရာဆိုရင် ကုသိုလ်, အကုသိုလ်လောက်တော့ နား လည်ထားရတယ်၊ ကုသလာဓမ္မာ နှင့် အကုသလာဓမ္မာ အရ၊ ဝေဘန်ပြစမ်းပါလို့ ခိုင်းလိုက်တော့၊ ဓမ္မကထိက ဆရာကြီးက ဘုန်းကြီးရှေ့တွင် ပုဆစ်ဒူးကလေးတုပ်, လက်အုပ်ကလေးချီကာ၊ အာရှေ့ခန်းက ရုပ်ပွါးဘုရား ဘက်လှည့်ပြီး ဩကာသ ဩကာသလို့ရှိခိုး ဝပ်ချသတဲ့၊ တဖန် ဘုန်းကြီးဘက်သို့ လှည့်ပြန်ကာ နှစ်နှစ်ကာကာ (မအေးရိုး)လို့ဆဲပြီး အဲဒါကုသလာဓမ္မာနဲ့ အကုသလာဓမ္မာ ပါဘဲဘုရား၊မရှင်းသေးရင် ထပ်မေးပါအုံး ဆိုတော့၊စာချ ဆရာမှာ ဒေါပွသော်လဲ အပြောရခက်နေတာနဲ့ ခေါင်းငိုက် ဆိုက်ဖြစ်သွားတာပေါ့၊ ဒါ့ကြောင့်-ဓမ္မမိတ်ဆွေရေ...... တရားစစ်တရားမှန်ကို တကယ်လိုချင်ရင် (၂)နံပါတ် စာစွဲ ကိုလဲ ပယ်လိုက်ပါ၊

(၃)နံပါတ် ငါစွဲရှိနေတဲ့သူများမှာလဲ တရားစစ်တရား မှန် ဘယ်တော့မှ မရနိုင်ဘူး၊ဘာ့ကြောင့်လဲဆိုတော့ လာ လာသမျှ ဝါဒတွေကို ကိုယ့်အသိကလေးနဲ့တိုက်ကြည့်ပြီး ကိုယ့်အသိနဲ့ မတူတာဟူသမျှ ဘယ်ဝါဒမှ အယုံအကြည် မရှိတော့ဘူး၊ သူ့အလိုလိုက်ပြီး သူ့အကြိုက် ပြောတတ် တဲ့ ရှောရှီးတိုက်ဆရာမျိုးကိုမှ သဘောကျတော့ဒါဘဲ၊ ဒီကတဲက ဘယ်ကလာအစစ်အမှန် ဖြစ်နိုင်တော့မလဲ၊အချို့ သူများလဲ ငါက တရားသိတယ်၊ ဘုန်းကြီးက တရားမသိ ဘူးဆိုပြီး ဘုန်းကြီးများကိုတောင် ဝပ်မချနိုင်အောင်ဖြစ် နေကြတယ်၊ ၊အချို့သူတွေမှာလဲ တရားအားထုတ်ပြီးမှ

မျက်နှာကြီးတခွဲသားလောက်နဲ့ လူဝိုင်းထဲမဝင်နိုင်လောက်အောင် မာနထောင်နေကြတယ်၊ "အရင်ဟာထက် နောက်ဟာဆိုး" ဆိုတာလိုဖြစ်နေတော့ဒါပေါ့။

**အရင်ဟာထက် နောက်ဟာဆိုး။**

ဈေးအခါက ရွာတရွာမှာ အဖေလုပ်တဲ့ လူက သူ့သမီးရဲ့ ပစပ်မှာ သွားချေးတွေပေ နေတာမြင်ရတော့၊ တိုက်ရိုက်ပြောရမှာလဲ မတော်တာနဲ့ ပိုက်ဆံတမတ်ပေးပြီး ကြံဝယ်အစုတ်ခိုင်းသတဲ့၊ သမီးကလဲ ပိုက်ဆံယူသွားပြီး ထမ်းမှာ ပိန်းဥသယ်ကလဲ အရံသင့် တွေ့တာနဲ့ ပိန်းဥတွေ ဝယ်စားလာတော့ ပိုဆိုးနေတော့ တာပေါ့။ ဓမ္မမိတ်ဆွေရေ ငါစွဲဟာ တော်တော် ဘဲဆိုး တယ်နော်၊ နောက်ပိတ်ဆုံး တရားအားထုတ်တဲ့ နေရာမှာ တောင် ကပ်မှန်းမသိကပ်နေတတ်တယ်၊ ဝိပဿနာတရား အားထုတ်နေဆဲမှာပင်လျှင်၊ အရှုခံအမြင်ခံဖြစ်တဲ့ ရုပ်နာမ် ကိုတော့ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးဆိုတာသိပါရဲ့၊ ရှုတတ် တဲ့စိတ်ကလေးက ငါဖြစ်နေတတ်တယ်။ ဒါ့ကြောင့်လဲ ကျွန်ုပ်တို့ရဲ့ အနန္တသခင်, ခြောက်စောင်ရှင်ဘုရားကြီးက (ထောင်မှူးအိမ်က မီးထတော်မမူကြပါနဲ့) လို့ သတိပေးခဲ့ တာပေါ့။ ဒီလိုဖြစ်တတ်တာတွေကြည့်ပြီး ဝိသုဒ္ဓိမဂ်အဋ္ဌ ကထာဆရာကလဲ "သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ" လို့ အမိန့်ရှိခဲ့တာပေါ့၊ ဒါ့ကြောင့်-တရားစစ် တရားမှန်ကို တကယ်လိုချင်ရင် (၃)နံပါတ် စာတွဲကိုလဲ ပယ်လိုက်ပါ။

# ဓမ္မမှတ်ကျောက်ကြီးများ။

ကဲ ဓမ္မမိတ်ဆွေ......ဆရာစွဲ, စာစွဲ, ငါစွဲ,ဓမ္မတာစွဲတွေကို ပယ်ပြီးပြီ ဆိုပါတော့၊ ယခုကာလ ဂိုဏ်းဂဏ ဝါဒတွေ များနေသည့်အတွက် တရားမမှားရအောင်၊ ဘုရားထားခဲ့တဲ့ ဓမ္မဂုဏ်တော် မှတ်ကျောက်ကြီးတွေကိုသာ လက်ကိုင် ပြုထားပေတော့။ဘယ်ဂိုဏ်းက လာလာ၊ ဘယ်သူက ဘာကိုပြောပြော၊ ဘုရားဟောခဲ့တဲ့ မှတ်ကျောက်ပေါ် တင်ကြည့်လိုက်ရင် တရားစစ် မစစ် မှန် မမှန်ကို ဧကန် သိနိုင်ပါတယ်။ မှတ်ကျောက်ဆိုတာလဲ တခြားဟာ မဟုတ်ပါဘူး။ အသင် ယခုဖတ်နေတဲ့ ကျောင်းသားဘဝကစပြီး ရလာခဲ့တဲ့ တရားဂုဏ်တော်ခြောက်ပါးပါဘဲ၊ ဒါပေမယ်လို့ အသင်ဟာ မိမိမှာ မှတ်ကျောက်ကြီးတွေ ရှိလို့လဲ ရှိမှန်း မသိဘူး၊တခါတရံမှလဲ စမ်းသပ်မကြည့်ဘူး။ သူများပြောသမျှတွေကိုသာအရမ်းမဲ့ယုံကြည်လာခဲ့တာဘဲ ဒါ့ကြောင့်– သူများပြောတိုင်း မယုံရအောင် အောက်ပါ မှတ်ကျောက်ကြီးတွေကို ပြန်ကြည့်ထားလိုက်စမ်းပါ။

## သွာက္ခာတာ ဓမ္မမှတ်ကျောက်။

ဘဂဝတာ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်၊ ဓမ္မော၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကြီးကို၊ သွာက္ခာတော၊ အာစ

အလယ် အဆုံး၊ သုံးပါးအစုံ၊ ကောင်းခြင်းဂုဏ်
နှင့် ပြည့်စုံစွာဟောကြားတော်မူခဲ့ပါပေ၏။

လောက၌ ရွှေမစစ်တဲ့ မိုးကြိုး့ကြေး စသော ဝတ္ထု များသည် ခဏပန်း ဟန်ဆောင် ဘမ်းပြ ဘယ်လောက်ပင် ကောင်းသော်လဲ တာရှေမခံနိုင်ဘူး၊ မှတ်ကျောက် လောင် ဆီ စသည်တို့ဖြင့် စမ်းသတ်တဲ့အခါမှာလဲ အစမ်းသတ်မခံ နိုင်ဘူး၊ ရွှေစစ်,ရွှေမှန်များကတော့ မှတ်ကျောက်ပေါ်မှာ တင်တင်၊ လောင်ဆီနှင့် တိုက်တိုက်၊ တင်းပြည့် ကျပ်ပြည့် ပကတိသဘောက,တခံချားမှ ရွေ့လျောဖေါက်ပြန်ယိမ်း ယိုင် လှုပ်ရှားခြင်းမရှိ တည့်တည့်မတ်မတ်ကြီး အစမ်း သပ်ခံနိုင်တယ်၊ ထိုဥပမာအတူ- မြတ်စွာဘုရား၏ တရား တော်မြတ်ကြီးများသည်လည်း အခြားသော တိတ္ထိတရား များကဲ့သို့ အစကောင်း၍ အနှောင်းမသေချာသောတရား မျိုးမဟုတ်၊ ရွှေစစ်,ရွှေ၁နှန်ကဲ့သို့ အစမ်းသပ် ခံနိုင်သော တရားမျိုးသာ ဖြစ်ပေသည်၊ ဒါကြောင့်-ယခုကာလကိုဏ်း ဂဏဝါဒ မည်မျှပင် များသော်လဲ သွာကွာဘဆိုတဲ့ ရွှေ မှတ်ကျောက်ပေါ်တင်ပြီး အဆုံးတိုင်အောင် ကိုယ်တိုင်စမ်း သပ်ကြည့်လိုက်ပါ။

## သန္ဒိဋ္ဌိက ရွှေမှတ်ကျောက်။

သန္ဒိဋ္ဌိကော၊ကျင့်ဆောင်သူတို့အား၊ ယခုဘဝ
ပစ္စက္ခမှာပင်၊ ဒိဋ္ဌထင်တင် တွေ့မြင် ယုံကြည်ရ
သော သန္ဒိဋ္ဌိက ဆိုတဲ့ ဂုဏ်ထူးကြီးနှင့်လည်း
ပြည့်စုံတော်မူပါပေ၏။

မြတ်စွာဘုရား၏ တရားတော်မြတ်ကြီးတွေကို လိုက်စား အားထုတ်ကြတဲ့ သူအပေါင်းတွေဟာ၊ လောကန္တရာမှာ ဂုဏ်ရှိတဲ့ သူတွေကပြောလို့၊ ဂုဏ်ကို ငဲ့ပြီးယုံကြည်ရတာမျိုးလဲမဟုတ်ဘူး၊ လခ, စသည် ရသဖြင့် လာဘ်ကို လိုချင်၍ အားထုတ်ရတာမျိုးလဲ မဟုတ်ဘူး။ မလုပ်မနေရဆိုတဲ့ သူတပါးဘေးရန်ကိုကြောက်၍ လိုက်စားကြရတာလဲ မဟုတ်ဘူး၊ သူများက မင်းဘာဖြစ်လိမ့်မယ်, ဘာဖြစ်နေပြီ စသည်ဖြင့် ဆုံးဖြတ် မြှောက်ပင့်ပေးတာမျှနှင့်လည်း အားရဝမ်းသာ အရမ်းမဲ့ ယုံကြည်နေရမည့် တရားမျိုးလဲ မဟုတ်ဘူး၊ လယ်ပြင်ဆင်သွား၊ လက်ဝါးပေါ်တွင် ပတ္တမြားတင်သကဲ့သို့ မိမိစိတ်ထဲ ဉာဏ်ထဲ၌ တကယ်သိမြင်ရသော တရားမျိုးမှသာ အစစ်အမှန် ဖြစ်နိုင်ပေမည်၊ ထို့ကြောင့်- သူများက သောတာပန်, သကဒါဂါမ် ဖြစ်နေပြီ စသည်ဖြင့် ဆုံးဖြတ်ပေးကာမျှနှင့် အားရ တင်းတိမ်နေသူတို့အဘို့၊ မိမိတို့ကိုယ်ကို အထင်ကြီးနေကြသော်လည်း၊ ပညာရှိတို့အဘို့ကား ရယ်ဘွယ်မျှသာ။ မိမိကား ဘာတရားမျှမသိ၊ သူတပါးက သောတာပန်ဖြစ်ပြီဆို၍ ဖြစ်နေရတဲ့ သောတာပန်မျိုးသည် ဆေးဆိုး သောတာပန်မျှသာ ဖြစ်ပေလိမ့်မည်၊ "အပြောကား သောတာပန်၊ အကျင့်ကား တာတေလုံ" ၍နေတတ်သည်၊ မြတ်စွာဘုရား လက်ထက်တော်အခါက တရားတပွဲ၏အဆုံးမှာ သောတာပန်ပေါင်း အနန္တ မရေမတွက်နိုင်အောင် ဖြစ်သွားကြ၏၊ ၎င်းသောတာပန်တွေကို ဘယ်သူကလိုက်ပြီး ဆုံးဖြတ်ပေးနေရသေးသလဲ၊ သောတာပန်, သကဒါဂါမ် စသည်ဖြစ်သွားကြတဲ့ သူများ

ကလဲ ငါက သောတာပန် ဖြစ်လာတယ်၊ ငါက သကဒါဂါမ်ဖြစ်လာပြီ စသည်ဖြင့် ဖွဲ့ထည့်ကာ နာမည်ယူနေကြသေးသလား၊ စဉ်းစားဘွယ်။ ဒါ့ကြောင့်-ဘယ်ဂိုဏ်းက လာလာ၊ ဘယ်သူက ဘာပြောပြော သန္ဒိဋ္ဌိကဆိုတဲ့ မှတ်ကျောက်ပေါ်တင်ပြီး ကိုယ်တိုင်စမ်းသပ် အားထုတ်၍ ကိုယ်တွေ့ဖြစ်မှ ယုံကြည်ပါဟု ဆိုလိုသည်။

### အကာလိက ဓမ္မမှတ်ကျောက်။

> အကာလိကော၊ ကာလမရွေ့၊ ကျင့်သည့်နေ့ နှံ့ပင်၊ ဓိဋ္ဌထင်ထင်၊ တွေ့မြင်ခံစားရသော အကာလိကဆိုတဲ့ ဂုဏ်ထူးကြီးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

ဗုဒ္ဓ၏ တရားတော်ဆိုတာ ထေဖမ်းဒန်းစီးသလို၊ ကောင်းကင်မှာ တိုက်ဖွိမ်ဆောက်သလို၊ နင့်အဖေမုံ့ဝယ်သွားတယ် စသည်ဖြင့် ကလေးများကို ချော့မြှူ၍ထားသလို၊ ဟိုဘဝမှ ရမယ်၊ဟိုနှစ်မှ ရမယ်၊ ဟိုလမှ ရမယ်၊ဟိုရက်-ဟိုနေ့၊ ဟိုနာရီမှ ရလိမ့်မယ်လို့ အချိန်ကာလကို ငံ့ထင့်စောင့်မျှော်ရသော တရားမျိုးမဟုတ်၊ ယခုအားထုတ်လျှင် ယခုလက်ငင်း ရတယ်ဟု ဆိုလိုသည်။ ဥပမာ-အသေသဘော၊အပျက်သဘော၊ဆင်းရဲတဲ့သဘော၊အကောင်းမရှိ၊ မကောင်းအတိ ဖြစ်နေတဲ့ ပကတိထာဝရ ဒုက္ခသစ္စာတရားကြီးကို ဝိပဿနာဉာဏ်နှင့် တကယ်မြင်လျှင်၊သာယာခင်မင် လိုချင်နှစ်သက်တဲ့ တဏှာလောဘ သမုဒယသစ္စာ

ဒီနေရာဖြစ်နိုင်ပါတော့မည်လား၊ ဒုက္ခသစ္စာတရားကြီးကို ဟော့ သိပါပြီ၊ သမုဒယသစ္စာက နက်ဖြန်ကာမှ ပယ်ရမည့် ဆိုလျှင် ဟုတ်နိုင်ပါမည်လား စဉ်းစားပါ။ ဆင်းရဲတဲ့ဒုက္ခ သစ္စာ တရားကြီးကို မြင်နေတဲ့အခါ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ အစရှိတဲ့ ကိလေသာမီးတွေဟာရှုဆဲခဏ မှာ ငြိမ်းမနေဘူးလား၊ အဲဒါ နိရောဓသစ္စာပါဘဲ။ မဂ္ဂသစ္စာ ဆိုတာကတော့ ဟိုနောက်ရက်မှ တဆင့်တက်ရမယ်လို့ ရှိသေးသလား၊ ဒုက္ခဒုက္ခလို့ ရှုနေတာ, ကြည့်နေတာ ဆင်ခြင် နေတာ စဉ်းစားနေတာ ပွါးများနေတာဟာ မဂ္ဂသစ္စာ ပါဘဲ၊ ဒါ့ကြောင့် "သစ္စာလေးချက်၊ တပြိုင်နက်၊ မဂ်၏ ကိစ္စသာ" လို့ အဆိုရှိတာပေါ့။ ဒို-ဓမ္မမိတ်ဆွေ, သူ များပြောတာတွေ တွေးပြီး ထယ်ဟာက ဟုတ်ပါလိမ့်မလဲ လို့ စိတ်ရှုပ်မနေပါနဲ့၊ သင့်မှာ အကာလိက ဆိုတဲ့ မှတ် ကျောက်ကြီးရှိသားဘဲ၊

## ဧဟိပဿိက ဓမ္မမှတ်ကျောက်။

ဧဟိပဿိကော၊ လာရောက်ရှုမြင်၊ အကျိုးထင်မြဲ ဖြစ်၍၊ လာပါ ရှုပါ၊ ကျင့်ကြံပါဟု၊ မပါ ပါအောင် ခေါ်ဆောင်သွတ်သွင်း၊ တိုက်တွန်းခြင်းငှါ၊ ထိုက် တန်စွာသော ဧဟိပဿိက ခေါ်တဲ့ ဂုဏ်ထူးကြီးနှင့် လည်း ပြည့်စုံတော်မူပါပေ၏။

အထက်ပါ သန္ဒိဋ္ဌိက, အကာလိက စသော ဂုဏ် ပုဒ်များအရ၊ ကိုယ်တိုင်အားထုတ်၍ ကိုယ်တွေ့သိရသော

အခါ၊ ဥပမာ-အတိုးတန်တဲ့ ဝတ္ထုပစ္စည်းတခုကို ရလာသောသူသည် ၎င်းပစ္စည်းကို မိမိလည်း ခဏခဏ ကြည့်ရှု၍၊ သူတပါးအားလည်းကြည့်စမ်းပါရှုစမ်းပါဟုပြသချင်ဘိသို့၊ ထိုဥပမာအတူ အတိုးမဖြတ်နိုင်တဲ့ လောကုတ္တရာရတနာ ကိုယ်ပိုင်ချမ်းသာမြတ်ကြီးကို ရရှိထားသော သူသည် မိမိလည်း အဘယ်မှာလျှင် မပွါးရှု မဆင်ခြင်ဘဲ နေနိုင်ပါတော့မည်နည်း။ သူတပါးအားလည်း အဘယ်မှာလျှင် မဟောပြောချင်ဘဲ နေနိုင်ပါတော့မည့်နည်း၊ ထိုသို့ ဧဟိပဿိက ဆိုတဲ့ မှတ်ကျောက်ကြီး ရှိပါလျက်၊ ထိုကျောက်ကြီးကို တော်ရာ ချောင်ကြားသို့ပစ်ခါ၊ ယခုကာလ ထင်ရာပြောနေကြသော စကားများမှာ ကျွန်ုပ်တို့ တရားက သူများကို မပြောရဘူး၊ သွား၍အားထုတ်ချေပါ စသည်ဖြင့် ပြောဆိုနေကြခြင်းသည် ရှေးအခါက အရှေ့အနောက် မသိသော မောင်အ,ဆိုသူနှင့်သာ ဥပမာတူ၍ နေချေပြီတကား၊

ရွာတရွာ၌ မောင်အ,ဆိုသော သူတယောက်သည် နာမည်နှင့်လိုက်အောင်ဘဲ အရှေ့အနောက်ကိုမှ ကောင်းကောင်းမသိရှာဘူးတဲ့၊ ဒါနဲ့ဘဲ တနေ့သ၌ကျတော့ ရွာအရှေ့က ကျောင်းတိုက်ထဲ ရောက်သွားရာ၊ ဘုန်းကြီးနှင့် တွေ့လေတော့ ဘုန်းကြီးက, ဟေ့ မောင်အ-မင်းအရှေ့အနောက် သိပြီးလား၊ တပည့်တော် မသိသေးပါဘုရား၊ အေး မသိသေးရင် ကနေ့ကစပြီး မသေမခြင်းမှတ်ထား၊ ဟောဟိုကျောင်း အရှေ့ဘက်မှာ ထန်းပင်ရှိတယ်၊ အဲဒီထန်းပင်ကို အရှေ့လို့မှတ်ထား၊ ကျောင်းတောင်ဘက်က

ထိမ်ပင်ရှိတယ်၊ ထိမ်ပင်ကို တောင်လို့မှတ်ထား၊ ကျောင်း အနောက်ဘက်က မန်ကျည်းပင်ရှိတယ်၊ အဲဒီ မန်ကျည်း ပင်ကို အနောက်လို့မှတ်ထား။မြောက်ဘက်က လက်ပံပင် ရှိတယ်၊လက်ပံပင်ကို မြောက်လို့မှတ်ထားလို့ ပြောလိုက် တော့၊ ဝမ်းသာအားရနဲ့ သူများမေးရင် ပြောနိုင်အောင်ဟာ လို့ ( ထန်းပင်က အရှေ့၊ထိမ်ပင်က တောင်၊မန်ကျည်းပင် က အနောက်၊လက်ပံပင်က မြောက်)လို့ ပဂေိက တတွတ် တွတ် ရွတ်ဆိုနေသတဲ့၊ ဒီလိုနဲ့ ရွာထဲက ကာလသားဝိုင်း တခုရောက်သွားတော့ လူဘယောက်က ဟေ့ မောင်အား မင်း အရှေ့အနောက် သိပလားလို့ မေးလိုက်ပြန်သတဲ့၊ အောင်မာ-ကျုပ်သိဘာပေါ့ဗျ၊ ကဲ သိရင် ဘယ်ဟာအရှေ့ ဘယ်ဟာ အနောက်လဲ ပြောစမ်းပါဆိုတော့၊ လာလေ ကျောင်းဝိုင်းထဲ လိုက်ခဲ့ကြလို့ခေါ်သတဲ့၊ ဒါ့ကြောင့်-ဓမ္မ မိတ်ဆွေရေ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိမှပြောပါ၊မြတ် စွာဘုရား တရားက, မပြောရတဲ့တရား, ချို့ဖျက်တဲ့ တရားရယ်လို့မရှိပါဘူး၊ ဟေ့ဘိပသိက မှတ်ကျောက်ကြီး တော်ရာဇချောင်ကြား ပစ်မထားပါနဲ့၊

## ဩပနေယျိက ဓမ္မမှတ်ကျောက်။

ဩပနေယျိကော၊ မိမိကာယ၊ အဇ္ဈတ္တသန္တာန်၊ ရှိ ပေါက်ရောက်၊ ကိုယ်တွေ့ မြောက်အောင်၊ ကပ်၍ ဆောင်ထိုက်သော ဩပနေယျိက ဆိုတဲ့ ဂုဏ်တော် ကြီးနဲ့လဲ ပြည့်စုံတော်မူပါပေ၏။

တရားဆိုတာ အဟောတရား, အကျင့်တရား, အသိတရားဟူ၍ အစားစားရှိပေသည်၊ စာအုပ်ထဲက ကြည့်၍ သူများဟောပြောတာကြားနာမှတ်သားရ၍ဟောတတ်ကာမျှ ပြောတတ်ကာမျှသည် အဟောတရားမည်၏၊ ၊အဟောတရားအပြောတရား, အရွတ်တရား, အဖတ်တရား, အနာတရားများဟာ ထူးမခြားနားပါဘဲ၊ စာအုပ်ကိုကြည့်၍ဖြစ်စေ သူများ ဟောပြောတာကို ကြားနာရ၍ဖြစ်စေ၊ မိမိမှတ်သားထားတဲ့အတိုင်း ခန္ဓာကိုယ်မှာကပ်၍ ဆင်ခြင်စဉ်းစားပွါးများ အားထုတ် အလုပ်လုပ်ခြင်းကိုပင် အလုပ်တရားလို့ခေါ်တယ်၊ ပွါးများအားထုတ်သည့်အတိုင်း ဝိပဿနာဉာဏ်ဖြင့် တကယ်သိ တကယ်မြင်လာခြင်းကိုပင် အသိတရားလို့ခေါ်ပါတယ်၊ ၊အတိုချုပ် ဆိုလိုတာကတော့ စာတတ်,ငါတတ်,သညာမှတ်နဲ့ တင်းတိမ်မနေဘဲ၊ ခန္ဓာမှာကပ်၍ တကယ်သိပါဟုဆိုလိုသည်၊ လောကဥပမာအားဖြင့် ဘယ်မြို့, ဘယ်ရွာ, ဘယ်ဌာနမှာ ကုန်ပစ္စည်းတွေ ဘယ်ဈေးဖြစ်နေသတဲ့လို့ သူများက တဆင့်ပြောသံကြားရသောအခါ ပြောသံကြားနဲ့ အားရဝမ်းသာ မနေဘဲ ကိုယ်တိုင်သွား၍ ဝယ်ပြီးရောင်းပါ၊ အမြတ်ရတဲ့အခါမှ ဟောဒါ အမြတ်ဘဲဟု ရဲရဲဝံ့ဝံ့ပြောပါဟု ဆိုလိုတယ်၊ မိမိရလာတဲ့ပစ္စည်းကို မပြနိုင်ဘူးဆိုရင် ဟုတ်နိုင်ပါမည်လား စဉ်းစားစရာ၊ ထို့တူဥပမာ မိမိမှာရရှိထားတဲ့တရားကို သူတပါးအား ပြောပြလို့မဖြစ်ဘူး၊မပြောရဘူးဆိုတာ ဘာသဘောလဲ၊ တကယ်မရှိလို့လား၊သို့မဟုတ် ဝန်တို၍လား၊ ထို့ကြောင့်-လာလာသမျှဝါဒတွေကို ဘုရားပေးခဲ့

တဲ့ ဩပနေယျိက ဆိုတဲ့ မှတ်ကျောက်ကြီးပေါ် တင်လိုက်ပါ။

**ပစ္စတ္တံဝေဒိတဗ္ဗ မေ့မှတ်ကျောက်။**

ဝိညူဟိ၊ ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်၊ ပစ္စတ္တံ၊ အသီးအသီးသော မိမိတို့သန္တာန်၌၊ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ ကောင်းလေစွဟု စိတ်ချသက်ချ ခံစား၍သာ စံစား၍သာ ကြည့်ရှု၍သာ နေထိုက်လှပါပေသတည်း။

ထိုကဲ့သို့ ကိုယ်ကိုင်အားတုတ်၍ ကိုယ်ပိုင် ချမ်းသာထူးကြီးကို တကယ်တန်း ရရှိခံစားရတဲ့အခါ၊ ဘုရားရှင်လက်ထက်တော်က သုပ္ပဗုဒ္ဓ၊ မဟာကပ္ပိန္န၊ သုရဋ္ဌ စသော သူများကဲ့သို့ မတုန်မလှုပ်တဲ့ သက်ဝင်ယုံကြည်မှုရသွားပြီး၊ ဘယ်သူက ဘာကိုပြောပြော၊ အသင်ဟာ ဒိတရားကိုမယူနဲ့ ရွှေငွေတွေ များစွာပေးမယ်လို့ဘဲဆိုဆို၊ အာဏာနှင့် ချိမ်းချောက်လို့ဘဲ ဖျက်ဖျက်၊ ဂုဏ်နှင့်မြှောက်၍ဘဲ ဖျက်ဖျက် မိမိခံစားရတဲ့ ချမ်းသာထူးကြီးကို လက်မလွှတ်တော့ဘဲ အသက်ကိုပင် အသေခံဝံ့တော့တယ်။ နောက်ပိတ်ဆုံး ဘုရားယောင်ဆောင်ပြီး ဖျက်ထားတောင် မပျက်တော့ဘူးလို့ ဆိုလိုတယ်။......ယခုကာလ ဂုဏ်ကိုမက်၍၊ လာဘ်ကိုမျှော်၍၊ အာဏာကိုကြောက်၍ ယိမ်းယိုင်လှုပ်ရှားပြီး မိမိတရားကို လက်လွှတ်လိုက်ရသူများ စဉ်းစားဘွယ်။ ။
“ အဝေစ္စပသာဒနဲ့ သမန္နာဂတော ”တဲ့၊ အထက်က ပြော

ခဲ့တဲ့ သုရဋ္ဌ ဒါယကာဆိုတာကို ကြည့်ပါလား၊ တနေ့သောအခါ သူ၏ဆည်းပူးခဲ့တဲ့ ပါရမီတွေက တိုက်တွန်းနှိုးဆော်တဲ့ သဘောမျိုးနဲ့ ဘုရားရှင်၏ ရွှေညောင်တော်ကွန်ရက်မှာ လာပြီးတိုးကြတော့၊ ယနေ့ ဘယ်ပုဂ္ဂိုလ်သတ္တဝါများ ချွတ်ရပါမလဲလို့ စောင့်မျှော်ကြည့်ရှုနေတဲ့ မြတ်စွာဘုရားကလဲ သနားသော ကရုဏာကို လက်ကိုင်ပြုကာ၊ သုရဋ္ဌ ဒါယကာအိမ်သို့ ကြွသွားတာပေါ့၊ တရားလဲ ဆုံးပါရော သုရဋ္ဌ ဒါယကာသန္တာန်မှာ ဖုံးအုပ်နေတဲ့ အမြင်မှားတွေပျောက်ပြီး အမြင်မှန်ပေါက်လို့ ပဌမဖလဥာဏ် သောတာပန်စခန်းသို့ တန်းတန်းမတ်မတ် ဆိုက်ကပ်သွားတယ်၊ ဘုရားကိုယ်တော်မြတ်လဲ ဆွမ်းခံစရာကိစ္စနဲ့ပြန်ကြွအလာ၊ အဖျက်သမား မာရ်နတ်က တဖန်လာပြန်၍၊ ခုအင်က ဘုရားကဲ့သို့ပင် အသွင်တူးအောင်အယောင်ဆောင် ဖန်ဆင်းကာ၊ အသင် သုရဋ္ဌ … ခုအင်က ငါဘုရားဟာ သတိမေ့သွား၍ အနိစ္စ, ဒုက္ခ, အနတ္တ လို့ ဟောမိတယ်၊ အသင် နဂိုရ်တုန်းကယူနေတဲ့ နိစ္စ, သုခ, အတ္တ ဆိုထဲ့ အယူကသာလျှင် အမှန်ဘဲ၊ ငါဘုရားမှားလို့ ဟောမိတယ်၊ အသင်ရဲ့ ပင်ကိုယ်အယူကိုသာပြန်ပြီးယူပေတော့လို့ ပြောဆိုသောအခါ၊....သုရဋ္ဌ ဒါယကာသည် စဉ်းစား ဆင်ခြင်သည်မှာ၊ ဘုရားဆိုတာ နှစ်ခွန်းသောစကားကိုပြောဆိုလေ့မရှိဘူးလို့လဲ ကြားရတယ်၊ သတိမေ့တယ်လို့လဲမရှိပါဘူး၊ မိမိခန္ဓာမှာရှိတဲ့ တရားတွေကို ဝိပဿနာဉာဏ်နဲ့ ပြန်ကြည့်လိုက်တော့လဲ အနိစ္စ, ဒုက္ခ, အနတ္တ, မှန်နေတာတွေကို ကြောန်မြင်နေရတော့ အသင်

ဘယ်သူလဲလို့ ငေါက်ခနဲမေးလိုက်ချာ၊မာရ်နတ်မောင်လဲ ကိုယ်ရောင်ဖျောက်၍ ထွက်ပြေးရရှာသတဲ့၊....ဒါကြောင့်-ဓမ္မမိတ်ဆွေ "ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ" ဆိုတဲ့ မှတ်ကျောက်ကြီးကို လက်မလွှတ်ပါနဲ့၊

---

## သစ္စာသုံးပါး ရှင်းတမ်း။

ကဲ-ဓမ္မမိတ်ဆွေ......သင့်မှာ ဓမ္မမှတ်ကျောက်ကြီးတွေကိုတော့ လက်ကိုင်ရသွားပါပြီ၊တရားလိုက်စားတဲ့အခါမှာ မှောက်မှောက်မှားမှား မဖြစ်ရအောင် ရှေးဦးစွာ သိထားရမဲ့ သစ္စာသုံးပါးကို ဆက်လက် ပြောပြခုံးမယ်၊ ၊ နိဗ္ဗာန်ရောက်ရာ ဝိပဿနာတရားကို တကယ်တန်း လိုက်စားတော့မယ်ဆိုရင် သမုတိသစ္စာ,သဘာဝသစ္စာ,အရိယသစ္စာဆိုတဲ့ သစ္စာသုံးပါးကို ရေရေလယ်လယ် နားလည်ထားရမယ်၊ ဒီလိုမှ နားလည်မထားလျှင် သစ္စာတွေကို ကျူးလွန်ပေါက်ပြားပြီး ကမောက်ကမနဲ့ ချောက်ကျသွားတတ်တယ်၊ ကြပ်ကြပ်ကြီး သတိထား၊ ဝိပဿနာတရားကို လိုက်စား အားထုတ်ရတယ်ဆိုတာ မိမိသန္တာန်မှာ တသံသရာလုံးက စွဲကပ်ပါလာခဲ့တဲ့ လောဘ, ဒေါသ,မောဟ, မာန, ဒိဋ္ဌိ အစရှိတဲ့ ကိလေသာတွေကို ဒီတာဝထဲနဲ့ သမုစ္ဆေဒအားဖြင့် အမြစ်ပါပြုတ်မသွားသော်လဲ၊ တနေ့ထက်တနေ့၊တရက်ထက်တရက်၊တဒင်္ဂဝိက္ခမ္ဘနမှုးလျော့ပါးသွားပါစေတော့ဆိုပြီး အားထုတ်ကြရတယ်၊ တရားလိုက်စားမှ လောဘ,ဒေါသတွေ ပိုပြီး တိုးနေတယ်ဆိုရင်

လဲ နေရာမကျသေးဘူး။ ရေညှောင့်ကောင်းကလေး တကောင်ဟာ အမြီးကလှုပ်လှုပ်ရှုရှုနဲ့ ဆော့နေတာမြင်ရတော့ အဆော့ သက်သာမလားလို့ အမြီးကလေး နှုတ်ပစ်လိုက်တော့မှ ချိန်သွားတဲ့ပြီး ပိုဆော့နေသေးသတဲ့။ ယခုလဲ တရားကို မလိုက်စားခင်တုန်းကမှ ဒါနကလေးပြု, သီလကလေးဆောက်တည်၊ လူကြီးမိဘ,ဆရာသမားများကို ရိုသေပြီး ကမ္မဿကတာ သမ္မာဒိဋ္ဌိ,ကံကံ၏ အကျိုးကို ယုံကြည်သည့်အတွက်၊ နိဗ္ဗာန်ကို မရနိုင်သော်လဲ လူ့ပြေ, နတ်ပြေဆိုတဲ့ သုဂတိဘုံများမှာ လူကောင်း,နတ်ကောင်းလောက်တော့ ဖြစ်နိုင်သေးတယ်။ တရားလိုက်စားတော့မှ သစ္စာညာဏ် ကင်းသည့်အတွက်တဘက်သတ်တစောက်ထိုးဖြစ်ပြီးဘုန်းကြီးခေါင်းနှင့်ခွေးခေါင်းမာသဘောချင်းကား အတူတူ ရိုက်လိုက်၊ ဖူးသီးနှင့် ကြက် ဥတ်သဘောချင်းအတူတူ ဖှိုးလိုက်ဖြတ်လိုက်၊ရေနှင့်အရက် အာပေါဓါတ်ချင်းကား အတူတူသောက်လိုက်၊ထက်တဘက်ကား ပဲ့စေ့လက်တဘက်ကား ကြမ်းပိုး၊ မာတာချင်းကား အတူတူပွတ်လိုက် ချေလိုက် စသည်ဖြင့် အမှောက်မှောက် အမှားမှား ကိုးရိုးကားယား ပရမ်းပတာ၊ ဘုရားမရှိ,တရားမရှိ သံဃာမရှိဖြစ်ပြီး, တရားမရသည့်ပြင် နိဗ္ဗာန်ဆိုတာ ဝေလားဝေး၊ အဝီစိကိုသာ ပြေးဘို့ကြံပေယော့။

အရေးကြီးလို့ သတိပေးလိုက်ရတယ် ဓမ္မမိတ်ဆွေသင်တို့ ငါတို့တရားကို လိုက်စားအားထုတ်ကြရတယ်ဆိုတာ အပျင်းပြေ ပျော်လို့ လုပ်ကြရတာမဟုတ်ဘူး ကြပ်ကြပ်သတိထား၊ များများကြီး စဉ်းစားဝေဘန်၊ ဒါကြောင့်

ထိုကဲ့သို့ အယူရှိနေသော ပုဂ္ဂိုလ်များနှင့် တွေ့ခဲ့သော်ငင်း၊ အသင် ဓမ္မမိတ်ဆွေကိုယ်တိုင် ထိုအယူမျိုးကိုယူနေခဲ့သော်ငင်း၊၊ အောက်ပါ မေးခွန်းကလေးများဖြင့် ပြန်ပြီးဝေဘန် စစ်တမ်းထုတ်စမ်းပါ၊

(၁) ရေနှင့် အရက် အာပေါခတ်ချင်းတူလို့ သောက်ဝံ့တယ်ဆိုရင်ကောင်းပါပြီ ဓမ္မမိတ်ဆွေ .....သင်၏ရှေ့နား မှာ ရှိတဲ့ ဖန်ခွက်နှစ်ခွက်ထဲမှာ အရက်က တဖန်ခွက် ကျင်ငယ်က တဖန်ခွက် ထည့်ထားလိုက်စမ်းပါ၊ အာပေါခတ်ချင်း မတူဘူးလား၊ သောက်နိုင်ပါတယ်ဆိုရင်လဲ ချီးမွမ်းစရာပေပေါ့၊ ရေနှင့်အရက်ကသာ တူတယ်၊ ကျင်ငယ်နှင့် အရက်တော့ မတူနိုင်ဘူးလို့ ဆင်ခြေပေးအုံးမလား၊

(၂) ဘုန်းကြီးခေါင်းနှင့် ခွေးခေါင်း၊ဖုံးသီးနှင့် ကြွက်၊ ပဲစေ့နှင့် ကြမ်းပိုး၊ခတ်အားဖြင့် တူလို့ရိုက်ခုတ် ပွတ်ချေစံ့တယ်ဆိုရင်၊သင်၏အမိနှင့် သင်၏မယားကော ခတ်ခတ်သဘောချင်း မတူဘူးလား၊ တူလျှင် အမိကို မယားအနေနဲ့ ပြစ်မှားပံ့ရဲ့လား၊ ပြစ်မှာဝံ့တယ်ဆိုရင်လဲ အသင်လိုလူစား တလမ်းသွားဖြစ်တဲ့ အဝိစိဘက်တော်သားတွေကတော့ ချီးမွမ်းကြမှာဘဲ၊ ဘုရားဘက်တော်သား အရိယာသူတော်ကောင်းများကတော့ ချီးမွမ်းမှာမဟုတ်ဘူး၊ ဒါ့ကြောင့် '' စိတ္တေန နီယျတိ လောကော '' လို့ ဘုရားဟောခဲ့တာပေါ့၊ '' စိတ်သာရှင်စော ဘုရားဟော ''တဲ့၊ သမုတိသစ္စာ ဆိုတာ ဗဟိဒ္ဓမှာ ပရမတ်ကဲ့သို့ အဟုတ်တကယ်ရှိနေလို့ ရှိသေကြတာ မဟုတ်ဘူး၊ စိတ်ကျကို ကြည့်ပြီး ရှိသေကြရတယ်၊

ဥပမာ–ယခုလောကမှာ အများ သုံးစွဲနေကြတဲ့ ငွေစက္ကူဆိုတာရှိတယ်မဟုတ်လား၊ အဲဒီစက္ကူထဲမှာ ငွေစစ်ငွေမှန်များ ဘယ်နှစ်ကျပ်သားလောက် ပါသလဲ။တပဲသားမှ မပါဘူးနော်၊ဒါဖြင့်အဲဒီစက္ကူနှင့် ဆေးလုံးထုပ်တဲ့ သတင်းစာစက္ကူ အတူတူ ထားနိုင်ပါမည်လား၊ဘာ့ကြောင့်–အတူတူ မထားနိုင်သလဲ ဝေဘန်စဉ်းစားပါ၊ တကျပ်တန်ထက် တဆယ်တန်ကို ပိုပြီးရိုသေကြရတယ်၊တဆယ်တန်ထက် တရာတန်၊တရာတန်ထက် တထောင်တန်ကို ပိုပြီး ရိုသေကြရတယ်၊စက္ကူချင်းတူသော်လဲ အသင်ရဲ့စိတ်ကျမှာတူရဲ့လား၊အဲဒီ ဥပမာလိုပေါ့ ဓမ္မမိတ်ဆွေ .....ဘုရားဟောကျမ်းဂန်မည်သို့ဘဲ ကိုယ့်အသိဉာဏ်ကလေး တထွာထောင်နဲ့ ထင်ရာတွေ ရှောက်ရမ်းမနေပါနဲ့၊ သင်တဦးတယောက်အတွက်နဲ့ လူအများ နစ်နာကုန်ပါမယ်၊ တရားသိလို့ဘုရားကို ရှိခိုးစရာမလိုတော့ဘူးဆိုရင်၊အသင်ထက် ကျေးဇူးကန်းတဲ့လူဟာလောကမှာ ရှိသေးရဲ့လား၊ဘာ့ကြောင့်လဲဆိုတော့ ရောဂါတခုစွဲကပ်နေတဲ့သူကို ဆရာက ကုသပေးသဖြင့် ရောဂါ ပျောက်ကင်းတဲ့အခါ၊ ထိုဆရာအားအသက်ကိုကယ်ဆယ်တဲ့ ကျေးဇူးရှင်ဆိုပြီး ကျေးဇူးဆပ်ကန်တော့ကြရသေးတယ်မဟုတ်လား၊တဘဝ တနပ်စာမျှကယ်ဆယ်တဲ့ လောကဆရာကိုတောင်မှ အသက်သခင်ဆိုပြီး ကျေးဇူးတင်ကြရသေးတာဘဲ၊ ယခုတော့ ဘဝတိုင်း ဘဝ၊ အိုအောင်၊နာအောင်၊သေအောင် လိုက်သတ်နေတဲ့ နိဗ္ဗာနရောဂါဆိုးကြီးကို အမြစ်ပြတ်အောင် ကုသပေးတော်မူတဲ့ ထေသဖွားအကျော် သမားတော် ဗုဒ္ဓ

ကျေးဇူးရှင်ကြီးကို ကျေးဇူးမတင်နိုင်, သတိမရနိုင်,ရှိမခိုးနိုင်ဘူးဆိုတာ ကျေးဇူးကန်းရက်ပါပေရဲ့လို့ ချီးမွမ်းရတော့မှာပေါ့၊ အသင်ရဲ့အနာဆိုးကြီးဟာ ပျောက်မှပျော်ရဲ့လေလား၊ သေသေချာချာလဲ ပြန်ကြည့်ပါဦး၊ လူမသိအောင် ဟန်ဆောင်နေရတဲ့ အနာမျိုးများ ဖြစ်နေမလား၊ ဒိဋ္ဌိအနာရောဂါဆိုးကြီး ပျောက်ကိုးမှန်ရင်တော့ ဒါနပြုမှု, သီလ ဆောက်တည်မှု, ရဟန်းသံဃာတော်များကို ရှိသေမှု, နဂိုရ်ကထက်ပိုရမှာဘဲ။ ဘာ့ကြောင့်လဲဆိုတော့.... တရား မသိခင်တုန်းကပြုခဲ့ရတဲ့ ဒါန, သီလ, စရဏမှုတွေဟာ ဝဋ်ထဲ လယ်စေတတ်တဲ့ ဝဋ္ဋနိဿိတမျိုးတွေသာ ဖြစ်ခဲ့တယ်၊ ယခုတော့ ရုပ်နာမ်ရဲ့အပေါ်မှာ ဝိဇ္ဇာဉာဏ်အထင်းရနေသည့်အတွက် ပြုသမျှ ဒါန,သီလမှုတွေဟာ ဝဋ်ကင်းရာကိုမှီတဲ့ ဝိဝဋ္ဋနိဿိတမျိုးရဲ့ အားကိုးရာအစစ် နိဗ္ဗာန်သွားချည်းဖြစ်နေတော့ဒါဘဲ၊ ဤမျှလောက်အဘိုးတန် ကုသိုလ်ထူးကြီးတွေကို အဘယ်မှာလျှင် မပြုမလုပ်ချင်ဘဲ နေနိုင်ပါတော့မည်နည်း၊ ရဟန်းသံဃာတော်များကို ရှိသေဆည်းကပ်တဲ့နေရာမှာလဲ စိတ်ထားဖြူစင် တကဲ့အရိယာသူတော်စင်များကတော့ သီလမရှိတဲ့ ဒုဿီလရဟန်းကိုတောင်မှ ကြည်ညိုစရာအချက်ကိုရှာပြီး ဝမ္ဗိဋ္ဌာန်သဿဝကျကျ ကြည်ညိုနိုင်ကြသေးတယ်၊ ယခုကာလ အရိယာထု, အရိယာအယောင်, အရိယာ အရေခြုံ များကတော့ ရဟန်းသံဃာတော်များရဲ့ အပြစ်တွေကိုသာ မရမက,ရှာပြီး မြှိန်ရေရှက်ရေ မစားရ ဝခမန်းပြောလေ့ပြောထ ရှိကြတယ်၊ တရားသိလျှင် ဒါနလဲ ပြုစရာမလို၊ သီလလဲ

ဆောက်တည်စရာမလို၊ ဘုရားကိုလဲ ရှိခိုးစရာမလိုတော့ဘူးဆိုပြီးစရဏာတွေကို အပြောတွင်မဟုတ် အလုပ်ပါအကုန်လုံး တော်လှန်ပစ်လိုက်ကြတော့ဒါဘဲ၊ သူတို့မေးကြည့်တော့ "ကုသလာ-ကုသလ် ဖဟံ" ''တဲ့ တော်ကြပါပေရဲ့၊ မြတ်စွာဘုရား လက်ထက်တော်က ရှင်မဟာ ကဿပကိုယ်တော်မြတ်ကြီးဟာ ရဟန္တာကြီး တိုင်တိုင် ဖြစ်ပါလျက်၊ ဓုတင်တေရသ ဆောက်တည်နေတာကို ယခုကာလခေတ်ပေါ် အရိယာတွေများမြင်လျှင် အပြစ်တင်ကြဦးမည်လားမသိဘူး၊

ဤနေရာ၌ ဒါန,သီလ,စရဏာကို မပြုမလုပ်ဘဲနှင့် ဝိပဿနာ ရုပ်နာမ်ကိုသိလျှင် နိဗ္ဗာန်ကို မရနိုင်ပေဘူးလားလို့ မေးစရာရှိနေပြန်တယ်၊ နာမ်ရုပ်ကို အဟုတ်တကယ်ပညာနှင့်သိလျှင် နိဗ္ဗာန်ကိုဘော့ ရနိုင်ပါတယ်၊ တကယ်သိရင် ပြောတာနော်။ သညာသိ ပစပ်ပြောကို မဆိုလိုဘူး၊ ဟောတတ် ပြောတတ်တိုင်းလဲ တရားရတယ် မထင်နဲ့၊ ဟောမှုပြောမှု ဆိုတာကတော့ စာအုပ်ထဲမှာ ကြည့်ပြီးဖဟ်သူတရှိရင် ဖြစ်နိုင်ဒါမျိုးဘဲ၊ ရုပ်နာမ်သိလို့ နိဗ္ဗာန်ကိုရတာချင်းတူကြသော်လဲ မတူတဲ့နေရာကရှိနေသေးတယ်၊ ဝိသာခါသောတာပန်နှင့် သုပ္ပဗုဒ္ဓ သောတာပန်တို့ကိုကြည့်ပါလား၊ သောတာပန် ဖြစ်ထာချင်းကတော့ အတူတူပါဘဲ၊ ဒါပေမယ်လို့ သုပ္ပဗုဒ္ဓ သူ့ခမျာမှာတော့ ပစ္စည်းဥစ္စာမရှိရှာလို့ ဆင်းရဲနွမ်းပါး ခွက်လက်စွဲပြီး တောင်းစားရတဲ့ သူတောင်းစားဘဝရောက်နေရှာရတယ်၊ သူတောင်းစားဖြစ်ရုံတင်မကသေးဘူး၊ သူ့ခန္ဓာကိုယ် ကြည့်လိုက်ပြန်

တော့လဲ နူလိုက်ထာ ရှုလို့တဲ့၊ လူနူဘဝ သူတောင်းစားဘဝ နဲ့ဘဲ သောတာပန်ဖြစ်သွားရရှာတယ်။ ။ကျောင်းအမကြီး ဝိသာခါတို့မှာတော့ ပဉ္စည်းဥစ္စာ ကုဋေကုဋာ ကြွယ်ဝပြီး သားသ္မီး မြေးမြစ်တို့အလယ်မှာအဘိုးကိုးကုဋေထိုက်တန် တဲ့ မဟာလ္လတာ တန်ဆာကြီးကို ဝတ်ဆင်ကာ ပျော်ပျော် ပါးပါးသောတာပန်ဖြစ်သွားတယ်။ဘယ့်ကလောက်ကွာ ခြားသလဲ, ဒါဘာ့ကြောင့်လဲ စဉ်းစားပါ။ အသင် ဓမ္မမိတ် ဆွေတို့လဲ ငတ်ငတ်တီးတီးနှင့်နိဗ္ဗာန်ဝင်ချင်ရင်သုပ္ပဗုဒ္ဓလမ်း စဉ်လိုက်ကြပေါ့။ဒါက သောတာပန်မဖြစ်ခင်ကပါခဲ့တဲ့ကံ အကြောင်းကိုပြောတာပါ။မြတ်စွာဘုရားလက်ထက်တော် က တရားသိပြီးလို့ ဒါန,သီလ မပြုမလုပ်ဘဲနေတဲ့ သော တာပန်ရယ်လို့ မကြားဘူးပါဘူး၊ ဒါကြောင့်-အသင် ဓမ္မ မိတ်ဆွေ,တရားလိုက်စားတော့မယ်ဆိုရင် မှောက်မှောက် မှားမှားဖြစ်မသွားရအောင်အောက်နားက ဥပမာကလေး ကို သေသေချာချာ တွေးပြီးဘတ်လိုက်စမ်းပါ။ သစ္စာသုံး ပါးကို ထင်ရှားအောင် ပြတော့မည်ဖြစ်၍ ဥပမာကိုအရင် ပြရသည်။ ဥပမာမှတ်မိမှ ဥပမေယျ ဟပ်မိနိုင်မည့် ကြပ် ကြပ်သတိပြု။

ဥပမာ-ယခု စာဘတ်နေသဲ အသင်ဓမ္မမိတ်၊ ဆွေ့ရဲ့ စိတ် ထဲမှာ ကျယ်ဝန်းလှစွာသော တိုက်ခန်းကြီးတစ်ဆောင်ကို ပေါ်လာအောင် ကြည့်ထားလိုက်စမ်းပါ၊ မိုက်မှောင်သော ညဉ့်အခါတွင် ၎င်းတိုက်ခန်းကြီး၏ အလယ်ခေါင်မှာရှိတဲ့ စားပွဲပေါ်ကနေပြီး ဖယောင်းတိုင်ကလေးတစ်ခုကို ညှိထွန်း လိုက်ပေတော့၊ ညှိထွန်းလိုက်သောအခါ ဖယောင်းတိုင်

ကလေးရဲ့ ထိပ်ဖျားမှာ လက်တဆစ်လောက်ရှိတဲ့ မီးတောက်ကလေး ဖြစ်ပေါ်လာလိမ့်မယ်၊ အဲဒီ မီးတောက်ကလေးကနေပြီး ထွက်လာတဲ့ မီးရောင်တွေဟာ အိမ်ကြီးတဆောင်လုံး နေရာမလပ် ဒလစပ် ထွန်းပြောင်မနေဘူးလား၊ အဲဒီ မီးရောင်တွေဟာ မီးတောက် မဟုတ်ဘူးနော် သတိထား၊ မီးတောက် ဆိုရင်လဲ အကုန် လောင်သွားမှာပေါ့၊ ဒါဖြင့် မီးတောက်နှင့် ကင်း၍ကော မီးရောင်ဖြစ်နိုင်ရဲ့လား စဉ်းစားပါ၊ ကျယ်ဝန်းလှစွာသောအိမ်ကြီး တဆောင်လုံး ထွန်းပြောင် နေတဲ့ မီးရောင်တွေကို ပျောက်သွားအောင်ဆိုပြီး တဘက်, ပုဝါ စသည်နှင့်ပုတ်ထုတ်လို့ကော ရပါမည်လား၊ မောလို့ သာသေမယ် ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး၊မီးရောင်တွေကို လိုက်ပြီး ရန်ရှာမနေပါနဲ့၊ အဲဒီ မီးရောင်တွေ ပျောက်စေချင်လျှင် စားပွဲပေါ်မှာ ထွန်းထားတဲ့လက်တဆစ်လောက် ဖယောင်းတိုင်မီးတောက်ကို ခွက်ငယ်ကလေးတခုနဲ့ အုပ်လိုက်စမ်းပါ၊ မီးတောက်ဟာ ငြိမ်းမသွားဘူးလား၊ (၁)မီးရောင်၊ (၂)မီးတောက်၊ (၃)ငြိမ်းမှု၊ အဲဒီသုံးခု သဘာဝအားဖြင့် ခြားနားပုံကို ဉာဏ်ထဲ၌ မြင်အောင်ကြည့်ထားပါ၊သဘောအားဖြင့် သုံးခုပြားနေသော်လဲ လိုရင်းအစ သတ္တုချုလိုက်တော့ တခုထဲဖြစ်ပုံကိုလဲ ကြည့်လိုက်စမ်းပါအုံး၊ မီးရောင် ဘယ်ကထွက်နေသလဲ မီးတောက်က ထွက်နေတယ်၊ငြိမ်းတာ ဘာငြိမ်းသွားတာလဲ မီးတောက် ငြိမ်းသွားတာပဲ၊ မီးတောက်မရှိလျှင် မီးရောင်မရှိနိုင်ဘူး၊မီးတောက်မရှိလျှင် ငြိမ်းမှုလဲ မရှိနိုင်ဘူး၊အဲဒီ ဥပမာကို သေသေချာချာ စဉ်း

စား၊ ခဲ့ပါ၊ စိတ်ထဲမရှင်းလင်းသေးရင် တခါလောက်ထပ်ပြီး ဘတ်လိုက်စမ်းပါဦး ဓမ္မမိတ်ဆွေ၊

သမုတိသစ္စာ မီးရောင်ဥပမာ။

ကဲ- သစ္စာသုံးပါးကို ဥပမေယျ ဟပ်ပြမယ်၊ စိတ်တခြား မသွားစေနဲ့၊ များများကြီး အာရုံပြုဂရုစိုက်၊ အထက်က ဥပမာပြခဲ့တဲ့ အိမ်ကြီးပေါ်မှာ ထွန်းလင်း တောက်ပြောင်နေတဲ့ မီးရောင်တွေ ဘယ်ကလောက်များပြားသလဲ၊ အဲဒီမီးရောင်အနေနဲ့တော့ တကယ်ဘဲရှိတယ်၊ မီးရောင်နေရာတွင် ပြောတာနော်၊ မီးတောက်ဆီကိုသွားပြီး စိတ်ရောက်လိုက်နဲ့ မှောက်သွားဦးမယ်၊ ကြွပ်ကြွပ်သတိပြု၊ သမုတိသစ္စာဆိုတာလဲ အဲဒီမီးရောင်တွေများပြား ကျယ်ဝန်းသလိုပါဘဲ၊ ဘုံအားဖြင့် ကြည့်လိုက်ပြန်မယ်ဆိုရင်လဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်ဘုံကြီးတွေ၊ လူ့ဘုံနှင့်တကွ စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ ဆိုတဲ့ ကာမသုဂတိ ဘုံကြီးတွေ၊ ဗြဟ္မာနှစ်ဆယ်လို့ ခေါ်ရတဲ့ ဘုံဌာနကြီးတွေဟာ တခမ်းတနား ဘယ်ကလောက် ဆန်းပြားသလဲ၊ ဘဝအားဖြင့် ကြည့်လိုက်ပြန်မယ်ဆိုရင်လဲ အပါယ်လေးဘုံကြီးမှာရှိကြတဲ့ ရေသတ္တဝါ, ကုန်းသတ္တဝါ, ကောင်းကင်ပျံသတ္တဝါ အခြေလေးချောင်းရှိတဲ့ သတ္တဝါ, အခြေမရှိတဲ့ သတ္တဝါ စသည်ဖြင့် အများအပြားပါဘဲ၊ လူ့ပြည်လို့ခေါ်ရတဲ့ ဘုံဌာနကြီးမှာနေကြတာတွေ ကြည့်လိုက်ပြန်တော့လဲ သူဌေး ရှင်ဘုရင်, သူတောင်းစား, မယ်သီထ, မိုးသူတော်, ဘုန်း

ကြီး စသည်ဖြင့် သူ့အဆင့် အတန်းနှင့်သူ တခမ်းတနား
ကြီးဘဲ၊ နတ်ပြေ၊ ဗြဟ္မာ့ပြည်တွေမှာလဲ စတုမဟာရာဇ်
နတ်သက်က ဘယ်လောက်၊ တာဝတိံသာ နတ်သက်က
ဘယ်၍၊ ဗြဟ္မာသက်က ဘယ်မျှနှင့် ဇိဝခေါ်တဲ့ ပညတ်နိုင်
ငံကြီးဟာလဲ အင်မတန်ကြီးကျယ်တာဘဲ။ အဲဒီ ပညတ်နိုင်ငံ
ကြီးတွေဟာ သမုတိသစ္စာလောကအထယ် ဝိညာဏ်နယ်
မှာတော့ တကယ်လည်းရှိပါပေ၏။ အဟုတ်လည်း မှန်ပါ
ပေ၏၊ သမုတိနယ်ထဲမှာရှိပုံကိုပြောနေတယ်နော်။ သဘာဝ
သစ္စာနဲ့ သွားပြီးမရောနဲ့၊ ရောသွားအုံးမယ် သတိထား။
ဒါ့ကြောင့်- သမုတိသစ္စာဆိုတာ သမုတိက= သမုတ်ထား၊
သစ္စာက=မှန်တာ၊အဟုတ်ရှိလို့ မှန်တာမဟုတ်ဘူး သမုတ်
ရုံမှန်တာ။ အထက်က ပြခဲ့တဲ့ ငွေစက္ကူဥပမာကို ပြန်ပြီး
သတိပြုလိုက်ပါ။

တနည်းအားဖြင့်လဲ ဇာတ်ပွဲသဘင်များ ကပြကြတဲ့
အခါ၊ ဥပမာ—မောင်ဖြူဆိုတဲ့ လူတယောက်ကို ရှင်ဘုရင်
လို့ သမုတ်ထားတယ်ဆိုပါတော့။ အဲဒီ ရှင်ဘုရင်ဟာ ရှင်
ဘုရင်အစစ်မဟုတ်ဘူးနော်၊ ဒါပေမယ်လို့ သမုတ်ထားတဲ့
အခိုက်အတန့်မှာ ရှင်ဘုရင်အနေနဲ့ မရိုသေကြရဘူးလား။
အဟုတ်ရှင်ဘုရင်မှ မဟုတ်ဘဲဆိုပြီး ကလန်ကဆန်လုပ်ရင်
ပွဲထဲက လက်သင့်ခံပါအုံးမလား။ ဘယ်မှာ လက်သင့်ခံနိုင်
တော့မလဲ စည်းကမ်းဥပဒေကို ကျူးလွန်တဲ့သူဆိုပြီး နှင်
ထုတ်လိုက်တော့မှာပေါ့။ အဲဒီ ဥပမာလိုပါဘဲ၊သမုတိသစ္စာ
ကြီးကို အဟုတ်ရှိတာမှ မဟုတ်ဘဲဆိုပြီး ကျူးလွန်ပေါက်

ပြန်ကြွရင် သုဂတိဘုံများက လက်သင့်မခံတော့ဘဲ၊ အပါယ်လေးပါးကို ပြန်ကျရတော့မှာပေါ့၊ သမုတိသစ္စာကြီးကို သမုတ်ထားတဲ့အတိုင်း မှန်မှန်ကန်ကန်ကျင့်ကြံသွားကြမယ်ဆိုရင်လဲ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်ဆိုတဲ့ လောကီ စည်းစိမ်းချမ်းသာများနှင့်တကွ မဂ်ဉာဏ်၏ အဆောက်အဦးကြီးများကိုတောင်ဖြစ်စေနိုင်ပါတယ်၊ ဒါ့ကြောင့်—ကျေးဇူးရှင် မဟာလယ်တီဆရာတော်ဘုရားကြီးသည်၊ ပရမတ္ထဒီပနီဋီကာကျမ်း၌ သမုတိနယ်ကြီး၏ ကြီးကျယ်ခမ်းနား။ ကြောင်းကို အကျယ်တဝင့်ဖွင့်ပြတော်မူခဲ့၏၊

ပရမတ္ထဒီပနီဋီကာကြီး၊

တသ္မိံ သမုတိသစ္စေ ဌတွာ သမ္မာ ပဋိပဇ္ဇန္တာ သဗ္ဗလောကိယ သမ္ပတ္တိယော၊ ထံတံ ဗောဓိသမ္ဘာရဓမ္မေစ အာရာဓေန္တိ၊ မိစ္ဆာပဋိပဇ္ဇန္တာ အပါယပူရကာ ဟောန္တိ၊ ဧဝံ မဟန္တံ ဟိ သမုတိ သစ္စန္တိ၊

တသ္မိံ သမုတိသစ္စေ၊ ထိုလူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဟူသော မိုးရောင်ပမာ သမုတိသစ္စာနယ်ကြီး၌၊ ဌတွာ၊ တည်၍၊ သမ္မာပဋိပဇ္ဇန္တာ၊ ကောင်းမွန်စွာ လိုက်နာကျင့်ကြံကြကုန်သော သူတို့သည်၊ သဗ္ဗလောကိယ သမ္ပတ္တိယော၊ အလုံးစုံသော လောကီရိပ်ငြိမ်စည်းစိမ်ချမ်းသာတို့ကိုဋင်း၊ ထံတံ၊ ဗောဓိသမ္ဘာရ ဓမ္မေစ၊ ထိုထို ဗောဓိအဆောက်အဦးဖြစ်သော ဒါန၊ သီလ၊ စသည့်အခြား ကုသိုလ်တရားတို့ကိုဋင်း၊ အာရာဓေန္တိ၊ ပြီးစေနိုင်ကုန်၏၊ မိစ္ဆာပဋိပဇ္ဇန္တာ၊ ကျူးလွန် ဖောက်လှန် ဖေါက်ပြန်စွာ ကျင့်ကြံကုန်သော-

သုတ္တိသည်၊ အပါယပုရကာ၊ အပါယ်ဒွါဖြည့်ကြကုန်သည်။ ဟောနန္တ၊ ဖြစ်ကုန်၏၊ ဟိသင်္ခ၊ မှန်၏၊ သမုတိသစ္စ၊ သမုတိသစ္စာသည်၊ ဝေမဟာနံ၊ ဤ၌ ဤမှ ဂဏန်းချ၍၊ မှန်းဆမလွယ်၊ ခမ်းနား ကြီးကျယ်လှပါပေ၏၊ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏၊

သဘာဝသစ္စာ မီးတောက်ဥပမာ။

ကဲ–ဓမ္မမိတ်ဆွေ....ယခု ပြခဲ့ပြီးတဲ့ ခမ်းနား ကြီးကျယ်လှစွာသော သမုတိသစ္စာနယ်ကြီးကို ပျောက်အောင် မဖျောက်နိုင်လျှင် ပရမတ္ထ သဘာဝသစ္စာနယ်သို့ ရောက်နိုင်ပါမည်လား၊ မရောက်နိုင်တာ အမှန်ဘဲနော်၊ ဒါဖြင့် ဘယ်နည်းနဲ့ ဖျောက်မလဲ၊ မီးရောင်တွေကို တဘက်ပုတ်သလို လူ့ပြေ့၊ နတ်ပြေ့ ယောက်ျား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါမရှိဆိုပြီး၊ ဓားနှင့်ခုတ်ဖြတ် ဖျက်ဆီးပစ်မလား၊ သို့ဘည်းမဟုတ် အကြောင်းရှိလို့ အကျိုးပေါ် နေကာဘဲဆိုပြီး၊ အကြောင်းဖြစ်တဲ့ ဒါန, သီလမှုတွေကို မပြုမလုပ်ဘဲ နေတော့မလား၊ မလုပ်ဘဲနေရင်လဲ မြူဝိသွားအုံးမယ် သတိထား၊ အထက်ကပြခဲ့တဲ့ ဥပမာကို ပြန်ပြီး အာရုံပြုလိုက်စမ်းပါ၊ မီးရောင်တွေပျောက်အောင် ဘယ်နည်းလုပ်ရသလဲ၊ ထက်တဆစ်လောက်ရှိတဲ့ မီးတောက်ကလေးကို ခွက်ငယ်နှင့် အုပ်လိုက်ရင် အကုန်လုံးပျောက်သွားတယ်မဟုတ်လား၊ အဲဒီအတိုင်းပေါ့၊ ယခုလဲ သမုတိ မီးရောင်တွေ ပျောက်ချင်လျှင် ရုပ်နာမ်ဆိုတဲ့ သဘာဝ မီးတောက်ကို ဝိပဿနာဝိဇ္ဇာညဏ် ခွက်ငယ်နှင့် အုပ်လိုက်ပေါ့၊ ဝိပဿနာညဏ်နဲ့ အအုပ်ခိုင်းတာနော်၊ သမထလုပ်မိ

ရက်နေလို့လဲ မပျောက်သည့်ပြင် အကောက် အကွေး အတုံးအခဲ အလုံးအဝန်းတွေ ပေါ်လာခုံးမယ် များများကြီး သတိပြု၊ ကဲ–ဓမ္မမိတ်ဆွေ......သမုတိ မီးရောင်တွေပျောက် ရအောင် သဘာဝမီးတောက်ကို တွေ့အောင်ရှာကြဖို့။

(၁) မိမိရဲ့ အရွယ်အစား ခန္ဓာကိုယ်ကြီးကစပြီး လူ့ဘုံ၊နတ်ဘုံ၊ ဗြဟ္မာ့ဘုံများနှင့်တကွ ရေ၊မြေ၊တော၊ တောင်၊သမုဒ္ဒရာ အရှေ့၊အနောက်၊တောင်၊ မြောက်၊အောက်၊ အထက်၊ အရပ် ရှစ်မျက်နှာ၊ ဆယ်မျက်နှာ၊ ဩကာသလောကကြီး တခုလုံးကို အသင်၏စက္ခုပသာဒခေါ်တဲ့ မျက်စိနှင့် ဖြေးဖြေးမြင်း စဉ်းစဉ်းစားစားကြည့်လိုက်စမ်းပါ၊ ဘာတွေကို မြင်ရသလဲ၊ ဗုဒ္ဓက ဘာမြင်ရတယ်လို့ ဟောခဲ့သလဲ၊ "စက္ခုဉ္စ ပဋိစ္စ၊ ရူပေစ" ဆိုတဲ့အတိုင်း နက်၊ နီ၊ ဖြူ၊ ဝါ၊ စိမ်း၊အပြာ ဆိုတဲ့ ခြောက်ဖြာသော အဆင်းဝဏ္ဏဓာတ်တွေကို တင်းကြမ်းအပြည့် မမြင်ရဘူးလား၊ အဲဒီ အဆင်းဝဏ္ဏဓာတ်ထဲမှာ အလုံးအဝိုင်းသဏ္ဌာန်စသည် မပါပုံကို သေသေချာချာ ညာဏ်နှင့်မြင်အောင်ကြည့်၍ထား၊

(၂) ယခု စာဘတ်နေရင်း ခဏလောက် ရပ်နားပြီး သောတပသာဒဆိုင်ရာ နားထောင်လိုက်စမ်းပါ၊ဘာတွေကို ကြားရသလဲ၊ ဘုရားကကော ဘယ်လိုဟောခဲ့သလဲ၊ "သောတဉ္စ ပဋိစ္စ၊ သဒ္ဒေစ" ဆိုတဲ့အတိုင်း အပိုင်းအပိုင်း အပြတ်အပြတ် နားဝတွင် ချုပ်ဆုံးကွယ်ပျောက်သွားကြတဲ့ အသံဓာတ်ကို မကြားရဘူးလား၊ အဲဒီ အသံဓာတ်ထဲမှာ ယောကျ်ားမိန်းမ မပါပုံကို ညာဏ်ကုန်လွှတ်၍ ထား၊

(၃) ယခု စာဘတ်နေသဲ အသင် စွဲလမ်းတဲ့ အရာဝတ္ထု ကလေးတခုကို ကောက်ပြီး ဃာနပသာဒခေါ်တဲ့ နှာခေါင်း နှင့် နမ်းကြည့်လိုက်စမ်းပါ၊ လောကကြီး တခုလုံးကိုလဲ ဃာနပသာဒ ဆိုင်ရာဉာဏ်ပတျာ ဖြန့်လိုက်ပါ။ "ဃာနဋ္ဌ ပဋိစ္စ၊ ဂန္ဓေစ" ပါဠိတော်အရ၊ အနံ့ခာတ် အနံ့ဝရမတ် တွေကို မနမ်းမိဘူးလား၊ ဒ်ဒီ အနံ့ခာတ်ထဲမှာ အရေ အဖတ် အခဲ အမှုန့်မပါတာကို ဉာဏ်ဖြင့်သိသာပါစေ။

(၄) အသင် ဓမ္မမိတ်ဆွေ......နဂိုရှိတုန်းက အတုံးအခဲ အလုံး,အပြား, ထင်ခဲ့တဲ့ အစားအသောက်တွေကို ဇိဝှါ ပသာဒခေါ်တဲ့ လျှာပေါ်မှာ တင်ကြည့်လိုက်စမ်းပါ။ လော ကကြီး တခုလုံးကိုလဲ ဘာတွေရှိသလဲလို့ စိတ်ထဲဉာဏ်ထဲ မှာ လျှာနှင့်လျက်ကြည့်စမ်းပါ။ "ဇိဝှဋ္ဌ ပဋိစ္စ၊ ရသေစ" ဆိုတယ် မဟုတ်လား၊ ချို, ချဉ်, စပ်, ငန်, ဖန်,ခါး ဆိုတဲ့ ရသာခာတ်ခြောက်ပါးဟာ အလုံးအပြား မဟုတ်ဘူးနော်၊

(၅) အသင်ရဲ့ လက်လို့ အခေါ်ခံရတဲ့ ကာယပသာဒ နှင့် ခန္ဓာကိုယ်ကစပြီး တလောကလုံး ကိုင်စမ်းကြည့်လိုက် ပါ၊ဘာတွေကို တွေ့ရမလဲ၊ "ကာယဋ္ဌ ပဋိစ္စ၊ဖေါဋ္ဌဗ္ဗေစ" ဆိုတဲ့အတိုင်း၊ မာသဘော၊နူးညံ့သဘော၊ပူသဘော၊အေး သဘော၊ ထောက်ကန်သဘော၊ လှုပ်ရှားသဘောကလေး တွေ လွန်ကဲရာတခုခုကို တွေ့မယ် မဟုတ်လား၊ ယခု အသင် ဓမ္မမိတ်ဆွေရဲ့ လက်ထဲမှာ ကိုင်ထားတာဟာ ဘာ ကို ကိုင်မိတယ်လို့ ထင်သလဲ၊ စာအုပ်လို့ မထင်ဘူးလား၊ အသင်ထင်တဲ့ စာအုပ်က လေးဒေါင့်နော်၊ ကာယပသာဒ

ခေါ်တဲ့ လက်အောက်မှာ တွေ့နေရတဲ့ ပစ္စုပ္ပန် မာမှုဆတ်ဆတ် ပရမတ်ကလေးတွေက လေးဒေါင့်ဟုတ်ရဲ့လား၊

ဒါ့ကြောင့်-စက္ခု့,သောတ, ဃာန,ဇိဝှါ,ကာယ ဆိုတဲ့ ငါးဒွါရနှင့် ရှာကြည့်လိုက်တော့ ကေန်အမှန်ရှိတဲ့ အဆင်းဆတ်ဆတ်, အသံဆတ်ဆတ်, အနံ့ဆတ်ဆတ်, အရသာဆတ်ဆတ်, အတွေ့ဆတ်ဆတ်, ပရမတ္ထသဘာဝကလေးတွေကိုသာ ထင်ထင်ရှားရှားကြီး တွေ့ရတော့ဒါဘဲ၊ ဆဲဒီ အဆင်း,အသံ, အနံ့, အရသာ, အတွေ့အထိ ဆိုတဲ့ ရုပ်သဘာဝ,ရုပ်လောက,ရုပ်အဆောက်အဦးတွေကို အထက်က ပြခဲ့တဲ့အိမ်ကြီးနှင့် ဥပမာထားကြဝါစို့၊ဥပမာကို ပြန်ပြီး စဉ်းစားလိုက်စမ်းပါဒုံး၊ အိမ်ကြီးဟာ ဘာလုပ်တတ်သလဲ၊ ဘာမှ မလုပ်တတ်ပါဘူး၊ မီးထွန်းလိုက်လျှင် မီးရောင်တွေဟာ သူ့အပေါ်မှာကျနေတာဘဲ၊ သူကထွက်တဲ့ အရောင်လဲ မဟုတ်ဘူး။ အပြီးသတ်တော့ အရောင်တွေ အကျခံနေရကာမျှပါဘဲ၊ ဆဲဒီ အိမ်ကြီးနှင့်တူတဲ့ ရုပ်လောကကြီးဟာလဲ အနာရမ္မဏဖြစ်သည့်အတွက် ဘာမှမလုပ်တတ်ဘူး၊ သူ့သဘောလက္ခဏာ အသီးသီးကိုသာ ဆောင်နေကြတာဘဲ၊ ဆဲဒီ ရုပ်လောကထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါ ယောက်ျား, မိန်းမ ဆိုတဲ့ သမုတိအရောင်အရိပ်တွေဟာ တတို့,တစ,ဓ, ရှာမရပါဘူး၊ နာမ်စိတ် မီးတောက်ပေါ်ထာတဲ့အခါမှ၊ ၎င်းနာမ်စိတ်ပရမတ် အရုပ်ကထွက်နေတဲ့ ပုဂ္ဂိုလ်ရိပ် သတ္တဝါရိပ်တွေဟာ ရုပ်ပေါ်မှာ ဘွားကနဲ သွားပြီးကျတာဘဲ၊ရုပ်တရားကတော့ ပုဂ္ဂိုလ်သတ္တဝါလို့ အထင်ခံရကာမျှပါဘဲ၊ ၊ထို့ကြောင့်-မီးရောင်နှင့်တူတဲ့

ပုဂ္ဂိုလ်သတ္တဝါ ပညတ်အရိပ်နိမိတ်တွေ ပျောက်ချင်လျှင် နာမ်စိတ်မီးတောက်ကိုသာမြင်အောင်ကြည့်ပါ။ မီးတောက် ဘွားကနဲပေါ်လာရင် မီးရောင်လဲ မားကနဲ ပါလာခဲ့သလို၊ နာမ်စိတ်ပရမတ် အရုပ်ပေါ်သာလျှင် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ သမုတိပညတ်နာမ်ရိပ်ဟာလဲ မားကနဲပါလာခဲ့တော့ ဒါဘဲ၊ မီးတောက်မရှိလျှင် မီးရောင်လည်းမရှိနိုင်တော့သလို နာမ်စိတ်ပရမတ်အရုပ်မရှိလျှင်ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ပညတ်ရိပ်လဲ သီးခြားမရှိတော့ပါဘူး၊ အဲဒီ သဘောတွေကိုကြည့်ပြီး ကျေးဇူးရှင် ကြောင်ပန်းဆရာတော်ဘုရားကြီးများက တရားအားထုတ်ရာ၌ ဉာဏ်အမြင် ကြည်လင်သန့်ရှင်းစေခြင်းငှါ နာမရူပ ပရိစ္ဆေဒ ဉာဏ်ထူထောင်ရာ၌ ပုဂ္ဂိုလ်သတ္တဝါအရိပ်နိမိတ် ပျောက်စေခြင်းငှါ၊ "တုံးနာမ် တိုင်နာမ်, လူနာမ်, နတ်နာမ်, သုံးဆဲ့တဘုံနာမ်" လို့ ပြောခဲ့တာပေါ့၊ အဲဒီတော့ တုံးနာမ်,တိုင်နာမ် ဆိုတာ ဘာများ မကြိုက်ဂရာရှိသေးသလဲ ဓမ္မိတ်ဆွေ၊ အသင်တို့ ထင်နေကြတဲ့ ဗဟိဒ္ဓက လုံးလုံးရှည်ရှည် တုံးတိုင်ကြီးတွေထဲမှာ နာမ်ရှိတယ်လို့ ပြောတာမဟုတ်ပါဘူး၊ ဤနေရာ၌ တုံးနာမ် တိုင်နာမ်နှင့် စပ်လျဉ်း၍ ပညာရှိများ ဖြေကြားထားသော အချက်ကလေးများကို အတိုချုပ်မှတ်သားစရာ ထည့်သွင်းဖော်ပြလိုက်ပါဦးအံ့၊

## အဘိဂန္ဓိရ ဘေားထပ်ကဗျာများ။

တုံးတိုင်မှာ နာမ်မရှိ၊ သိပါရဲ့ ကလေးပင်၊ ဝိဝါဒ ရေးမထင်၊ မေးဘွယ်ပင်မရှိ၊ လူနတ်မှာတော့ နာမ်ရှိတာလို၊ အမှတ်

နဂိုရ်မှားကြလေဘိ။ ။သံပုရာ ချဉ်တာမှာ၊ အများတကာ
အသိ၊ အမှားပင် တိပ်ခေါင်ထိပေမို့၊ရိပ်မိအောင်ကြိုစည်၊
နာမ်တုံးတိုင် သဘာဝ၊ပြာအကျသိပေလိမ့်မည်၊ အများ
သိ တကယ်တည့်လျှင်၊ ပါယ်လေးမည် ဒို့ အိမ်ဦးရယ်လို့၊
မှတ်သိဘူး မဖယ်သာ၊ စွဲသိစိတ်မှာ၊ ခွဲခွါ၍ ရှုတတ်ပါလျှင်၊
ပါယ်လေးရွာ လွတ်ပြီဆိုစို့လေး။

× + +

တုံးတိုင်ရယ်လို့ မှီကပ်၊ သိမှတ်မှု နာမ်မှာ၊ ဝိပဿ်ဟု
မကြိုသာ၊ အမြင်မှာ ကလေး၊ အများသိမကျော်မှန်၊ အပေါ်
ယံ သိမှုရုပ်တွေး၊ ။နူးညံ့မှု ခက်မာတာခွာ၊ ပရမာပဂေး၊
နှံ့မြူတောင် မရှိဝေးပါရဲ့၊ စိတ်တွေးမျှတုန်းပါ၊ သူဖြစ်ပုံ
တကယ်မသိကြတာဖြင့်၊ အပါယ်ထိ မွန်း၍နစ်မှာ၊ ။
ရှေရှေကြီး ကြိုသိတာကို၊ပဏ္ဍိတာ ရုပ်နာမ်ခွဲလေတော့၊
မလွဲက အနတ္တ၊ သိလိမ့်ကောန်း၊ အမြဲပ ထပ်ထပ်ကြိုလျှင်၊
မြတ်နိဗ္ဗာန် ရပြီဆိုစို့လေး။

x x x x

အနတ္တ သုညတာ၊ ပုံမရသဏ္ဌာန်၊ မှုံဃန အခဲခံလျှင်၊
အထဲညာဏ် ရုပ်တွေး၊ မမြဲမှန် ဘုတ်လေးဝ၊ ရုပ်သေးက
မှီတွယ်၊နာမ်တုံးတိုင် သဘာဝ၊နှစ်ဌာနပြောခက်လှတယ်၊
ဩကာသ ၍အထယ်မှာ၊ထည်အထယ် ဖတ်အသားနဲ့၊ဖြစ်
အား သူ့သဏ္ဌာန်ရွေးမျှမကျန်၊ ။ခယဋ္ဌ ရှိအမှန်ကို၊အသိ
ညာဏ် ဓာတ်ခွဲဘို့၊ ထပ်တလဲ ဖန်ခါခါ၊ သိမှတ်ကြပါ၊
ပဋိလုံနဲ့ ငြိကပ်လာလျှင်၊ ဝိပဿနာ ဟုတ်ဘူးဆိုစို့လေး။

တုံးနာမ် တိုင်နာမ်ဆိုတဲ့ အချက်ကို ပညာရှိများ စဉ်းစားပါလျှင် အထက်ပါ ဂမ္ဘီရတေးထပ်ကလေးများဖြင့်ပင် သဘောပေါက်လောက်ပါပြီ၊ ပညာမဝင်တဲ့ မာနရှင်များအတွက်ကတော့အကြောင်းထူးဖွယ်မည်မထင်၊ အဘယ့်ကြောင့်လဲဆိုပါလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုပင် မကြိုက်နိုင်သူတွေ အနန္တရှိနေကြသေးတာဘဲ၊ ယခုကျွန်ုပ်ရေးနေတာလဲ ၎င်းများကြိုက်အောင် ဆွယ်တရားဟောနေတာ မဟုတ်ပါဘူး၊ သိသင့်သိထိုက်တဲ့ ပါရမီရှိသူများ သိကြပါစေဆိုတဲ့ စေတနာနဲ့ ရေးနေတယ်၊ အကျယ်ရှင်းပြနေရန် ဤစာအုပ်၏ တာဝန်မဟုတ်၊ ကျွန်ုပ်တို့၏ကျေးဇူးရှင် ဦးပဏ္ဍိဝဆရာဘုရား ရေးသားဖွင့်ဆိုထားတဲ့ ကြောင်ပန်းတံခွန်ခေါ် နာမ်ဒီပကာကျမ်းကြီးကိုသာ ကြည့်ကြစေတော့လို့ စေတနာကောင်းနှင့် တိုက်တွန်းလိုက်ရပေတော့သည်၊ ဒါ့ကြောင့်-ရုပ်နှင့် နာမ် အသားကျ ပရမတ္ထသဘာဝသစ္စာနယ်သို့ တကယ်ဉာဏ်အမြင် ရောက်လာတဲ့ အခါ ပညတ်ဆိုတဲ့ သမုတိသစ္စာနယ်ကြီးဟာ တသီးတခြား တပုံအားဖြင့် အသားအထယ်နဲ့ တကယ်မရှိတော့ပါဘူး၊ ထို့ကြောင့်-ပရမတ္ထဒီပနီဋီကာကျမ်းကြီး၌ပင်....

ပရမတ္ထသစ္စံပန ပတွာ-တံ သစ္စမေဝ နုပေါတိ၊

ပရမတ္ထသစ္စံပန၊ မီးတောက်သဘွယ်၊ တကယ်ဇကန် အမှန်ဆတ်ဆတ် ရုပ်နာမ်အသားကျ ပရမတ္ထသဘာဝ သစ္စာနယ်ကြီးသို့၊ ပတွာပန၊ ဝိပဿနာ ပရိညာဉာဏ်၊ အမြင်မှန်ပေါက်၊ တကယ်ရောက်ခဲ့သော်ကား၊ တံ၊ ထို မီး

ရောင်တမူ၊ အလားတူသော လူနတ်ဗြဟ္မာ ဝုဂ္ဂိုလ်သတ္တဝါ သမုတိသစ္စာကြီးသည်၊ သစ္စမေဝ၊ သစ္စာသည်သာလျှင်၊ နဟောတိ၊ မဖြစ်နိုင်တော့ပေ။

အရိယာသစ္စာ မီးငြိမ်းမှုဥပမာ။

ကဲ ဓမ္မမိတ်ဆွေ....အရိယာသစ္စာနယ်ကို ဉာဏ်တကယ် ဝင်စားပြီးကြည့်လိုက်ကြရအုံးဗိုဲ့။ အထက်ကပြခဲ့တဲ့ ရုပ်သဘာဝ, နာမ်သဘာဝကလေးတွေဟာ တနေ့, တရက်, တလ, တနှစ်, တမိနစ်, တနာရီစသည်ဖြင့် ဘယ်ကလောက်များ အသက်ရှည်ပြီး တည်နေနိုင်ကြသလဲ။ ဥပါဒ်ဓာတ် ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်မွေးဖွားလာကြပြီး၊ မကြာမီဘဲ ဇရာမီးထောင်ကျွမ်းလို့ သေဆုံးခြင်းသို့ ရောက်သွားကြရရှာတယ်၊ သေသွားတာရယ်၊ချုပ်သွားတာရယ် ပြောက်သွားတာရယ်၊ပျက်သွားတာရယ်၊မရှိတော့တာရယ် အတူတူပါဘဲ၊ အဲဒီ ဥပါဒ်ခဏပေါ်လာကြတဲ့ ရုပ်သဘာဝ, နာမ်သဘာဝကလေးတွေကို ဌီခဏ,ဘင်ခဏသို့ မရောက်ကြပါနဲ့,မချုပ်ပါနဲ့,မပျောက်ပါနဲ့,မပျက်ပါနဲ့လို့ မည်သူတဦးတယောက်မှ ခယတောင်းပန်လို့လဲ မရနိုင်ဘူး၊ ဩဇာ အာဏာပေးလို့လဲ မရနိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ရဲ့ ပင်ကိုယ်ပကာတိသဘောကိုက "မှိုင်ငုံပေါ်ထွက်- မြေကိုချက်သို့" ဆိုတဲ့ စကားလို အသေဆိုတဲ့ မြေကိုချက်ပြီး ထွက်လာကြရရှာတယ်၊ တနည်းအားဖြင့်လဲ "အနွယ်ဖြစ်သော သစ်ညွန့်သဘောသည် ရှေ့တည်သော သစ်ကိုင်းကို ညွတ်ရှိုင်း၊ မျှော်တန်း ဓာတ်လှမ်းသဘောမျှကဲ့သို့" ဟု ခြောက်စောင်

တွဲကျမ်းကြီး၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဥပမာ ပြခဲ့တဲ့ အတိုင်း အသေဘက်ကိုလှမ်းပြီး ထွက်လာရှာကြရ တယ်။ အစက ပြခဲ့တဲ့ ဥပမာအတိုင်း၊ မီးတောက်ဖြစ်ပေါ် လာကထဲကိုက မီးငြိမ်းမဲ့သဘောကြီးဟာ အဲဒီ မီးတော ထဲမှာဘဲ ကပ်လျက်ချပ်လျက် ပါလာသကဲ့သို့ပါဘဲ။ အဲဒီ ဥပမာကို သေသေချာချာပြန်ပြီး စဉ်းစားစမ်းပါ။ ငြိမ်းဒါ ဘာငြိမ်းသွားတာလဲ၊မီးတောက်ငြိမ်းသွားတာ၊မီးတောက် ပယ်ထား၊ ငြိမ်းမှုရှိနိုင်ပါ့မလား။ သို့မဟုတ် မီးတောက် မရှိခင်က ငြိမ်းမှုက အရင်ရှိနေနှင့်တာလား၊ ဥပမေယျကို စဉ်းစားနိုင်လောက်ပါပြီ။ ။မီးတောက်နှင့်ငြိမ်းမှု ဉာဏ် မြင်မှာ တခုစီဖြစ်သော်လဲ ခွဲခြား၍မရပုံကို ဉာဏ်ကုန်လွှတ် ၍ ကြည့်လိုက်စမ်းပါ။ ထို့ကြောင့်– ကျေးဇူးရှင်ဘုရားကြီး ၏ ခြောက်စောင်တွဲကျမ်း၌ပင် "သင်္ခါရနှုန်း၊ အကုန်လုံး ကို၊ သိမ်းကျုံး၍ပြ၊ သင်္ခ ချုပ်ငြိမ်း၊ ဥပါဒ်ဘင်ကျ၊ အနိစ္စ ကောန်၊ ဒုက္ခမှန်ကို ရုပ်နာမ်ပြောရ "ဟု ရုပ်နာမ်နှင့် အနိစ္စ ခွဲခြား၍မရပုံကို ဉာဏ်ကုန်နှိုက်၍ ပြတော်မူလိုက်ပေသည်။ ဒုတိယ ကြောင်ပန်းဆရာတော်ဘုရားကြီး၏ တရားသင် ခန်း ဆွေးနွေးခန်းခေါ် သုံးစောင်တွဲကျမ်း၌ လည်း။ "ခန္ဓာငါးပါးဆိုတာ အနိစ္စတဲ့၊ အနိစ္စကို ခန္ဓာငါးပါးလို့ ဆိုတယ်။ အနိစ္စပြင်မှတပါး ခန္ဓာငါးပါးတခြားမရှိ" ဟု အရိယသစ္စာနယ်ကို ဉာဏ်ပိုက်၍ သဘာဝနှိုက်ပုံကို ပြဆို လိုက်ပေသည်။ထိုဆရာတော်ဘုရားကြီးများ၏ ဆိုလိုရင်း အဘော်ကို မရိမိရှာကြကုန်သော အချို့စာကြည့် ပရိ သတ်တို့သည် အနိစ္စနှင့်ခန္ဓာငါးပါး တခြားစီ ထင်ပြီး၊

သဘာဝသစ္စာနယ်ကြီးကို ပယ်လှန်၍ ရုပ်တွေ,နာမ်တွေ ခန္ဓာငါးပါးတွေ မလာခဲ့နဲ့။ အနိစ္စလဟာ ဘာမှမရှိဆိုတာ ထင်မိထင်ရာ၊ လှူချင်တယ်ဆိုတာလည်း အနိစ္စ၊ နွားသတ်ချင်တယ်ဆိုတာလည်း အနိစ္စ၊ပေါ်ခဏမှာချုပ်သွားတာဘဲ။ ဘာအကျိုးပေးစရာ ရှိသလဲဟု, ဥစ္ဆေဒဘက်သို့ လဲကာ အလွဲလွဲအမှားမှားဖြစ်ကုန်ရှာကြပေသည်။ ကဲ-စာရှုသူ ဓမ္မမိတ်ဆွေ....ထိုသူတို့ ယူထားကြတဲ့အတိုင်း ဟုတ်လောက်၏ မဟုတ်လောက်၏ဆိုတာ အသင့် ဉာဏ်ရှိသလောက်ဘဲ နှိုင်းညှိဝေဘန် ကြည့်လိုက်စမ်းပါ။ ခန္ဓာငါးပါးတွေ ရုပ်တွေ,နာမ်တွေ မလာခဲ့နဲ့ဆိုလို့ မလာဘူး၊ ဘေးနားက တပုံ ပုံထားလိုက်ပါ။ အနိစ္စက ဘယ်လို စမလဲ။ အနိစ္စဆိုတာက ပါဠိစကား။ ဗမာလိုတော့ မမြဲဒါ၊ သေဒါ၊ ချုပ်တာ၊ ပျောက်တာပါဘဲ။ ဘာတွေ မမြဲတာလဲ၊ ဘာတွေ သေဒါလဲ၊ သေစရာမရှိဘဲ သေလို့ဖြစ်ပါ့မလား စဉ်းစားပါ။ ဒါ့ကြောင့်-နာမရူပပရိစ္ဆေဒဉာဏ် နာမ်ရုပ်ကို မထူထောင်ဘဲ အနိစ္စက အရင်လုပ်ချင်လို့ မဟုတ်နိုင်ဘူး ဓမ္မမိတ်ဆွေ။ လောကမှာလဲ အနိတ်ကို အရင်သွားပြီး စကြလို့ ထောင်ကျကုန်တယ် မဟုတ်လား။ ယခုလဲ ကုသိုလ်မရှိ အကုသိုလ်မရှိ အနိစ္စဆိုပြီး ဥစ္ဆေဒငြိနေလျှင် အဝိစိထောင်ကို ကျတော့မှာ ဧကန်ဘဲ။ အဲဒီ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိကြတဲ့ သူများဟာ ဘယ်ကလောက် ကြောက်စရာကောင်းသလဲဆိုလျှင် အမိသတ်,အဘသတ် အစရှိတဲ့ ပဉ္စာနန္တရိယကံထိုက်သော သူကမှ ကမ္ဘာပျက်ရင်အဝီစိက လွတ်ရက်ရှိသေးတယ်။နိယတမိစ္ဆာဒိဋ္ဌိ အယူရှိတဲ့ သူများမှာတော့

ထိုအယူကိုမစွန့်မခြင်း အဝီစိက မတက်ရတော့ဘူး၊ကမ္ဘာ ပျက်ထ ၁တောင် ကောင်းကင်မှာ ငရဲအိုးကြီးပေါ် ပြီးခံရ သတဲ့၊ ဘယ့်ကလောက် ကြောက်စရာ ကောင်းသလဲ၊ ပရမတ်ဆိုတဲ့ အတိုင်း မတ်မတ်ယူနိုင်မှ တော်ကာကျ တယ်၊ စောင်းသွားရင် မှောက်တတ်ထာမျိုးဘဲ၊ဒါ့ကြောင့် အတိုချုပ် ပြောလိုတာကတော့ ရုပ်အစစ်၊နာမ်အစစ်ဖြစ် တဲ့ ပရမတ်သဘာဝကလေးတွေကိုမြင်လျှင် အနိစ္စဆိုတာ တသီးတခြား တဆင့်တက်ပြီး ပြောနေစရာမဟုတ်ပါဘူး၊ ညာဏ်အမြင်ပြောင်းလိုက်ယုံပါဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ ဒီရုပ်နာမ်တွေဘဲ သေနေရတာဖြစ်သည့်အတွက် ရုပ်နာမ် ကိုမြင်လျှင် အသေသဘောကြီးကိုလဲ မြင်ရတော့ဒါပါဘဲ၊ ရုပ်နာမ်ပေါ်မှာ အနိစ္စလက္ခဏာဟင်ပြီး ရှုရမယ်ဆိုတဲ့ စကားဟာလဲ ဝတ္ထုတခုပေါ်မှာ ဝတ္ထုတခုကလာပြီး တင် သလို၊ ဒီနားက ရုပ်နာမ်ပေါ်မှာ ဟိုနားက အနိစ္စက လာပြီး တင်ရတာမျိုး မဟုတ်ပါဘူး၊.... ထင်ရှားအောင် ဥပမာ တခုပြပါဦးမည်၊ ၊အသင် ဓမ္မမိတ်ဆွေရဲ့ ရှေ့နားမှာ အထယ်ကထက်ခြမ်းကွဲနေတဲ့ပန်းကန်ကွဲကလေး တခုကိုချ ပြီး စဉ်းစားစမ်းပါ၊ ကွဲဒါဟာ ဘာကွဲနေတာလဲပန်းကန်ကွဲ နေတာ၊ပန်းကန်ဖယ်ပစ်လိုက် အကွဲဟာ သီးခြားကျန်ရစ် သေးရဲ့လား၊ဒါဖြင့်ပန်းကန်မရောက်ခင်ကအကွဲက အရင် ရှိနေနှင့်တာလား၊ဒီပန်းကန်ဘဲကွဲနေတာဖြစ်သည့်အတွက် ပန်းကန်မြင်ရလျှင်ကော အကွဲကိုမမြင်ရပေဘူးလား၊ ပန်း ကန်ကိုတော့ မြင်ပါပြီ အကွဲကို မမြင်ရသေးဘူး ဆိုရင် ဟုတ်နိုင်ပါမည်လား၊ ဒါပေမဲ့ ပန်းကန်ကို အာရုံပြုပြီး

ကြည့်တဲ့အခါ အကွဲကို ဂရုမစိုက်မိဘူး၊ အကွဲကိုဂရုစိုက်ပြီး ကြည့်တဲ့အခါ ပန်းကန်ကို အာရုံမပြုမိဘူး၊ ရုပ်နာမ်နှင့် ပန်းကန် တူစေ၊ အနိစ္စနှင့် အကွဲ တူစေပေါ့၊ ကဲ ဓမ္မမိတ်ဆွေ...... ဒါလောက်ဆိုရင် သမုတိသစ္စာ, သဘာဝသစ္စာ, အရိယာသစ္စာဆိုတဲ့ သစ္စာသုံးပါး နားလည်သွားလောက်ပါပြီ၊ မှောက်မှောက်မှားမှား မဖြစ်နိုင်တော့ပါဘူး၊ ယခုပြခဲ့တဲ့ ဥပမာ, ဥပမေယျတွေကို စိတ်ထဲက ပြန်တွေးပြီး အောက်နားက မေးခွန်းကလေးတွေကိုသာ အဖြေပေးခဲ့ပါတော့၊

## ဉာဏ်စမ်းမေးခွန်းပုစ္ဆာ

(၁) သမုတိသစ္စာဆိုတာ ဘာကို ခေါ်သလဲ၊

(၂) ဘုရားသိတဲ့ သမုတိနှင့် အများသိတဲ့သမုတိ ဘယ်လို ထူးသလဲ၊

(၃) အမေ,အဖေ,ဘုရား ဘာသစ္စာခေါ်သလဲ၊

(၄) သမုတိသစ္စာကို ပယ်ရမှာလား မပယ်ရဘူးလား၊

(၅) သမုတိသစ္စာကို မပယ်ဘဲ ပရမတ္ထသဘာဝသစ္စာသို့ ရောက်နိုင်ပါမည်လား၊

(၆) ဘုရားသိတဲ့ သမုတိကိုသိလျှင် နိဗ္ဗာန်မရနိုင်ပေဘူးလား၊

(၇) လူသမုတိသစ္စာ၊ လူသဘာဝသစ္စာ၊ လူအရိယာသစ္စာ တထဲဝထဲ ဖြစ်ပုံကို သဘောကျပြီလား၊ သဘောကျလျှင် ကျပုံကို ပြောပြပါ၊

(၈) သစ္စာသုံးပါး ရှိသည့်အနက် ဘယ်သစ္စာဟာ လိုရင်းဆုံးဖြစ်သလဲ၊

(၉) မနုဋ္ဌပဋ္ဌိ- ဓမ္မစ ပါဠိတော်အရ၊ မနောဒွါရနှင့် ပညတ်ဓမ္မရဲ့ တိုက်ဆိုင်ပုံကို ရှင်းလင်းစွာ ပြောပြစမ်းပါ။

(၁၀) တုံးနာမ် တိုင်နာမ်ဆိုလျှင် ပညတ်ဓမ္မရဲ့ ပျောက်မနေပေဘူးလား၊ အာရုံရှာ၍ပြပါ။

အထက်ပါ မေးခွန်းများကို နံပါတ်(၁)ကစ၍ တခုခြင်း ဖြေဆိုပါ၊ တခုဖြေပြီးမှ ရှေ့တခုသို့ကူးပါ။ နံပါတ်(၂)နှင့် နံပါတ်(၆)မေးခွန်းများ၌ ဝိဇ္ဇာမာနသဘောကို အလိုမရှိ၊ အဝိဇ္ဇမာနကိုသာ ရည်ရွယ်သည်။

---

လမ်းစဉ်လေးမျိုးရှင်းတမ်း။

အို ဓမ္မမိတ်ဆွေ....သင့်မှာ ပယ်သင့် ပယ်ထိုက်တဲ့ အငွဲ့ကွေကိုလဲ ပယ်ပြီးပြီ၊ဓမ္မမှတ်ကျောက်ကြီးတွေကိုလဲ ထက်ကိုင်ရထားပြီ၊ သစ္စာသုံးပါးကိုလဲ နားလယ်မှုရသွားပါပြီ၊ ၎င်းပြင် တရားအားမထုတ်မီ သိထားနှင့်ထိုက်တဲ့ သွားရာလမ်းစဉ်ကလေးတွေကို ဆက်လက်ပြောပြအုံးမယ်၊ဘယ်လမ်းက သွားလျှင် ဘယ်ကိုရောက်တယ်လို့ သိမထားရင် သူများခိုင်းတိုင်း လုပ်နေရတာနဲ့ လမ်းမှားကိုရောက်သွားမှာလဲ စိုးရိမ်ရသေးတယ်၊စဉ်းစားနိုင်းချိန်တတ်တဲ့ အခြေခံ ကိုယ်ပိုင်ဉာဏ်ရှိမထားရင် သူများပြောတာကိုသာ တထစ်ချ မှတ်ထားပြီး ခိုင်းတိုင်းလုပ်နေရတတ်တာမျိုးဘဲ၊

ရွာတရွာက ပွဲစားတယောက်အိမ်မှာ ခိုင်းစေနေတဲ့ အစေခံတယောက်ရှိသတဲ့။ ပွဲစားကလဲ ခတ်ကြွားကြွား၊ အစေခံကလဲ နံ့, တ တ, ဆိုထော့ ငကျနေတာပေါ့။ တနေ့သန်္တော့ အိမ်မှာဧည့်သည်တွေ လာနေတဲ့အခါ ပွဲစားလုပ်တဲ့လူက နေရာက မထချင်တာနဲ့ ဟဲ့ဟောင့် ရေတခွက် ယူခဲ့စမ်းဆိုတော့၊ အစေခံက ရေခွက်ထဲမှာ လက်နှိုက်ပြီး ခပ်လာသတဲ့၊သူ့လက်ကလဲ ချီးတွေပေလို့ ဆိုကိုး၊ ဒါနဲ့ဧည့်သည်တွေပြန်သွားတော့၊ ပွဲစားက မင်း နှယ်ကွာ အ,လိုက်ဘာ ဧည့်သည်တွေရှေ့မှာ ဒီလို မလုပ်ရဘူး၊ နောက်ကို မှတ်ထား ပန်းကန်ပြားနဲ့ ဘာနဲ့ ထည့်ပြီး ကောင်းကောင်းမွန်မွန် ယူခဲ့ရတယ်လို့ ပြောတော့ မှတ်ထားသတဲ့၊ နောက်တနေ့ ဧည့်သည်တွေ ရောက်လာပြန်၊ ဟဲ့ကောင်—ထီနပ်ယူခဲ့စမ်းဆိုတော့ ထီနပ်ကို ပန်းကန်ပြားထဲမှာထည့်ပြီး ယူလာသတဲ့၊ပွဲစားကလဲ ခတ်ရှက်ရှက်နဲ့ အိမ်ပေါ်က ပိုးပုဆိုး ယူခဲ့စမ်းပါအုံးကွာလို့ ခိုင်းပြန်တော့၊ ဆရာကလဲ ကြွားလိုက်ထာ ပိုးပုဆိုးဖြင့် မရှိဘဲနဲ့ လို့ဆိုသတဲ့၊ဒီလိုနဲ့ ဧည့်သည်တွေပြန်သွားပြန်တော့ မင်း နှယ်ကွယ်......နံ့,မှ နံ့,ပလေ၊ လူတွေရှေ့မှာ မရှိဘူးဆိုတဲ့ စကားမျိုးကို ဘယ်တော့မှ မပြောရဘူး၊ ဆရာရယ် ပိုးပုဆိုး ခိုဘီပေးထားပါတယ်လို့ တော်သလိုပြောလိုက်ရင် ပြီးတာဘဲလို့ ပြောတော့ မှတ်ထားပြန်၊ ၊တော်တော် ကြာတော့ ဧည့်သည်တွေကလာပြန်ခါနီး၊ဟဲ့ကောင် ပွဲက တော် ဘယ်သွားသလဲလို့ မေးတော့၊ ပွဲကတော် ခိုဘီပေး

ထားပါတယ် ဆရာလို့ ပြောသတဲ့၊ အဲဒါဟာ စဉ်းစား ဝေဘန်တတ်တဲ့ ကိုယ်ပိုင်ဉာဏ် မရှိလို့ပေါ့။

ဒါကြောင့်-နိဗ္ဗာန်ရောက်ချင်လျှင် နိဗ္ဗာန်ရစေတတ်တဲ့ အကြောင်းကို သိထားရမယ်။ ဖြယ္ဓဝ့ပြေကို လိုချင်တဲ့လူဟာ ဘာကိုလုပ်မှ ရတယ်လို့ နားလည်ထားရတယ်။ လူ့ဖြွေ, နတ်ပြေ, သွားချင်လျှင် ဘယ်လမ်းကသွားရတယ်လို့ မှတ်ထားရမယ်၊ဒီလိုမှ သိမထားလျှင် မိမိသွားချင် ရောက်ချင်ထာကတလမ်း၊ ဆရာကပြတာက တမျိုးဆိုရင် ခက်မနေပေဘူးလား။ ၊ဉပမာ-နိဗ္ဗာန်လိုချင်သူ တဦးတယောခ်ကို သမထလမ်းကပြနေလို့ ရနိုင်ပါမည်လား၊တရားဟော တဲ့ တရားပြတဲ့ဆရာဆိုဒါ အင်မတန်လိုတယ်၊ဘာ့ကြောင့်လဲဆိုတော့ သာမညပုဂ္ဂိုလ်ကို မဆိုထားနှင့်အုံးတော့ ဘုရားကလွဲလျှင် ပညာအရာမှာ ဧတဒဂ်ရတဲ့လက်ျာတော်ရဲ့ ရှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးတောင်မှ မိမိ၏ တပည့်ဖြစ်တဲ့ ရဟန်းကလေးတပါးအား ကမ္မဋ္ဌာန်းအပေး လွဲခဲ့ဘူးသေးတယ်၊ အသုဘခေါ်တဲ့ သမထကမ္မဋ္ဌာန်းကို ပေးထား၍ ရဟန်းကလေးမှာ လေးလပတ်လုံး အပင်တပန်းကြိုးစား အားထုတ်သော်လဲ ဘာတရားထူးကိုမှ မရသဖြင့် စိတ်ကိုလျှော့ကာ မြတ်စွာဘုရားအား အကျိုးအကြောင်း လျှောက်ထားရာ၊ မြတ်စွာဘုရားက အဏ္ဍာသ ယနှင့်တန်အောင် ရေကန်နှင့်တကွ ပဒုမ္မာကြာနီပန်းများကို ဖန်ဆင်း၍ ကြာပွင့်ဖတ်များညှိုးကျပုံကိုပြလျက်၊အနိစ္စ သဘောကို အရှုခိုင်းတော့မှ ရဟန္တာအဖြစ် ရောက်သွားသတဲ့၊

၎င်းပြင်ခနဦ္တာနိခေါ်တဲ့ ပုဏ္ဏားကြီးဟာလဲ ဝိပဿနာကို ဟောလျှင် မဂ်ဖိုလ်ရနိုင်ပါလျက်၊ သေခါနီးအခါတွင် ရှင်သာရိပုတြာက သမထကိုသာ ဟောသဖြင့် ဗြဟ္မာ့ပြည်သို့ ရောက်သွားရသည်ကို ဘုရားရှင်သိတော်မူ၍၊ တဖန် ရှင်သာရိပုတြာအား ဗြဟ္မာ့ပြည်သို့လိုက်၍ တရားဟောစေတယ်။

လက်ထက်တော်က အဇာတသတ်ဘုရင်သည်လည်း မျက်မှောက်ဘ၀တွင် မဂ်ဖိုလ်ကို ရသင့်ရထိုက်တဲ့ ပါရမီတွေရှိပါလျက်၊ ပါပမိတ္တ ခေါ်တဲ့ ဒေ၀ဒတ်ဆရာမှားနှင့် ပေါင်းဖေါ်မိတဲ့အတွက် မဂ်ဖိုလ်မှ ဆုံးရှုံးသွားရရှာတယ်။

မဇ္ဈိမပဏ္ဏာသမ္ဘ ပေယ,အမည်ရှိတဲ့သုတ်ဟာလဲ တရားဆုံးအောင်နာလျှင် သောတာပန်တည်ထိုက်သော ပါရမီရှိပါလျက် တရားမဆုံးမီး ထသွားသည့်အတွက်မဂ်ဖိုလ်မှဆုံးရှုံးရတယ်။ဘယ့်ကလောက်နစ်နာစရာကောင်းသလဲ၊ယခုအခါလဲ သာသနာတော်ကြီး နေလို-လလို ထင်းနေပါလျက် သမထ တရားနှင့်သာ အချိန်ကုန်၍နေသူများ၊တရားတမျိုးတစားတည်းနှင့် လောလောသမျှ လူအပေါင်းတွေကို ခိုင်ခံ၍ [redacted]

အရှေ့အနောက် တန်းတန်းကလေး ချထားလိုက်စမ်းပါ။ ပဌမ (၁)နံပါတ် ပဲစေ့ကလေးကို အကုသလ ကမ္မပထခေါ်တဲ့ "ဒုစ္စရိုက်ဆယ်ပါး" လို့ အမည်ပေးထားလိုက်ပေတော့၊ ဒုတိယ (၂)နံပါတ် ပဲစေ့ကလေးကိုတော့ ဝဋ္ဋနိဿိတ ကုသလကမ္မပထခေါ်တဲ့ "ပုညကြိယာဆယ်ပါး" လို့ အမည်ပေးထားလိုက်ပါ၊ တတိယ (၃)နံပါတ် ပဲစေ့ကလေးကိုတော့ သမထဈာန်လမ်းခေါ်တဲ့ "မဟဂ္ဂုတ်ကုသိုလ်ကိုးပါး" လို့ အမည်မှတ်ထားလိုက်။ စတုတ္ထ (၄)နံပါတ်ပဲစေ့ကတော့ ရုပ်နာမ်ခန္ဓာဆိုတဲ့ " "ဝိပဿနာ" လို့ အမည်မှည့်လိုက်ပေါ့။....တဖန် အသင်ဓမ္မမိတ်ဆွေရဲ့ ဘယ်ဘက်လက်နဲ့ နောက်တပ် ပဲစေ့ ၄ စေ့ယူ၍ ယခင်က နည်းအတိုင်း တစ်,နှစ်,သုံး,လေး အမည်ပေးကာ၊ ခုတင်က ပဲစေ့ကလေးတွေရဲ့ အထက်ကနေပြီး တန်းတန်းကလေးချထားလိုက်စမ်းပါအုံး။ ၎င်းဘယ်ဘက်က ပဌမ ပဲစေ့ကို ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် ခေါ်တဲ့ "အပါယ်လေးပါး" လို့အမည်ပေးထား၊ဒုတိယပဲစေ့က လူ့ပြည်နှင့် နတ်ပြည်ခြောက်ထပ်ဆိုတဲ့ "ကာမသုဂတိ ခုနစ်ဘုံ" တတိယ ပဲ့စေ့က "ဗြဟ္မာနှစ်ဆယ်" ဗြဟ္မာနှစ်ဆယ် ဆိုသော်လဲ သုဒ္ဓါဝါသ ငါးဘုံကို ချန်လှပ်ခဲ့၊ စတုတ္ထပဲစေ့က သန္တိသုခခေါ်တဲ့ "နိဗ္ဗာန်" လို့ သူ့အမည်နဲ့သူ မှတ်ထားလိုက်ပါ၊ထင်ရှားသည့်ထက် ထင်ရှားသွားအောင် အောက်နားက ပုံစံကလေးကို ကြည့်လိုက်စမ်းပါအုံး၊

| (၁) | (၂) | (၃) | (၄) |
|---|---|---|---|
| **အပါယ်လေးပါး** | **ကာမသုဂတိ** | **ဖြုပ္ဗာ** | **နိဗ္ဗာန်** |
| ↑ | ↑ | ↑ | ↑ |
| (၁) | (၂) | (၃) | (၄) |
| ဒုစရိုက်ဆယ်ပါး | ပုညကြိယာ | မဟဂ္ဂုတ်ကုသိုလ် | ဝိပဿနာ |

(၁) ကဲ-ဓမ္မမိတ်ဆွေ......အထက်က ဥပမာပုံစံကို ဟန်ကျအောင် သေသေချာချာကြည့်စမ်းပါ။ ဒုစရိုက်ဆယ်ပါး ရဲ့လမ်းက ဘယ်ကိုသွားသလဲ။ "ယာဒိသံ ဝပ္ပတေ ဗီဇံ တာဒိသံ ဟရတေ ဖလံ၊ ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစ ပါပကံ" ဆိုတဲ့အတိုင်း၊ ငရုတ်စေ့ကို စိုက်တော့ ငရုတ်ပင်ပေါက်ပြီး ငရုတ်သီးတွေကိုသာ သီးလာသလို၊ ဒုစ္စရိုက်ဆယ်ပါး,အကုသလ ကမ္မပထတရားများကို အကြောင်းခံလိုက်တော့ အပါယ် ၄ ပါးလို့ခေါ်ရတဲ့အကျိုး ခန္ဓာတရားတွေ ပေါ်လာတာပေါ့။ အဲဒါဟာလဲ ပုဂ္ဂိုလ် သတ္တဝါက အကုသိုလ်ပြုလို့ ပုဂ္ဂိုလ်သတ္တဝါ အပါယ်ကျရတာမဟုတ်ပါဘူး။ "အကုသလာ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာ၊ ဓမ္မာ နိသတ္တနိဇ္ဇီဝါ" ဆိုတဲ့အတိုင်း၊ မညွှဲးညစ်တဲ့ စေတနာနာမ်ဓာတ်-နာမ်ပရမတ် အကြောင်းကြောင့် မည်ညစ်တဲ့ အကျိုးတရား ခန္ဓာငါးပါးတွေ ပေါ်တာပါဘဲ။ အဲဒါကိုဘဲသမုတိသစ္စာအားဖြင့်အပါယ်လေးပါးလို့ သမုတ်ထားရတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာကတော့ နဂိုရ်ကတ်ကိုက မရှိပါဘူး၊ အပါယ်လေးပါးဆိုတာလဲ တကယ်မရှိပါဘူး၊

ဒါပေမဲ့ ဒီအကြောင်းခံရင် ဒီအကျိုးကတော့ ပေါ်မှာ ကျေနပ်ပါဘဲ။

(၂) ဒုတိယ ၂ နံပါတ် ပုညကြိယာခေါ်တဲ့ ပဲစေ့ရဲ့ အထက်နားက ဘာရှိသလဲ ကြည့်လိုက်စမ်းပါအုံး၊ကာမ သုဂတိခုနစ်ဘုံတဲ့၊ တောင့်တ သာယာမှု သမုဒယသစ္စာ တဏှာလောဘနှင့် ပြုပြုသမျှ ပုညကြိယာတွေဟာ လူ့ ဘဝ,နတ်ဘဝပြင်က တခံဖျားမှပိုပြီး မတက်နိုင်ဘူး၊ပဲစေ့ ကို စိုက်တော့ ပဲပင်ပေါက်ပြီး ပဲသီးကိုသာ သီးမှာပေါ့၊ ဖူးသီးတွေသီးပေးပါဆိုလို့ ဘယ်မှာဖြစ်နိုင်ပါမလဲ၊ဒါဟာ လဲ ဗုဒ္ဓုလ်သတ္တဝါက ကုသိုလ်ပြုလို့ ဗုဒ္ဓုလ်သတ္တဝါတွေ လူ့ပြည်,နတ်ပြည် ရောက်သွားတာ မဟုတ်ပါဘူး၊ ဖြူစင်တဲ့ စေတနာအကြောင်းကြောင့် ဖြူစင်တဲ့အကျိုးတရား ခန္ဓာ ငါးပါးတွေပေါ်တာကိုဘဲ သမုတိသစ္စာနယ်မြေက လူ့ပြည်, နတ်ပြည်လို့ သမုတ်ထားရတယ်၊ သည်ကို ရည်ရွယ်၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ခြောက်စောင်တွဲ ကျမ်းကြီး၌ 'အများသူငါ၊ မွေ့တာခွဲ၊ငရဲကြီးလျှ၊ကုသိုလ်ရ ဟု၊ ပြုကြရှောင်ကြဉ်၊ ဝိညာဏ်မြင်တည့်၊ မှားပင်မှားဘိ၊ မှားခေါင်ထိ၏'' ဟု, ဝညာမျက်စိနှင့်ကြည့်၍ တိတိကြီး ဆုံးဖြတ်ချက် ဒီကမို ချတော်မူခဲ့ပေသည်။ ဒီနေရာမှာ.... ''ကမ္မသ ကာရကောနတ္ထိ၊ ဝိပါကဿ ဝေဒကော ''ဆို တဲ့ပုဒ်ကို ညာဏ်မျက်စောင်းကလေး ထိုးထားလိုက်ပါ။.... တနည်း အားဖြင့်လဲ ''ကုသလာ အနဝဇ္ဇ သုခ ဝိပါက လက္ခဏာ၊ မွေ့ာနိသတ္တနိဗ္ဗဝ သဘာဝါ'' တဲ့ ထာကြိုက် စရာရှိသေးသတဲ။ ဒီတော့ - အပါယ်လေးပါကို ကျမှာ

ကြောက်လို့ ဒုစ္စရိုက်ကိုရှောင်ကြဉ်တယ်၊ လူ့ပြေ့နတ်ပြေ ကို လိုချင်လို့ကုသိုလ်ပြုတယ်ဆိုရင် ဘာဖြစ်နေပြီလဲ စဉ်းစားပါ၊ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အာဘော်ကို မရိပ်မိရှာကြတော့ ခြောက်စောင်တွဲကျမ်းကို ကြည့်ပြီး တဘက်သတ် စောင်းသွားသူတွေလည်း အနန္တ၊ ကြောင် ပန်းက ဒါနဲ့ပယ်တယ်လို့ စွပ်စွဲသူတွေလည်းမရေမတွက် နိုင်အောင်ရှိနေကြလေသည့်၊ဒီနေရာမှာ သတိပေးပါရစေ၊ ဝဋ္ဋနိဿိတ ကိုသာ ပုညကြိယာဆိုတယ်လို့ ရေရေလယ် လယ် မှတ်ထားလိုက်စမ်းပါ၊ ဝိဝဋ္ဋနိဿိတကို ပါရမီဒါန လို့ အမည်ပေးထားတယ်၊ ခြောက်စောင်တွဲကျမ်း၌ ပုည ကြိယာနှင့် ပါရမီထူးပုံကို ခွဲခြားရေးသားထားတဲ့ ရှေ့ စကားနှင့် နောက်စကား ဆက်စပ်ပြီး မကြည့်တတ်ကြ တော့၊ ရှေ့နားက ပုညကြိယာဆယ်ပါး၊ဘုရားရန်သူဆို တဲ့ စကားကိုသာကြည့်ပြီး ပက်လက်လံသွားကြတယ်၊ ဆရာတော်ဘုရားကြီး၏ ဉာဏ်အမြင်နှင့် သင်တို့၏အယူ အဆကား ဘဝဂ်နှင့် အဝီစိမက ကွာခြားလှ၏၊ ဉာဏ်မမှီ နိုင် ဉာဏ်မပိုင်လျှင် အသာထိုင်နေလိုက်ပေတော့၊ ပြစ်မှား စွပ်စွဲရန် မကြိုးကြလေနှင့်၊

(၃) ဂုဏ်းပြင် တတိယ ၃ နံပါတ် မဟာဂုတ်ကုသိုလ် ကံ ကိုးပါးဆိုတဲ့ ပဲစေ့ရဲ့ အထက်နားက ဘာရှိသလဲ ကြည့်လိုက်စမ်းပါအုံး၊ ပြဟ္မာရှိတယ်မဟုတ်လား၊ အဲဒီ ထမ်းက ကြိုက်ရင်လဲ လိုက်ကြပေါ့၊ ဈာန်လမ်းလို့ခေါ် တယ်၊ဈာန်လမ်းဆိုတာ သမထလုပ်ငန်း သမာဓိနယ်ဘဲ၊

သံသရာက ထွက်မြောက်နိုင်တဲ့လမ်းတော့ မဟုတ်သေးဘူး၊ "ဉက္ခိတ္တာ ပုညတေဇေနာ၊ ကာမရူပ ဂတိံ ဂတာ၊ ဘဝဂ္ဂံ့ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ" ဆိုတဲ့ ဒေသနာကို လူတကာကြားဘူးကြပါပြီ။

(၄) ၎င်းနောက် စတုတ္ထမြောက် ၄ နံပါတ် ဝိပဿနာ ခေါ်တဲ့ ပုံစံရဲ့အထက်နားကတော့ သန္တိသုခခေါ်တဲ့ နိဗ္ဗာန်တဲ့။ စိတ်သန်ရာလမ်းကိုသာ လိုက်ပေတော့ ဓမ္မမိတ်ဆွေ.....။ အပါယ်လေးပါးကလွဲလျှင် ဘယ်လမ်းမှ မကောင်းဘူးလို့တော့ မဆိုနိုင်ပါဘူး။ သူ့အဆင့်အတန်းနှင့် သူ ကောင်းတဲ့လမ်းချည့်ပါဘဲ၊ ဒါပေမယ်လို့ ယခုအခါ သာသနာမှာ ဘဝပဒေသာ လိုရာလမ်းကိုလိုက်နိုင်တဲ့အချိန်ဖြစ်နေသည့်အတွက် ကောင်းသည့်ထက် ကောင်းတဲ့လမ်းကို သာလိုက်ကြပါလို့ တိုက်တွန်းရုံသာ တိုက်တွန်းလိုက်ရပါတော့သည်။

သို့သော်-ဓမ္မမိတ်ဆွေမှာ ဉပမာအားဖြင့် ယနေ့အတွို အရှေ့လမ်းကို သွားလျှင် ငွေတထောင် ရလိမ့်မယ်၊ တောင်အရပ်ကိုသွားလျှင်ငွေတရာ ရလိမ့်မယ်၊ အနောက်အရပ်ကိုသွားလျှင် ငွေတဆယ် ရလိမ့်မယ်၊ မြောက်အရပ်ကိုသွားလျှင် ဒုက္ခရောက်လိမ့်မယ်လို့ လမ်းလေးမျိုး ရှိနေတယ် ဆိုပါတော့၊ ဘယ်လမ်းကို သွားမလဲ၊ အဘိုးအတန်ဆုံးဖြစ်တဲ့ တထောင်တန်လမ်းကြီး ရှိနေပါလျက် တရာတန်, တဆယ်တန်လမ်းနှင့် တင်းတိမ်နေလျှင် အရှုံး

လို့ ဆိုကြမှာပေါ့၊ ဒုက္ခရောက်မည့်လမ်းကို သွားနေရင်တော့ ပြောစရာမလိုတော့ဘူး၊ သွားချင်ရာ လမ်းကိုသာ သွားပေတော့ ဓမ္မမိတ်ဆွေ၊

ဒုတိယပိုင်း ဤတွင်ပြီးပါပြီ။

———o———

တတိယပရိစ္ဆေဒ။

# အလုပ်စခန်းဆိုင်ရာ တတိယပိုင်း။

---

## ဝိပဿနာအလုပ်ဆိုသောစကားနှင့် ပတ်သက်၍ မှတ်ချက်ရှင်းတမ်း။

ကဲ ဓမ္မမိတ်ဆွေ .... သွားရာလမ်းစဉ်တွေကိုလဲ သိသွားပြီ၊ နိဗ္ဗာန်ရောက်ချင်ရင်တော့ ဝိပဿနာအလုပ်ခွင် ဝင်ရုံရှိတော့ဒါပါဘဲ၊ အောင်မယ် .... ဓမ္မမိတ်ဆွေက အလုပ်ခွင်ဝင်ရမယ်ဆိုတော့ လောကအလုပ်များကို လုပ်သလို ဓါးကိုင်ရမှာလား၊ ပေါက်ဆိန်ကိုင်ရမှာလား၊ နေပူထဲထွက်ရမှာလားလို့ တွေးပြီး စိတ်များပျက်သွားသလား, စိတ်မပျက်ပါနဲ့ ဓမ္မမိတ်ဆွေ၊ ဂူထဲအအောင်းခိုင်းမှာလဲမဟုတ်ပါဘူး၊ ကမ္မဋ္ဌာန်းကျောင်းထဲ အဝင်ခိုင်းမှာလဲ မဟုတ်ပါဘူး၊ သားမယားတွေ ပစ္စည်းဥစ္စာတွေ စွန့်ပစ်ပြီး တောထဲ, တောင်ထဲ ထွက်သွားရမှာလဲ မဟုတ်ပါဘူး၊ မြတ်စွာဘုရားကလဲ ဓူရိယာပုထ်လေးပါးလို့ ဟောထားခဲ့တာဘဲ၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အာဟာရဒိပနီ ကျမ်းမှာလဲ....၊

ဝိပဿနာကမ္မဋ္ဌာန်းမှာမူကား- ဥာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းဖြစ်နိုင်၏။ ယာလုပ်ရင်း-ရောင်းရင်း အစရှိသည်ဖြင့် အိမ်မှီးပွါးနှင့် တွဲဘက်နိုင် သတည်း။ အယုတ်

သုံးအားဖြင့် အခြေခံ အိမ်ကျွန်မှ၊ အခွားကုလားပင်ဖြစ်သော်လည်း၊ တွဲဘက်၍ အားထုတ်နိုင်တော့သည်သာတည်း။

ဟု၊ သမထယာနိက နှင့် ဝိပဿနာယာနိက လမ်းနှစ်ပါးကို ခွဲခြား၍ပြတော်မူထားခဲ့ပေသည်၊ ဤကဲ့သို့ သူ့လမ်းနှင့် သူ အစားစားရှိပုံကို ခွဲခြား၍မသိရှာကြတော့၊ အချို့သူများကလဲ တင်ပလ္လင်ခွေ, မျက်စိမှိတ်, ပုတီးစိပ်နေတာကိုမှ အလုပ်လို့ထင်ပြီး၊ ဝိပဿနာယာနိကသမားများကို သူတို့ဟာ အလုပ်မရှိပေါင်ကွယ် အပြောသမားတွေပါလို့ စွပ်စွဲပြစ်မှားမိတတ်ကြပေသည် သတိရှိကြစေ၊ ဒီနေရာမှာ ဝိပဿနာ ယာနိကလမ်းက အလုပ်စခန်းသက်သက်ကို ပြောနေတယ်နော်၊ သမထယာနိကနှင့်ရောပြီး "ပလ္လင်္ကံ အာဘုဇိတွာ၊ ဥဇုံ ကာယံပဏိဓာယ၊ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" ဘာညာ ဆိုတာတွေကို ရောက်ပြီး အတွေးချော်မနေနဲ့အုံး။ ဘုရားပါ မှောက်မိရက် ဖြစ်သွားအုံးမယ်။ ဒါ့ကြောင့် ဝိပဿနာအလုပ်ဆိုတာခန္ဓာကိုယ်နှင့်ရင်းနှီးထူထောင်ရတာလား၊ စိတ်နှင့်ဉာဏ်နှင့်ထူထောင်ရတာလား၊ စဉ်းစားပါ ခန္ဓာကိုယ်အဆင်းရဲခံနိုင်တိုင်း တရားရတယ်ဆိုလဲ နေပူထဲထွက်ပြီး တင်ပလ္လင်ခွေထိုင်နေရုံရှိတော့ဒါဘဲ၊ ရနိုင်ပါမည်လား၊ ဒီလိုမဟုတ်ပါဘူး အသိဉာဏ်ဟာပဓာနပါဘဲ၊ ဒါပေမယ်လို့ များသောအားဖြင့် လောကလူတွေထင်ကြတာကတော့ မျက်စိနှင့်မြင်ရမှ အလုပ်ရှိတယ်လို့ထင်ကြတယ် မသိတော့လဲခက်သားဘဲ၊ ၊ မြတ်စွာဘုရား လက်ထက်က ပဋ္ဌဝဂ္ဂိငါဦးဆိုဟာ လူတကာဘဲ

ကြွားဘူးကြပါလိမ့်မယ်၊ သူတို့ဟာ ဘုရားအလောင်းတော် ကလေးဖွားမြင်တဲ့အချိန်ကစပြီး ဘုရားဖြစ်မှာ ဧကန္တလို့ ဗေဒင်ဟောကြတဲ့ ပုဏ္ဏားတွေပေါ့၊ ၎င်းနောက်အလောင်း တော်မင်းသားတောထွက်သွားတဲ့အခါလဲ ဘုရားဖြစ်လျှင် တရားဦးကို ငါတို့အရင်နာရအောင်ဆိုပြီး နောက်တော် ကလိုက်၍ ပြုစုလုပ်ကျွေးနေကြတာဘဲ၊ ဘုရားအလောင်း တော်လဲပဥ္စမအာဠာရ,ဥဒကရသေ့များထံနည်းခံပြီးယော ဂခေါ်တဲ့ သမထလုပ်ငန်းများကို လုပ်ရသော်လည်း တင်း တိမ်မှု မရခဲ့သဖြင့်၊ ဗောဓိဂယာအနီးမှာ ခြောက်နှစ်ကျော် ကျော်မျှ သမထ လုပ်ငန်းများနှင့် ဒုက္ကရစရိယာခေါ် သူ တပါးတို့ လုပ်နိုင်ခဲသော အလုပ်များကို ဆက်လက် အား ထုတ်ပြန်လေသည်၊ ဝဠမဆွမ်းခံ၍စားသေး၏၊ တဖန် အစာ အာဟာရအတွက် ဒုက္ခများလှသည်ဟု ကြွေကျသော သစ် သီးများကိုသာ စား၍ အားထုတ်ပြန်၏၊ ၎င်းနောက် အစာ ကို လုံးလုံးဖြတ်ပြီး တလက်ခုပ်မျှလောက်သော ပဲပြုတ်ရည် ကိုသာ သောက်၍အားထုတ်သဖြင့်ခန္ဓာကိုယ်သည် အလွန် တရာပင်ပန်းနွမ်းနယ်ပြီး ကျောရိုးနှင့် ဝမ်းရေများ ကပ်နေ သော်လည်း ဘာတရားထူးကိုမျှ မရခဲ့ပေ၊ အနားကစောင့် ကြည့်သမားလုပ်နေကြတဲ့ ပဉ္စဝဂ္ဂီတို့လဲ ထိုသို့အပင်တပန်း ကျင့်ပုံကို မြင်ရတော့ ဧကန္တ ဘုရားဖြစ်တော့မှာဘဲလို့ အမျှော်လင့်ကြီး မျှော်လင့်နေကြသော်လည်း အလောင်း တော်မှာ အားထုတ်လေလေ ဗုဒ္ဓဖြစ်ခဏ်းနှင့် ဝေးလေ လေသာဖြစ်နေတော့သည်။ ထိုနောက်မှ အလောင်းတော် သည် စဉ်းစားညာဏ် ပေါ်လာသည်မှာ ငါသည် ခန္ဓာ

ကိုယ်ကို အပင်အပန်းခံ၍ကျင့်တိုင်း တရားရမယ်ဆိုရင်လဲ ရလောက်ပေပြီ၊ လောကမှာ ငါ့ထက် အဆင်းရဲခံနိုင်သူ ရှိတော့မည်မဟုတ်ပေ၊ အကျင့်လမ်းမှန် မဟုတ်၍သာဖြစ်ပေမည်ဟု စိတ်ကိုလျှော့ကာ လမ်းမှန်ကိုရှာသောအခါ၊ ငယ်ရွယ်စဉ် ခမည်းတော် သုဒ္ဓေါဒန၏ လယ်ထဲတွင် သပြေပင် အေးရိပ်သာအောက်၌ ဝင်စားခဲ့ဘူးသော ပဌမဈာန်ကိုသတိရ၍ ထိုဈာန်ကို ပြန်၍ရအောင် ကြိုးစားခြင်းငှါ ဆွမ်းခံ၍စားတော်မူ၏၊ ထိုသို့ ဆွမ်းခံ၍စားသောအခါ ရေပူရေချမ်းကမ်းလှမ်းလုပ်ကျွေးနေကြတဲ့ ပဉ္စဝဂ္ဂီတို့သည် စိတ်ပျက်ကုန်ကြလေပြီ၊ အဆင်းရဲခံကာ အားထုတ်စဉ်အခါကမှ တရားထူးကို မရပါဘဲလျက်၊ ယခုတဖန် ဆွမ်းခံ၍စားနေပြန်ပြီ ဘယ်တော့မှ ရတော့မည်မဟုတ်၊ ငါတို့အလုပ်ကိုသာ ငါတို့ကြိုးစားကြစို့၊ သူ့ကိုအားကိုးနေလို့ မဖြစ်တော့ဘူးဟု စိတ်လျှော့ကာ မိဂဒါဝုန်တောသို့ ထွက်သွားကြလေတော့သည်၊ ၎င်းနောက် အလောင်းတော်သည် ပဌမဈာန်မှစ၍ လောကီဈာန်များကိုရပြီးလျှင် မဇ္ဈိမပဋိပဒါ ဝိပဿနာ လမ်းမှန်ပေါ်မှ သစ္စာဉာဏ်ရောင်အလင်းများကိုရ၍ဗုဒ္ဓအဖြစ်သို့ရောက်တော်မူခဲ့လေသည်၊ ထိုသို့ ဘုရားဖြစ်တော် မူလာသောအခါ၊ ကျေးဇူးများရှာကြသော ပဉ္စဝဂ္ဂီတို့အားတရားဦးဟောရန် မိဂဒါဝုန်တောသို့ ကြွလာခဲ့ရာ၊ ဗုဒ္ဓကို အဝေးမှလှမ်း၍ မြင်ကြတဲ့ ပဉ္စဝဂ္ဂီတို့ တိုင်ပင်ပြောဆိုကြသည်မှာ၊ ဟောဟိုက လာတာဖြင့် ဧကန္တ ရဟန်းဂေါတမဘဲ၊ သူ့ခန္ဓာကိုကလဲ ဝ၀ဝင်းလို့၊ တရားမရတာနဲ့ ပစ္စည်းလေးပါး ပေါများအောင် အဟော

သမားလုပ်နေပြီထင်တယ်။ ငါတို့ဆီလာတဲ့အခါ အရေး လုပ်ပြီးနှုတ်မဆက်ကြနဲ့၊ သပိတ်သင်္ကန်းများကိုလဲ လှမ်းယူ ခြင်းမပြုကြနဲ့လို့ ဂတိကဝတ်ထားကြသတဲ့။ ဒါပေမဲ့ အနီး အနားရောက်လာတော့၊ ဘုရားတန်ခိုးတော်ကြောင့် သပိတ် ကို လှမ်းယူတဲ့သူကယူ ခြေဆေးပေးတဲ့သူကပေး ဖြစ်ကုန် ကြတော့ဒါပါပဲ။ ။ဒါနဲ့ မြတ်စွာဘုရားကလဲ ပဉ္စဝဂ္ဂီတို့ ငါ ဟာ သစ္စာလေးပါးကို သိမြင်၍ ဘုရားစင်စစ် ဖြစ်လာခဲ့ပြီ၊ သင်တို့အား ကျေးဇူးများလှသည့်အတွက် ကျေးဇူးဆပ် တရားဦးဟောရန် လာခဲ့တယ်လို့ မိန့်တော်မူသောအခါ၊ ပဉ္စဝဂ္ဂီတို့က အရေးမလုပ်တဲ့ သဘောမျိုးနဲ့၊ အမယ်လေး အသင့်တရား မနာချင်ပါဘူး ဟောမနေပါနဲ့၊ ဟိုစဉ်အခါ ခန္ဓာကိုယ် အပင်ပန်းခံပြီး သေလှုအောင် ကျင့်တုန်းကမှ တရားမရပါဘဲနှင့် ယခုအခါ ရှာတကာလယ်ပြီး ဆွမ်းခံ စားနေမှ တရားရတယ်ဆိုတာ ဟုတ်နိုင်ပါမည်လားဟု၊ ဘုရားကို ပယ်လှန်လိုက်ကြလေသည်။ ဒီလိုနဲ့ ဘုရားကလဲ ဟောမယ် ပဉ္စဝဂ္ဂီတို့ကလဲ မနာချင်ပါဘူးဟု သုံးကြိမ်တိုင် တိုင် အပြန်အလှန် ပြောဆိုကြပြီးမှ ဗုဒ္ဓသည် "ဒွေ မေ ဘိက္ခဝေ-အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ" ဟု တရား ကိုစ၍ အတင်းဟောတော်မူရတော့သည်။ ပဉ္စဝဂ္ဂီတို့—ငါ သည် သင်တို့နှင့်အတူ ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့ရတာ တွေဟာ လမ်းမှန်တွေချည်းလို့များ ထင်ခဲ့ကြသလား၊ "အတ္တကိလမထ" ခေါ်တဲ့ လမ်းမှားတွေကိုသာ လိုက် ခဲ့မိ၍ ဗုဒ္ဓ ဖြစ်ခြင်းနှင့် ဝေးခဲ့ဘယ်ဟု အယုတ်တရားများ ကိုပြ၍ သစ္စာလေးပါးကို ဆက်လက်၍ ဟောတော်မူမှ

အမြင်မှန်ကို ရ၍သွားကြပေတော့သည်။ ဒီနေရာ၌ ပဉ္စဝဂ္ဂီ
တို့သည် ဗုဒ္ဓ၏အတွင်းက သဗ္ဗညုတ ဉာဏ်တော်ကြီး
ကိုကား မသိကြ၊ ဗဟိဒ္ဓမျက်မြင်ကိုသာ ကြည့်ပုံထင်ရှား
လှပေတော့၏။ ။ယခုကာလ အချို့သူများလည်း အတွင်း
သဘောကိုမသိ မျက်စိနှင့်မြင်ရမှ အလုပ်ထင်ကြပေသည်။
တချို့ကလဲ ဘုရားတောင်မှ ခြောက်နှစ်ကျင့်ရသေးတာဘဲ
မင်းတို့ ငါတို့ဖြစ်နိုင်ပါ့မလားလို့ ဆင်ခြေများနေတတ်ကြ
သည်။ သူတို့က ဘုရားအလောင်းတော် ခြောက်နှစ်တိုင်
တိုင်ကျင့်ခဲ့တာတွေဟာ လမ်းမှန်တွေချည်းလို့ ယူဆနေ
ကြဟန်တူပါရဲ့။ မှန်တာ မမှန်တာကို အပထားလိုက်ပါ
အုံးတော့ " သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ အဂ္ဂသာဝက၊ မဟာ
သာဝက၊ ပကတိသာဝက " ဆိုတဲ့ လမ်းငါးမျိုးလောက်
မှ နားမလယ်ရာကျမနေပေဘူးလား။ ဒါ့ကြောင့်-သူများ
က အလုပ်မရှိဘူး အပြောသွား၊ အဟောသွားဆိုတာနဲ့ စိတ်
တွေ များမနေပါနဲ့ ဓမ္မမိတ်ဆွေ၊ ဝိပဿနာအလုပ်ဆိုတာ
ခန္ဓာကိုယ် အဆင်းရဲခံနိုင်မှမဟုတ်၊ စိတ်နှင့် ဉာဏ်နှင့် လုပ်
လျှင် ရနိုင်တယ်လို့၊ တွံ့-သင် ဓမ္မမိတ်ဆွေသည်။ ဂဏှာဟိ-
သူများခိုင်းတိုင်းလဲ မလုပ်၊ ပြောတိုင်းလဲ မယုံရအောင်၊
မသေမခြင်း မှတ်ထားလိုက်ပါတော့။

---

## ဝိပဿနာယာနိကလမ်း ရုပ် နာမ် အလုပ်စခန်း။

ကဲ—ဓမ္မမိတ်ဆွေ......ဝိပဿနာအလုပ်စခန်းကို စကြစို့။ ဝိ
ပဿနာအလုပ်အားမထုတ်မီ ရှေးဦးစွာ နာမရူပပရိစ္ဆေဒ

ခေါ်တဲ့ နာမ်ရုပ်ကို ခွဲခြားပြီးသိထားရလိမ့်မယ်။ ဒီလိုမှ သိမထားလျှင် ရှေးအခါက မိန်းမကြီးတယောက် တရားအားထုတ်သလိုဖြစ်နေမှာလဲ စိုးရသေးတယ်။ ။ဥပုသ်နေ့မှာ ဥပုသ်သယ်ဒကာမကြီး တယောက်ကို ကျောင်းထိုင် ဆရာတော်ကြီးက ကမ္မဋ္ဌာန်းကျောင်းထဲမှာ သွား၍ တရားအားထုတ် ခိုင်းသတဲ့၊ ဉာဏ်အမြင် ထင်ရှားသည်ထက်ထင်ရှား၍ တရားမြန်မြန်ပေါက်လွယ်အောင် မြေကြီးခဲကြီး တခုကိုယူပြီး၊ ၎င်းမြေကြီးခဲမှာ ရှိတဲ့ ပထဝီမာ သဘောနှင့် အက္ခရာ ခန္ဓာရှိတဲ့ "မာ" သဘောကို အက္ခရာ ဗဟိဒ္ဓ မခြားတသားတည်း မြင်အောင်ရှုရမယ်လို့ ခိုင်းလိုက်တော့၊ ဒကာမကြီးကလဲ မြေကြီးခဲကြီးကိုယူပြီး ကမ္မဋ္ဌာန်းကျောင်းထဲ သွားတာပေါ့၊ ဆရာတော်ကြီးကလဲ မနီးမဝေးအရပ်ကနေပြီး အကဲခတ်နေ၊ တော်တော်ကလေး ကြာတော့ ကမ္မဋ္ဌာန်းကျောင်းထဲက (ဟိဟိဟိ) ဆိုတဲ့ အသံကို ကြားရပါရောတဲ့၊ ဒါနဲ့ ဆရာတော်ဘုရားကြီးက ဧကန္တ ငါ့ဒကာမကြီးတော့ တရားပေါက်ပြီထင်တယ်၊ ပီတိသောမနဿဖြစ်ထာနဲ့ ဝမ်းမြောက်ဝမ်းသာ ရယ်တာနဲ့တူရဲ့လို့ အောက်မေ့ပြီး ဗိုက်နားထောင်နေ၊ တော်တော်ကလေးကြာတော့ (ဟာဟာဟ) ဆိုတဲ့ အသံကို တဖန်ကြားရပြန်ပါရောတဲ့၊ ဒီတော့မှ ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းကျောင်းထဲသွားပြီး ဒကာမကြီးဘယ်နှယ်လဲ ဘာတွေများမြင်သလဲ၊ ပထဝီခေတ်ကို မြင်ရဲ့လားလို့ မေးတော့။ အရှင်ဘုရား့ တပည့်တော်မ မှန်ဒါကို ချောက်ထားရမှာဖြင့် အရှင်ဘုရား ပေးလိုက်တဲ့

မြေကြီးခဲက တပဲ့တော်မတို့ မင်္ဂလာ ဆောင် တုန်းက ဖေါက်တဲ့ခဲကြီးတွေနဲ့ တူလွန်းလို့ပါဘုရား ဆိုသတဲ့၊ အဲဒါဟာနာမရူပပရိစ္ဆေဒဉာဏ်အခံမရှိလို့ပေါ့၊ဒါ့ကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ် အရေးကြီးကြောင်းကို ရာဓ ရဟန်းက ကမ္မဋ္ဌာန်း တောင်းတဲ့အခါ၊ မြတ်စွာဘုရားက အောက်ပါ ဂါထာကို ဟောတော်မူခဲ့တယ်၊

> အဘိဇ္ဈာယျ ရာဓ အနဘိဇာနံ အပရိမာဏံ
> အဘာဝ္ဗောဝ နတ္တုကွယာယ တိ၊

ရာဓ၊ကမ္မဋ္ဌာန်းဘာဝနာ စိတ်သန်စွာလှ ချစ်သားရာဓ၊ အဘိဇ္ဈာယျ၊ကမ္မဋ္ဌာန်းခွင် မဝင်မီအရင်တင်ကြိုး၍သိထား နှင့် အပ်ကုန်သော ရုပ်နာမ်နှစ်ပါး သဘာဝတရားတို့ကို၊ အနဘိဇာနံ-အနဘိဇာနန္တော၊ပိုင်းခြားထင်ထင် မသိမမြင် သောသူသည်၊ ဝါ၊မသိမမြင်ပါဘဲလျက်၊ အပရိမာဏံ၊ သူ များပြောတိုင်းယုံ ခိုင်းတိုင်းလုပ်၍ ဟုတ်မဟုတ် မှန်မမှန် နှိုင်းချိန်ဉာဏ်မရှိသောသူသည်၊ နတ္တုကွယာယ၊ နတ္တုကုန် ခန်း နိဗ္ဗာန်နန်းသို့ တက်လှမ်း ပေါက်ရောက်ခြင်းငှါ၊ အဘဗ္ဗော၀၊ ထယ်လိုပင် အားစိုက်သော်လဲ ရုပ် နှင့် နာမ် အမြင်မဆိုက်သဖြင့် အမှန်ဘဲ မထိုက်တော့သည်သာလျှင် တည်း၊

ရုပ်နာမ်ကို သိမထားလျှင် တရားအားထုတ်၍ အမှန် ကျွ မဖြစ်နိုင်ပုံကို ထင်ရှားအောင် ပြပါဦးမည်၊ ဥပမာ- မဟာသတိပဋ္ဌာနသုတ်ပါဠိတော်ကြီးမှာ....

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊
ဌိတော ဝါ ဌိတောမှီတိ ပဇာနာတိ၊
နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ။
သယာနော ဝါ သယာနောမှီတိ ပဇာနာတိ၊

စသည်ဖြင့် မြတ်စွာဘုရား ဟောထားခဲ့တာ ရှိတယ် မဟုတ်လား၊ အဲဒီ ပါဠိတော်ဟာ ဘယ်ဂိုဏ်းဂဏအတွက် ဘယ်သူ တဦးတယောက်အတွက်လို့ ဗုဒ္ဓထမိဌာန် ကန့်သတ်ချက်နဲ့ ဟောထားခဲ့တာ မဟုတ်ဘူးနော်၊ အဲဒီ ပါဠိတော်အရ ဘာသာပြန်လိုက်တော့၊ "ဂစ္ဆန္တော၊ သွားသည်ရှိသော်၊ ဂစ္ဆာမီတိ၊ သွား၏ဟူ၍၊ ပဇာနာတိ၊ အပြားအားဖြင့်သိ၏" လို့ အဓိပ္ပါယ်ရတာပေါ့၊ ဒီပါဠိတော်ကို ကိုယ့်ဉာဏ် ရှိသလောက် ကိုယ်ဝေဘန်ပြီး ကျနုပ်က တရားပြဆရာ လုပ်၍ ရုပ်နာမ် မကွဲသေးတဲ့ လူပြိန်း တယောက်ကို၊ သွားတဲ့အခါ သွားတယ်လို့သိ၊ ရပ်တဲ့အခါ ရပ်တယ်လို့သိ၊ထိုင်တဲ့အခါထိုင်တယ်လို့သိ၊ အိပ်တဲ့အခါ အိပ်တယ်လို့သိ စသည်ဖြင့် ရှုမှတ်ပွားများခိုင်းထားလိုက်တယ်ဆိုပါတော့၊ခိုင်းတဲ့အတိုင်းလုပ်တော့ လုပ်မှာပါဘဲ၊တဖန် အဲဒီလူကိုပြန်ပြီးသွားတာဟာဘယ်သူသွားတာလဲလို့ မေးကြည့်စမ်းပါ၊ ကျုပ်သွားတာပါ တပည့်တော်သွားတာပါ စသည်ဖြင့် မဖြေပေဘူးလား၊ ခြေထောက်ဆိုတဲ့ သဏ္ဌာန်ကြီးကော ပျောက်ပါမလား၊ သဏ္ဌာန်ခံနေလျှင် ဝိပဿနာဖြစ်နိုင်ပါမည်လား၊အဲဒါဟာ ရုပ်နာမ် မကွဲလို့ပေါ့၊ဒီအသိမျိုးထောက်သာ ရည်ရွယ်ပြီး

သတိပဋ္ဌာန်ပါဠိတော်ကြီး ဘုရားဟောခဲ့တာ မဟုတ်ပါဘူး၊ ဒီအသိမျိုးလောက် ဆိုရင်တော့ ဘုရားတောင် ပွင့်စရာမလိုတော့ဘူး၊ တယောက်က ခိုင်းလျှင် တယောက်က လုပ်တတ်တာမျိုးဘဲ၊ ဒါကြောင့်-ဘုရားဟောပါဠိတော် ဆိုပေမဲ့ ဘုရား အလိုတော်ကျအောင် ဝေဘန်မှုဟာ မလွယ်ကူဘူး ဓမ္မမိတ်ဆွေ၊ ကိုယ့်အလိုနှင့်ကိုယ် ဝေဘန်လျှင် မှန်တာလဲရှိ မှားတာလဲရှိမှာဘဲ၊ ပုဂ္ဂိုလ်ကိုမစွဲဘဲ ဓမ္မဒိဋ္ဌာန်နဲ့ဝေဘန်ပြထားတဲ့ သတိပဋ္ဌာန်ပါဠိတော်ရဲ့ ဗမာပြန်သဘာဝကလေးတွေကို အောက်မှာ ကြည့်စမ်းပါအုံး ကြိုက်လဲယူပေါ့၊

## ဝိပဿနာဆိုတာ ဘာလဲ?

မေး။ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ.... ပါဠိပြတ် ဒေသနာ၊ အလိုတော်ကျအောင် ဝေဘန်ပါ။ သွားတဲ့ အခါ သွားတယ် သိပါ၊ သွားတယ်ဆိုတာ အများဘဲ သိတာ၊ သွားရာမှာ ငါအရှိမို့ သမာဓိမျှသာ၊ ကမ္ဘာသိအလုပ် သာသနာသိမဟုတ်၊ ငါအရှိငုတ် တုပ်ကြောင့် ဒိဋ္ဌိမပြုတ်နိုင်ပါ၊ အဲဒါထဲ.... ဘယ်မလဲ ဝိပဿနာ၊

( ဝိပဿနာဆိုတာ ဒါပါဘဲ၊ )

ဖြေ။ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ လာရှိတဲ့ ဒေသနာ၊ အာဘော်ကတော့ ဒီလိုပါ၊ သွားချင်တာ ဟာ စိတ်နာမ် တရားပါ၊ သွားတယ်ဆိုတာ စိတ္တဇ

ရုပ်ပါ၊ ရုပ်နာမ်မှာ ငါမှရလို့ သဘာဝမျှသာ။ ငါ
အရှိဖြုတ်၊ ကန္တာသိမဟုတ်၊ သာသနာအလုပ်ရို့
အားထုတ်ရှုကြည့်ပါ။ သွားနေဆဲ, ဒါဘဲဝိပဿနာ။
( ဣရိယာပုထ် ၄ ပါးပြောင်းဆို။ )

ဘုရားအလိုတော်ကျကတော့ သွားတဲ့-ရပ်တဲ့-ထိုင်တဲ့-လျောင်းတဲ့အခါ ဣရိယာပုထ် ပြောင်းတိုင်း ပြောင်းတိုင်း ရုပ်နာမ်နှစ်ပါးတို့၏ မရပ်မနား တဖွားဖွား ဖြစ်ပျက်မှုကို ကြည့်ရှုပွားများ အားထုတ် အလုပ်လုပ်ပါလို့ ဆိုလိုတာပါဘဲ။ ဒီတော့-ရုပ်နာမ်မှ ကွဲမထားလျှင် အားထုတ်လို့ ဖြစ်နိုင်ပါမည်လား။အားထုတ်သော်လဲ ရုပ်စစ်, နာမ်စစ် မြင်ပါ့မလား စဉ်းစားပါ။ ပဇာနာတိ ဆိုတဲ့ ပုဒ်အရကိုလဲကြည့်ပါ။ '' ပကာရေန ဇာနိတဗ္ဗန္တိ ပညာ ''တဲ့၊ တနည်းအားဖြင့်လဲ ''ဝိသေသေန ပဿန္တီတိ ဝိပဿနာ'' လို့လဲ စာရှိပါတယ်။ဝိပဿနာဆိုတာသညာသိ,ဝိညာဏ်သိ, ကန္တာသိ, သတ္တဝါသိတို့ထက် ထူးရမယ်တဲ့၊ဒီလိုမှ မဟုတ်လဲ ခိုင်းလို့သာ လုပ်နေရ၊မျောက်မိုးစိန် ပိုချင်းချ သလိုဖြစ်နေမှာပေါ့။

မန္တလေးမြို့အရပ်ဆီမှာ 'မိုးစိန်'လို့ အမည်ပေးထားတဲ့ မျောက်ကြီးတကောင်ရှိတယ်၊ အဲဒီမျောက်ကြီးကို ပုဆိုး တောင်ရှေကလေးဝတ်ပေးပြီး ဆရာ လုပ်တဲ့လူက ဘယ်လိုဆိုပေးရင် ဘယ်လို,ကပြရတယ်ဆိုတာသင်ထားတော့နားလယ်နေတာပေါ့၊ဒီလိုနဲ့ က,ပြနေတုန်း မင်းသားကြီး ဝါးကြိမ်းတဲ့အခါး ရောက်သွားတာကို၊ ဆရာ

လုပ်တဲ့လူက နောက်ကနေ၍ ခွက်ကလေးတချောင်း ဒုပ်နဲ့ခေါက်ပြီး၊ အခင်းရဲ့မသာသည်၊ ကိုးနဝင်းမင်းပါဗ, အမျိုးတသင်းကြောင့်၊ ဟာသ်ာတာရာ ကိုးဆဲ့နှစ်နှစ် အတွင်း၊ မင်းကြီးများ ဘယ်ခြေဟာ အကျိုးလိုနင်းနေ ပါပကော။သို့မို့ကြောင့်-ဗုဒ္ဓဘာသာ အမျိုးတသင်းတို့မှာ၊အဆိုးအဖြင်း ဝဲခြေတာဘက်ညာ့ိုးတာနဲ့၊ တိုင်းပြေ အခက်တမျိုးပင်လယ်ခဝ။အမယ်မင်း ကျုပ်နေလို့ ဖြစ် နိုင်ပါ့မလား-လို့ ဆိုပေးလိုက်တော့ မျောက်ကြီးက ပု ဆိုးစကထေးနှင့် မျက်နှာဒုပ် နောက်ဆုတ်နောက်ဆုတ်နဲ့ သွားပြီး နောက်နားကျတော့ လက်တဘက်က ပဲလှော် ခွက်နိုက်စားနေတယ်၊ ဒီဒါဟာ ဆရာက ဒီနေရာမှာ ဒီလို လုပ်ရတယ် ဆိုလို့သာ လုပ်နေရ၊ အတွင်းက ငိုချင်စိတ် တနှမ်းစေ့မှ မပါဘူး။သူ့စိတ်ကတော့ မလစ်လိုက်နဲ့ လစ် သွားလျှင် စားဘို့ရာကိုသာ အမြဲတမ်းချောင်းနေတာဘဲ။

ဒါ့ကြောင့်–ဓမ္မမိတ်ဆွေ ... သူများပြောတိုင်းလဲမယုံ၊ ခိုင်းတိုင်းလဲ မလုပ်ရအောင် တရားအားမထုတ်မီ နာမ်ရုပ် ကို ခွဲကြပါဦးစို့၊ ... နာမ်ရုပ်ဆိုတာလဲ တခြားမှာသွားပြီး ရှာနေရမှာမဟုတ်ပါဘူး၊ အသင် ဓမ္မမိတ်ဆွေရဲ့ မျက်စိ လို့ ခေါ်ရတဲ့ စက္ခုပသာဒက မြင်နေရသမျှတွေဟာ ရုပ် တရားတွေပါဘဲ၊ ခန္ဓာအားဖြင့် ရူပက္ခန္ဓာလို့ ခေါ်တယ်၊ ဓာတ်အားဖြင့် ဝဏ္ဏဓာတ်၊ အာရုံအားဖြင့် ရူပါရုံလို့ ခေါ် တယ်။စာလိုပြောတော့ ကြီးကြီးကျယ်ကျယ် ဘယ်သွား ပြီး ရှာရမှာလိုလိုဖြစ်နေတာပေါ့၊ဗမာလို ရှင်းရှင်းကလေး ပြောတော့ မျက်စိကမြင်ရတဲ့၊ နက်,နီ,ဖြူ,ဝါ,စိမ်း,အပြာ

ဆိုတာတွေဟာ အဆင်းဓာတ် ရုပ်တရားတွေပါဘဲ၊ မြတ်စွာဘုရားကလဲ သတ္တဝါတွေ မသိမမြင်နိုင်လောက်အောင် မရှိတဲ့တရားတွေကို ကြံကြံဖန်ဖန်ရှာကြံပြီး ဟောထားခဲ့တာ မဟုတ်ပါဘူး၊ ရှိပြီးသားတရားတွေကိုဘဲ ပေါ်လွင်အောင် ဖွင့်ပြခဲ့တာပါဘဲ၊ ဒါ့ကြောင့်-''ဥတ္တာနီ ကရောတိ၊ ဝိဝရတိ ဝိဘဇတိ'' တဲ့၊ ဥတ္တာနီ၊ ရှိပြီးသား တရားတွေကို ပေါ်လွင်အောင်၊ ကရောတိ၊ပြုတော်မူ၏၊ ဝိဝရတိ၊ ဖုံးအုပ်ထားသော အဝိဇ္ဇာကို ဖွင့်၍ပြတော်မူ၏၊ဝိဘဇတိ၊ခန္ဓာ အာယတန, ဓာတ်, သစ္စာအားဖြင့် ဝေဘန်ပြ၍တော်မူ၏၊ ဥပမာ-အသင်ခမ္ဗမိတ်ဆွေရဲ့ ရှေ့နားမှာ သရက်ပင်ကလေးတပင်စိုက်ပြီး အိုးနှင့်မှောက်ထားလိုက်တော့ မြင်ရသေးရဲ့လား၊ အဲဒါဟာ သရက်ပင်က မရှိလို့မမြင်ရတာလား၊ ရှိလျက်သားနှင့် အိုးမှောက်ထားလို့ မမြင်ရတာလား စဉ်းစားပါ၊ ယခု ဒီမှာလဲ လူကဘဲကြည့်ကြည့် ခွေးကဘဲကြည့်ကြည့်မျက်စိနဲ့ဆိုင်ရာကတော့ အဆင်းဓာတ်ကိုသာ မြင်ရတာပါဘဲ၊ လူလို့အခေါ်ခံရတဲ့ သဏ္ဌာန်မှာရှိတဲ့အဆင်းနှင့် ဂူမှာရှိတဲ့ အဆင်းဟာ ဘာများထူးခြားသေးသလဲ၊ အဇ္ဈတ္တ ဗဟိဒ္ဓမခြားတသားတည်းပါဘဲ၊ ဒါပေမဲ့ အဝိဇ္ဇာဆိုတဲ့အိုးက မှောက်ထားလိုက်တော့ အဆင်းကို လူလို့စွဲပြီး ဒီနားက လူတွေ ရှုပ်လွန်းလို့ တရားအားထုတ်လို့မဖြစ်နိုင်ဘူး၊ဂူထဲသွားမှ တရားရလိမ့်မယ်လို့ ယူဆနေကြတယ်၊ ခန္ဓာမှာရှိတဲ့ တရားမှ မသိဘဲနဲ့ ဂူထဲသွားတော့ တရားက အလိုလိုရလာမှာလား စဉ်းစားပါ၊ ဒါ့ကြောင့်-မိမိခန္ဓာမှာရှိတဲ့ တရားကိုမသိလျှင် ဘယ်ကိုဘဲ

သွားသွားအကျိုးမများလှပါဘူး။ ဆိုလျှင် ထယ်မှာဘဲနေနေ အကျိုးရှိတာပါဘဲ၊ ဆိုပြီးမှ တောထွက်ဂူအောင်းရတော့ သာကောင်းတာပေါ့၊ ဒါပေမဲ့ အားထုတ်ရမဲ့ သိရမဲ့ တရားကတော့ ဂူထဲသွားလဲဒါပါဘဲ၊ အိမ်မှာနေလဲ ဒါပါ ဘဲ၊ ဒါကြောင့်- အသင်ဝမ္မမိတ်ဆွေတို့ မြင်နေရတာတွေ ကိုက တရားတွေပါဘဲ၊ တရားတွေကို တရားမှန်းမသိ တော့ မျက်စိပေါ်မှာပင် သာသနာနှင့် လွဲချော်ပြီး၊ မျက်စိ ကာထင်းတန္တေမကြောက် ဆိုဒါလိုဖြစ်နေကြရတယ်၊

\+ \+ × \+

မျက်စိကာထင်း တန္တေမကြောက်။

ဝဏ္ဏရုပ် ပသာဒေ့ါပိ၊ နစာနန္တိ ပုထုဇ္ဇနာ၊
နာမရုပ် စာနန္တော့ပိ၊ နပဿန္တိ ပုထုဇ္ဇနာ၊ ။

ပုထုဇ္ဇနာ၊ အဝိဇ္ဇာတမ မှောင်ကြီးကျ၍ နေကြလေ ပြား ပုထုဇန်များတို့သည်၊ ဝဏ္ဏရုပ်၊ အဆင်းခံတ်သား ရုပ်တရားကို၊ ပသာဒေ့ါပိ၊ ကြောင် ကြောင် ထင်ရှား ပသာဒစက္ခုကလေးနှင့် မျက်မှောက်တွင် မြင်ရပြားသော် လဲ၊ နစာနန္တိ၊ ပဂ္ဂိုလ်မဟုတ်၊ ဝဏ္ဏရုပ်ဟု အဟုတ်ပိုင်ပိုင် မသိနိုင်ကြလေကုန်၊ နစာနန္တိ၊ ငါ သူတပါး၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂလအရိပ် နိမိတ်ပျောက်ကွယ်၊ သုညနယ်ကို၊ ဆင် ခြင်ဘွယ် တရားမရကြလို့၊ ခင်မင်ဘွယ် အသားချချပြီး၊ မှားသမျှအဖုံဖုံမသိကြလေကုန်၊ ပုထုဇ္ဇနာ၊ ကိလေဝန်ဘေး မလွတ်သေး၍၊ မအေး ရှည်လျား၊ ပုထုဇဉ်များတို့သည်၊ နာမရုပ်၊ အကြောင်းဆိုက်ကာ၊ ဖြစ်ပေါ်ကြသည့်၊ ပုဂ္ဂလ,

သတ္တ၊ အတ္တမဟုတ်၊ နာမ်နှင့်ရုပ်ကို၊ ဇာနန္တာပိ၊ ကြောင်း ကြောင်း ထင်ရှား၊ သိကြပြီးသော်လည်း၊ န ပဿန္တိ၊ အနိစ္စ ဒုက္ခ, အနတ္တမှန်လှ၊ ရုပ်နာမ်မျှဟု၊ ပရမတ္ထ ထိုထို မဆင်ခြင်ဘဲဟာမို့၊ အတ္တအပိုအမိ အသွင်အပြင်တွေနဲ့ စွဲစွဲ ပြီး၊ မြင်လဲမမြင်ကြလေကုန်၊ န ပဿန္တိ၊ ငါဘဲသူဘဲ၊ အာသာ စွဲတွေကြောင့်၊ အခါခါမလွဲသာအောင် ဘဝထိုထို ရမ်းခဲ့ လှပါပေါ့၊ အကြမ်းတိုက်တဲ့ ဒိဋ္ဌိအပုကို၊ ရိပ်မိသူ ထောက် စာကြည့်ရင်ဖြင့်၊ ကြောက်စရာအတိပါဘဲ ဝဋ်မီးဖြာ၊ အေး ကွက်မှာဖြင့် မမြင်သာအောင်၊ ရန်ဘယာ အသရမ်းအာ တွေတွေနဲ့ ခြောက်သော်လဲ၊ သံသရာ လမ်းရှေ့ရှောက်ချင် လို့၊ အခွန်ဝမှာ မှန်းချေမပေါက်နိုင်ကြတော့ဘဲ၊ ဩော်...... အကာသ်းတဖန္တမကြောက်ဖြစ်၍နေကြကုန်သတည်း။

---

ဆောင်ပုဒ်။

နင်မြင်ဒါ နင်သိရဲ့လား၊ နင်မှားဒါ နင်သိရဲ့လား၊
နင်သာသနာတော်ကြီးနဲ့ ချော်နေဒါ နင်သိရဲ့လား၊
ပြောလို့လဲမရ၊ ဟောလို့လဲမရ၊ ထောဘတွေကများ၊
မြင်ရာမှာ တရားတွေအရှိသား၊
ရှိတာကို အဝိဇ္ဇာပိတ်ဖုံးထား၊
ဩော်-မျက်စိကာန်း၊ တန္တမကြောက်သည့်အလား၊

လို့အတူ-အသင်ဝမ္ပိတ်ဆွေရဲ့ သောဘာပသာဒ,သော တ ဒွါရလို့ခေါ်ရတဲ့နားဝက ကြားရသမျှတွေဟာလဲ သဒ္ဒ

ခတ် ရုပက္ခန္ဓာ ရုပ်တရားတွေပါဘဲ၊ လူသံနှင့် တောထဲတောင်ထဲက ကြက်သံ ငှက်သံနှင့် ဘာများ ထူးခြားသေးသလဲ၊အသံခတ်က တထစ်ထဲဘဲမဟုတ်လား၊အဲဒီ အပိုင်းအပိုင်းအပြတ်ပြတ် နားဝတွင် ချုပ်ဆုံးကွယ်ပျောက်သွားတဲ့ အသံခတ်၏ အနိစ္စကို မသိကြတော့ ဒီလောက် လူသံ သူသံတွေ ဆူညံနေတဲ့ အထဲက တရားရနိုင်ပါမလား။ တောတဲတောင်ထဲ ဆိတ်ငြိမ်ရာသွားမှ တရားရလိမ့်မယ်လို့ ထင်နေကြတယ်၊

ဃာနပသာဒ, ဃာနဒွါရလို့ ခေါ်ရတဲ့ နှာခေါင်းက နံသမျှတွေဟာလဲ အနံ့ ခတ်ရုပ်တရားတွေဘဲ မဟုတ်လား၊ ပုဂ္ဂိုလ်သတ္တဝါဆိုလျှင် အနံ့မြူလောက်မျှ ယူကောက်လို့မရတဲ့ ဂန္ဓခတ် ရုပက္ခန္ဓာရုပ်တရားအပေါ်မှာ တရားမှန်းမသိတော့ ရေမွှေး ကရမက်ပေါင်ဒါတွေ လိမ်းချယ်ကာနေကြတဲ့ ကာမဂုဏ်တွေ အကြားထဲက တရားရနိုင်ပါမည်လားလို့ ဆင်ခြေများနေကြတယ်၊ ဒီလိုဆိုရင် မစင်တောထဲသွားနေမှ တရားရမှာလိုလို ဖြစ်နေဘာပေါ့။ ဂန္ဓခတ်က ဘယ်နေရာမှ မလပ်ပါဘူး၊

ဇိဝှါပသာဒ, ဇိဝှါဒွါရလို့ ခေါ်ရတဲ့ ပစပ်က စားသမျှတွေဟာလဲ ရသာခတ်ရုပ် တရားတွေပါဘဲ၊ ဝက်သား ကြက်သား အမဲငါးဆိုတဲ့ အတုံးအခဲ မပါပါဘူး၊ဥပမာ–အချို, အချဉ်, အစပ်,အငန်,အဖန်,အခါး ဟင်းခြောက်မျိုးလောက်ထားပြီး ထမင်းစားတဲ့ အခါ၊ ပဌမအချိုဆိုတဲ့ ရသာခတ်ကလေးဟာ အချဉ်ခွက်ကို နှိုက်စားလိုက်တော့ ရှိသေးရဲ့လား၊ လျှာအကြည်ပေါ်မှာ တွေ့သာရတဲ့ အချဉ်

ဆိုတဲ့ ရသာဓာတ်ဟာလဲ တဖန်အစပ်ဟင်းကို စား လိုက်ပြန်တော့ မရှိပြန်ပါဘူး။ အဲဒါလို တချန့်တခု အခု အပုံမရတဲ့ သဘာဝရုပ်တရားကို မသိကြတော့ အငတ်ခံ နိုင်မှု, သက်သတ်လွတ်စားမှု,တရားရမှာလိုလို အစွဲတွေပို နေကြတယ်။

ကာယပသာဒ, ကာယဒွါရက တွေ့ထိသမျှတွေဟာလဲ မာသဘာဝ၊ နူးညံ့သဘာဝ၊ ပူသဘာဝ၊ အေးသဘာဝ၊ ထောက်ကန် လှုပ်ရှား သဘာဝတွေဟာ ပုဂ္ဂိုလ် သတ္တဝါ နဲ့မရောတဲ့ သူ့သဘော သူဆောင်နေကြတာတွေပါဘဲ။ ဥပမာ-အသင်ဝမ္မမိတ်ဆွေတို့ အသက်လို့ စွဲနေကြတဲ့ နှာ သီးဝက လေသဘော ဝါယောဓာတ်နှင့် လဟာပြင်မှာ တိုက်ခတ်နေတဲ့၊ ဝါယောဓာတ် ပရမတ်ချင်း ကွဲပြား သေးသလား၊ ရင်းပြင်ဆံပင်မွှေးညှင်းလို့ ခေါ်ရတဲ့ မာ သဘော ပထဝီနှင့် ခြေသည်းလက်သည်းခေါ်ရတဲ့ ပထဝီ ဟာ ဘာများ ထူးခြားသေးသလဲ၊ အဲဒါလို အဇ္ဈတ္တနှင့် ဗဟိဒ္ဓ တသားတည်းကျအောင် မမြင်နိုင်ရှာကြတော့ နှာ သီးဝမှာမှ တရားရှိတယ်လို့ထင်၊ သုံးဆဲ့နှစ်ပုံမှ တရားရ လိမ့်လို့ထင်ပြီး " ကမ္မဋ္ဌာနဝိနိမုတ္တော-ဓမ္မောနာမ နတ္ထိ " အရ အလုပ်လုပ်နေတဲ့ ဝိပဿနာ ယာနိကသမားများကို တော့ အလကားဟာတွေလို့ ထင်လှန်ကြပါရော့။

ရမ်းလှချည့်လား စာရေးဆရာရယ်၊ဒီလိုဆိုရင် ဘုရား ဟောခဲ့တဲ့ သမထတွေဟာ အလကား ဖြစ်ကုန်ရော့လား လို့ မေးစရာရှိတယ်။ မေးမနေနဲ့ သမထကို အပြစ်ဆိုတာ မဟုတ်ဘူး၊ ငါ့ဟာမှ ဟုတ်တယ်၊ ဒီပြင်ဟာတွေ အလ

ကားလို့ထင်နေတဲ့ အယူဆိုးကြီးကိုသာ သတိပေးလိုတယ်၊ ကိုယ့်ဟာကလေးနှင့်ကိုယ် အထင်ကြီးပြီး သူတပါးကို အရမ်းမပြစ်မှား မစွပ်စွဲမိကြစေနှင့် သတိရှိကြစေ၊ တော်တော်ကြာဟော့ လိုချင် ရချင် ရောက်ချင်တာက တလမ်း၊ အားထုတ်နေတာက တလွဲ၊ ဒါထဲက သူတပါးကို စွပ်စွဲမိတတ်ကြသေးတယ်၊ ဒါ့ကြောင့်......

သံသာရဝဋ္ဋ ဒုက္ခလွတ်အောင်၊
စိတ်ကြံရွယ်ပွါး တရားဆင်ခြင်၊
ရုပ်နာမ်များကိုတော့ တရားမထင်၊
ငါ့အလုပ်-ဟုတ်လှပြီလို့ထင်၊
ညာဏ်မယှဉ်-ငါအထင်-ဝှတ်တုတ်ပင်၊
ရည်ရွယ်ရင်း-လွဲခြင်းတက်တက်စင်၊

အ်ဒါလိုသာ မဖြစ်ကြပါစေနဲ့လို့ သတိပေးလိုက်ရတော့ ဒါပါဘဲ၊ ဘာ့ကြောင့်လဲဆိုတော့ ဘုရားရှင်လက်ထက်က သုနက္ခတ္တ ဆိုတဲ့ ရဟန်းတပါးရှိဘယ်၊ အဲဒီ ရဟန်းဟာ အစ ပဌမတုန်းကတော့ ဘုရားသခင်ကို အလွန်တရာ ကြည်ညိုတာနဲ့ နောက်တော်ပါးက သပိတ်ကိုထမ်းပြီး အမြဲတမ်းလိုက်နေတာပေါ့၊ တနေ့သ၌ကျတော့ မြတ်စွာဘုရားနှင့် အတူတကွ ဆွမ်းခံအသွား၊ မိုခနောက်သုံးချဉ်၏ အကြားမှာ ပြာတွေကို ဖယ်ရှားပြီး လေးဘက်တွားကာ မြေကြီး၌ပုံထားသော အစာတွေကိုသာ စား၍ကျင့်နေတဲ့ ကောရခတ္တိယ ထိတ္ထိတ္ထတ္ထန်းကြီးကိုမြင်လေလျှင် ဘုရားရှင်ကို ရှေ့ကထားပြီး ဖြစ်မှားစိတ်ပေါ်လာသည်မှာ

ကြည့်စမ်းပါ...... ငါကို ဂေါတမဟာ ဒီလိုကျင့်ကြံ အားထုတ်တာ တခါမှ မမြင်ရဘူး၊ ဟိုဘုရားကြီးကမှ ကေန္တ ဘုရားအစစ်ဘဲလို့ အယူလွဲကာ ဘုရားရှင်၏သပိတ်တော်ကို ပြန်ပေးပြီး၊ တိတ္ထိကြီးထံ အမြန် ပြေးတော့ဒါဘဲတဲ့၊ ဘုရားရှင်က အကျိုးအကြောင်းပြ၍ ဆုံးမ တားမြစ်သော်လဲ လုံးဝ နားမထောင်တော့သဖြင့်၊ " အပါယ်ကျမဲ့ သတ္တဝါများ ငါဘုရားသော်မှ တားလို့မရဘူး" ဆိုပြီး ကိုယ်တော်တိုင် လက်မှိုင်ချလိုက်ရတော့ဘယ်။

အဲဒါလို မိမိကိုယ်ကိုလည်း မိမိအထင်မကြီး၊ သူ့ဘပါးကိုလည်း မပြစ်မှားမစွပ်စွဲမိရလေအောင် တရားအလုပ်မလုပ်မီ ရုပ်နှင့်နာမ်ကို ဖြိုင်ဖြိုင်ကြီး ကွဲ့စခြင်း၄ါ ခွဲပြနေရတယ်။ များများကြီး ဂရုစိုက်ခဲ့ပါ၊ ယခင်က ပြတဲ့ပါဠိလိုတော့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဗမာလိုတော့ မျက်စိ, နား, နှာ, လျှာ, ကိုယ် ဆိုတဲ့ ငါးဒွါရနှင့် ရှာကြည့်လိုက်တော့ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အတိ ဆိုတဲ့ ကောန်ရှိ ပရမတ်ရုပ်လောကထဲမှာ လူ, နတ်, ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ, ရေ, မြေ, တော, တောင်, သမုဒ္ဒရာ, အတုံးအခဲ ထေးမျှောင့် ရှစ်ဒေါင့် အကောက် အကွေ့ အဝန်း အဝိုင်း အပိန်အဝ အချောအလှ မပါတာကို ဉာဏ်ထဲမှာ ရှင်းခဲ့ပြီမဟုတ်လား။

ရုပ်တရားကို ရှင်းသွားလျှင်၊ တဖန် နာမ်တရားကို ရှာကြအုံးဗို့၊ နာမ်တရားကလဲ တခြားမှာသွားပြီး ရှာနေရမှာ မဟုတ်ပါဘူး၊ မျက်စိပေါ်မှာ ပေါ်လာတဲ့ စိတ်ကလေးကို ပါဠိလိုတော့- စက္ခုဝိညာဏ်၊ ဗမာလိုတော့- မြင်သိစိတ်။

နားမှာပေါ်တဲ့စိတ်ကို သောတဝိညာဏ်- ကြားသိစိတ်၊ နှာခေါင်းမှာပေါ်တဲ့စိတ်ကို ဃာနဝိညာဏ်-နံသိစိတ်၊ လျှာမှာပေါ်တဲ့စိတ်ကိုဇိဝှါဝိညာဏ်စားသိစိတ်၊ ကိုယ်အကြည်ရှိရာ၌ခန္ဓာ တကိုယ်လုံးမှာပေါ်တဲ့ စိတ်ကို-တွေ့သိစိတ်၊ ဟဒယဝတ္ထုခေါ်တဲ့ နှလုံးအိမ်မှာ ပေါ်တဲ့စိတ်ကို မနောဝိညာဏ်ကြံသိစိတ်၊ ဒေသနာစကား အကျဉ်းအားဖြင့် ခြောက်မျိုးပြားနေတယ်၊ ထိုသို့ ဒေသနာသရုပ်အားဖြင့် ခြောက်ပါးရှိသော်လဲ ပစ္စုပ္ပန် ပေါ်တုန်းပေါ်ဆဲ ဝိပဿနာရှုမှုနှင့် သတ္တုချကြည့်လိုက်တော့ တခု ရတာပါဘဲ၊ စိတ်နှစ်လုံး,သုံးလုံးပြိုင်ပြီး ပေါ်ရိုးထုံးစံမရှိပါဘူး၊ဒါပေမဲ့ စိတ်နာမ်တရား၏ ဖြစ်မှုပျက်မှုက အင်မတန်မှ လျင်မြန်သည့်အတွက်၊ နှစ်ခု, သုံးခု ပေါ်နေတယ်လို့ ထင်ရတယ်၊ ဒါကြောင့်-ကျေးဇူးရှင် ဒိုပဲ့ရင်းဆရာတော်ဘုရားကလဲ စိတ်၏ လျင်မြန်ပုံကို အောက်ပါ ဥပမာစကားကလေးနဲ့ ထင်ရှားအောင်ပြခဲ့တယ်၊

ပွဲကြည့်သော လူတယောက်သည် ရှောက်သီးကိုစား၊ ဝဲယားချောင်နံ၊ အသံကို နားထောင်လျက်-တဲ့၊ ဘယ်ကလောက် သဘာဝကျတဲ့စကားလဲ၊ပွဲကိုလဲ မျက်စိကကြည့်တယ်၊ ပစပ်ကလဲ ရှောက်သီးကို စားတယ်၊ခန္ဓာကိုယ်မှာလဲ ဝဲတွေက ယားလွန်းလို့ ကုပ်နေရတယ်၊ချောင်တွေကလဲ နှာခေါင်းမှာ နံတယ်၊မင်းသမီး မင်းသားဆိုတဲ့ သီချင်းသံကိုလဲ နားကကြားတယ်၊ သူ့စိတ်ထဲမှာတော့ တပြိုင်နက်ပေါ်နေတယ်လို့ ထင်ဒါပေါ့၊ ဒါပေမဲ့ မဟုတ်ပါဘူး၊

တခုချုပ်ပြီးမှ တခုပေါ်နေတာပါ၊ ဒ္ဓိဒိတော့ မြောက်ခွါ ရမှာပေါ်တဲ့ စိတ်နာမ် တရားတွေကို အသာထားလိုက် ပါအုံးတော့၊ စက္ခုဒွါရလို့ခေါ်တဲ့ မျက်စိပေါက်က မြင်တဲ့ အခိုက်အတန့်မှာ ဖြစ်နေတဲ့ စိတ်ကလေးတွေကို အကျဉ်း အားဖြင့် ဝိထိချပြတဲ့ အောက်ပါဂိုကာအရကို ကြည့်စမ်း ပါအုံး။

ရူပံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ၊
နာမံ တတိယစိတ္တေန၊ အတ္တံ စတုတ္ထစေတသာ။ ။

ပဌမစိတ္တေန၊ စက္ခုနှင့်ရူပါရုံ နှစ်ပါးဆုံတဲ့အခါ၊ ပဌမ ရှေးဦးစွာ ပေါ်လာတဲ့ စက္ခုဝိညာဏ် မြင်သိစိတ်ကလေးက၊ ရူပံ၊ ပစ္စုပ္ပန်အဆင်းခတ်သား ပရမတ်တရားကို၊ ဇာနာတိ၊ သိ၏၊ အတီတံ၊ စက္ခုဝိညာဏ်စိတ်အာရုံပြု၍ချုပ် လေပြီးသော အတိတ်ရူပါရုံ အဆင်းခတ်သား ပရမတ် တရားကို၊ ဒုတိယစေတသာ၊ ဒုတိယမနောဒွါရ၌ ပေါ်လာ သော ဝိတ္ထိစိတ်ဖြင့်၊ ဇာနာတိ၊ သိ၏၊ နာမံ၊ ဤကား ဘာဘဲ, ဤကား ညာဘဲဆိုတဲ့ အမည်ကို၊ တတိယစေတသာ၊ တတိ ယ မနောဒွါရ ဝိထိစိတ်ဖြင့်၊ ဇာနာတိ၊ သိ၏၊ အတ္တံ၊ လုံးလုံး ရှေရှေ ဟူသော အနက်ဒြပ် အတ္တပညတ်ကို၊ စတုတ္ထစေတ သာ၊ လေးကြိမ်မြောက်ပေါ်လာတဲ့ စတုတ္ထမနောဝိညာဏ် စိတ်ဖြင့်၊ ဇာနာတိ၊ မဟုတ်မမှန် လုပ်ကြံ၍ သိလေတော့၏။

ကဲ-ဓမ္မမိတ်ဆွေ....စဉ်းစားစမ်းပါ၊ ပဌမဆုံးပေါ်လာ တဲ့ စက္ခုဝိညာဏ် စိတ်ကလေးက အဆင်းကိုသာအာရုံပြု ပြီး ချုပ်သွားရတယ်၊ ဒုတိယ ပေါ်လာတဲ့ မနောဒွါရက

စိတ်ကလဲချုပ်ပြီးတဲ့ အထိတ်ရုပ်ရုံကို ပြန်ပြီးအာရုံယူ၍
သိတယ်။တတိယ မနောဒွါရိကဝိထိစိတ်ကလဲ အမည်မှည့်
ရုံဘဲ မှည့်သွားနိုင်တယ်။ သဏ္ဍာန်ဒြဗ်နဲ့ ထင်ထင်ရှားရှား
ကြီး မဟုတ်သေးဘူး၊ စတုတ္ထမနောဝိညာဏ်စိတ်ကျမှ
ခေါင်းက လုံးလုံး၊လက်မောင်းက ရှေရှေ၊ ခြေထောက်က
ချောင်းချောင်းလို့ ကောင်းကောင်းကြီး ပေါ်လာတော့
တယ်။ အဲဒီတော့ ယခု မမွှမိတ်ဆွေရဲ့လက်ထဲမှာ ကိုင်
ထားတဲ့ ဝတ္ထုကလေးကို ကြည့်လိုက်စမ်းပါ။ မြင်လိုက်
လျှင် မြင်လိုက်ခြင်း စာအုပ်လို့ ပေါ်မလာဘူးလား၊စာအုပ်
ဆိုဒါ ဘယ်ဒွါရပေါ်တာလဲစဉ်းစားပါ။ မနောဒွါရမဟုတ်
လား။ မျက်စိက ကြည့်နေပေမဲ့ မနောရောက်နေပြီနော်
သတိထား၊ဒီတော့ စာအုပ်ဆိုတဲ့ မနောဝိညာဏ် မပေါ်ခင်
အရင်ဖြစ်သွားကြတဲ့ စက္ခုဝိညာဏ်စိတ်၊ ဒုတိယ မနော
ဒွါရိက စိတ်၊ တတိယ မနောဒွါရိက ဝိထိစိတ်များကို သိ
လိုက်, မိလိုက်ရဲ့လား။ မျက်တောင်တခတ် လျှပ်တပြက်
မှာ,ကုဋေသိန်းသန်းမက ဖြစ်ပျက်နေကြတဲ့ ဝိထိစိတ်အစဉ်
တို့၏ ခဏိက မရဏကိုမြင်မှုမှာ မြတ်စွာဘုရား၏ သဗ္ဗညု
တဉ်ာဏ်တော်အရာသာ ဖြစ်ပါတယ်။ သာဝကများ
တောင်မှ ခဏိကမရဏကို အဘိအကျမသိနိုင်ဘူး။ ဒါ့
ကြောင့်- ယခု ဝိပဿနာအလုပ်ခွင်မှာ မထင်မရှားတဲ့
ပဉ္စဝိညာဏ်စိတ်တွေကို အသာထားပြီး၊ထင်ရှားတဲ့ မနော
ဝိညာဏ်စိတ်ကိုသာ ဝိပဿနာအလုပ်လုပ်ဘို့ရာ ရုပ်နာမ်
ခွဲပြသွားမယ်။ များများကြီးအာရုံပြု ဂရုစိုက်ခဲ့နော်။ ။

အဆင်းဓာတ်က ရုပ်၊ စာအုပ်ဆိုတာက နာမ်၊ အသံဓာတ်က ရုပ်၊ ကြွက်ဆိုတာက နာမ်၊ အနံ့ဓာတ်က ရုပ်၊ ရေမွှေးကရမက်ဆိုတာက နာမ်၊ ရသာဓာတ်က ရုပ်၊ ဝက်သား, ကြက်သား ဆိုတာက နာမ်၊ မာသဘောက ရုပ်၊ အကောက်အကွေ့,အဝန်း,အဝိုင်းဆိုတာက နာမ်၊ ဟဒယဝတ္ထုက ရုပ်၊ မနုဿလေး, ရန်ကုန်ဆိုတာက နာမ်၊

သဘောကျပြီလား မွေမိတ်ဆွေ... အဲဒါလို တလောကလုံး ရုပ်နာမ်ခွဲပြီး၊ ရုပ်နှင့် နာမ် နှစ်ပါး အသားကျရတဲ့ အခါကျတော့ ရုပ်တရားထဲက သဘောကျလျှင်လဲ ဇကောခမ္မောအရ, ဓာတ်တခုခုကိုထုတ်နှုတ်၍ အလုပ် လုပ်ပေါ့၊ နာမ်တရားကို ပွါးများချင်ပါတယ် ဆိုရင်လဲ ရုပ်လောကထဲမှာ ပုဂ္ဂိုလ်သတ္တဝါမပါပုံကို ဉာဏ်မှာထင်ရှားပြီး ပေါ်လာသမျှ နာမ်တရားတွေကို ဟဒယဝတ္ထုဆိုတဲ့ ကမ္မဋ္ဌာန်းကျောင်းမှ၊ ဝိပဿနာ ဝိဇ္ဇာဉာဏ်ကလေးနဲ့ဘိုင်ပြီး စောင့်နေရုံပါဘဲ၊ ဥပမာ–ပဋ္ဌာပိုဏ်ရတင် ဆောက်တည်တဲ့ ကိုယ်တော်လိုပေါ့၊ "ငါးကြော်ပါဘုရား-သပိတ်ထဲထဲ့၊ ပဲပြုတ်ပါဘုရား-သပိတ်ထဲထဲ့၊ ဟင်းချိုပါဘုရား-သပိတ်ထဲထဲ့" ဆိုတာလို ပေါ်လာသမျှစိတ်တွေကိုအနိစ္စသပိတ်ထဲသာ ထိုးချလိုက်ပါတော့၊ အဲဒီလို မနောဝိညာဏ်စိတ်တခုက သတ္တုချပြီး အလုပ်လုပ်နေတဲ့ အခါကျတော့ စက္ခု, သောတ, ဃာန,ဇိဝှါ, ကာယ ဆိုတဲ့ ကျန်ငါးခွါရဟာလဲ အသေသက်သက် ပိတ်ပြီးသား ဖြစ်နေတော့ဒါပါဘဲ၊ ဒါကြောင့်-ပေါဋ္ဌိလ ရဟန်းကြီးကို ကမ္မဋ္ဌာန်းပေးတဲ့

နေရာမှာ ဖွတ်ဖမ်းလိုသော ယောက်ျားနှင့် ဥပမာပြခဲ့တာ ပေါ့၊ အပေါက်ခြောက်ပေါက်ရှိသည့်အနက် ငါးပေါက်ကို ပိတ်၍ တပေါက်ကနေပြီး စောင့်နေတဲ့အခါ ဖွတ်သတ္တဝါ ကို ရဘိသကဲ့သို့၊ ဒီမှာလဲ ပဉ္စဒွါရကိုပိတ်ပြီး မနောဒွါရက စောင့်ဖမ်းတဲ့အခါ ဖွတ်နှင့် တူတဲ့ စိတ်တလုံးကိုမိတော့ဒါ ပါဘဲ၊

ကျုနုပ်တို့ ကျေးဇူးရှင် ပဌမကြောင်ပန်း ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် မဟာမြိုင်ခေါ်တဲ့ ကြောင်ပန်း တောကြီးထဲမှာ တဆဲ့နှစ်နှစ်ပတ်လုံး နာမ်စိတ်တလုံးကို အမိဖမ်းတဲ့အခါ၊ မျက်စိကမြင်တဲ့ အာရုံတွေ၊ နားကကြား ရတဲ့ အာရုံတွေ များလှတာနဲ့ မျက်စိနှင့်နားကို အဝတ်နဲ့ စည်းပြီး တပါးတည်း ဂုတ်တုတ်ထိုင်၍ အားထုတ်တော် မူသတဲ့။ ဆဲဒါလို မျက်စိတွေ, နားတွေကို ပိတ်ထားသော် လဲ စိတ်တလုံးကို ဖမ်းလို့မမိနိုင်တာနဲ့ ဆရာရင်းဖြစ်တော် မူတဲ့ လယ်တီဆရာတော်ဘုရားကြီးထံ အောက်ပါ စာ ကလေးကိုရေး၍ ဆက်ကပ် လျှောက်ထားလိုက်သတဲ့၊

အသွင်ငယ်တူ၊ အရင်မူ ဟန်မပျက်ပါဘူ၊ သ ဘောညဏ်- ပြောရန်ခက်ပါဘိ၊ ညဏ်ထက်မှာ သုံး။ ၊နာမ်စိတ်တို့အစဉ် မှန်ရိပ်လို ဘယ်ခါတွင်မှ၊ ညဏ်ယှဉ်ကာ သမ္ဘာဇညရယ်နှင့် ဒဿနာ ဇောန္တ ကိုဘုရာ၊ မြင်ရမယ်တုန်း၊

လျှောက်ထားလိုတဲ့ အဓိပ္ပါယ်ကတော့၊ ဘယ်လိုပင် အားထုတ်သော်လဲ နာမ်စိတ်ကို မမိနိုင်တဲ့အတွက် ဆရာ

တော်ဘုရားကြီးကို အကျအညီ တောင်းတဲ့ သဘောမျိုးပါ ဘဲ။ လယ်တီဆရာတော်ဘုရားကြီးကလဲ၊ ကိုယ်တော်တိုင် ကြောင်ပန်းဆရာတော်ကြီးထံသို့ကြွသွားကာ မိမိတပည့် ကြီး၏ ကြိုးစား အားထုတ်ပုံကိုမြင်ရ၍ အားရနှစ်သက် တော်မူလှသဖြင့်၊ အာဟာရကိစ္စ အေးငြိမ်း စေခြင်းငှါ ကိုယ်တော်တိုင် ဆွမ်းခံ၍ကျွေးတော်မူသတဲ့။ ထိုကဲ့သို့ အချိန်ကို အားလပ်ခွင့်မထားဘဲ ဆက်လက် အားထုတ်ပြန် ရာ၊ ရေမြေ တောတောင် သမုဒ္ဒရာဆိုတဲ့ သဏ္ဌာန်ဃနတွေ ကလဲ မပျောက်၊ စိတ်ကိုလည်း ဖမ်းလို့မမိနိုင်အောင်ပင် ဖြစ်နေသဖြင့်၊ လယ်တီ ဆရာတော်ဘုရားကြီးအား ထပ်၍ လျှောက်ထားပြန်ရာ၊ ထိုအခါကျတော့မှ လယ်တီဆရာ တော်ဘုရားကြီးက အမယ်လေး ဖြစ်မှဖြစ်ရလေ၊ အဲဒီ ရေ, မြေ,တော, တောင်,သမုဒ္ဒရာ ဆိုတာတွေကိုက စိတ် ပေါ်နေတာဘဲ။ တခြားမှာ မဟုတ်ဘူးလို့ အမိန့်ရှိလိုက် တော့မှ သဘောကျ၍ ဆက်လက်အားထုတ်ရာ၊ များ မကြာမီတရားပေါက်၍ ကျေနပ်ပါပြီဘုရားဟု' ဆိုကာ လယ်တီ ဆရာတော်ဘုရားကြီးနှင့် နှစ်ပါးအတူ ပြန်ကြွ တော်မူလာခဲ့ကြသတဲ့။

ဒါ့ကြောင့်-မထင်ရှားတဲ့ ပဋ္ဌိဉာဏ်စိတ်တွေကို အာ သာထားပြီး၊ ဝိပဿနာအလုပ်ခွင်မှာ အလွန်ထင်ရှားလှတဲ့ မနောဝိညာဏ် နာမ်တရားကို ဟဒယဝတ္ထုခေါ်တဲ့ ဂူမှာ အောင်း၊မနောဒွါရက ကမ္မဋ္ဌာန်းကျောင်းမှာ ထိုင်ပြီး၊ လူ လူ လူ အနိစ္စ၊ နတ် နတ် နတ် အနိစ္စ၊ တုံး တုံး တုံး အနိစ္စ၊ တိုင် တိုင် တိုင် အနိစ္စ လို့ ပေါ်လာသမျှတွေကို ဝိပဿနာ

ရှုလုံးချုပါတော့၊ စိတ်ပရမတ်ကိုသာ မြင်နေရတော့ဒါပါ ဘဲ၊ဒီနေရာမှာ လူဆိုတဲ့ ပညတ်တရား ဝိပဿနာရှုလို့ ဖြစ် ပါမလားလို့ လာပြီး မေးမနေနဲ့၊ ဒါလောက်တောင် အ, တဲ့ န,တဲ့လူကို အဖြေပေးနေစရာ မလိုတော့ဘူး၊ အဲသလို ရှုနေတဲ့အခါ၊ဥပမာ-ဓမ္မမိတ်ဆွေရဲ့ စိတ်ထဲမှာ မန္တလေး- မန္တလေးလို့ ပေါ်နေတယ်ဆိုပါတော့၊အဲဒါဟာ မန္တလေး က ရှိလို့ အသင့်စိတ်ကလေးက မန္တလေးဆီကို ပြေးတာ လား၊သို့မဟုတ် မန္တလေးဆိုတာ ဟဒယ ဝတ္ထုပေါ်မှာ စိတ်ပေါ်နေတာလား စဉ်းစားစမ်းပါ၊ ဒီတော့ မန္တလေး ပြေးတဲ့ စိတ်ကလေးကို လိုက်ပြီး ဖမ်းရမှာလား၊ အဇ္ဈတ္တ မှာ မန္တလေးလို့ ပေါ်တဲ့ စိတ်ကို ရှုရမှာလား၊ ဗဟိဒ္ဓမှာ မန္တလေးမရှိပုံကို ရှစ်သောက က, ရှင်းပြခဲ့ပါပြီ၊ စိတ် ပရမတ်ကလဲ " ကောသဌမ္မတ္တမ္ဓိ-ဒေသန္တရသင်္ကမနံ နာမ နတ္ထိ " တဲ့၊ ၊ဖြစ်တဲ့ နေရာက တခံဖျားမှ မပြောင်းရွေ့ နိုင်ပါဘူး၊ ဒါ့ကြောင့်-မန္တလေးလို့ဘဲ ပေါ်ပေါ် ရန်ကုန် လို့ဘဲ ပေါ်ပေါ် လူ့ပြေ့ နတ်ပြေလို့ဘဲ ပေါ်ပေါ် စိတ်ပရ မတ်ကို ဝိဇ္ဇာဉာဏ်နဲ့ကြည့်ပြီး၊ သိပျက် အနိစ္စကိုသာ စောင့် ရှောက်ပါတော့၊

ဒီနေရာမှာ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကလဲ မှန်တံခါးတွေ တပ်ထားတဲ့အိမ်ကြီးနဲ့ ဥပမာပြခဲ့ပြန် တယ်၊ယခုအခါ အသင် ဓမ္မမိတ်ဆွေရဲ့ စိတ်ထဲမှာ ဘေး ပတ်ပတ်လည်က မှန်တံခါး ငါးချပ်တပ်ထားတဲ့ အိမ်ကြီး တဆောင်ကို ဖန်ဆင်းပြီး ကြည့်ထားလိုက်စမ်းပါ၊ အဲဒီ အိမ်ကြီး၏အလယ်ခေါင်မှာ ဖလ်လုံး ဖလ်အိုင်ကြီးတချက်ကို

ဝိုက်ထားပါ။ အရှေ့ဘက် မျက်နှာကနေပြီး ဝတ္ထုတခုကို ပြလိုက်တဲ့အခါ၊ အရှေ့ဘက် မှန်တံခါးမှာလဲ ဘွားကနဲ့ ထင်တယ်။ အလယ်က ဖလ်လုံးဖလ်တိုင်မှာလဲ တပြိုင်နက်ထဲ လိုလို မားကနဲ့ ပေါ်လာတယ်။ အဲဒါလို တောင်ဘက်၊ မြောက် ဘက် မှန်တံခါး ငါးချပ် ရှိသည့်အနက် ဘယ်မှန်တံခါးက ဘဲပြပြ၊ အလယ်က ဖလ်တိုင်ကြီးမှာ ပေါ်ရတာချည်းဘဲ မဟုတ်လား။ ဒီတော့ ပေါ်လာတဲ့ အရိပ်တွေကို ကြည့်လို တဲ့သူဟာ၊ အရှေ့ဘက်က ပြတော့- အရှေ့သွားလိုက်၊ တောင်ဘက်က ပြတော့-တောင်ဘက် သွားကြည့်လိုက်၊ ဒီလိုဘဲလှည့်ပတ်ပြီး လိုက်ကြည့်နေမလား၊ ဒုက္ခများပါ တယ်။ ဘေးက မှန်တံခါးတွေကို လိုက်ပြီးကြည့်မနေချင်ပါ နဲ့တော့။ အလယ်က ဖလ်တိုင်ကြီးကနေပြီး စောင့်ကြည့် နေရင် ဘယ်တံခါးကဘဲ ပြပြ အကုန်မြင်ရတော့ဒါဘဲ၊ အဲဒီဥပမာလို အသင့်ခန္ဓာကိုယ်တည်းဟူသော အိမ်ကြီး မှာလဲ မျက်စိအကြည်ဆိုတဲ့ မှန်တံခါး၊ နားအကြည်ဆိုတဲ့ မှန်တံခါး၊ နှာအကြည်ဆိုတဲ့မှန်တံခါး၊ လျှာအကြည်ဆိုတဲ့ မှန်တံခါး ကိုယ်အကြည်ဆိုတဲ့ မှန်တံခါးလို့ မှန်တံခါး ငါး ချပ် ဝန်းရံပတ်နေတယ်။ ရင်ချိုင့်အတွင်းက ဟဒယဝတ္ထု ခေါ်တဲ့ တလက်ဖက်မျှလောက်သော နှလုံးသွေးကို မှီတွယ် နေတဲ့ မနောဒွါရကိုတော့ ဖလ်တိုင်ကြီး ဥပမာထား လိုက်ပါတော့။ စက္ခုဆိုတဲ့ တံခါးက ပြလိုက်ရင်လဲ မနော ဒွါရမှာ အဆုံးသတ်ရတာဘဲ။ သောတဆိုတဲ့ တံခါးက ပြ လိုက်ရင်လဲ မနောမှာ ကျရောက်ရတာဘဲ၊ ဒါကြောင့်- စက္ခုဝိညာဏ်၊ မနောဝိညာဏ်၊ သောတဝိညာဏ်၊ မနော

ဝိညာဏ်၊ ဃာနဝိညာဏ်၊ မနောဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ မနောဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်; ဘယ်ဒွါရကဘဲပြုပြု၊ မနောဒွါရဟာ အမိကပါဘဲ။" ဆဒွါရာ ဓိပတိ ရာဇာ"ဆိုတဲ့ အတိုင်း၊ မနောဒွါရ ဖလ်ချောင်းကနေပြီး စောင့်ကြည့်လိုက်တဲ့အခါ ကျန်ငါးဒွါရ မှန်တံခါးများကို တမင်တကာလိုက်ပြီး မကြည့်ရတော့ပါဘူး။ မျက်စိကဘဲ မြင်မြင်၊ နားကဘဲကြားကြား၊ နှာခေါင်ကဘဲနံနံ၊ ပစပ်ကဘဲ စားစား၊ ကာယဒွါရကဘဲထိထိ၊ သိပျက်အနိစ္စလို့သာ ရှုပါတော့၊ မြင်သိပျက်၊ ကြားသိပျက်၊ နံသိပျက်၊ စားသိပျက်၊ တွေ့သိပျက်လို့ အမည်ပေး၍ ရှုသော်လဲ ကောင်း မိနေတာကတော့ မနောဝိညာဏ်စိတ်တခုပါဘဲ။ အဲဒီ စိတ်ကလေးဟာ ဘယ်အချိန် ဘယ်အခါများ မဖြစ်ပေါ်ဘဲ ရပ်နားနေတယ်လို့ရှိသလဲ။ ထမင်းချက်ရင်း, ရေခတ်ရင်း, ထင်းပေါက်ရင်း နွားထွန်ရင်း, ကုန်ကူးရင်း, ကူလီလုပ်ရင်း, ဘယ်အချိန် ဘယ်အခါ မဆိုမရပ်မနား တဖွားဖွား ဖြစ်ပေါ်နေတာဘဲ။ အလုပ်လုပ်မှု မလုပ်မှုကတော့ မိမိရဲ့ တာဝန်ပေါ့။ ဝိပဿနာ ယာနိကသမားများဟာ သည့်လောက် အလုပ်များကြတာကို မသိရှာကြတော့၊ မိမိတို့ကိုယ်ကိုသာ မိမိတို့ အလုပ်ရှိတယ်လို့ထင်နေကြတဲ့ တယူသန် တစွဲသန်သမားများက သူတို့ဟာ အလုပ်မရှိးပါင်ကွယ်၊ အပြောသမား အဟောတရားတွေပါဆိုပြီး ကူလီက သူဌေးကိုအလုပ်မရှိဘူးလို့ထင်သလို ဖြစ်ကုန်ပါရော။

ကူလီခများများမှာတော့ နံနက် ခြောက်နာရီလောက်ကစအလုပ်ဝင်ပြီးဆယ်နာရီလောက်မှထမင်းစားရ၊ ညနေ

လေးနာရီလောက်မှ အလုပ်သိမ်း၊ တနေ့ပတ်လုံးဆိုတာလို နေပူထဲမှာချွေးဒီးဒီးကျ ထမ်းရ,ပိုးရ,သယ်ရ၊ အိမ်ပြန်လာလို့ ဘယ်လောက် ရခဲ့သလဲ မေးကြည့်လိုက်တော့ လေးကျပ်, ငါးကျပ် ဆိုတာ အလွန်ဆုံး၊ ထင်းချိုကူလီများလဲ ကိုယ်ရလာတဲ့ ပိုက်ဆံမှ ကိုယ့်ဟာကို ဘယ်လောက် ရတယ်လို့ မသိဘူး၊ ဪ......ဒါကြောင့်မို့လဲ ကူလီဘဝက မတက်ကြရှာဒါကိုး၊ ၊သူဌေးများမှာတော့ နံနက်လင်းလာတယ်ဆိုရင် တိုက်ကြီး, အိမ်ကြီးပေါ်မှာ စားပွဲကုလားထိုင်နှင့် လဘက်ရည်အချိုသောက် စီးကရက်ခဲပြီး၊ လက်ထဲက ဖေါင်တိန်ကလေးကိုကိုင်ကာ၊ အိမ်လခ, တိုက်လခ,တလလျှင် ဝင်ငွေကဘယ့်လောက် စက်ရုံမှာရှိတဲ့ စာရေး ကူလီခက ဘယ်လို၊ ငွေတိုးပေးတာက တလလျှင် ဘယ်မျှ၊ ဥယျာဉ်တွင်းနဲ့ လယ်ကွင်းမှာရှိတဲ့ လုပ်သားများကတဖုံ၊ အလုံးစုံသူဌေးရဲ့ ကိစ္စတွေ တွေးကြည့်လိုက်တော့ မရေတွက်နိုင်လောက်အောင် များပြားတာပေါ့၊ အဲဒီ သူဌေးအလုပ်တွေကို ကူလီတယောက်ခေါ်ပြီး အလုပ်ခိုင်းလို့ ဖြစ်ပါမလား၊ ဘယ်မှာလုပ်တတ်မလဲ၊ သူ့အရာမှ မဟုတ်ဘဲကိုး၊ သူ့စိတ်ကတော့ ထမ်းရ, ပိုးရမှ, အလုပ်လို့ ထင်တာဘဲ၊ ဒါပေမယ်လို့ သူဌေးကို အလုပ်မရှိဘူးလို့ ထင်တဲ့ အထင်ကြီးကတော့ ဆိုးသဗျာ၊ ကိုယ့်ဟာကိုယ် ကူလီလုပ်နေတာကိုတော့ ဘယ်သူကမှ မဖြစ်မဆိုပါဘူး၊ ကျုပ်တို့ဟာ ကူလီဘဲလို့ ဝန်ခံထားလိုက်ရင် ပြီးတာဘဲ၊ တခါတရံ သူတို့ကလဲ့ သူဌေးဟန်ဆောင်ချင်ကြသေးတယ်၊ ဒါပေမဲ့ သူဌေးစစ်တော့ ဘယ်နည်းနှင့်မှ

မဖြစ်နိုင်ပါဘူး၊ ဒီကနေ့ အလုပ် မလုပ်နိုင်လျှင် ဒီကနေ့ ထမင်းမစားရဖြစ်သွားမှာဘဲ၊ သူတွေးများမှာတော့ ဘယ်သူက အလုပ်မရှိဘူးလို့ဆိုဆို သူ့ကိုယ်သူ လုံလောက်ပြီးသားဖြစ်နေတော့ တုန်လှုပ်ချောက်ချားခြင်းမရှိဘူးပေါ့၊

အသင်ဓမ္မမိတ်ဆွေတို့မှာလဲ နံနက်လင်းလို့ မျက်စိနှစ်လုံး ဘွားကနဲ ဖွင့်လိုက်သည်နှင့် တပြိုင်နက် မြင်သိ ပျက်၊ ကြားသိပျက်၊ နံသိပျက်၊စားသိပျက်၊ တွေ့သိပျက်၊ ကြံသိပျက်၊ ခရီးသွားတဲ့ အခါမှာလဲ ပဌမခြေလှမ်းက စိတ်က လေးသည် ဒုတိယခြေလှမ်းသို့ မပါ၊ ဒုတိယ ခြေလှမ်းက စိတ် နာမ် တရားကလေးသည် တတိယ ခြေလှမ်းသို့ မပါ စသည်ဖြင့်ပွါးများဆင်ခြင် စဉ်းစားသတိထား အားထုတ်နေတာဟာ ဝိပဿနာအလုပ်ဘဲ မဟုတ်လား၊ ၊အဲသလို စိတ်နဲ့ညဏ်နဲ့ အလုပ်လုပ်နေတာကို တခြားသူတွေက မြင်နိုင်ပါ့မလား၊ ဒီလူဟာ အလုပ်လုပ်နေတယ်လို့ကော သိပါ့မလား၊ အဲဒီတော့ သူတို့မှ မမြင်တဲ့ အလုပ်မရှိဘူး၊ အပြောသမားတွေဆိုတာ နာစရာမဟုတ်ပါဘူး ဓမ္မမိတ်ဆွေ၊ကိုယ့်အလုပ်ကိုသာ တွင်ကျယ်အောင် လုပ်ကြပါဘဲ၊

အဲဒါလို စိတ်ပရမတ်ကလေး၏ မရပ်မနား တဖွားဖွား ဖြစ်ပျက်နေပုံကို ဝိဇ္ဇာညဏ် နှင့် ရှုကြည့်နေတာက ပညာ၊ ရှုကြည့်နေတဲ့အခါ ဓမ္မမိတ်ဆွေရဲ့စိတ်ထဲမှာ သူများအသက်ကို သတ်ချင် ဖြတ်ချင်တဲ့စိတ်တွေ၊ သူတပါး ဥစ္စာကို ခိုးချင်ထိုက်ချင်တဲ့စိတ်တွေ၊ သူတပါးသားမယား ကို ပြစ်မှားကျူးလွန်ချင်တာတွေ စသည်ဖြင့် အကုသိုလ်

စိတ်တွေဟာ ပေါ်လာသေးရဲ့လား၊ အဲဒီမပေါ်လာတော့ ဒါကိုဘဲ သီလလို့ ခေါ်တယ်၊ သီလဆိုတာ ဗမာလိုတော့ မိမိရဲ့ခြောက်ဒွါရမှာ အကုသိုလ်တွေရမဝင်မလာရအောင် စောင့်ရှောက်နေတာကို သီလခေါ်တာပါဘဲ၊ ဥပမာ–တော ထဲတောင်ထဲမှာ စိုက်ပျိုးလုပ်ကိုင်ထားတဲ့ သစ်ခင်း ဝါခင်း များကို ကျွဲနွား စသော ရန်သူများ မဝင်လာအောင် ခုတ် တချောင်းကို ကိုင်ပြီးစောင့်နေရတာလိုပေါ့ဒါပေမဲ့ စောင့် နေတဲ့ အခိုက်အတန့်မှာ မဝင်လာသော်လဲ အစောင့် အရှောက် လစ်သွားသည်နှင့်တပြိုင်နက် ရန်သူဝင်လာမှာ ဘဲ၊ ထို့အတူ အသင်ဓမ္မမိတ်ဆွေတို့ အမြင်မှန်မရခင်က ဝိဇ္ဇာဉာဏ်မပါဘဲ စောင့်ရှောက်ခဲ့ကြတဲ့ အနိယတ သီလ မျိုးတွေကတော့ စိတ်မချရဘူး၊ ဒီကနေ့ ဘုန်းကြီးရှေ့မှာ တပည့်တော် သူများအသက်မသတ်ပါဘူး၊ သူများဥစ္စာကို မခိုးပါဘူးလို့ တာဝန်ခံထားလို့သာ လိမ်မိန်ပြီး အောင့် အည်း သည်းခံနေရတယ်၊ နက်ဖြန်ကာကျရင် ပြစ်မှား ကျူးလွန်မဲ့ သဘောက အမြဲတန်း စောင့်မျှော်နေတယ်၊ စောင့်မျှော်နေပုံကို လက်တွေ့ သာဓကလေးတခု ပြောပြ အုံးမယ်၊ ကျုပ်တို့ ငယ်စဉ်အခါ ကျောင်းသားဘဝက ဥပုသ်သယ် ပိန်းမကြီးတွေဟာ ဥပုသ်စောင့်ပြီး ကျောင်း မှာအိပ်ကြတာကို၊ ညအခါ အိပ်ရာထဲမှာ ဂျပိုးတွေက ကိုက်တော့၊ သူတို့ပစပ်က စကားတခုထွက်လာသည်မှာ (ဒီကနေ့တော့ဥပုသ်ကြီးနဲ့မို့ နေနိုင်ကြအုံးဟ၊နက်ဖြန်ကာ ကျမှ အကုန်လုံး နေ့ပူလှန်းပြီး သတ်ပစ်လိုက်မယ် ) တဲ့၊ ဘယ်ကလောက်နေရာကျသလဲ၊ ဒါကြောင့်– အနိယတ

သီလမျိုးတွေ ဘယ်လောက်ပင် လုံခြုံပါတယ်လို့ ချီး မွမ်းရပြောသော်လဲ၊အတ္တဒိဋ္ဌိ မပြုတ်သေးက သစ်ပင်များ ကို အဖျားက ဖြတ်ထားဒါလို မိုးဦးမကျခင်တော့ ညှိုး သလိုလိုထင်ရ၊မိုးဦးကျလာတော့ နဂိုရ်ကထက်တောင် ပိုပြီး အခက်အလက်တွေပိုလာသေးတယ်၊ ၊ယခု အထက် က ပြခဲ့တဲ့ ဝိပဿနာဉာဏ်အချက် စိတ္တကျွဲထဲမှာ ပါသွား တဲ့ သီလမျိုးကတော့ "အရတ္တမဂ္ဂံ အပတ္တာ၊ ပရိယော သာနံ နဂစ္ဆတိ" တဲ့၊အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန် သို့ မရောက်မခြင်း ထမ်းခုလတ်မှာ ပျက်ပြားကုန်ဆုံးသွား တယ်လို့မရှိဘူး၊ နိဗ္ဗာန်သို့ တန်းတန်းမတ်မတ် ရောက် အောင် ပို့ဆောင်လိုက်တော့ဒါဘဲ၊

ရင်းပြင်-သမာဓိဆိုတာလဲ အာရုံတပါးသို့ စိတ်ကလေး မပြေးလွှား မပြန့်လွင့်ဘဲ တခုတည်းသော ရုပ်နာမ်၌ တည်ကြည်နေတာကို သမာဓိခေါ်တာပါဘဲ၊ အထက်က ပြခဲ့တဲ့နည်းအတိုင်း စိတ်ပရမတ်ဓာတ်တခုကို သတ္တုချ၍ ဝိပဿနာ ဝိဇ္ဇာပညာနှင့် ကြည့်ရှုနေဆဲအခါမှာ စိတ် ကလေးဟာ ဘယ်ပြေးစရာရှိသေးသလဲ၊ အဲဒီ ဝိပဿနာ ဉာဏ်အချက် စိတ္တကျွဲထဲမှာ ပါသွားတဲ့ခဏိက သမာဓိ မျိုးကတော့ နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်တဲ့အတွက်၊ သမထချည်းသက်သက် ဂုထဲကမထွက်ဘဲ အောင်းနေရ တာထက် အဆ, တထောင်မက မြတ်သေးတယ်၊ ဘာ့ ကြောင့်လဲဆိုတော့ ဉာဏ်ပညာမပါတဲ့ လောကီ သမထ သမာဓိမျိုးကတော့ အလွန်ဆုံးအားဖြင့် ရူပ,အရူပ ဗြဟ္မာ့ ဘုံသို့ ရောက်နေရပြောသော်လဲ့ သစ်ပင်ကြီးများ အလယ်

လောက်ကဖြတ်ထားဒါလို ဒိဋ္ဌိတည်းဟူသော ရေသောက်မြစ် ကျန်နေသေးတဲ့အတွက်၊ နောက်ထပ်ဆက်လက်ပြီး ကာမသုဂတိဆိုတဲ့ အကိုင်းအခက်၊အပါယ်လေးပါးဆိုတဲ့ အကိုင်းအခက် အတက်အလက် ပေါက်တို့ရာ ထိုမြပ္ပွာကြီးရဲ့သဏ္ဍာန်မှာ ရှိနေသေးတယ်။

ဒါ့ကြောင့်-ယခုအခါ သာသနာမှာ ပညာ,သီလ,သမာဓိ ဆိုတဲ့လမ်းကနေပြီး ပညာကိုဦးစီးလိုက်သောအခါ၊သီလ အစ၊ သမာဓိ ရှေးဦးစွာ၊ ပညာပဋ္ဌမ တထပ်တည်းကျသွားတော့ဒါပါပဲ၊ ဤကဲ့သို့ တပြိုင်နက် တချက်တည်း အတွင်းဝင်နေပုံကို အလုံးစုံမသိရှာကြတော့ မိမိကိုယ်ကိုမှ သီလသယ်ကြီး သမာဓိရှင်ကြီးဟု,အထင်ကြီးကာ သီလ, သမာဓိမရှိဘဲ ပညာကိုလုပ်လို့ ဖြစ်နိုင်ပါမည်လား။ ဒီလိုဆိုရင် ပုဆိုးအင်္ကျီမပါဘဲ ခေါင်းပေါင်းကြီး ပေါင်းဖြတာနဲ့ တူနေတာပေါ့၊လှေကားသုံးထစ် အထက်ဆုံးအထစ်ကို ကျော်တက်တာနဲ့တူတယ်၊ ဘယ်နှယ်-ညာ့နှယ်ဆိုတဲ့ ဣဿာစကား မစ္ဆရိယစကားမျိုးတွေကို ထောင်မှူးအိမ်က မီးထလာကြပေသည်၊ကြောက်စရာ ကောင်းလေစွ၊ ဘုရားရှင်လက်ထက်တော်က အင်္ဂုလိမာလ၊ တံငါသည် အရိယ၊ သရဏာနိသာကီဝင် သမ္ဗဒါဠိက သူသတ်သမားတို့၏တရားရပုံကို ယခုကာလ တစွဲသန်သမားကို ပြရလျှင် ယုံချင်မှယုံပေမည်၊ ယခုကာလမှာသာ မဟုတ်ပါဘူး၊ ဘုရားရှင်လက်ထက်ကလဲ ဒီလိုမယုံတဲ့လူတွေအများကြီး ရှိတာပါပဲ။

\+ + × +

ငါးမျှားသမား တရားရပုံ၊

ဓမ္မပဒအဋ္ဌကထာမှာလာတဲ့ မောင်အရိယ ဆိုတာ ငါးမျှားသမား တံငါသည်ပေါ့၊ တနေ့သ၌တော့ မြတ်စွာဘုရားကလဲ သူ၏အဖျားသယမြင်တော်မူဘာနဲ့ ရဟန်းသံဃာနှင့်ဘကွ ဆွမ်းခံရာက အပြန်အရှံသင့်ဘဲ အရိယဆိုသူနဲ့တွေ့တယ်၊ငါးမျှားနေတဲ့ အရိယ တံငါသည်လဲ ဘုရားကြွလာတာကို မြင်ရတော့ ရှက်ထာနဲ့ ငါးမျှားတံကိုချပြီး ရပ်နေတယ်၊ ဒီတော့မှ မြတ်စွာဘုရားက, သင့်နာမည် ဘယ်သူတဲ့လဲလို့ မေးတော့....တပည့်တော် နာမည်က အရိယပါတဲ့ဘုရား၊ ၊ဒါဖြင့် သင့်နာမည်နှင့် အလုပ်နဲ့က တခြားစီပါလား။အရိယဆိုတာ သူတပါးအသက် သတ္တဝါကို မညှဉ်းဆဲဘူး၊ အရိယဆိုတဲ့ အမည်ကိုခံလိုလျှင် ဒီတရားများကိုသိအောင်လုပ်ပေတော့၊ ဒါမှ အရိယအမည်ကို ရမယ်ဆိုပြီး ဆက်လက်၍ တရားဟောရာ၊ ၎င်းနေရာမှာပင် သောတာပန်တည်သွားသတဲ့။ အဲဒီ သောတာပန်ကို ယခုကာလ တဖက်သတ်သမားတွေ မြင်ရင်တော့ သီလနဲ့ သမာဓိမပါဘူးလို့ စွပ်စွဲချင်စွပ်စွဲမိကြအုံးမှာဘဲ၊သီလ,သမာဓိမပါဘဲ သောတာပန်ဖြစ်နိုင်ပါ့မလား စဉ်းစားပါ၊ ဒါပေမဲ့ ပုထုဇဉ်အမြင်နဲ့ ကြည့်မယ်ဆိုရင်တော့ ခုဘင်က ငါးမျှားနေတဲ့လူ၊ ယခု သောတာပန် ဖြစ်ပြီဆိုတော့ ဘယ်မှာ ယုံနိုင်မလဲ၊ ၊ဒါကြောင့်- ဓမ္မမိတ်ဆွေတို့ရေ....သူများက အလုပ်မရှိဘူးလို့ ဆိုဆို၊ သီလသမာဓိ မပါဘူးလို့ဘဲဆိုဆို၊ ထိုထိုပတ်ဝင်းကျင်က ပုထုဇဉ်ရဲ့ အမြင့်တွေကို ဂရုမစိုက် အရေးမထားဘဲ

အထက်ကပြခဲ့ပြီးတဲ့ ရုပ်နှင့် နာမ်ကိုသာ အဟုတ်အမြင် သန်အောင် ကြိုးစားအားထုတ် အလုပ်လုပ်ကြပါတော့ လို့ တိုက်တွန်းလိုက်ရပေတော့သည်။

\+ + + +

## တိုက်တွန်းချက် ဆောင်ပုဒ်။

သာသနာချောင်ဝင်း ထင်းခိုက်ဝယ်၊
ဘာဝနာညာဏ်သွင်း ရှင်းရမယ်။
သထိရကြတ္တိ နေ့ညတကယ်၊
သာသနာတွင်းပေမို့ ကမ္မာချဉ်းအောင်
ကြွေးကြော်ချင်ပါတယ်၊
တဒင်္ဂပဟာန် ထင်ရပြန် အတိုးအလွန်တန်ပါတယ်။
သွားလာရင်းလဲ သမ္ပဇဉ်ယှဉ်ရမယ်၊
သွားမယ်ဟာန်များရယ်-နာမ်ဘရားလို့ဆော်တယ်၊
ရုပ်ဟာပါရတယ်-မြင်အောင်ရှုစမ်းတကယ်။
ရုပ်နာမ်မသိတော့ သူငါထင်တယ်၊ ရုပ်နာမ်သိမှ
သူငါအထင်ပယ်။
ပြော်- အဟုတ်တွေးလိုက်တော့- ရုပ်သေးပုံပမာ
နှယ်၊ သွားလာရင်းလဲ ဘာဝနာတည်နိုင်တယ်။

(ဇူရိယာပုထ်လေးပါး ပြောင်းဆို။)

## ဝိပဿနာယာနိကလမ်း-စိတ်စေတသိက်ရုပ် အလုပ်စခန်း။

ဓမ္မမိတ်ဆွေရေ.....တရားအားထုတ်ရာမှာ ဉာဏ်အမြင်ကြည်လင် သန့်ရှင်းသည်ထက် သန့်ရှင်းသွားအောင် တနည်းအားဖြင့် ပရမတ္ထတရားလေးပါးကို သရုပ်ခွဲပြီး၊ စိတ်စေတသိက် ရုပ်ဆိုတဲ့ အလုပ်စခန်း ကလေးတွေကို ဆက်လက်ပြောပြသွားအုံးမယ်။ သဘောကျအောင် စဉ်းစားမှတ်သားခဲ့နော်၊စိတ်, စေတသိက်, ရုပ်,နိဗ္ဗာန်ဆိုတဲ့ လေးတန်သောတရားကို ပရမတ္ထတရားလို့ ခေါ်တာပါဘဲ၊ သုရားရှင်ဟောကြားခဲ့တဲ့ ကျယ်ဝန်းလှစွာ ဓမ္မက္ခန္ဓာတွေကို အကျဉ်းချုံးပြီး မှတ်သားလိုက်တော့ ပရမတ္ထတရားလေးပါးသာရတယ်၊ ဒီခံဒီ ပရမတ္ထတရား လေးပါးထဲမှာလဲ နောက်ဆုံးက နိဗ္ဗာန်ဆိုတဲ့တရားဟာ အကျိုးတရားဖြစ်နေသည့်အတွက် ဝိပဿနာရှုသက်မှာ မပါဝင်နိုင်ဘူး။ လောကဥပမာအားဖြင့် ပြရလျှင်၊ အသင်ဓမ္မမိတ်ဆွေတို့ အလိုရှိကြတဲ့ “ငွေ” ဆိုတဲ့ ဝတ္ထုလိုပေါ့။ အဲဒီငွေကို လိုချင်တဲ့ သူဟာ သူတပါးထံမှာ အလကား လိုက်ပြီး တောင်းလို့ကော ရနိုင်ပါမည်လား၊ သို့တည်းမဟုတ် မိမိကိုယ်တိုင် ညှပ်ဖုံကိုကိုင်ပြီးလုပ်လို့ကောဖြစ်နိုင်ပါမည်လား၊ဘယ်မှာဖြစ်နိုင်မလဲ၊ ကိုယ်နှင့်မဆိုင်တာကိုသွားပြီး လုပ်မိတဲ့အတွက်မရသည့်အပြင်ထောင်ဒဏ်အကျခံရအုံးမှာပေါ့ ဒီခံဒီဥပမာလိုပါဘဲ၊ နိဗ္ဗာန်ဆိုတဲ့ အကျိုးတရားကြီးကိုလဲ နေ့စဉ်နှင့်အမျှ ရပါလို၏ ရပါလို၏လို့ ပစ်ကာ

တဖွဖွနေအောင် တောင်းသော်လည်း အာညောင်းရုံ့အဖတ်တင်မှာဘဲ ရမှာတော့မဟုတ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ရကြောင်းက ဘယ်လို၊ ရောက်ကြောင်းက ဘယ်ဟာ့ဘာကိုလုပ်မှ နိဗ္ဗာန်ရမယ်ဆိုတဲ့ အကြောင်းမှမသိဘဲကိုး။ ဒါဖြင့် ပစပ်နှင့်တောင်းလို့ မရလျှင် ဝိပဿနာအလုပ်ခွင်မှာ တင်ပြီး နိဗ္ဗာန်-နိဗ္ဗာန်လို့ စိတ်သန်သန်နှင့် ရှုမှတ် ပွါးများနေလို့ကော ဖြစ်နိုင်ပါမည်လား၊ ဘယ်မှာ ဖြစ်မလဲ၊ နိဗ္ဗာန်ဆိုတာ အနိစ္စ,ဒုက္ခ,မရ၊ အနတ္တသက်သက်မို့ ရှုသက်မှာ အသုံးချလို့မရဘူး၊ ငွေကိုလိုချင်လျှင်ရရာရကြောင်းဖြစ်တဲ့ ကုန်ကူးခြင်း,ထယ်လုပ်ခြင်း ကူလီလုပ်ခြင်း အစရှိတဲ့ အမှုများကို ပြုလုပ်ကြရသလို၊ ထို့အတူ နိဗ္ဗာန်ဆိုတဲ့ အကျိုးတရားကြီးကို အလိုရှိကြတဲ့သူများမှာလဲ အကြောင်းဖြစ်တဲ့ စိတ်,စေတသိက်,ရုပ်တရားများကိုသာ ပွါးများအားထုတ် အလုပ်လုပ်ရမှာဘဲ၊ ဒါ့ကြောင့်-နိဗ္ဗာန်ဆိုတာ ပစပ်နှင့်တောင်းလို့လဲမရ၊ ဝိပဿနာရှုလို့လဲမဖြစ်၊ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်နဲ့ အလုပ်စခန်းမှာ ဘာမျှမဆိုင်သေးသည့်အတွက် သူ၏ သဘောသဘာဝကို စစ်ဆေးပြီး ဘေးနားမှာ တပုံပုံထားခဲ့ပါတော့၊

အဲဒီတော့-အားထုတ်ရမဲ့တရားက စိတ်,စေတသိက်, ရုပ်ဆိုတဲ့ သုံးပါးဘဲရှိတော့တယ်နော်၊ အဲဒီ သုံးပါးထဲမှာလဲ သင်္ဂြိုဟ်မှာလာတဲ့ စိတ်တခုယုတ် ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ်တပါး၊ စေတသိက် ငါးဆဲ့နှစ်ပါး ရုပ်နှစ်ဆဲ့ ရှစ်ပါးဆိုတာတွေကတော့ ဒေသနာစကား ဘုရားအရာတွေပါဘဲ၊ သတ္တဝါတဦးတယောက်ထဲ အားထုတ်ဘို့ရာ

ထားခဲ့တာမဟုတ်ပါဘူး။ ဒါပေမဲ့ မြတ်စွာဘုရားက သတ္တဝါများကို တရားဟောဖြစ်အောင် စကားပြော ဖြစ်အောင်လို့ ဒီလိုပေါ်လာတဲ့ စိတ်ကလေးကို ဒီလိုခေါ်၊ ဟိုလိုပေါ်လာတဲ့ စိတ်ကလေးကို ဟိုလိုခေါ်လို့ ရွှေညွှန်တော်နဲ့ ကြည့်ပြီး အမည်မှည့်ပေးခဲ့တာပါဘဲ။ ၎င်းပြင် စေတသိက်ဆိုတာကလဲ စိတ်ကို ယှဉ်တယ်လို့ ဆိုရပေမဲ့၊ ဟိုနွားက စေတသိက်ကတပုံ၊ ဒီနွားကစိတ်ကတပုံနှစ်ပုံရှိပြီး၊ ဟိုနေရာကစေတသိက်က ဒီနေရာစိတ်ကို လာပြီးယှဉ်ရတဲ့အနေမျိုး မဟုတ်ပါဘူး။ ဧကုပ္ပါဒ-ဧကနိရောဓ, တကွတပြိုင်နက် မီးတောက်နှင့် မီးရောင်ပမာ ထက်ချပ်မကွာ ပါလာသလိုပါဘဲ။ ၎င်းနောက် ရုပ်နှစ်ဆဲ့ရှစ်ပါးလို့ ဒေသနာသရုပ်အားဖြင့် များနေသော်လဲ၊ ရုပ္ပတိဘိ- ရုပ် အရ၊ ဖေါက်ပြန်မှုသဘာဝတခုနဲ့ သတ္တုချကြည့်လိုက်တော့ တခုရတာပါဘဲ။ ကဲ-ဒါဖြင့် ကောင်းပြီ၊ အဲဒီ စိတ်စေတသိက်ရုပ်တရားသုံးပါးကိုတွေ့အောင်ရှာကြစို့၊ ဘယ်မှာသွားပြီးရှာမလဲ၊ စာအုပ်ထဲမှာ ရှာမလား, ဘီရိုထဲမှာရှာမလား၊ ပဌမကြီး, ပဌမကျော်အောင်တဲ့ ကိုယ်တော်တွေထံ သွားပြီးတောင်းရမှာလား တောထဲ ထွက်ရမှာလား၊ ဂူထဲအောင်းရမှာလား၊ ကမ္မဋ္ဌာန်းကျောင်းထဲ ဝင်ရမှာလား စဉ်းစားပါ။ ၊ကျွန်ုပ်တို့ ငယ်စဉ်အခါကတော့ ရပ်ထဲရွာထဲမှာအလှူ မသာကိစ္စကြီးငယ်ရှိရင် သင်္ဃာစင်ရှေ့မှာ ရှေးလူကြီးတွေ ပြောသံကြားဘူးတာဘဲ၊ "သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်လဘက်တွေက လေးငါး ခြောက်ထုပ်၊ ကြက်သွန်ကြော်များများသုတ်၊ ဗိုက်ကားအောင်တုတ်"တဲ့၊ အဟုတ်မှတ်

လို့ နားထောင်ခဲ့ရတာဘဲ။ အောင်မယ်-ဒါတင် မကသေး ဘူး၊ စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေးနဲ့လဲ ပြောသံ ကြားဘူးသေးတယ်။ ဒါနဲ့ စက္ခုဝိညာဏ်ဒွေးဆိုတာ ဘာကိုခေါ်တာလဲဗျာလို့ မေးကြည့်တော့ မျက်စိနှစ်ပေါက်ကို ခေါ်တာတဲ့ အဲဒီအခါတုန်းကတော့ အဟုတ်မှတ်ထားပေါ့လေ၊ ဒီလိုနဲ့ သောတဝိညာဏ်ဒွေးဆိုတာက နားနှစ်ပေါက် ဃာနဝိညာဏ်ဒွေးဆိုတာက နှာခေါင်း နှစ်ပေါက်နဲ့ ရှေ့ံပြီး ပြောသွားလိုက်တာ၊ ဇိဝှါဝိညာဏ်ဒွေးကျတော့ ပစပ်က တပေါက်ထဲရှိနေတာနဲ့ အပြောရခက်နေတာကိုး၊ ဒါတောင်မှ အရှော့မပေးချင်သေးဘူး၊ ဇိဝှါဝိညာဏ်ဒွေးဆိုတာကတော့ မင်းတို့ ငါတို့ လူတွေအတွက် ဟောခဲ့တာ မဟုတ်ဘူး၊ မြွေတွေအတွက် ဟောခဲ့တာတဲ့၊ မြွေဆိုတဲ့ သတ္တဝါက လျှာနှစ်ခွရှိတာကိုး၊ ကာယဝိညာဏ်ဒွေးဆိုတာကတော့ မနှံသိဟတဲ့ ဘယ့်ကသောက် နေရာကျသလဲ၊ အဲဒီသကြိုဟ်သမားကြီးတွေတော့ဗျာ ရှေးအခါက ကျောင်း တကျောင်းမှာနေတဲ့ ဘိုးသူတော် တယောက် တုန်းကြီး သေတော့ အမွေရလိုက်တာလို ဖြစ်နေကြဟန် တူပါရဲ့။

x x x x

**အမွေကောင်းရတဲ့ ဘိုးသူတော်။**

ကျောင်းတကျောင်းမှာ ဆရာတော်ကြီးတပါးကလဲ အသက်အရွယ် ရှစ်ဆယ်ကျော်မှ ဗဟုသုတ လိုချင်တာနဲ့ ဗေဒကရှစ်သောင်းဆိုတာလို ဗဟုသုတတွေကို စာနဲ့ရေးမှတ်နေဆိုကိုး၊ ဒါနဲ့ တနေ့သ၌တော့ မန္တလေး နေပြည်တော်က ဈေ့သည်

တယောက်ရောက်လာ၊ ဟဲ့-ဒကာ....ဘယ်အရပ်ကလဲ။ ။ တပည့်တော်-မန္တလေးမြို့ကပါဘုရား။ ။မင်းဘယ်သူ့ သားမြေးထဲကလဲ။ ။ပြည်စိုးမင်းရဲ့သားပါဘုရား။ ။ နာမည်က ဘယ်သူတဲ့လဲ။ ။မောင်လူထွားလို့ ခေါ်ပါ တယ်ဘုရား။ ။ဘာများ လုပ်ကိုင်စားသောက်သလဲ။ ။ သားရိုးသမင်ချိုများ ရောင်းစားပါတယ်ဘုရား။ ။အေး အေး ဒါဖြင့် နေ့ကျရာလိုက်တာ၊ ငါက လဲဗဟုသုတ လို ချင်တာနဲ့၊ဟဲ့ ကိုရင် စာရွက်နဲ့ခဲတံယူခဲ့စမ်းဆိုကာ ဗသာ စာရွက်မှာ ရေးမှတ်ထားလိုက်သတဲ့။ ဘယ်လိုရေးထား လိုက်သလဲဆိုတော့ “ ပြည်စိုးမင်းရဲ့သား မောင်လူထွား သားရိုးသမင်ချို ” ဒီလိုနဲ့ နောက်ဘာမကြာ ရေစကြိုက ဧည့်သည်များ ရောက်လာပြန်၊ ဟဲ့ ဒကာ-မင်းတို့ ရေစ ကြိုအရပ်ဆီမှာ ဘာများ အထူးအဆန်းရှိသလဲ။ ။မှန် ပါ တပည့်တော်တို့ဆီမှာ ထူးဆန်းတာ ပြောရမှာဖြင့် မိညုံသာ ဆိုတဲ့ မိန်းမဟာ ဆံပင်တွေ သုံးတောင့်ထွာ လောက် ရှည်သဘုရား။ ။ဒါနဲ့ ခုဏက စာရွက်ကလေး ထဲ ဆက်မှတ်ထားလိုက်၊ ( ရေစကြိုက မိညုံသာ ဆံပင် သုံးတောင့်ထွာ၊ ) ၎င်းနောက် ဗဂျီနယ်က ပခုံးထမ်း ဧည့် သည်များ ရောက်လာပြန်၊ ။ဒကာတို့နယ်ထဲမှာ ဘယ် လိုမှတ်သားစရာ ဗဟုသုတ များရှိသလဲ၊ ။တပည့်တော် တို့ ဗဂျီနယ်ထဲမှာ မိသာအေး ဆိုတဲ့ မိန်းမဟာ တခါတဲနဲ့ ကလေးသုံးယောက် မွေးတယ်ဘုရား။ ။ဟယ်-ဘယ်ပြီး ထူးဆန်းလှပါကလား၊ စာရွက်ထဲ မှတ်လိုက်ပြန်၊ (ဗဂျီနယ် က မိသာအေး ကလေးသုံးယောက်မွေး၊) နောက်တရက်

ဝုန်းငယ်က ဧည့်သည်များ ရောက်လာပြန်တော့၊ မင်းတို့ ပုခန်းနယ်ထဲမှာ ဘယ်လို အကြောင်းထူးများ မှတ်သား ထားစရာရှိသလဲ၊ ။တပည့်တော်တို့ အရပ်မှာ ထူးတာ ပြောရမှာတော့ မိဇ္ဇကော ဆိုတဲ့ မိန်းမ တယောက်ဟာ သူများအတင်းချည့်ဘဲ ရှောက်ပြောနေတာဘဲသုရေ၊ စာ ရွက်ထဲမှတ်လိုက်ပြန် (ပုခန်းငယ်က မိဇ္ဇကော၊ သူများ အတင်ပြော၊)ဒီလိုနဲ့ အသက်အရွယ်ကလဲ ကြီးတော့၊ ဘုန်း တော်ကြီးမှာ တနေ့သဒ္ဓ ရောဂါတခုနဲ့ ပြန်လွန်တော်မူပါ ရော၊ ရပ်ထဲရွာထဲက ဆွေမျိုးသားချင်းတွေကလဲ ဆိုင်ရာ ဆိုင်ရာ ကျောင်းမှာရှိတဲ့ အဘိုးတန်ပစ္စည်းများကို ယူ သွားကြ၊ ကျောင်းမှာနေတဲ့ ဘိုးသူတော်ကတော့ ဘုန်း ကြီးအိပ်ရာ၏ အနီးအပါးမှာ အဘိုးတန် ပစ္စည်းများ ရှိ မလားလို့ ရှာဖွေတော့၊ ခေါင်းအုံးအောက်က စာရွက် ကလေးတခုတွေ့၊ ဟာ နေရာကျလိုက်ထာ၊ ဒီစာရွက်ဟာ ဧကန္တ သူ့မှတ်တဲ့ စာနေမှာဘဲ၊ ဘုန်းကြီးလဲ လူမရှိတဲ့ အခါ ဒီစာရွက်ကိုကြည့်တယ်၊ အဋ္ဌရတ်ပေါက်တဲ့ စာများ ဖြစ်မလားလို့ ဖတ်ကြည့်လိုက်တော့၊ အင်း-အဋ္ဌရတ်စာ တော့ဟုတ်ဟန်မတူဘူး၊ ဘုန်းတော်ကြီး အမြဲတမ်း အားး ထုတ်တဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားနေမှာဘဲဆိုပြီး ညှ တိုင်းညှ ရင်းစာကလေးကိုရွတ်၍ ဘုရားရှိခိုးပုတီးစိပ်သ တဲ့ ထိုစာကလေးကတော့ အောက်ပါအတိုင်းဖေါ်လေ၊

ပြည်မိုးမင်းနဲ့ သား မောင်လှေထွား၊ သားရိုးသမင်ချို၊
နေခြည်ကြိုက ဒီညသာ၊ ဆံပင်သုံးတောင့်ထွား၊ ၊မဂျီနယ်

က မိသာအေး-ကလေးသုံးယောက်မွေး။ ။ပုခန်းငယ်
ဏ မိဇကော-သူများအတင်းပြော—မြတ်ရှင်စော ဩကာ
သ, ဩကာသပါဘုရား။

အောင်မယ် နေရာကျလိုက်ထာ၊ ဘိုးသူတော်ကတောင် နောက်နားက အပိုဆာဒါကလေး ထဲ့ထားလိုက်သေး၊ ရှေးသင်္ချိုဟ်ဆရာကြီးတွေလဲ ဒီလိုဘဲထင်ပါရဲ့ဗျာ။ ဒီနေရာမှာ အရှာလွဲနေသကိုးဗျ၊ မြတ်စွာဘုရားက "အဋ္ဌော-အက္ခရ သညာတော" လို့ ဟောခဲ့တာဘဲ။ စာအုပ်ထဲက အက္ခရာကိုကြည့်ပြီး ခန္ဓာမှာရှိတဲ့တရားကို သိရမယ်လို့ ဆိုလိုတာပါဘဲ။ ဘုရားအလိုတော်ကျ အဓိပ္ပါယ်သဘာဝကို ကျကျနန စဉ်းစားမယ်ဆိုရင်၊ အသင်ဓမ္မမိတ်ဆွေတို့ ငယ်စဉ်အခါ သာမဏောဘဝက သင်ခဲ့ရတဲ့ သဒ္ဒါကျမ်း၏ အစကပင် တရားရဆောက်ကြပါတယ်။သို့ပေမဲ့ ခန္ဓာမှာရှိတဲ့လိုရင်း သဘာဝကိုတော့ အာရုံမပြု ဂရုမစိုက်မိကြလေဘဲ။ 'ခွင်းဟဲ့,ချေဟဲ့,ကပ်ဟဲ့'တာတွေနဲ့သာအချိန်ကုန်ပြီး၊ ငါက ပဌမငယ်အောင်တယ် အလတ်အောင်တယ်၊အကြီးအောင်တယ်၊အကြီး, ကျော်အောင်ဘယ်၊ ဓမ္မာစရိယစာချတန်း အောင်တယ်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရတယ် စသည်ဖြင့် ဂါဟာပွါးပြီး မာနတရားတွေနဲ့ သေလို့သာ သွားကြရ'အချို့မှာလဲ "ကြွာပင်အောက်ကပါး၊ ကြွာဝတ်ဆံမစားရ" ဆိုတာလို ဖြစ်သွားကြရရှာတယ်။ဒ်ဒါထဲက တခါတရံမှာ ဘုရားအလိုကျ ခန္ဓာမှာရှိတဲ့ သဘာဝကို ပေါ်လွင်အောင် ဟောပြကြတဲ့ ဓမ္မကထိက ကိုယ်တော်

တွေကို သပိတ်မှောက်လိုမှောက်၊ ခွက်မှောက်လိုမှောက် ပြုလုပ်ကြသေးတယ်။ ဘယ့်ကလေခံကြောက်စရာကောင်းသလဲ၊ ဘုရားသာသနာမှာနေပြီး ဘုရားသူပုန်တွေ ဖြစ်မှန်းမသိ ဖြစ်မနေကြဘူလား စဉ်းစားစရာ၊ သူတို့ရဲ့ စိတ်က တော့ တရားဟောတဲ့ မွေကထိကဆိုရင် ဂျပိုး တေလေ၊ မယ်သီလကျောင်းထွက်တွေလို့ အထင်ရှိကြဟန်တူပါရဲ့။ ယခုအချိန်တိုင်အောင် ပညာဗဟုသုတ နည်းပါးကြတဲ့ မောင်ဗာလ, မယ်ဗာလတွေက စာမေးပွဲမအောင်လျှင် ဒို ကိုယ်တော်ဟာ စာမတတ်ဘူးဆိုတဲ့ အယူဆိုးကြီးရှိနေကြသေးတယ်၊ ကျွန်ုပ်တို့ သာသနာဘက်ကလဲ ဘုရားသားတော်တွေလို့ အမည်ခံပြီး၊ ဘုရားမျက်နှာကို မထောက်ဘဲ အများမျက်နှာလောက်ကိုသာ ကြည့်နေကြတယ်။ သာသနာစစ် သာသနာမှန်ကြီးအတွက် ဝမ်းနည်းစရာကောင်းလေစွ၊ သို့ပေမဲ့ ယခုအခါမှာတော့ လူဒါယကာတွေကစပြီး သာသနာပြုနေကြတဲ့အတွက် သာသနာစစ် သာသနာမှန်ကြီး ပေါ်ထွက်စပြုလာပါပြီ၊ ပေါ်ထွက်နိုင်ပါစေသား၊

ဒါကြောင့်-မွေမိတ်ဆွေနေ-ဗမာလူမျိုးတွေဖြစ်ကြသည့်အားလျော်စွာ၊ ဗမာစကားနှင့် အများနားလယ်နိုင်အောင် ယခု ဝိပဿနာအလုပ်ခွင်မှာ အသုံးချရမဲ့ စိတ်,စေတသိက် ရုပ်ဆိုတဲ့ အချက်ကလေးတွေကို အကွက်ကျကျ ခြောက်ခါရေမှ သဘာဝ ပေါ်အောင် ရှာဖြွသွားမယ်..... ကြစ်ကြပ် ဂရုစိုက်ခဲ့နော်၊

## ဝိပဿနာအလုပ်အကျဉ်းချုပ်
## နှုတ်တက်အရဆောင်။

စက္ခုဒွါရ၊ မိတ်,စေတသိက်,ရုပ်,သစ္စာလေးပါး၊
မြင်သိတာက မိတ်၊ ခံစားဘာက ဝေဒနာစေတသိက်၊
မှတ်သားတာက သညာစေတသိက်၊
ပြုပြင်တာက စေတနာစေတသိက်၊
အဆင်းက ရုပ်၊ မိတ်စေတသိက်,ရုပ် အနိစ္စထက္ခဏာ၊
ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို သိဘာက မဂ္ဂသစ္စာ၊
မိတ်စေတသိက်ရုပ်ကို သာယာတာက လောဘသမုဒယ
သစ္စာ၊
လောဘသမုဒယသစ္စာချုပ်ငြိမ်းတာက နိရောဓသစ္စာ။
စက္ခုဒွါရမှာ မိတ်,စေတသိက်,ရုပ် တွေ့အောင်ရှာ။
ကြည့်ရာလဲ ဒါဘဲဝိပဿနာ၊သိအောင်လဲ ဉာဏ်ပဉ္စဆင်
ခြင်ပါ၊
ပွါးရှုဆဲ–ငါအစွဲ ဒိဋ္ဌိကွာ၊ အ်ဒါဘဲ ဒါဘဲနိဗ္ဗာန်ပါ၊

(ခြောက်ဒွါရပြောင်းဆို။)

အသင်ဝမ္မမိတ်ဆွေရဲ့ ခန္ဓာကိုယ်မှာ မျက်လုံးလို့ခေါ်ရတဲ့ အရပ်ဌာန၊မျက်နက်ဝိုင်းရဲ့အလယ် သန်းဦးခေါင်းမျှ ပမာဏရှိတဲ့ နေရာကလေးမှာ...... တည်နေတဲ့ ရုပ်ပရမတ်ကလေးကို ပါဠိလိုတော့- စက္ခုဒွါရလို့လဲ ခေါ်တယ်၊စက္ခုပသာဒလို့လဲခေါ်တယ်၊ ဗမာလိုတော့- မျက်ငြိအကြည်ပေါ့၊ အဲဒီ မျက်စိအကြည်ကလေးဟာ ကမ္ဘဇရုပ်

ကလေးမို့ မျက်စိနဲ့လဲ မမြင်ရဘူး၊ ကိုင်စမ်း ဖမ်းလို့လဲ မတွေ့ရဘူး၊ သန်းခေါင်းမှ ပမာဏဆိုတာကလဲ တည်နေရာ ဌာနကိုသာ ဆိုလိုတယ်၊ မျက်စိအကြည်ကလေးဟာ သန်းဦးခေါင်းလောက် ရှိတယ်လို့ ပြောတာ မဟုတ်ဘူး၊ အဲဒီ မျက်စိအကြည် ရုပ်ပရမတ်နဲ့ ဒဿန ကိစ္စဆိုင်ရာ ဗဟိဒ္ဓက အဆင်းဝဏ္ဏခေါ် ရူပါရုံ ရုပ်တရားနှစ်ပါး တိုက်ဆိုင်လိုက်တဲ့အခါကျတော့၊ မြင်သိဆိုတဲ့ စိတ်ဓာတ် စိတ်ပရမတ်ကလေး ပေါ်လာတယ်၊ စာအုပ်ထဲက စက္ခုဝိညာဏ်ဆိုတဲ့ စာရင်းကိုကြည့်ပြီး၊အဲဒီ မျက်စိပေါ်မှာဘဲ ပေါ်လာတဲ့ စိတ်ကလေးကို တွေ့အောင်ရှာရမယ်၊ပရမတ္ထတရားလေးပါးမှာ ပဌမဆုံးက စိတ်ဆိုတာဟာ အဲဒါပါဘဲ၊စေတသိက်ဆိုတာလဲ တခြားမှာ မဟုတ်ပါဘူး၊မျက်စိက မြင်တဲ့အခါ အဲဒီစိတ်ကလေးနဲ့ ဧကုပ္ပါဒ, ဧကနိရောဓ, တကွနက် ပါလာကြတဲ့ ကောင်းတယ်, မကောင်းဘူးဆိုတဲ့ဝေဒနာတွေ၊ ဒါက ဘာဘဲ-ဒါကဲ့ ညာဘဲလို့ မှတ်သားတတ်တဲ့ သညာ၊ ကြည့်လိုက်စမ်းပါ ရှုလိုက်စမ်းပါလို့ စေ့ဆော် တိုက်တွန်းတဲ့ စေတနာ၊ အဲဒါတွေဟာ စေတသိက်တွေပါဘဲ၊ ရုပ်ဆိုတာကတော့ တခြားသွားပြီး ရှာမနေပါနဲ့၊ မျက်စိပေါက်က မြင်နေရတာဟာ အဆင်းဓါတ်ရုပ်တရားပေါ့၊ ပါဠိလိုတော့-ဝဏ္ဏလို့လဲခေါ်တယ်၊ရူပါရုံလို့လဲ ခေါ်တယ်၊ ဗမာလို ရှင်းရှင်းတော့-အဆင်းပါဘဲ၊

ကဲ ဓမ္မမိတ်ဆွေ-ဒီလိုဆိုတော့ စိတ်, စေတသိက်, ရုပ်ဆိုတဲ့ တရားတွေဟာ ဘယ်မှာသွားပြီး ရှာနေရသေးသလဲ၊ မိမိမျက်စိပေါ်မှာပင် တွေ့မနေဘူးလား၊ ဒါပေမဲ့ ခက်တယ်

မေမွှမိတ်ဆွေ..... ဒီလို လွယ်အောင်ပြောပြန်တော့လဲ လွယ်လွန်းလို့ ဟုတ်တယ်မထင်ဘူး၊ နက်နက်နဲနဲ ပါဠိတော်ကြီးတွေ ရွတ်ပြီး ပြောပြန်တော့လဲ ခက်လို့ နောက်ဆုတ်သွားကြပြန်တယ်၊ ဘုန်းကြီးတပါးက ဒကာမကြီးတယောက်ကို သုံးဆဲ့နှစ်ကောဋ္ဌာသ ချပေးရတာလိုနေတော့ဒါပါဘဲ၊ ဒကာမကြီးတယောက်က–ကေသာ၊လောမာ၊နခါ၊ဒန္တာ၊ တစော ဆိုတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသ စာကိုသာ ရပြီး အဓိပ္ပါယ်သဘာဝ ကောင်းကောင်း နားမလယ်ဒါနဲ့၊ ရွာကျောင်းက ဘုန်းတော်ကြီးထံသွားပြီး လျှောက်ထားသတဲ့၊ ၊ဒါနဲ့ ဘုန်းတော်ကြီးကလဲ ကဲကဲ ဒကာမကြီး နားထယ်အောင် ဘုန်းကြီးက ရှေ့က ဆိုပြမယ်၊ ဒကာမကြီးက နောက်က လိုက်ပေတော့ဆိုပြီး .....ကေသာ ဆံပင်လို့ ဘုန်းကြီးက သင်ပေးလိုက်တော့၊ ဒကာမကြီးကလဲ ကေသာ ဆံပင်လို့ လိုက်သပေါ့လေ၊နောက်တခါ လောမာ အမွေးလို့ ချပေးလိုက်တော့၊ လောမာ-ဆိုပြီး ဟင်...... ဘုန်းကြီးကလဲ ကိုယ့်ရှိတာတွေ ထုတ်ပြောနေ၊ ရှက်စရာကြီးလို့ ဆိုသတဲ့၊

ကဲ–မေမွှမိတ်ဆွေရေ .... ဘယ်သူတွေ ဘယ်လိုနေနေ၊ ကိုယ့်အခြေကျဘို့သာ အရေးကြီးပါတယ်၊ အဲဒီတော့–အထက်နားက ပြခဲ့တဲ့ စက္ခုဒွါရ မျက်စိအကြည်ပေါ်မှာ ဥပါဒ်ခဏအားဖြင့် ပေါ်လာကြတဲ့ စိတ်, စေတသိက်, ရုပ် ပရမတ် တရားကလေးတွေဟာ မဖြစ်ပေါ်မီ ရှေးကလဲ ဘယ်အချိန်ဘယ်အခါ ဖြစ်ပေါ်ရအောင်လို့ တိုင်ပင် ချိန်း

ချက်ပြီး အစုအပုံနဲ့ မျက်လုံးထဲက စောင့်နေကြတာလဲ မဟုတ်ဘူး၊ ဖြစ်ပေါ်ပြီးတဲ့ နောက်မှာလဲ ဘယ်ရောက်သွားတယ်လို့ ကာလဋ္ဌာနနဲ့ပြစရာမရှိဘူး။ မရှိရာကလာပြီး မမြင်ရာသို့ သွားကြတဲ့ ပရမတ္ထဓမ္မ အာဂန္တုက အနတ္တ ဒြဗ္ဗသည်မျိုးကလေးတွေဘဲ လောက အိမ်မှာလာကြတဲ့ အာဂန္တုက ဒြဗ္ဗသည်ကမှ အရှေ့ကလာပြီး အနောက်သွားတယ်၊ တောင်ကလာပြီး မြောက်သွားတယ်လို့ ညွှန်ပြစရာဋ္ဌာန ရှိသေးတယ်။ မျက်စိ ဆိုတဲ့ အိမ်ကြီးမှာ ရောက်လာကြတဲ့ စိတ်,စေတသိက်,ရုပ် ပရမတ် ဒြဗ္ဗသည်ကလေးတွေကတော့ဘယ်ကလာပါတယ်လို့ မပြောနိုင်၊ ဘယ်ကိုသွားပါတယ်လို့ မပြနိုင်၊ ကိုင်ဖမ်းလို့လဲမရ၊ ဋ္ဌာန,ကာလ,သဏ္ဌာနမျိုး မဟုတ်ကြတဲ့ ပရမတ္ထ, သယံဇာတမျိုး ကလေးတွေပါဘဲ၊

တနည်းအားဖြင့် ထင်ရှားအောင် ဥပမာပြရမယ်ဆိုရင်လဲ အသင်ဓမ္မမိတ်ဆွေရဲ့ လက်မနှင့် လက်ခလယ် ဖိညှပ်ပြီး တီးခတ်လိုက်တဲ့အခါ ဖျပ်ဆိုတဲ့အသံပေါ်လာလိမ့်မယ်၊ အဲဒီအသံဟာ မတီးခတ်မီ ရှေးအဘို့ကာလက လက်မထဲမှာ အောင်းနေတာလဲ မဟုတ်၊ လက်ခလယ်ထဲမှာ အောင်းနေတာလဲမဟုတ်၊ လက်မနှင့် လက်ခလယ် နှစ်ခုအကြားမှာ ရှိနေတာလဲမဟုတ်၊ လက်မနှင့် လက်ခလယ်ဖိညှပ်ပြီး တီးခတ်လိုက်တဲ့ အခါကျမှ ဖျပ်ခနဲပေါ်လာတဲ့ အာဂန္တုက အသံဓာတ်လို၊ ထိုဥပမာအတူ စက္ခုနှင့် ရူပါရုံ၊ သောတနှင့် သဒ္ဒါရုံ၊ ဃာနနှင့် ဂန္ဓာရုံ၊ ဇိဝှါနှင့် ရသာ

ရုံ၊ ကာယနှင့် ဖေါ္ဗဗ္ဗာရုံ၊ မနောနှင့် ဓမ္မာရုံ ပေါင်းဆုံးမှု ဒဏ်ဟုန်ကြောင့် ပေါ်လာကြတဲ့ စိတ်၊စေတသိက်၊ ရုပ်တရားကလေးတွေဟာလဲ ထက်ဖျောက်သံနှင့် မခြားတသားတည်း တူနေတာပါဘဲ။ ။တနည်းအားဖြင့် စည်သံ၊မောင်းသံ၊ခေါင်းလောင်းသံ ဥပမာနှင့်လဲ အဓိပ္ပာယ်သကြီးတွေမှာ ပြကြတယ်။ ပေါ်လွင်အောင်သာ ကြည့်ရှုကြပေတော့၊ ကဲကဲ ဒီနေရာမှာ မြန်မာနိုင်ငံတော်အထက်ပိုင်းက ကြောင်ပန်းသြဝါဒခံ ဝိပဿနာယောဂီတဦး နာမ်စိတ်ပရမတ်ကို ဝိဇ္ဇာဉာဏ်နှင့် ကြည့်ပြီး၊ အမေး အဖြေလုပ်ခါ ဉာဏ်ဝင်စားစွာ တရားအားထုတ်နေတဲ့ ဆောင်ပုဒ်လင်္ကာကလေးကို မေ့မိတ်ဆွေများ အတုယူရအောင်ထည့်သွင်းဖေါ်ပြလိုက်ရဦးမှာဘဲ၊

## ဝိပဿနာအလုပ်–အကျဉ်းချုပ်
## နှုတ်တက်အရဆောင်။

မေး။ မြင်သိမှု ဝိညာဏ်ရယ်–ဘယ်ဆီ၊ဘယ်ဌာန၊ဘယ် နေရာက သင်လာတယ်၊

ဖြေ။ ဌာနမရ၊ သဘာဝဓမ္မ၊ ဝိညာဏ်သာရတယ်။

မေး။ ဘယ်ဆီ-ဘယ်လမ်း၊ထယ်ကိုမြန်းမယ်၊

ဖြေ။ အာရုံကြွ၊ကာမရိ-ခဏသာ တည်နိုင်တယ်၊

သိမ်း။ သွားကနဲဖြစ်၊ လှစ်ကနဲချုပ်၊ ဖြုတ်ခနဲ ပျောက်ကွယ်၊ သုံညနယ်တွင်း- ချက်ခြင်း သက်ဆင်းခဲ့လေတယ်၊

(၂) ကြား သိမှု၊
(၃) နံ သိမှု၊
(၄) စား သိမှု၊ ခြောက်ဒွါရပြောင်းအားထုတ်ပါ။
(၅) တွေ့ သိမှု၊
(၆) ကြံ သိမှု၊

ပရမတ်ဩဇ္ဇာသည်။

အနုပ္ပန္နာ ဥ·ပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ၊
နိစ္စံ နဝါဝ သင်္ခါရာ၊ ဒီပဇာလ သမ္မု·ပမာ။ ။

သင်္ခါရာ၊ကံ,စိတ်,ဥတု၊ အာဟာရဟု၊ လေးခုကြောင်း အင်ပြုပြင်ကာမှ၊ ပေါ်လာကြတဲ့၊ရုပ်နာမ်နှစ်ပါး သဘာဝ ဆိုတဲ့ သင်္ခါရတရားတို့သည်၊ အနုပ္ပန္နာဝ၊ရှေးအတိတ၊ခါ သမယက၊ ကာလအထူး၊ မဖြစ်ဘူးကြကုန်ဘဲသာလျှင်။ ဝါ၊ ဘယ်တော့မှဖြစ်မယ်၊ ဘယ်ခါမှ ဖြစ်မယ်လို့၊ အသင့် တကယ် စောင့်ဆိုင်းနေကြတဲ့ ကာလ,ဌာန၊ သဏ္ဌာနမျိုး မဟုတ်ကြကုန်ဘဲသာလျှင်၊ ဥပ္ပဇ္ဇန္တိ၊ ယခုမှ အသစ်၊ ဘွား ကနဲ ဖြစ်ပေါ်၍လာကြလေကုန်၏။ ဥပ္ပန္နာစ၊ ပစ္စုပ္ပန်ခဏ ဖြစ်ကြကုန်ကြ၍လဲ၊ နိရုဇ္ဈရေ၊ ခဏ ချက်ခြင်း၊ ချုပ်ကင်း ကွယ်ပျောက်ကြလေကုန်၏၊နိစ္စံနဝါဝ၊မပေါင်းမတွဲ၊ အမြဲဖြစ် ပျက်၊ အသစ်စက်စက်ကလေးတို့သည်သာလျှင်၊ဟောဒ္ဓိ၊ မရပ်မနား၊ တဖွါးဖွါးသာ ဖြစ်ပေါ်၍နေရှာကြလေကုန်၏။ သင်္ခါရာ၊ ဖြစ်ပေါ်လာက၊ ထိုခဏ၌၊ ပျက်ရကုန်ငြား၊ သဘာဝ ဆိုတဲ့ သင်္ခါရတရားတို့သည်၊ ဒီပဇာလ သမ္မု ပမာ၊ဆီမီးနှင့်သာ တူးသာဥပမာရှိကြပါကုန်၏၊ဒီပဇာလ

သမုပမာ၊ မီးအလျှံတွေလို၊ အပြီးမကျွန် အပျက်နယ်ကို သာ တိုးကြတာကြောင့်၊ သတိတမန် တကဲ့တကယ်သာ ပိုးလိုက်ကြပေတော့၊ ဩော်- စဉ်းစားကြည့်လိုက်တော့ အာဂန္တုက ပရမတ္ထဓမ္မ အနတ္တ ဧည့်သည်မျိုးလေးတွေ သာ ဖြစ်၍နေကြလေကုန်သတည်း၊

အဲဒါလို စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,မန ဆိုတဲ့ ခြောက်သဘော ခြောက်ဒွါရ ခြောက်ဌာနမှာ အကြောင်း အားလျော်စွာ ပေါ်လာကြတဲ့ စိတ်,စေတသိက်,ရုပ် ပရမတ် တရားကလေးတွေဟာ မိမိတို့ဖြစ်ပေါ်ရာဌာနက တဆံဖျားမျှ အရပ်တပါးသို့ မပြောင်းမရွေ့နိုင်ကြဘဲ ဖြစ်တဲ့နေရာမှာပင် သေဆုံး ချုပ်ပျောက်သွားကြရတာဘဲ၊ အဲဒါလို မရပ်မနား တဖွါးဖွါးသေနေတဲ့ သဘောကို ပါဠိလိုတော့- အနိစ္စလို့ခေါ်တယ်၊ ဗမာလိုတော့- မမြဲတာပေါ့။ အဲဒီ မမြဲ သဘော၊ အသေသဘောကလေးတွေထဲမှာ ချမ်းသာသုခ ဘယ်မှာလျှင် ရှာလို့ ရနိုင်ပါတော့မလဲ၊ အကောင်းမရှိ၊ မကောင်း အတိ၊ ပကတိကိုက ဆင်းရဲဘာ မှန်နေတဲ့ အတွက် သူ့ကိုဘဲ ဒုက္ခသစ္စာလို့ ခေါ်ရတာပါဘဲ၊ ဥပမာ- ရှဲ့မီးခဲတွေရဲရဲညီးနေတဲ့မီးကျီးတွင်းထဲမှာ အေးမြ ချမ်းသာ တဲ့နေရာ အပ်ဖျားတထောက်စာလောက်မျှ ရှာမရတာလို ပေါ့၊ အဲဒီ ပင်ကိုယ်ပကတိက အကောင်းချမ်းသာ သုခမရှိ တဲ့ ဒုက္ခသစ္စာတရားကြီးအပေါ်မှာ ဒုက္ခမှန်းမသိ၍ သာ ယာ ခင်မင် လိုချင် တောင့်တနေတဲ့ သဘောကို သမုဒယ သစ္စာလို့ ခေါ်တာပါဘဲ၊ ဒုက္ခကို ဒုက္ခမှန်းသိတဲ့ အခါကျ တော့၊ သမုဒယအဘယ်မှာလျှင် ရှိနိုင်တော့မလဲ၊ ဥပမာ-

ပင်ကိုယ်ပကတိက, ကိုက်တတ်, စားတတ်, ဝါးတတ်သော သဘောရှိသော ဘီလူးမသည်၊ ဆဲ့ငါးနှစ်ရွယ်, ဆဲ့ခြောက်နှစ်ရွယ်၊ ဘုံကြီးပြတ်တဲ့ နတ်မိမယ်ကဲ့သို့၊ တကယ်ချော တကယ်လှအောင်ဖန်ဆင်း ပြလိုက်သောအခါ၊ ဘီလူးမှန်းမသိ၍သာယာခင်မင်ပြီးနောက်ကဘကောက်ကောက်လိုက်လျှင် ဘီလူးစားခံရမည် ဧကံပင်၊ ဘီလူးမ၏ ဖနှောင့်တို့ခြင်း၊ အရိပ်မထွက်ခြင်း၊ နဖူးမောက်ခြင်း၊ နှာရောင်ကောက်ခြင်း အစရှိတဲ့ အရိပ်နိမိတ်များကို ကြည့်၍ ဘီလူးမှန်းသိသောအခါ၊ ထိုဘီလူးမနှင့် ဝေးအောင်ပြေး၍ ဘီလူးဘေးမှ လွတ်ရပေတော့မည်၊ ထို့အတူ ဒုက္ခသစ္စာကို ဒုက္ခမှန်းမသိ၍သာ တောင့်တ, သာယာမှု သမုဒယသစ္စာဖြစ်နေရသည်၊ ဒုက္ခသစ္စာကို ဝိပဿနာဉာဏ်နှင့် တကယ်မြင်လျှင် မြင်ဆဲအခိုက်အတန့်မှာပင် သာယာခင်မင်တဲ့ သမုဒယသစ္စာကို ပယ်ခွါပြီးသား ဖြစ်တော့ဒါပါပဲ၊ ထိုသမုဒယငြိမ်းမှု မရှိမှုကို နိရောဓသစ္စာလို့ ဒေသနာအလိုအားဖြင့် ခေါ်ရတာပေါ့၊ တရားကိုယ်ကောက်တော့ နိဗ္ဗာန်ပါပဲ၊ တဒင်္ဂငြိမ်းလျှင် တဒင်္ဂနိဗ္ဗာန်၊ ဝိက္ခမ္ဘနငြိမ်းလျှင် ဝိက္ခမ္ဘန နိဗ္ဗာန်၊ သမုစ္ဆေဒငြိမ်းလျှင် သမုစ္ဆေဒ နိဗ္ဗာန်ပေါ့၊ ၎င်းငြိမ်း မဂ္ဂသစ္စာဆိုတာလဲ တသီးတခြားမဟုတ်ပါဘူး၊ ဒုက္ခ ဒုက္ခလို့ ကြည့်ရှုပွါးများနေဒါ မဂ္ဂသစ္စာပါပဲ၊ ပရိယတ္တိအလို ဒေသနာအဆိုအားဖြင့် သစ္စာလေးပါးလို့ ပြောရခြားသော်လဲ ပဋိပတ္တိအလို အနုသာသနီနည်းအရ၊ ဝိပဿနာအလုပ်မှာ လိုရင်းဆုံးအင်္ဂါကတော့ ဒုက္ခသစ္စာ တခုပါပဲ၊ ဥပမာ-မီးထွန်းမှုကိစ္စ တခုပြီးသော အခါ၊

အလင်းရောက်မှုကိစ္စ၊ အမှောင်ပျောက်မှုကိစ္စ၊ ရေနံဆီကုန်မှုကိစ္စတို့သည် တသီးတခြား အားမထုတ်ရတော့ဘဲ၊ တပြိုင်နက် တချက်တည်း ကိစ္စပြီးသလို၊ ဒုက္ခသစ္စာကို ဝိပဿနာ ဝိဇ္ဇာဉာဏ်နှင့် ပြောင်ပြောင်စင်စင် မြင်မှုကိစ္စ တချပြီးသောအခါ၊ သမုဒယသစ္စာပယ်မှု၊ နိရောဓသစ္စာဆိုက်ရောက်မှု၊ မဂ္ဂသစ္စာပွါးများမှုတို့သည် တပြိုင်နက် တချက်ထည်း ကိစ္စပြီးစီးတော့ဒါပါဘဲ၊ ဒါကြောင့်-ဝိပဿနာ ယောဂီဓမ္မမိတ်ဆွေများသည်၊ ဒုက္ခသစ္စာကို ဘိုးဖွေလမင်းကြီး ပမာထားကာ- ဟာဒယဝတ္ထု တည်းဟူသော သဥ္စာလိခမ်းမကာ,မဂ္ဂသစ္စာဆိုတဲ့ ပြတင်းပေါက်ကို ဖွင့်ပြီး ဝိပဿနာ ဝိဇ္ဇာဉာဏ်မျက်စိဖြင့် ကြည့်ရှုလိုက်တဲ့အခါ၊ သမုဒယသစ္စာ ကိလေသာအညစ်အကြေးများ ကင်းစင်ပြီး နိရောဓသစ္စာခေါ်တဲ့ သန္တိသုခ ဖြေသာ ထင်းရောင်ခြည်တို့သည် တပြောင်ပြောင် ထွန်းတောက် ပ,ဂင်း၍ စိတ်၏ ကြည်လင်ခြင်းကို ရပေလိမ့်မည်တကား။

ဆောင်ပုဒ်။

ဒုက္ခဓာတုံ-လ,ပုံထားကွယ်၊
မဂ်သစ္စာ ပြတင်းက မျှော်ကွယ်၊
ရှုကြမှ သမုဒယ ကွာမယ်၊
ကိလေသာ-တေယ် ငြိမ်းတယ် နိရောဓနဲ့

## လိုရင်းအကျဉ်းချုပ် လင်္ကာ။

(၁) လိုရင်းအချုပ်ကတော့ ဒုက္ခသစ္စာ၊
ဒုက္ခသိမှတော့ သမုဒယပယ်မြဲအမှန်ပါ၊
မေးမနေနဲ့တော့ နိရောဓါ၊
တွေးမနေနဲ့တော့ ဘာဝနာ၊
လေးသစ္စာ တပြိုင်နက် ဖြစ်ပေါ်လာ၊

## ကိစ္စလေးချက် တပြိုင်နက်။

(၂) ဒုက္ခကြည့်ရှု-သိမှုပရိညာ၊
သမုဒယမရှိမှု-သတိပြုပဟာန၊
နိရောဓဖြစ်ဘိ-သစ္ဆိကရိယာ၊
မဂ်သစ္စာ ဉာဏ်စခန်းက-ကြံစမ်းပါကိစ္စဘာဝနာ၊
ပွါးရှုဆဲ .....တချက်ထဲ လေးကိစ္စာ၊ ၊

ဒါ့ကြောင့်—သစ္စာလေးပါးကို မိမိခန္ဓာပေါ်မှာပင် တွေ့အောင်ရှာရမည်၊ စိတ်၊ စေတသိက်၊ ရုပ်တရားများကို မိမိခန္ဓာပေါ်မှာပင် တွေ့အောင်ရှာရမည်၊ ထင်ရှားစွာ တွေ့လာသောအခါ ဝိပဿနာ ဘာဝနာဉာဏ်ဖြင့် ခါခါထပ်ထပ် မုံ့ညက်ဆင့်ခတ်၊ ဝါဂွမ်းဖတ်သကဲ့သို့ မပြတ်မလတ် ကြည့်ရှု ဆင်ခြင်ကြရပေတော့မည်၊ ခြောက်ဒွါရ၌ ရောက်လာသမျှသော စိတ်၊ စေတသိက်၊ ရုပ်ပရမတ် မသာကလေးတွေကို ပရမတ်သင်းချိုင်းကုန်းကနေပြီး ဝိပဿနာ ရှုလုံးချပါတော့ အဲဒါဟာ ဝိပဿနာအလုပ်ပါဘဲ၊ သမထအသုဘ ကမ္မဋ္ဌာန်းများကို ကြောက်ကြောက် ထန့်လန့်နှင့် တ

ဘဝမှာ တခါသေတဲ့သင်းချိုင်းကုန်းက လူသေတွေကို သွားပြီး ကြည့်နေစရာ မလိုတော့ပါဘူး၊ အလုပ်စခန်းသို့ဝင်၍ အဟုတ်တမ်း ထင်မြင်အောင်သာ ကြိုးစားကြပါလေတော့၊

## ဝိပဿနာအလုပ် အကျဉ်းချုပ် နှုတ်တက်အရခဆောင်။

စတွေ့ဒွါရ-ရူပခတ်သား-နှစ်ပါးပေါင်းဆုံ၊
တိမ်နှစ်ခုဆတ်-တံလျှပ်ရောင်မျှား-မခြားပေါ်ပုံ၊
မြင်သိကာမျှ-သဘာဝ-တာဝရ ဖြစ်လာကြို၊
ငါမရော-သူမရော-သဘောဉာဏ်နဲ့ငုံ၊
မြင်ရာလဲ-ငါစွဲဖြုတ်ကြကုန်၊ အနတ္တ ခတ်မျှ ထိအာရုံ။
ဩြဝ်-အမှန်သိတော့ မြင်ရာမှာ သက္ကာနိဗ္ဗာန်ဘုံ၊
(ခြောက်ဒွါရပြောင်းဆို။)

+ + × +

## ဝိပဿနာယာနိကလမ်း-ခန္ဓာငါးပါး အလုပ်စခန်း။

မေ့မိတ်ဆွေရေ ....ခန္ဓာငါးပါးဆိုတဲ့ အချက်ကလေးတွေကို သူ့သဘာဝနှင့်သူ အသီးအသီး အသကအသက ဝိပဿနာ အလုပ်စခန်းမှာ အသုံးရချအောင် အချဉ်းချုပ်အားဖြင့် ထုတ်ပေါ်ပြလိုက်ကြအုံးစို့။ ၊မြတ်စွာဘုရားကဲ့သို့ သတ္တဝါတို့၏ အဇ္ဈာသယကို အလုံးစုံ အကုန်မသိနိုင်တော့၊ လမ်းစဉ်ရှိတဲ့ အတိုင်း ဝါးလုံးရှေရှေ့နဲ့သိမ်းပြီး

ရမ်းလိုက်ရတော့မှာဘဲ၊ မိမိဉာဏ်ထဲမှာ ထင်ရှားပေါ်လွင်တဲ့ ကြိုက်နှစ်သက်ရာ ခန္ဓာတခုကိုသာ ဧကော ဓမ္မော အရ ထုတ်နှုတ်၍ အလုပ် လုပ်ကြပေတော့ "ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ" လို့ ပါဠိဘာသာအားဖြင့် ငါးပါးရှိတယ်၊အဲဒါဟာ-တရား အစစ် မဟုတ်သေးဘူး၊ ဝိဇ္ဇမာန ခေါ်တဲ့ သမုတိအမည် ပညတ်မျှသာရှိသေးတယ်၊ မြတ်စွာဘုရားက မာဂဓတိုင်းမှာ ပွင့်တဲ့အတွက်ကြောင့် မာဂဓစကား ပါဠိဘာသာအားဖြင့် ဟောထားခဲ့တာကို၊ ဗမာလူမျိုးတွေ နားမလယ်နိုင်ကြဘူး၊ဗမာလို အခေါ်ကတော့ "ပေါက်ပြန်တဲ့သဘော ခံစားတဲ့ သဘော,မှတ်သားတဲ့သဘော,ပြုပြင်တဲ့ သဘော ကြံသိတဲ့သဘော"လို့ ခေါ်ရတာပေါ့၊ဒါလဲ တရားမဟုတ်သေးဘူး၊ ဗမာစကားဘဲရှိသေးတယ်၊ တရားအစစ်ကတော့ ခန္ဓာမှာ ကပ်ပြီး မိမိဉာဏ်ထဲမှာ ထင်လာ မြင်လာတဲ့ သဘောကလေးတွေကျမှ ပရမတ္ထသဘာဝအနှစ် တရားအစစ်ဖြစ်တယ်၊ ဒါပေမယ်လို့ အစပဌမတော့ သုတမယဉာဏ်နဲ့ရှာကြံပြီး ခန္ဓာငါးပါး၏သရုပ်ကို စာအုပ်မှာကြည့်၍ဖြစ်စေ၊ ဟောပြောတဲ့ ပုဂ္ဂိုလ်များအထံမှာ နာခံမှတ်သား၍ဖြစ်စေ၊ သင်အံဆောင်ရွက် လေ့ကျက်မှတ်သားပြီး ပွါးများဆင်ခြင် ဆွေးနွေး မေးမြန်းကြရတယ်၊ အဲဒါလို ခန္ဓာငါးပါး၏ သရုပ်သဘာဝကို မြတ်စွာဘုရား၏ တရားစစ်, တရားမှန်တွေဘဲလို့ ယုံယုံကြည်ကြည်နဲ့ သင်အံ ဆွေးနွေး,မေးမြန်းကြားနာ, ရွတ်ဘတ် သရဇ္ဈာယ်နေကာမှနှင့် " ယဿ ခန္ဓာအာယတန ဓာတု၊ပရိပုစ္ဆာ သဝနဓာရဏ

ပစ္စဝေက္ခဏာနိ အဋ္ဌိ၊ သော ကလျာဏာ ပုထုဇ္ဇနောနာမ''
ကလျာဏာပုဂ္ဂိုလ်လို့ ထိုထိုသော အဋ္ဌကထာကြီးတွေမှာ
ပြခဲ့ကြတယ်၊ ဘယ့်ကလောက် အားရ ဝမ်းသာစရာ
ကောင်းသလဲ၊အဲ့ဒီဆိုတဲ့အကာန်းထဝကလွတ်သွားပြီတဲ့၊

တဖန်-အရှတ်အသတ် အဟော အပြောထွင်သာ တင်းတိမ်မနေပါတဲ့၊ ''ဖေါက်ပြန်ခံစား၊ မှတ်သားပြုပြင်၊ ဝိတ်ဝိညာဉ်'' ဆိုဟဲ့ သဘောတရားတွေဟာ ဘယ်မှာရှိပါလိမ့်မလဲလို့ စိန္တာမယခေါ်တဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ လိုက်လံရှာဖွေတဲ့အခါ၊ မိမိခန္ဓာမှာရှိတာကို သန္တိဋ္ဌိက- ကိုယ်တွေ့သိလာတဲ့အခါကျတော့ '' ရူပိနာ ပန ဉာဏေန သဗ္ဗန္ဓာဂတော ဝိပဿကော ဇာနာသာသနေ၊ လဒ္ဓသာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော ၐူဠသောတာပန္နော နာမဟောတိ'' ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြပြန်တယ်၊ ရူပိနာ ပန ဉာဏေန, ဆိုတဲ့ပုဒ်အရ ဖွင့်ပြကြတာတွေ ကြည့်လိုက်ပြန်တော့၊ နာမ်ရုပ်နှစ်ပါး ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်၊ ခါတ်ကြီး လေးပါးကို ပိုင်းခြားသိတဲ့ ဓာတုဝဝတ္ထာနဉာဏ်၊ သုရားဆိုတာ ဟုတ်မှဟုတ်ပါလေလား၊ ဒြဗ်ရားတွေ ဟုတ်မှ ဟုတ်ပါလေလားဆိုတဲ့ ယုံမှားခြင်းတွေကလွန်မြောက်သွားတဲ့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိတွေကို ဆိုလိုတာဘဲ၊ ဖော်ဒြီအသိဉာဏ်မျိုးတွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ယခုသာသနာ၌ ထောက်ရာ တည်ရာ မှီခိုရာ ရသွားပြီတဲ့၊ အပါယ်လေးပါး မကျတော့ဘူးလို့ ဆိုလိုတာပေါ့၊ ဥပမာအားဖြင့် အနာကြီးတွေ အလုံးအရာလောက်ပေါက်နေတဲ့ သူတယောက်မှာ၊ ကိုးဆယ့်ကိုးလုံးလောက်ပျောက်

သွားတော့ သက်သာရာ ရသလိုပေါ့၊ တနည်းအားဖြင့်လဲ မြစ်ပင်လယ်ကျော နစ်မွန်း မြောပါးလာတဲ့သူဟာ ကူးခတ်မှု လုံ့လဝီရိယကြောင့် ကမ်းနားစပ် ရောက်လာတဲ့အခါ ခြေဖျားထောက်မိသလိုပါပဲ၊ အဲဒီလူဟာ ဘယ်နည်းနဲ့မှ ရေနက်ရာဘက်ကို ပြန်ပြီး မဆင်းသက်တော့ပါဘူး၊ ကုန်းပေါ်သို့သာ ရောက်အောင် တက်တော့မှာပါပဲ၊ ထိုဥပမာအရ "လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော၊ နိယတဂတိကော" ဆိုတဲ့ပုဒ်များကို ကြည့်ပါ၊ ဒီအသိဉာဏ် ယုံကြည်မှုမျိုးကို လက်ကိုင် ရထားတဲ့သူဟာ ယခုပစ္စက္ခဘဝမှ မဟာသောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ဆိုတာတွေ ဖြစ်ထာမဖြစ်ထာ အသာထားလိုက်ပါအုံးတော့၊ ဒုတိယဘဝမှာ နိယတဂတိကော ဆိုတယ်မဟုတ်လား၊ ဧကန္တ နတ်ပြည်ရောက်ရတော့မှာပဲ၊ နတ်ပြည်ရောက်တဲ့အခါမှာလဲ "တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပိလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ" အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာရှိပြန်တယ်၊ ။ငါသည် နတ်ဘုံသို့ရောက်လာပါကလားလို့ သိတဲ့အသိကတောင်မှ နောက်ကျသေးတယ်တဲ့၊ ဘဝက လေ့လာ ဆည်းပူးခဲ့တဲ့ တရားအသိဉာဏ်တွေက၊ နတ်ပြည်သို့ ရောက်လျှင်ရောက်ခြင်း အိပ်သော ယောကျ်ားနိုးသောလားသို့ သွားကနဲပေါ်ပြီးမဟာသောတာပန် စသည်ဖြစ်နိုင်တယ်၊ အကယ်၍ ထိုအချိန်၌ မဖြစ်သေးပြားအုံး၊ နတ်ပြည်မှာ တလ,ရှစ်ကြိမ်စည်းဝေးတဲ့ သုဓမ္မာသဘင်ပွဲခင်တဲ့အခါ၊ ဓမ္မကထိက နတ်သား

များ ဟောပြောသံကို ကြားရပါသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို လျင်မြန်စွာရနိုင်တယ်၊ ဒီပုဂ္ဂိုလ်ဟာ ဘယ်နည်းနှင့်မှ အပါယ်လေးပါးဆိုတဲ့ အောက်သံသရာပြန်ပြီး လယ်စရာအကြောင်းမရှိတော့ပါဘူး၊

ဒါကြောင့်-ဓမ္မမိတ်ဆွေရေ ....အင်မတန်မှ အတိုးတန်တဲ့ အသိဉာဏ်ကလေးတွေကို ယခုဘဝသက်ကိုင်ရသွားကြအောင် ခန္ဓာငါးပါးရဲ့ သဘာဝအချက်တွေကို စာမတတ်တဲ့သူများပင် နားလည် နိုင်လောက်အောင် မိန်းမတွက်နဲ့ တွက်ပြသွားမယ်နော်၊အထူးဂရုစိုက်ပြီးတော့သာ မှတ်ခဲ့ပေတော့၊

မိန်းမတွက် ဥပမာ။ ဓမ္မမိတ်ဆွေ....မိန်းမတွက်တာ နားလယ်ရဲ့လား၊ မြို့ဘမြို့က သင်မယား နှစ်ယောက်ဟာ၊ ယောကျ်ားက တောသား လူအ၊ မိန်းမက မြို့သူဆိုတော့ အသွင်မတူအောင် ဖြစ်နေတာပေါ့၊ တနေ့သန်္ဘကျတော့ အိမ်ပေါက်ဝမှာထင်းလှည်းကြီးကလဲ အရေန်သင့်ရောက်လာတာနဲ့ ယောကျ်ားလုပ်တဲ့လူက- ထင်းခြောက်စည်းကို တစည်းတမတ်ပေးပြီး အကြွေးဝယ်ထားလိုက်သတဲ့၊နေခံတရက်ကျတော့ မိန်းမကလဲ ထမင်းချက်နေ၊ ထင်းလှည်းသမားက ထင်းဘိုး လာတောင်း၊ ဒီကနေ့ အတွက်လဲ ခြောက်စည်းလောက် ထပ်ပြီးလိုချင်သေးတာနဲ့၊ထင်း ၁၂ စည်းဘိုးဆိုရင် ပိုက်ဆံဘယ်လောက်ကျမလဲလို့ သင်ပုန်းတချပ်နဲ့ ကျောက်တံတချောင်းယူပြီး ဘုန်းကြီးကျောင်းထွက်ပိပိ (နောဇကေ နောကုတ်၊နဝဒွေး အသဗ္ဗာဒသကုတ်

ဘာကုတ်, ညှာကုတ်၊ ဦးကြီးကုတ်၊အမျိုးကုတ်၊ ခွေးတော်ကုတ် )နဲ့ တွက်လိုက်ထာဟာ တနာရီလောက် ကြာတာတောင်မှ ထင်း ၁၂ စည်းဘိုး တွက်မရဘူးတဲ့။ ဒီတော့မှ မိးမိုးချောင်ထဲက ထမင်းချက်နေတဲ့ မိန်းမက ဟိုလူနှယ်တော်- ဟိုကုတ်ဒီကုတ်နဲ့ ဘာများ လုပ်နေတာပါလိမ့်မယ် ဆိုပြီး ပြုံးစိစိနှင့် ထွက်လာကာ ဘာလုပ်တာလဲလို့ မေးတော့၊ ထင်းဘိုးပေးဘို့ရာ တွက်နေတဲ့အကြောင်း ပြောတာပေါ့။ ။နေစမ်းပါအုံး၊ ရှင်ထင်းဝယ်တာက ဘယ်လောက်များလို့တုန်းဆိုတော့၊ မနေ့က ခြောက်စည်း, ဒီကနေ့ ခြောက်စည်း တစည်းတမတ်ပေးရမှာ၊ အဲဒါ ငါတွက်လို့ မရဘူးလို့ ပြောသတဲ့။ ဒါနဲ့ မိန်းမက-အသေကောင်နှယ်နော်၊ဒါလေးများ ဒီလောက်တောင် တွက်နေရသလား၊ ပေးစမ်းပါ ကျုမ တွက်ပေးလိုက်ပါမယ်ဆိုပြီး၊ မိန်းမနဲ့ တွက်လိုသည်မှာ ( မနေ့က ခြောက်စည်း၊ ဒီနေ့ ခြောက်စည်း၊ခြောက်စည်း,ခြောက်စည်း ၂ ခြောက်စည်း တစည်းတမတ်၊ ၁၂ မတ်၊ ၁၂ မတ် သုံးကျပ်၊ရော့-အော့ ဝမ်းကျ အသေကောင် ပေးလိုက် ) ဆိုသတဲ့။

မိန်းမတွက်က ဘယ့်ကလောက်လွယ်သလဲ ခမ္ဘမိတ်ဆွေ၊ ယောကျ်ားလုပ်တဲ့လူမှာဖြင့် တွက်လိုက်ရတာ ဟိုကုတ်,ဒီကုတ်နဲ့၊ ဦးကြီးတွေ,အမျိုးတွေသာ ကုန်သွားတယ်၊ အဖြေမှန်ကျ မရလာဘူး၊ မိန်းမတွက်နဲ့ တွက်လိုက်တော့ ဘယ့်လောက်လျင်မြန်သလဲ၊ဒါကြောင့်-ယခုဝိပဿနာအလုပ်ခွင်မှာလဲ ယောကျ်ားတွက်အလား၊ မြတ်စွာဘုရား၏

ရွှေဉာဏ်တော်အရာ၊ ဒေသနာသရုပ်၊ ဉာဏ်မမှီတဲ့ အလုပ်တွေကို အသာထားပြီး၊ မိန်းမတွက်နိုင်တူတဲ့ သဘာဝ အချက်ကလေးတွေကိုသာ အကွက်ကျကျ တွက်ပြသွားကြပါမို့၊

### ရူပကလာပ် ဖေါက်ပြန်တဲ့သဘော။

ကမ္မဇရုပ်။ ရူပကလာပ်, ဖေါက်ပြန်တဲ့ သဘောဆိုတာ တခြားမှာ သွားပြီးရှာနေရမှာ မဟုတ်ဘူးပါဘူး၊ အသင် ဓမ္မမိတ်ဆွေရဲ့ ခန္ဓာကိုယ်လို့ အခေါ်ခံရတဲ့ ဝတ္ထုကြီးမှာ-ကံ, စိတ်, ဥတု, အာဟာရ ဆိုတဲ့ အကြောင်းတရားတွေနဲ့ ပြုပြင်လို့ ဖြစ်ပေါ်နေတဲ့ ရုပ်ပရမတ်တွေရှိတယ်။ မျက်စိအကြည်, နားအကြည်, နှာအကြည်, လျှာအကြည်, ကိုယ်အကြည်, စိတ်အကြည် ဆိုတဲ့ အကြည်ခြောက်ပါးဟာ ကံကြောင့် ဖြစ်တဲ့ ကမ္မဇရုပ်တွေဘဲ၊

စိတ္တဇရုပ်။ စိတ္တဇရုပ် ဆိုတာကတော့၊ အသင် ဓမ္မမိတ်ဆွေ......စိတ်ကောင်းတဲ့ အခါမှာ ရုပ်တမျိုးဖြစ်နေတယ်၊ ဥပမာ-ဒေါသဖြစ်၍စိတ်ဆိုးလာတဲ့ လူတယောက်ကို မျက်နှာကြည့်ရုံနဲ့ ဒီလူဟာ စိတ်ဆိုးနေတယ်လို့ သိရတယ်၊ အဲဒီလို စိတ်ဆိုးနေတုန်း ဖြုန်းကနဲဆို သူငယ်ချင်းရာ-မင်းမှာ ထီပေါက်နေသတဲ့လို့ ပြောလိုက်စမ်းပါလား ဘာဖြစ်သွားမလဲ၊ ခုတင်က ညစ်နွမ်းနေတဲ့ ရုပ်ဟောင်းတွေပျောက်ပြီး၊ ကြည်လင်တဲ့ ရုပ်သစ်တွေရောက်လာတယ်၊ ဒေါသဖြစ်စဉ်အခါက ညစ်နွမ်းတဲ့ ရုပ်တွေ

ဟာ တတိုတစမှ မရှိတော့ဘူး။ ။အဲဒါလို ဒိဋ္ဌိ၏ စိတ်ကလေးပြောင်းတိုင်း ပြောင်းတိုင်း ရုပ်တရားတို့၏ ပေါက်ဖြန့် ပြောင်းလွဲပုံကို ဉာဏ်ကုန်မျှော်၍ ကြည့်ရမယ်၊ ..... ရူပက္ခန္ဓာ,ပေါက်ဖြန်တဲ့သဘောဆိုတာ အဲဒါပါပဲ၊ပေါက်ဖြန်တာရယ်, ပြောင်းလွှဲတာရယ် တခုထဲ တည်မနေနိုင်တာရယ် မမြဲတာရယ် အတူတူပါပဲ၊ဗမာစကားမို့ များနေတယ်၊ရူပက္ခန္ဓာဆိုတဲ့ ပါဠိဘာသာကို သဘာဝကျကျဗမာပြန်ပြီး ပြလိုက်တော့ အောက်ပါအတိုင်း အဓိပ္ပါယ်ရလာတာပေါ့၊ ရူပက္ခန္ဓာ ဒေါသ ဖြစ်စဉ်အခါက ညစ်နွမ်းတဲ့ ရုပ်တရားတွေမှ ထ ပေါက်တယ်လို့ ပြောလိုက်တော့ ကြည်လင်တဲ့ ရုပ်သစ်တွေ ဖြစ်ပေါ် ပြောင်းလဲပေါက်ပြန့်လာတဲ့ သဘော။

ဥတုဇရုပ်

ဥတုကြောင့်ဖြစ်နေတဲ့ ရုပ်တွေဟာလဲ မိမိခန္ဓာမှာ အလွန်တရာ ထင်ရှားပါတယ်၊ အသင်မေမွ မိတ်ဆွေတို့ နေပူထဲသွားတဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးမှာ တေဇောခေါ်တဲ့ ပူသဘောရုပ်တရားတွေ ဖွါးဖွါးဖြစ်ပေါ်လာတယ်၊ တဖန် အရိပ်ထဲ ပြန်ပြီး ဝင်လာပြန်တော့ ပူသဘောတွေချုပ်ပြီး သီတတေဇော ခေါ်တဲ့ အေးသဘောတွေပေါ်လာပြန်တယ်၊ နေပူထဲက ခန္ဓာကိုယ်ကြီးဟာ အရိပ်ထဲရောက်တော့ တပိုင်းတစမှ မပါလာတော့ဘူး။နေပူထဲမှာပင် သေးဆုံးခဲ့ပြီ၊ အဲဒါလို ဥတုပြောင်းလွဲတိုင်း ပြောင်းလွဲတိုင်း ရူပက္ခန္ဓာ ရုပ်တရားကြီး၏ မမြဲပုံကို ဉာဏ်ကုန်နှင်၍မြင်ရမယ်၊ဒါကြောင့်......

ရူပက္ခန္ဓာ-နေပူတဲ့ ထွက်စဉ်အခါက ဥတုဇာတောဇောခေါ်တဲ့ ပူသဘောရုပ်တရားတွေမှ အရိပ်ထဲဝင်လာတဲ့ အခါကျတော့၊ သီတတောဇောခေါ်တဲ့ အေးသဘောရုပ်တရားသို့ ပြောင်းလွဲဖေါက်ပြန်သွားတဲ့ သဘော။

အာဟာရဇရုပ်။ အာဟာရကြောင့် ဖြစ်နေတဲ့ ရုပ်တွေကို ကြည့်စမ်းပါဦး၊ ခန္ဓာကိုယ်လို့ အခေါ်ခံရတဲ့ ရူပက္ခန္ဓာ ရုပ်တရားကြီးဟာ၊ အာဟာရခေါ်တဲ့ ထမင်း, ဟင်း, မုံ့ပဲသရေစာတွေကို နေ့စဉ်နှင့်အမျှ နံနက်တခါ ညနေတခါ မျိုသွင်းနေကြရတယ်၊ အာဟာရမမျိုသွင်းမီအချိန်၌ ခန္ဓာကိုယ်ကြီးမှာ ညှိုးနွမ်းတဲ့ ရုပ်တရားဖြစ်ပေါ်နေတယ်၊ တဖန်အစာ အာဟာရတွေ မျိုသွင်းပေးလိုက်တဲ့အခါကျတော့ တောင့်တင်း ကြွမ်းထမ်းတဲ့ ရုပ်တရားတွေ ပေါ်လာပြန်တယ်၊ ထမင်းမစားခင် အချိန်က ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ရုပ်တရားတွေဟာ၊ ထမင်းစားပြီးတော့ တန္နမ်းစေ့မျှမရှိကြတော့ဘူး၊ ဥပမာ-နေဝင်စအခါက ညှိုထွန်းထားတဲ့ ရေနံဆီမီးတောက်ဟာ သန်ခေါင်ယံမှ အခါလောက်ကျတော့လဲ ဒီမီးတောက်ဘဲလို့ မျက်မြင်မှာထင်ရတာဘဲ၊ ဒါပေမယ်လို့ နောက်ထပ် ရေနံဆီအသစ် လောင်းထည့်ပေးတာကို မြင်ရပါသဖြင့် သူ့ရေနံဆီနှင့် သူ့မီးတောက် အပိုင်းအပိုင်း အပြတ်ပြတ် ကုန်ဆုံးနေတာကို သိရသလို၊ ခန္ဓာကိုယ် တည်းဟူသော မီးတောက်ကြီးကိုလဲ အာဟာရဆိုတဲ့ ရေနံဆီတွေ နေ့စဉ်သွန်းလောင်းမျိုသွင်းပေးနေတာကို မြင်ရပါသဖြင့်၊ အစာအာဟာရ မျိုသွင်းတိုင်း ခန္ဓာကိုယ်ရုပ်တရားကြီး၏အပိုင်း

အပိုင်း မဆိုင်းမရပ် ဒထစပ်သေနေပုံကို ဉာဏ်ကုန်ပေါ်၍ ရှုရမည်။ .... ဒါကြောင့်- ရူပက္ခန္ဓာ ထမင်းမစားခင်တုံးက ညှိုးနွမ်းနေတဲ့ ရုပ်တရားတွေမှ ထမင်းစားပြီးတဲ့အခါကျတော့ တောင့်တင်း ခိုင်မာခြင်းသို့ ပြောင်းလွဲလာတဲ့ သဘော ပေါက်ပြန်လာတဲ့ သဘော။

ယမ်းတိုက်ကြီး ဥပမာ။

ဇာဒိ ပင်ကိုယ်ပကတိက မမြဲသဘောရှိနေတဲ့ ရုပ်တရား အပေါ်မှာ ငါ ငါဟု သိမ်းပိုက်စွဲသူ ထားကြခြင်းသည်- ဥပမာအားဖြင့် ယမ်းပုံ ယမ်းတိုက်ကြီးကို စောင့်ရှောက် နေရသော ယောက်ျားကဲ့သို့၊ မိမိစောင့်ရှောက်နေရတဲ့ ယမ်းပုံကြီးက မီးမျိုးစေ့ ပါရှိနေတော့၊ ဗဟိဒ္ဓက မီးမှန်သမျှ ဆေးလိပ်မီးဖွါးကလေးကစပြီး ကြောက်လန့်စိုးရိမ်နေရသလို၊ ထို့အတူ ခန္ဓာကိုယ်တည်းဟူသော ယမ်းတိုက်ကြီးမှာလဲ ပေါက်ပြန် ပျက်စီးမဲ့ သဘော ကပ်လျက် ချပ်လျက်ပါနေတော့ ဗဟိဒ္ဓက ဘေးရန်မှန်သမျှ ခြင်, ဖွက်, သန်း, ကြမ်းပိုးကစပြီး အလုံးစုံအကုန်ကြောက်လန့်နေရတယ်၊ စင်စစ်မှာ ယမ်းပုံကြီးကို စောင့်ရှောက်နေတဲ့ သူသည် ဗဟိဒ္ဓက မီးကို ကြောက်ရသည် မဟုတ်၊ မိမိ၏ ယမ်းပုံကြီးက မီးမျိုးစေ့ ပါရှိ၍သာ ကြောက်ရသည်၊ အကယ်၍ မိမိစောင့် ရှောက်နေတာက ကျောက်ပုံကြီး ဖြစ်ပါမူကား အဘယ်မှာလျှင် ဗဟိဒ္ဓကမီးကို ကြောက်လန့်စရာရှိပါတော့အံ့နည်း။ ။ဥပမာ–တနည်းအားဖြင့်လဲ အနာရောဂါရှိသောသူများသည် ညှော်ကို ကြောက်လန့် ထိမ်းရှောင်နေရသကဲ့သို့၊ စင်စစ်မှာ ထိုသူသည် ဗဟိဒ္ဓက ညှော်

ကို ကြောက်ရသည့်မဟုတ် မိမိအနာကိုသာ မိမိကြောက်ရသည်။ အဘယ့်ကြောင့်လဲဆိုလျှင် အနာရောဂါ ကင်းရှင်းသူတို့သည် နေ့စဉ်နှင့်အမျှ ဟင်းလျာတွေကို ကြော်လှော်စားသောက်နေကြ၏။ အနာပျောက်လျှင် ဟင်းကိုကြောက်စရာမလို၊ ထို့အတူ ငါကိုယ် ငါကိုယ်လို့ သိမ်းပိုက်စွဲယူထားကြတဲ့ ခန္ဓာကိုယ်ကြီးက ဖေါက်ပြန်မှု, မမြဲမှု တည်းဟူသော အနာရောဂါဆိုးကြီးများရှိနေ၍သာ ဗဟိဒ္ဓဘေးရန်တွေကို ကြောက်လန့်နေကြရပေသည်။ အကယ်၍ ခန္ဓာကိုယ်ကြီးက ခိုင်မြဲတဲ့ဘရားမျိုးဖြစ်ပါမူကား မြင်းမိုရ်တောင်ကြီးနှင့် ဖွဲ့စပ်၍ကြွတ်သော်လည်း ပျက်စီးဖေါက်ပြန်မှုကို ကြောက်လန့်စရာမလိုတော့ပေ။ ထို့ကြောင့်–ဗဟိဒ္ဓက ဘေးရန်မှန်သမျှ ကြောက်လန့်ရတာကို မြင်ပါသဖြင့် ဘေးရန်နှင့် တွေ့တိုင်းတွေ့တိုင်း ရုပ်တရားကြီး၏ မမြဲပုံကို ဉာဏ်စွမ်းကုန်ထုတ်ဖေါ်၍ ကြည့်ရှုဆင်ခြင် ထင်မြင်အောင် ပွါးများကြပေတော့။ ဒါ့ကြောင့်......

ဖေဏပိဏ္ဍူပမံ ရုပ်ံ၊

ရုပ်၊ ဘူတရုပ်လေးခု၊ စတုပိသာ၊ ဥပါဒါဟု အဗ္ဗိုသာ၊ ရုပ်ရမျှလျက်၊ ဝါဟာစွဲငတ်၊ ဤကိုယ်ပုပ် ရုပ်ရ ရုပ်ခဲကြီးသည်၊ ဖေဏပိဏ္ဍူပမံ၊ ပထဝီထင်းချောင်း၊ ပျောင်းအိအာပေါ၊ တေဇော ချမ်းပူ၊ လှုလှုလွင့်ထ၊ ဝါယောမှသည်၊ စ၍များမြောင်၊ တောင်မျှတရှိ၊ ကြီးဘိတမူ၊ သုံးယူမဖြစ်၊ အနှစ်မရှိ၊ အကာအတိသာ ပစ်စရာ၊ ပမာရေမြှုပ်နှင့်တူ၏။

\+ \+ \+ \+

## ဝေဒနာက္ခန္ဓာ ခံစားတဲ့သဘော။

ဝေဒနာက္ခန္ဓာဆိုတာ ဗမာလိုတော့ ခံစားတဲ့သဘောပါဘဲ၊ အဲဒီ ခံစားတဲ့သဘောတွေကိုလဲ တောထဲတောင်ထဲမှာ သွားပြီးရှာနေရမှာမဟုတ်ပါဘူး၊ မိမိရဲ့မျက်စိ, နား, နှာ, လျှာ ကိုယ် မနောဆိုတဲ့ ခြောက်သဘော, ခြောက်ဒွါရ, ခြောက်ဌာန မှာရှိနေတာပဲ၊ နံနက်လင်းလို့ မျက်စိနှစ်လုံးကို ဘွားကနဲ ဖွင့်လိုက်တဲ့ အချိန်ကစပြီး ကောင်းတဲ့ရူပါရုံကို မြင်ရတော့ ကောင်းတယ်လို့ ခံစားတဲ့ သုခဝေဒနာတွေ၊ မကောင်းတဲ့ အနိဋ္ဌာရုံကိုမြင်ရတော့ မကောင်းဘူးလို့ ခံစားတဲ့ ဒုက္ခဝေဒနာတွေ မျက်စိမှာ တဖွါးဖွါးဖြစ်ပေါ်လာတယ်။ နားပေါက်က အသံကိုကြားတိုင်း၊ နှာခေါင်းပေါက်က အနံ့အမျိုးမျိုးကို နံတိုင်း၊ ဝစပ်ပေါက်က အရသာအမျိုးမျိုးကို စားတိုင်း၊ ကိုယ်ပေါက်က အတွေ့အထိအမျိုးမျိုးတွေကို တွေ့ထိ ဝတ်ရုံ သုံးဆောင်တိုင်း၊ မနောဒွါရစိတ်ပေါက်ကလဲ ကောင်း မကောင်း အာရုံအမျိုးမျိုးတွေကိုကြံဖန်တိုင်း၊ သုခဝေဒနာ ဒုက္ခဝေဒနာတွေဟာ ရေမြုပ်'ရေပွက်အလား တဖွါးဖွါးဖြစ်ပေါ်နေတယ်။ အဲဒီ ဝေဒနာတွေကို ငါ ငါလို့ထင်မှား စွဲယူနေကြတဲ့အတွက် သံသရာဒုက္ခတွေများပြားရှုပ်ထွေးနေကြရတယ်။

ဥပမာ-အင်းအပြင်၊ အိုင်အပြင်၊ ရေကန်အပြင်မှာ၊ အထက်ကောင်းကင်က မိုးစင်ရွာလိုက်တော့၊ မိုးပေါက်နှင့်ရေအပြင် ပေါင်းဆုံမှုကြောင့် တသဲသဲဖြစ်ပေါ်လာတဲ့ ရေပွက်တွေကို အဘိုးတန်ပစ္စည်းတွေဟု ထင်ကာ

သာယာသိမ်းပိုက် လိုက်လံ ရှာဖွေ ကောက်ယူနေသော သူရူးသည်၊ ရေပွက်တွေက အထိ အကိုင်မခံဘဲ လက်ထဲမှာပင် ပျက်စီးသွားကြသော်လဲ၊ ဒါတွေကသာ ပျက်သွားတာ၊ နောက်ထပ် ပေါ်လာတာတွေက အကောင်းတွေလို့ မှတ်ထင် စွဲသမ်းမှုကြီး နှိပ်စက်နေတဲ့အတွက် ရေပွက်တွေကို ကောက်ယူ သိမ်းဆည်းမှုကိစ္စ ဒုက္ခ များနေရသကဲ့သို့၊ ထို့အတူ အန္ဓပုထုဇဉ်ဆိုတဲ့ သူရူးတို့သည်လည်း စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ခြောက်ဒွါရ ရေကန်မှာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟုဆိုအပ်သော အာရုံခြောက်ပါး, မိုယ်းပေါက်များ၏ ကျရောက် ပေါင်းဆုံမှုကြောင့် ဖဿပစ္စယာ ဝေဒနာအရ တရှုရှုဖြစ်ပေါ်လာကြတဲ့ ရေပွက်ပမာ၊ သုခဝေဒနာ, ဒုက္ခဝေဒနာတွေကို သူငါဟု အထင်လွဲပြီး၊ မျက်စိပေါက်က ကောင်းကောင်းအာရုံကိုမှ ကြည့်ချင်တဲ့အတွက် ပွဲသမ်းသဘင်ရှိရာသို့ သွားရမှုဒုက္ခ၊ ပွဲလမ်းသဘင်များကိုငှါးရမ်း၍ ကြည့်ရှုရမှုဒုက္ခ၊ ငှါးရမ်းနိုင်အောင် ပိုက်ဆံကြေးငွေ ရှာကြံရမှုဒုက္ခဆိုတဲ့ အကောင်းရှာမှု သင်္ခါရဒုက္ခတို့ဖြင့် မပြတ်မလတ် အထပ်တပ် နှိပ်စက်ခြင်း ခံနေကြရတယ်။ ။

နားပေါက်ကလဲ ကောင်းကောင်းအသံကိုမှ ကြားချင်တဲ့အတွက်၊ သီချင်းသံ, ရေဒီယိုသံ, ဓာတ်စက်သံတို့ကို ရှာကြံရမှုဒုက္ခ၊ နှာခေါင်းပေါက်က ကောင်းကောင်း အနံ့ကိုမှ နံချင်တဲ့အတွက် ရေမွှေး ကရမက် ပေါင်ဒါတို့ကို ရှာကြံကာ လိမ်းချယ်ရမှုဒုက္ခ၊ ပစပ်ပေါက်က ကောင်းကောင်း စားချင်တဲ့ ဝက်သား, ကြက်သား, အမဲသားတို့ကို ရှာ

စားသောက်ရမှုဒုက္ခ၊ ။ကာယဒွါရ ကိုယ်ပေါက်ကလဲ၊ ဝေဒနာကို ငါလို့ စွဲပြီး ကောင်းကောင်းဝတ်ချင်မှု စားချင်မှု အတွက် ပိုး ဖဲ ကမ္ဗလာ၊ ကတ္တီပါ ကော်ဇော စသော ထိုထိုအာရုံကောင်းများကို ရှာဖွေဝတ်ရုံ သုံးဆောင်ရမှု ဒုက္ခ။ ။မနောဒွါရ စိတ်ပေါက်ကလဲ ကောင်းကောင်း အာရုံကို၄ ကြံဖန်ခံစားချင်တဲ့အတွက် အလိုရှိအပ် နှစ်သက်အပ်သော အာရုံကောင်းများကို ရှာကြံရမှုဒုက္ခတို့ သည် မအားမလပ်အောင် နှိပ်စက်၍နေကြကုန်၏၊ သူရူး သည် ရေပွက်အပေါ်မှာ သာယာခြင်းမကင်းသမျှ ရှာဖွေ ကောက်ယူမှုကိစ္စ မပြီးသကဲ့သို့၊ ဝေဒနာအပေါ်မှာ ငါ ငါဟု စွဲလမ်းမှုကြီး အပြီးကို မချုပ်ငြိမ်းသေးသမျှ သင်္ခါရ ဒုက္ခတို့ဖြင့် နှိပ်စက်ခြင်းခံရမည်ပင်၊ အကြင်အခါ သူရူး သည် ဆရာကောင်းနှင့်တွေ့သဖြင့် အရူးပျောက်၍ ရေပွက် အပေါ်မှာ သာယာမှုကင်းသွား၏၊ ယိုအခါ ရှာဖွေရဆောင်း မှုဒုက္ခ လွတ်ငြိမ်းသွားသကဲ့သို့ ပုထုဇဉ်ဘဝ လွတ်ကင်း ကြ၍ သူရူးရောဂါ ပျောက်ကင်းကွာသော အရိယာ အ ပေါင်း သူတော်ကောင်းတို့သည်လည်း ဝေဒနာ၏ပကတိ သဘောကိုရေပွက်နှင့်မခြားတသားတည်းကျအောင် မြင် တော်မူကြသဖြင့် သင်္ခါရဒုက္ခတို့၏ ကင်းပြတ်ငြိမ်းရာနိဗ္ဗု တာကို ထင်စွာမျက်မှောက် ခံစား ဆိုက်ရောက်သွားကြ လေပြီ။ ။ဒါ့ကြောင့်–အသင်ဓမ္မမိတ်ဆွေတို့၏ ခြောက်ဒွါ ရ၌ ကျရောက်ဖြစ်ပေါ်လာသော ဝေဒနာတို့ကိုလည်း ငါ မပါ–သူမရောတဲ့ ပကတိသဘောကို ပေါ်လောမြင်အောင် ဆင်ခြင်အားထုတ် အလုပ်လုပ်ကြရပေတော့မည်၊ မျက်စိ

နှဖြစ်သော ဝေဒနာတို့သည် မျက်စိပေါ်မှာပင်ချုပ်၍ နားသို့မပါလာပုံ၊ နားနှဖြစ်သော ဝေဒနာတို့သည် နှာခေါင်းသို့ မပါပုံ၊ နှာခေါင်းနှဖြစ်သော ဝေဒနာတို့သည် ပစပ်သို့ မပါနိုင်ပုံ၊ ပစပ်ပေါက်က ထမင်းစားနေရင်းပင် ပဌမ ထမင်းလုပ်က ဝေဒနာသည် ဒုတိယ ထမင်းလုပ်သို့မပါပုံ၊ ကာယဒွါရ ကိုယ်ပေါက်ကလဲ ဥပမာ-အသင်ဓမ္မမိတ်ဆွေရဲ့ ခြေဖဝါးမှာအပ်ဖျားကလေးနှင့်ဆွတဲ့အခါ ခြေဖဝါးအပြင်မှာ ဝေဒနာတွေ တဖွါးဖွါးပေါ်၍ တဖန် ဦးခေါင်းသို့ ပြောင်းရွှေ့ပြီး အပ်နှင့်ဆွပြန်တဲ့အခါ ခြေထောက်က ဝေဒနာဟောင်းတွေ ချုပ်ဆုံး ကွယ်ပျောက်ပြီး ဦးခေါင်းမှာ ဝေဒနာအသစ်တွေ တဖွါးဖွါးပေါ်လာပုံ၊

အမှာ။ ဤနေရာ၌ ခြေထောက်,ဦးခေါင်းဆိုတာနှင့်ဝေဒနာနာမ်တရားကွဲပြား ခြားနားပါစေ။ ခြေထောက်, ဦးခေါင်းလို့ အခေါ်ခံရတာက အနာရမ္မဏရုပ်တရားမျှသာ ဖြစ်သည်၊ မနာကျင်,မကိုက်ခဲတတ်။ ခြေထောက်က နာသည်၊ဦးခေါင်းကကိုက်သည်ဟု ရှုနေလျှင် ထိုသူ ရုပ်နာမ်မကွဲသေး။

မနောဒွါရခေါ်တဲ့ စိတ်ပေါက်ကလဲ ဥပမာ-ထိထိုးထားသော သူရဲ့အလား ကောင်းမကောင်းအာရုံ အဖုံဖုံအမျိုးမျိုးတို့ကို ရှာကြံခံစား ဝေဒနာနာမ်တရားတို့ တဖွါးဖွါးဖြစ်ပေါ်ပုံကို ပရွက်ဆိတ်အုံ, ပျားအုံကြီးများကို နုတ်နှင့်ဆွသည့်အလား၊ ဉာဏ်မြင်မှာ ထင်ရှားအောင် ဆင်ခြင်စဉ်းစား ပွါးများ အားထုတ် အလုပ်လုပ်ကြပေတော့၊

## ဝေဒနာ-ပုပ္ဗုဠောပမာ။

ဝေဒနာ၊ မျက်စိအာရုံ၊ နားအာရုံနှင့်၊ အာရုံရသာ၊ ခံစားပါလဲ၊ အရာမရောက်၊ ခါခါပျောက်သည့်၊ ခြောက်ပါးသော ဝေဒနာအစုသည်၊ ပုပ္ဗုဠောပမာ၊ ဆင်းရဲချမ်းသာ ရုံခါလျစ်လျူ၊ ဆုလှယ်ရုပ်ရက်၊ လျင်စွာပျက်၍၊ သုံးကွက်သုံးရာ၊ မထင်လာ-ဝမာရေပွက်နှင့်တူ၏။

\+ \+ \+ \+

## သညာက္ခန္ဓာ-မှတ်သားတဲ့သဘော။

သညာက္ခန္ဓာဆိုတာလဲ ဂူထဲမှာသွားပြီးရှာရမှာမဟုတ်ပါဘူး၊ သညာက္ခန္ဓာဆိုတဲ့ ပါဠိဘာသာကို ဗမာလိုပြန်ပြီး စိန္တာမယဉာဏ်နဲ့ မိမိခန္ဓာမှာ မှတ်သားမှု သဘောကလေးတွေကို၊ သန္ဒိဋ္ဌိက ကိုယ်တွေ့ဖြစ်အောင် ရှာရမယ်၊ မှတ်သားတယ်ဆိုတာလဲ ဗဟိဒ္ဓက ရုပ်တရားတွေထဲမှာ ပုဂ္ဂိုလ်သတ္တဝါ တွေးတွေလာလာ မှတ်သားစရာတွေရှိလို့ မှတ်ရတာ မဟုတ်ပါဘူး၊ ဝိညာဏ်အမှား နာမ်တရား ဖန်ဆင်းထားတဲ့ ပညတ်တရားများကို သညာကထပ်ပြီး မှတ်သားကာမျှပါဘဲ၊

မျက်စိနှင့်ကြည့်တဲ့အခါ အဆင်းဓာတ်တမျိုးတည်းကိုသာ မြင်ရပါလျက် ဤကား လူ၊ ဤကား နတ်၊ ဤကား ဗြဟ္မာ၊ ဤကား ရေ၊မြေ၊တော၊တောင်သမုဒ္ဒရာလို့ သညာက မှတ်ထားတယ်၊ အသင် ရွှေမိတ်ဆွေရဲ့ အိမ်ပေါ်မှာရှိတဲ့ ပစ္စည်းဝတ္ထုတွေကိုဘဲ အမျိုးအမည် အစားစား မရေမတွက်နိုင်အောင် များပြားတယ်မဟုတ်လား၊ အဲဒါဟာ

သညာရဲ့ သင်္ကေတတွေပေါ့။ အဆင်းခတ်ကဟော့ တမျိုးတစားတည်းဘဲ၊ ထင်ရှားအောင် လက်တွေပြခိုးမယ်၊ ယခုစာဘတ်နေရင်း အသင်ဓမ္မမိတ်ဆွေရဲ့ လက်ငါးချောင်းကို ထောင်ပြီးကြည့်လိုက်စမ်းပါ၊ မြင်ရတဲ့ အဆင်းခတ်က တမျိုးတည်းဘဲမဟုတ်လား၊ ကိုင်စမ်းကြည့်တော့လဲ မာသဘောချင်းကာ မခြားနားပါဘူး၊ အဲဒီရုပ်တရားတခုထဲအပေါ်မှာ ဒီဟာက လက်မ၊ ဒါက လက်ညှိုးလို့ အမျိုးမျိုး မှတ်ထားဒါဟာ သညာရဲ့သင်္ကေတပေါ့၊

နားအပေါက်က ကြားတဲ့အခါမှာလဲ တဖွါးဖွါးပေါ်နေတဲ့ သညာနာမ်တရားတွေကို ကြည့်စမ်းပါအုံး၊ အသံခတ်တမျိုးတည်း အပေါ်မှာ ဆိုင်းသံ, ဗိုင်းသံ, သီချင်းသံ, မင်းသွီးသံ, မင်းသားသံ, ခတ်စက်သံ, ရေဒီယိုသံ, ကြေးစည်သံ, ခေါင်းလောင်းသံ စသည်ဖြင့် အမျိုးမျိုး အစားစား မှတ်ထားဒါတွေဟာ ဘယ်ကလောက် များပြားသလဲ၊

နှာခေါင်းပေါက်က နံတဲ့အခါမှာလဲ အနံ့ခတ်တမျိုးတည်းအပေါ်မှာ ရေမွှေးကရမက် ပေါင်ဒါလို့ အဖြာဖြာမှတ်သားနေတဲ့ သညာတွေ၊

ပစပ်ပေါက်က စားတဲ့အခါမှာလဲ ရသာခတ်ပရမတ်အပေါ်မှာ ဝက်သား, ကြက်သား, အမဲ ငါးလို့ သညာနာမ်တရား အစားစား ပေါ်နေတာတွေ၊

ကာယဒွါရက တွေ့ထိတဲ့အခါမှာလဲ အတွေ့ခတ်ရုပ်တရားအပေါ်မှာ ပိုး ဖဲ ကမ္ဗလာကတ္တီပါ စသည်ဖြင့် အဖြာဖြာ မှတ်သားထားတဲ့ သညာနာမ်တရားတွေ၊

မနောဒွါရခေါ်တဲ့ စိတ်ကကြိတိုင်းလဲ ဓုဂ္ဂိုလ်သတ္တဝါ ရေ, မြေ, တော တောင် သမုဒ္ဒရာ၊ ဒိုး အင် ခွက်ယောက် စလောင်းက ငြိုး မှတ်သားနေတဲ့ သညာ၏သတ္တိတွေကို မြင်အောင်ကြည့်ရမယ်။

ဗဟိဒ္ဓက ရုပ်လောကထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါပုံကို ဉာဏ်ထဲမှာ ရှင်းထားပြီး၊ မိမိ အဇ္ဈတ္တဒွါရခြောက်ပါးက သညာနာမ်တရားတွေ တဖွါးဖွါး ပေါ်နေပုံကို ဉာဏ် ကုန်လွှတ်၍ ကြည့်လိုက်တော့၊ ဩကာသ လောကကြီးထဲမှာ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အရိပ်နိမိတ်တွေ သုဉ်းဆိတ်၍ သညာတခု သတ္တုချ၊ မိမိ၏ ခြောက်ဒွါရမှာ ဝိပဿနာ အလုပ်ရသွားတော့ဒါပါဘဲ။

အဲဒါလို မိမိအဇ္ဈတ္တ ခြောက်ဒွါရမှာ သညာနာမ်ဓမ္မ ပေါ်တာမျှကို ဝိပဿနာ ပညာဉာဏ်နှင့် မကြည့်မိ မရှုမိ မဆင်ခြင်မိကြသည့် အတွက်၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာ ဗဟိဒ္ဓ အရှိထင်ပြီး တံလျှပ်ကို ရေထင်မှားသော သား သမင်မိုက်ကဲ့သို့ လိုက်၍ မဆုံးအောင် ရှိနေကြရတယ်။ ဥပမာ–နွေအခါ ကာလမှာ အောက်က မြေခိုးနှင့် အထက် က နေရောင် ပေါင်းဆုံမိတဲ့အခါ ရေပြင်ကြီးလိုလို လှိုင်း ယရက်တွေလိုလို ဖြစ်ပေါ်လာတဲ့ တံလျှပ်တွေကို နွေအခါ ရေငတ်ကြတဲ့ သားသမင်တွေက အဟုတ်ရေပြင်ကြီးထင် မှတ်ပြီး ပြေးသွားရှာကြကြတယ်။အနီးအနားရောက်တော့ ပျောက်သွားပြန်တာဘဲ၊ တဖန် အဝေးကို လှမ်းပြီးကြည့် လိုက်တော့ ရေရှိတယ်လို့ ထင်ကြပြန်ပါရော။အဲဒါလို ပြေး သွား ရှာကြရင်းနှင့်ပင် ရေကိုမတွေ့ရ၊ မောပန်းခြင်း

ဘောဖြင့် သေဆုံးခြင်းသို့သာ ရောက်သွားကြရကုန်သကဲ့သို့၊ အနုပုထုဇန် သတ္တဝါတို့သည်လည်း မိမိ အဇ္ဈတ္တက ထင်မှတ်ကာမျှ သညာနာမ်ဝေဒနာကို မသိမရိပ်မိကြသည့်အတွက် ဗဟိဒ္ဓမှာအရှိထင်ပြီး ရှာကြံလုပ်ကိုင်ရင်းနှင့်ပင် သေဆုံးခြင်းသို့သာ ရောက်သွားကြရရှာတယ်၊ဒါကြောင့် ခြောက်ဒွါရက တံလျှပ်ပမာ ပေါ်လာသမျှ သညာနာမ်ဝေဒနာတို့ကို သာရသုညဆိတ်၊ နိမိတ်ကင်းသုညအောင် ဝိပဿနာရှုလုံးချပါတော့ ဝေမိတ်ဆွေ၊

မရီစိကူပမာ-သညာ။

သညာ၊ရုက္ခဗိုပုရိသ၊ သတ္တ-ဇီဝ၊ထင်မှတ်ပါလဲ၊မှတ်ရာမမြဲ၊အထင်လွဲသော သညာစုသည်။ မရီစိကူပမာ၊ ရေဟုထင်မှတ်၊ ကြုံးပမ်းလတ်၍၊ တမတ်မားမား၊ လိုက်ထေပြေးလည်း၊ တောသားသမင်၊ မောဟိုက်သွင်သို့၊ ဝိညာဉ်ဇီဝ၊သတ္တဆိတ်ညံ၊ပဋ္ဌကံကို၊အဟံမမ၊ ထင်မှားရအောင်၊ မျှားလှူဆောင်ကို၊ ရုပ်ဆောင် လှည့်ပတ်၊ အတွေးကပ်သည့် တံလျှပ်နှင့်တူ၏။

\+ + + +

သင်္ခါရကုန္တော-ပြုပြင်တဲ့သဘော။

သင်္ခါရက္ခန္ဓာဆိုတာ ဒေသနာအလို စာအာဆိုအားဖြင့် ဝေဒနာ, သညာမှ ကြွင်းတဲ့ စေတသိက်ငါးဆယ်ကို ကောက်ယူရတယ်၊ဒါပေမယ်လို့ ဝိပဿနာအလုပ်ခွင်မှာ ထင်ရှားတဲ့ လိုရင်းဆုံး အဓိက ကတော့ စေတနာ စေတသိက်တခု

ပါဘဲ၊ ဝေဒနာဆိုတာ ဥပမာအားဖြင့် ရုပ်ထဲ,ရွာထဲမှာ ရွာဆော်လှည့်တဲ့သူဟာ လူအများတွေကို လာကြပါ သွားကြပါ လုပ်ကြပါ ကိုင်ကြပါ စသည် တိုက်တွန်းနှိုးဆော်တာလို၊ သင်္ခါရက္ခန္ဓာခေါ်တဲ့ ဝေဒနာဟာလဲ စက္ခု,သောတ, ဃာန, ဇိဝှါ,ကာယ, မန ခြောက်ခွါရမှာ တိုက်တွန်းနှိုးဆော် တဖွါးဖွါးပေါ်နေတယ်၊ မျက်စိပေါက်က ဖြူဖြူဖွေးဖွေး ဘုရားစေတီလို ခေါ်ရတဲ့ အဆင်းကို မြင်ရတဲ့အခါ ထက်အုပ်ချီလိုက်ပါ, ရှိခိုးလိုက်ပါ, ကန်တော့လိုက်ပါ, ဖူးမျှော်လိုက်ပါလို့ တိုက်တွန်းနှိုးဆော်တဲ့ ကုသိုလ်ဝေဒနာတွေ တဖွါးဖွါး ပေါ်နေတယ်၊ အဲဒါဟာ—ဗဟိဒ္ဓက အဆင်းခတ် ရုပ်တရားထဲမှာ ဘုရားရှိလို့ ရှိခိုးပူဇော်ရတာ မဟုတ်ပါဘူး၊ မိမိအဇ္ဈတ္တက ဝေဒနာနာမ်တရားကြောင့် စိတ္တဇရုပ်ခေါ်တဲ့ ကာယကံလှုပ်ရှားမှု၊ ဝစီကံလှုပ်ရှားမှုတွေ ဖြစ်လာတာကိုဘဲ လက်အုပ်ချီတယ် ရှိခိုးတယ်လို့ ပြောရတာပါဘဲ၊ ဒီနေရာမှာ ပုဂ္ဂိုလ်သတ္တဝါဆိုတာ တနှမ်းစေ့မျှမပါလာဘူး၊ အဲဒါကို ပုဂ္ဂိုလ်သတ္တဝါမထက်၊ သက်သက်နာမ်ရုပ်တို့ အကြောင်းအကျိုး ဆက်စပ်ဖြစ်နေပုံကို မရိပ်မိရှာကြတော့၊ ဝေဒနာကိုမချနိုင်ဘဲ၊ ငါဘုရားရှိခိုးတယ်ဆိုတဲ့ သက္ကာယဒိဋ္ဌိအစွဲ ဝင်လာတယ်၊ သို့တည်းမဟုတ် ဘုရားမရှိလို့ ဘုရားရှိခိုးစရာ မလိုတော့ဘူးဆိုတဲ့ မိစ္ဆာဒိဋ္ဌိဘက်သို့လဲ တဘက်သတ် စောင်းသွားတတ်တယ်၊ ဒါကြောင့် "ဈောဉ္ဇျှင် မိစ္ဆာ၊ သာသျှင် ဒိဋ္ဌိ" တဲ့၊ မဇ္ဈိမပဋိပဒါကျအောင် ဝေဒနာကိုကြည့်ပါ၊ နားပေါက်က ကြားတဲ့အခါမှာလဲ ကြေးစည်သံ, ခေါင်း

လောင်းသံ, ဘုရားရှိခိုးသံ, တရားဟောသံများကို ကြား ရတော့ သာဓုခေါ်လိုက်ပါ သာဓုခေါ်လိုက်ပါလို့ တိုက် တွန်းနှိုးဆော်တဲ့ ကုသိုလ်စေတနာတွေ တဖွါးဖွါး ဖြစ်ပေါ် လာတယ်။ ။ဆိုင်းသံ, ဝိုင်းသံ, ဆဲဆို ငေါက်ငန်းသံများ ကို ကြားရတော့ နားဝမှာ အကုသိုလ်စေတနာတွေတဖွါး ဖွါးပေါ်လာတယ်။ ဒီ့ခါလို ဖြူစင်တဲ့ ကုသိုလ်စေတနာ့ အကြောင်းကြောင့် ဖြူစင်တဲ့ အကျိုးတရား ခန္ဓာငါးပါး တွေပေါ်နေတာကို လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်လို့ ခေါ်ရ တာပါဘဲ၊ မည်းညစ်တဲ့ အကုသိုလ်စေတနာ အကြောင်း ကြောင့် မည်းညစ်တဲ့ အကျိုးတရား ခန္ဓာငါးပါးတွေပေါ် နေတာကို ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်, အပါယ် လေးပါးလို့ခေါ်ရတာဘဲ။ ဝင်စစ်မှာတော့ "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" အရ၊ အပါယ်လေးပါး သုဂတိဆို တာမရှိ စေတနာရဲ့ သတ္တိတွေပါဘဲ၊ အဲဒါလို စေတနာ တလုံးနဲ့ လောကကြီးတခုလုံးကို ပုဂ္ဂိုလ်သတ္တဝါဆုံးအောင် ကြည့်ပြီး မိမိတို့ခြောက်ဒွါရက မြင်တိုင်း ကြားတိုင်း နံ တိုင်း လျက်တိုင်း တွေ့ထိကြံစည်တိုင်း အနှစ်သာရမရှိတဲ့ စေတနာကို မြင်အောင်ကြည့်ပါ။

၎င်းပြင် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတို့ ဖြင့် ပြုပြင်လှုပ်ရှား သွားလာလုပ်ကိုင် ကြံစည်တိုင်း စေတ နာ၏ ဖြစ်ပျက်ပုံကို ညာဏ်ကုန်ရှုပါ၊ သွားခြင်း, ရပ်ခြင်း ထိုင်ခြင်းလျောင်းခြင်းဆိုတဲ့ ဣရိယာပုထ်လေးပါး ပြောင်း တိုင်း ပြောင်းတိုင်းလဲ စေတနာ၏ မမြဲပုံကို ညာဏ်ထဲမှာ ပေါ်လာအောင် ကြည့်ပါ။ ဒါနမှု, သီလမှု, ဘာဝနာမှုတို့

ပြုတိုင်းပြုတိုင်းလဲ စေတနာကို မြင်အောင်ရှုပါ။ ။လူ့လောကမှာ သူဌေး,ရှင်ဘုရင်,သူတောင်းစား ကွာခြားပုံတွေကို မြင်ပါသဖြင့်လဲ စေတနာ၏ သတ္တိကိုသိပါ၊ အဲဒါလို မိမိအဇ္ဈတ္တမှာ ပေါ်လာသမျှသော စေတနာ နာမ်ခဲတော်တွေကို ဝိပဿနာဉာဏ်နှင့် ကပ်ပြီး၊ ဌက်ပျောတုံး ဌက်ပျောဖတ်ကဲ့သို့ အနှစ်အသား အဖတ် အထည် မရှိပုံကို ဉာဏ်ကုန်နိုင်၍သာ ဆင်ခြင်ပွါးများပါတော့ ဓမ္မမိတ်ဆွေ၊ ဒါ့ကြောင့်....

သင်္ခါရာ-ကဒလူပမာ။

သင်္ခါရာ၊ ဝိတက်,ဝိစာ၊ စေတနာက၊ဖဿမှသည်၊ စ၍ရေတွက်၊နှစ်မဘက်သည့်၊ သင်္ခါရက္ခန္ဓာ အပေါင်းသည်၊ ကဒလူပမာ၊ အနှစ်တွေ့နိုး၊ အားဆန်ကြိုး၍၊ အကျိုးတလျောက်၊ထက်အောက် တွင်းဖြင်၊ ရှာသော်လျှင်လည်း၊ တပင်လုံးသာ ကုန်လေပါသည်၊အကာလုံးလုံး၊အနှစ်သုဉ်းသည့် ငှက်ပျောတုံးနှင့်တူ၏။

## ဝိညာဏက္ခန္ဓာ-ကြံသိတဲ့သဘော။

ဝိညာဏက္ခန္ဓာဆိုတာ အာရုံရုပ်တရား တမျိုးတစား တည်းကို အမျိုးမျိုးအထွေထွေ ပွေပွေလီလီ ဖြစ်အောင် ကြံစည် ဖန်ဆင်းတတ်တဲ့သဘောကို ဝိညာဏက္ခန္ဓာလို့ ခေါ်တာပါတဲ၊ ဗဟိဒ္ဓက အခြားအရာတွေကို အသာထားပါဒုံးတော့၊ အသင်ဓမ္မမိတ်ဆွေရဲ့ အဇ္ဈတ္တခန္ဓာကိုယ်လို့ ခေါ်ရတဲ့ ဝတ္ထုတခုမှာဘဲကြည့်စမ်းပါ၊ ခြေဖျားမှ ဆံဖျားအဝ်သွားချစရာ မလပ်အောင် ရုပ်တရားများသာလျှင် ထင်

ရှားပကထိ တင်းကြမ်းအပြည့် အမှန်ပင်ရှိနေပါလျက်၊ ဝိညာဏ်၏ သတ္တိက သယ်ကလောက် များပြားဆန်းကြယ်စွာ ဖန်ဆင်းထားသလဲ၊ ခြေတဲ့၊ လက်တဲ့၊ ခေါင်းတဲ့ မျက်နှာ၊ ရင်ဝမ်း၊ နှုတ်ခမ်း၊ မေး၊ ပါး၊ အရေ အသား၊ အကြော၊ အရိုး စသော အားဖြင့် မရေမတွက်နိုင်အောင် များပြားတယ်။ အဲဒါဟာ ရုပ်တရားထဲမှာ ခြေတွေ လက်တွေ ခေါင်းတွေ ရှိနေလို့ ဝိညာဏ်က ကြံစည်ရတာ မဟုတ်ဘူး၊ "ဂန္ဓဗ္ဗနဂရံဗျော သုပိနန္တကံဗျော" လို့ ဒေသနာရှိတဲ့အတိုင်း ကောင်းကင်၌ ဖန်ဆင်းအပ်သော ဂန္ဓဗ္ဗနတ်မြို့ကြီးကဲ့သို့ သန်ခေါင်ယာမ်အခါ မြင်မက်သော အိပ်မက်ရုပ်ကဲ့သို့ စိတ်ထဲတွင်သာ ပေါ်လာသော တရားမျိုး ဖြစ်ပေသည်၊ ဥပမာ-တနည်းအားဖြင့် မျက်လှည့်သမား နှင့်တူတယ်လို့လဲ ဘုရားဟောခဲ့ပြန်တယ်၊ အသင်မေ့မိတ်ဆွေတို့ မျက်လှည့်ဆရာကို တွေ့ဘူးကြတယ် မဟုတ်လား၊ အဲဒီ မျက်လှည့်ဆရာဟာ အတိုးအခကြေးငွေများကိုယူကာ မြို့ထဲ ရွာထဲမှာ လှည့်ထည်ပြီး သူ့ကိုယ်သူလဲ ကျနုပ်ဟာ လူလိမ်ကြီးပါ။ ခင်ဗျားတို့ကို လိမ်ပြပါမယ်လို့ တာဝန်ခံတယ်၊ သူပြတာတွေ ကြည့်လိုက်ပြန်တော့လဲ လိမ်ဆဲခဏ ထင်ရုံကာမျှ ထင်ရတာဘဲ၊ မျက်လှည့်ဆရာ၏ သတ္တိ မသိကြသေးတဲ့သူတွေကတော့၊ မျက်လှည့်ဆရာလာသတဲ့ ဆိုရင် ဝမ်းသာအားရ အတိုးအခ, ပေးပြီးကြည့်ကြတယ်၊ မျက်လှည့်ဆရာ၏သတ္တိကို အတတ်သိကြတဲ့ သူတွေကတော့၊ မျက်လှည့်ဆရာလာသတဲ့လို့ ကြားနေပေမဲ့ မျက်

လှည့်ဆရာခံ့ဆိုတာ၊ လိမ်မှာပါဘဲဆိုပြီး နှစ်နှစ်ကာကာ ကြည့်ချင်စိတ်မရှိကြတော့ဘူး။

ဒီ့အခါလိုပါဘဲ၊ ယခုဒီမှာလဲ ဝိညာဏ်အမှား နာမ်တရား၏သဘောကို မသိကြသေးတဲ့ အန္ဓပုထုဇဉ်ကလေး အမိုက်များကတော့ ရုပ်တရားထဲမှာ ယောကျ်ား, မိန်းမတွေ အရှိထင်ပြီး ကြည့်ချင်မှုတွေ ထိချင်မှုတွေ လိုချင်မှုတွေဖြစ်ကုန်ကြတယ်။ ဒါ့ကြောင့် "ပုထုဇ္ဇနာနံ ဝါ၊ သညာ အာသာ ဒုက္ခဗန္နတော ရိတ္တမုဋ္ဌိဝိယ" လို့ ပြခဲ့တာပေါ့။ ဝိညာဏ်အထင် ပုထုဇဉ်တို့ရဲ့ အမြင်ဟာ အချည်းနှီးသော လက်ဆုပ်ကဲ့သို့ဘဲတဲ့။ ဝိညာဏ်မြင်၏ သဘောကို အတတ်သိနေတဲ့ အရိယာများကတော့၊ ဒီမြို့အနေနဲ့ ဖွဲ့ဖွဲ့လမ်းလမ်းကြီး မရှိကြတော့ဘူး။ ဒါ့ကြောင့်-တလောကလုံးမှာ ထင်ထားသမျှ အရာဝတ္ထုကို ဝိညာဏ်တခုနဲ့ သတ္တုချပြီး ရုပ်တရားကို အသာထား၊ နာမ်တရားကို ဘာဝနာပွါးလိုက်တဲ့အခါ၊ "ဝိညာဏော ဘိက္ခဝေ၊ အာဟာရေ ပရိညာတေ၊ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ၊ ကိဉ္စိ ဥတ္တရိကရဏီယန္တိ ဝဒါမိ" ဖြစ်သွားတော့ဒါပါဘဲ၊ အလုပ်မပါဘူးလို့ ပြောအုံးမလား ဓမ္မမိတ်ဆွေတို့၊ ဒါ့ကြောင့်......

မာယူပမာဏံ ဝိညာဏံ၊ ဒဋ္ဌဗ္ဗံသာရ ဒေသိနာ။

ဝိညာဏ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယနှလုံး မြို့ အုံးခိုနေ လူကိုမွေသည့် ခြောက်ထွေသော ဝိညာဏ်ရသည်၊ မာယူပမာဏံ၊ ဓမ္မဟုတ်ဘဲ၊ ကျောက်အရုဋ္ဌဲကို၊

ပေါက်လွဲပြုပြင်၊ ရွေစင်မြသား၊ ပတ္တမြားအရောင်၊ ဟန်ဆောင်ပြုလုပ်၊ မျက်လှည့်ရုပ် နှင့်တူ၏၊ ဆူတိ၊ ဤသို့၊ သာရဒသိနှာ၊ အနှစ်မြင်သိ၊ ပညာရှိသည်၊ ဒဌမွံ၊ ဝိပဿနာ၊ ဖရိညာလမ်း၊ မျှော်ကာမှန်း၍၊ ဖြောင့်တန်းမသွေ ရှုမှတ်အပ်ပါပေ၏။

---

# ဝိပဿနာကြွေးကျော်သံ

၁။ ဓာတ်ဘေးကြီး ..... လွတ်ဘို့ရာ၊ သာသနာထဲမှာ အားခဲကြပါ။ (ရုပ်ခန္ဓာ)တရားဓမ္မကို ပွါးများရှုပါ၊ ( ရုပ်ရေမြှုပ်ပမာ ) ထင်အောင်သာကြည့်ပါ၊ မြင်အောင်သာကြည့်ပါ၊ (ဖြစ်မှုဘေး) လွတ်အေးနိုင်တဲ့ခါ၊ ခုသာသနာ၊ ပိဋကတ္တယပမဒေသနာ' သုတ္တန်ကျမ်းအလာ၊ ဒေသနာအရင်းက- သေအချာလင်းမှ ညာဏ်ရှင်းကာ ကောန်မြင်ရမှာ၊ "ပေါက်ပြန်တာ" သဘာဝကို၊ ပြာကျအောင် ထင်စွာရှုစမ်းပါ၊

၂။ ဇရာဘေးကြီး။.... လွတ်ဘို့ရာ၊ သာသနာထဲမှာ၊ အားခဲကြပါ၊ (ဝေဒနာ)တရားဓမ္မကို ပွါးများရှုပါ၊ (ဝေဒနာ ရေပွက်ပမာ) ထင်အောင်သာကြည့်ပါ မြင်အောင်သာကြည့်ပါ၊ (အိုမှုဘေး) လွတ်အေးနိုင်တဲ့ခါ၊ ။ခုသာသနာ ပိဋကတ္တယပမဒေသနာ၊ သုတ္တန်ကျမ်းအလာ၊ဒေသနာအရင်းက-သေအချာလင်းမှ ညာဏ်ရှင်းကာ ကောန်မြင်ရမှာ၊ "ခံစားတာ" သဘာဝကို ပြာကျအောင် ထင်စွာရှုစမ်းပါ၊

၃။ မျာစိဘေးကြီး။ ... လွတ်ဘို့ရာ၊ သာသနာထဲမှာ အားခဲကြိုပါ၊(သဒ္ဓါ)တရားဓမ္မတို့ ပွါးများရှုပါ၊(သဒ္ဓါ ထံလျှပ်ပမာ၊) ထင်အောင်သာကြည့်ပါ၊ မြင်အောင်သာ ကြည့်ပါ၊ (နာမှဘေး) လွတ်အေးနိုင်တဲ့ခါ၊ ၊ချ သာသ နာ ပိဋကဓပမဒေသနာ၊ သုတ္တန်ကျမ်းအလာ၊ ဒေသနာ အရင်းက– သေအချာလင်းမှ ညဏ်ရှင်းကာ ကေန်မြင်ရ မှာ၊ " မှတ်သားဒါ " သဘာဝကို၊ ပြာကျအောင် ထင်စွာ ရှုစမ်းပါ၊

၄။ မရဏာဘေးကြီး .... လွတ်ဘို့ရာ၊ သာသနာထဲမှာ အားခဲကြိုပါ၊(သတိရာ)တရားဓမ္မကို ပွါးများရှုပါ၊(သတိ ရာ ဌက်ပျောပမာ) ထင်အောင်သာကြည့်ပါ၊ မြင်အောင် သာကြည့်ပါ၊ (သေမှဘေး)လွတ်အေးနိုင်တဲ့ခါ၊ ၊ချသာ သနာ၊ပိဋကဓပမ ဒေသနာ၊ သုတ္တန်ကျမ်းအလာ၊ဒေသနာ အရင်းက- သေအချာထင်းမှ ညဏ်ရှင်းကာ ကေန်မြင်ရ မှာ၊ " ပြုပြင်ဒါ " သဘာဝကို၊ ပြာကျအောင် ထင်စွာရှု စမ်းပါ၊

၅။ ဒုက္ခဘေးကြီး.....လွတ်ဘို့ရာ၊ သာသနာထဲမှာ အားခဲကြိုပါ၊ ( ဝိညာဏာ ) တရားဓမ္မကို ပွါးများရှုပါ၊ (ဝိညာဏ်မျက်လှည့်ပမာ၊) ထင်အောင်သာ ကြည့်ပါ၊ မြင် အောင်သာကြည့်ပါ၊ (ဆင်းရဲဘေး ) လွတ်အေးနိုင်တဲ့ခါ၊ ချသာသနာ ပိဋကဓပမဒေသနာ၊ သုတ္တံန်ကျမ်းအလာ၊ ဒေသနာအရင်းက သေအချာလင်းမှ ညဏ်ရှင်းကာ၊

ဧကန်မြင်ရမှာ၊ "ကြိသိဒါ" သဘာဝကို၊ ပြကျအောင် ထင်စွာရှုစမ်းပါ။

ဓမ္မမိတ်ဆွေ တသင်းတို့-သိစေရင်းစေတနာ၊
ဝိပဿနာနေဝန်း-ပေါ်ထွန်းတဲ့ခါ၊
ထင်မြင်နိုင်စေသာ-ဆင်ခြင်နိုင်စေသာ၊
ဒါမှ-သဘာဝ-ပြအကျ ဆိုက်ရောက်နိုင်မှာ။

---

## ဝိပဿနာဉာဏ်ဆယ်ပါးဖြင့်
## မဂ်သို့တက်သွားပုံ။

အဲဒါလို ရုပ်ကို-ရေမြှုပ်နှင့်တူပုံ၊ ဝေဒနာ-ရေပွက်နှင့်တူပုံ၊ သညာ-တံလျှပ်နှင့်တူပုံ၊ သင်္ခါရ-ငှက်ပျောတုံး, ငှက်ပျောဖတ်နှင့်တူပုံ၊ ဝိညာဏ်- မျက်လှည့်ရုပ်နှင့်တူပုံ စသည်ဖြင့် ဥပမာနှင့် ဥပမေယျ တထပ်ထည်း ကျအောင်၊ ခန္ဓာငါးပါး၏ သဘောသဘာဝတွေကို စိန္တာမယဉာဏ် ဖြင့် မိမိခန္ဓာမှာ ရှာကြံစဉ်စား၍ ဉာဏ်ဝမှာ မှန်ပြသလို မြင်လာတဲ့အခါ မိမိဉာဏ်ထဲမှာ ထင်ရှားသော ခန္ဓာတခု ကို ထုတ်နုတ်၍ ဘာဝနာမယဉာဏ်သို့ တဆင့်တက်ပြီး ဘာဝိတာ ဗဟုလီကတာ ဒေသနာအရ၊ ပစ္စုပ္ပန်ပေါ်ခဲ ခဏ၊ အာဂန္တုကသဘာဝကလေးတွေကို "မုံ့ညက်ဆင့် ခတ်၊ ဝါဂွမ်းဖတ်" သကဲ့သို့၊ အထပ်ထပ် ဆင်ခြင်၍ ထင် မြင်အောင် အားထုတ်ပါတော့။

သမ္မသနဉာဏ်

ယိုသို့ အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်တဲ့အခါ ဖျက်စိကဲ့ ပေါ်လာသော ရုပ်နာမ်ခန္ဓာတို့သည် နားသို့မပါပဲ၊ နား၌ပေါ်လာသော ရုပ်နာမ်ခန္ဓာတို့သည် နှာခေါင်းသို့ မပါပဲ၊ နားဝမှာပင် ချုပ်ဆုံး ကွယ်ပျောက်ပုံ စသည်ဖြင့် ခြောက်ဒွါရ ခြောက်ဌာနမှာ ရုပ်နာမ်ခန္ဓာတို့သည် တရှိန်းရှိန်းတအုန်းအုန်း "နှမ်းအိုးခင်းထက် နှမ်းစေ့ကျက်" သကဲ့သို့ ဖျက်ဖျက်ကြေမွ အနိစ္စ မမြဲပုံ၊ ဒုက္ခ ဆင်းရဲပုံ၊ အနတ္တ အစိုးမရပုံသဘောတို့ကို ပေါ်လော မြင်လာတဲ့အခါ ဝိပဿနာဉာဏ်ဆယ်ပါး၏ အစက "သမ္မသနဉာဏ်"လို့ ခေါ်ရတာပါဘဲ။

ဥဒယဗ္ဗယဉာဏ်။

ဒ်ဒီ သမ္မသနဉာဏ် အမြင်သန်ပြီးတဲ့နောက် ဆက်လက် အားထုတ်ပြန်တဲ့အခါ ရုပ် နာမ် ခန္ဓာတို့သည် ဥပမာအားဖြင့် ရေ၌ ဒုတ်ဖြင့်ရေးခြစ်ရာ၊ ရေ့ကခြစ် နောက်က ပျက်လိုက်သကဲ့သို့၊ နေထွက်လာတဲ့အခါ မြက်ဖျား၌ရှိသော ဆီးနှင်းပေါက်တို့အရည်ပျော်သကဲ့သို့၊ အပ်နဖါးကို ထွင်းသော ရှူးဖျားပေါ်ကိုမုန်ညင်းစေ့တင်တဲ့အခါ တင်လျှင်တင်ခြင်း လိမ့်ကျသွားသကဲ့သို့၊ချဖြစ် ချပျက်တွေပါတကားဟု အဖြစ်နှင့် အပျက်ကို ထင်ထင်ရှားရှားကြီး မြင်လာတဲ့အခါ "ဥဒယဗ္ဗယဉာဏ်"လို့ ဒေသနာသံပေးပြီး ပြောရတာပေါ့။

\+ + × +

နိဗ္ဗိန္ဒာ။

ဒ်ဒါလို-ရုပ်နာမ်တို့၏ အဖြစ်အပျက်တွေကို ထင်ရှားစွာ မြင်လာတဲ့အခါ၊မိမိစိတ်ထဲမှာ အလွန်ကြည်လင်နေသည့် အတွက် စိတ္တဇကိုယ်ရောင် ကိုယ်ဝါ

များနှင့်တကွ၊ စိတ္တပစ္စယ,ဥတုသမုဋ္ဌာန အရောင်အဝါတွေ ဖြစ်ပေါ် လာတတ်ပေသည်။ ထိုအခါ နောက်နောက်က မမြင်ဘူးတာတွေကို မြင်ရတော့ မဂ်ဖိုလ်ကိုရပြီဟု အထင်မှားပြီး၊ အားထုတ်မြဲကမ္မဋ္ဌာန်းကို စွန့်လွှတ်၍အရောင်အဝါတွေကို သာယာနှစ်သက်ကာ ဝိပဿနာလမ်းလွဲသို့ လိုက်သွားတတ်လေသည်၊ ထို့နောက်မှာလဲ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခ၊ ပဂ္ဂဟ၊ သုခ၊ ဉာဏ၊ ဥပဋ္ဌာန၊ ဥပေက္ခာ အစရှိတဲ့ ဝိပဿနာ၏ ညစ်ငြူးကြောင်းတွေ ဖြစ်လာတတ်ပေသေးသည်။

x x x x

ဘင်္ဂဉာဏ်။

ထိုအခါ ဝိပဿနာ၌ ကျွမ်းကြင်သော ယောဂီပုဂ္ဂိုလ်သည် အရောင်အဝါ စသည်တို့ကို ဂရုမစိုက်ဘဲ အားထုတ်မြဲ ဝိပဿနာကိုသာ ပြန်၍ဆင်ခြင်ရာ၊ ရုပ်နာမ်တို့၏ အဖြစ်အပျက်တွေက အလွန်လျင်မြန်လွန်းသဖြင့်၊ အဖြစ်တွေကို အာရုံမပြုနိုင်တော့ဘဲ အပျက်တခုတည်းကိုသာ တင်ထင်ရှားရှားကြီး မြင်နေတဲ့ဉာဏ်ကို ''ဘင်္ဂဉာဏ်'' လို့ခေါ်ရပြန်တာပေါ့။

ဘယဉာဏ်

ရုပ်နာမ်တို့၏ အဖြစ်အပျက်တွေကို မြင်တဲ့အခါ၊ ဥပမာအားဖြင့် ခြင်္သေ့,သစ်,ကျား ဘေးရန်များသော တောကြီးထဲသို့ ရောက်နေသော ယောကျာ်းသည် ကြောက်စရာအရပ်ဟု ထင်မှတ်သကဲ့သို့၊ ဤရုပ်နာမ်တို့သည်လည်း ,တသေထဲသေ, တပျက်ထဲ ပျက်နေသည့်အတွက် ကြောက်မက်ဘွယ်တွေပါကလားလို့ထင်

ရှားစွာ မြင်တဲ့ဉာဏ်ကို "ဘယဉာဏ်"လို့ ခေါ်ရပြန်တယ်။

### အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်။

ရုပ်နာမ်သင်္ခါရတို့သည် အမြဲတမ်း ဒို့နာ, သေနေရသည့်အတွက် ကြောက်မက်ဘွယ်တွေပါကလားလို့ မြင်တဲ့ ဘယဉာဏ်ပေါ်လာသည့်အခါ၊ ထိုရုပ်နာမ်တို့၏ အပြစ်တွေကို မြင်တဲ့ "အာဒီနဝဉာဏ်"လဲ ပေါ်လာရတော့ဒါပါဘဲ။ ထိုသင်္ခါရတို့၏ အပြစ် အာဒီနဝတွေကို မြင်လျှင် အဘယ်မှာပျော်ရွှင်စရာရှိပါတော့မလဲ။ ငြီးငွေ့တဲ့ "နိဗ္ဗိဒါဉာဏ်"လဲ ဆက်လက် ဖြစ်ပေါ်လာတော့ဒါပါဘဲ။ ထိုကဲ့သို့ ငြီးငွေ့လာတဲ့အခါ ပိုက်ကွန်မှာမိနေသော ငါးသည် ပိုက်ကွန်တွင်းမှ လွတ်ထွက်လိုသကဲ့သို့ သင်္ခါရတို့မှ လွတ်မြောက်လိုတဲ့ "မုဉ္စိတုကမျတာ" ဉာဏ်လဲ ဖြစ်ပေါ်လာပေတော့ထတ်။

ပဋိသင်္ခါဉာဏ်

ထိုသို့ လွတ်မြောက်လိုတဲ့အခါ ဘယ်လို လွတ်အောင် လုပ်ရပါမလဲဟု တွေးတောပြီး၊ ဘာဝနာ လေးဆယ်တို့ဖြင့် အားတိုက်ဖိကာ၊ ကြပ်ကြပ်နှံ့နာအောင် နိစ္စ, သုခ, အတ္တဟု နောက်ထပ်မစွဲသမ်းနိုင်အောင် ရုပ်နာမ်တို့၏ အနိစ္စ, ဒုက္ခ, အနတ္တကို တဖန်ပြန်၍ ဆင်ခြင်တဲ့ဉာဏ်ကို "ပဋိသင်္ခါဉာဏ်" လို့ ခေါ်တာပါဘဲ။

သင်္ခါရုပေက္ခာဉာဏ်

ထိုသို့ ဆင်ခြင်တဲ့အခါ ရုပ်နာမ် သင်္ခါရတို့၏အပေါ်၌ ကြောက်လန့်ခြင်းလဲ ရှိ၊ နှစ်သက်သာယာခြင်းလဲမရှိတော့ဘဲ လျစ်လျူရှုနေတဲ့

ဉာဏ်ကို "သင်္ခါရုပေက္ခာဉာဏ်"လို့ ခေါ်တယ်။ လျစ်လျူရှုတယ်ဆိုပေမဲ့ လုံးလုံးအာရုံမပြုဘဲနေတာမဟုတ်ဘူး ဝိပဿနာဉာဏ်ဖြန်သမျှ သင်္ခါရကိုသာ အာရုံပြုတယ်၊ အာရုံပြုတဲ့အခါ ကြောက်လန့်စရာ သာယာစရာတွေကို ဂရုမစိုက်ဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုဆင်ခြင်နေတာပါဘဲ၊

အနုလောမဉာဏ်။ ထိုသင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့ကို လျစ်လျူရှုပြီး၊ နိဗ္ဗာန်ကို တိုက်ရိုက်မမြင်ရသေးသော်လဲ သင်္ခါရကိုပင် အာရုံပြုကာ နိဗ္ဗာန်ကို ရှာနေတဲ့အခါ နိဗ္ဗာန်ကို မြင်လောက်သည့်အကြိမ်၌ ပရိကံ ဥပစာ၊ အနုလုံဟု မဂ်၏ ရှေ့နားက မဂ်နှင့်လျော်တဲ့ "အနုလောမဉာဏ်" ဖြစ်ပေါ်လာပြီး "ဂေါတြဘု" ဖြင့် ပုထုဇဉ်အနွယ်ကို ဖြတ်လျက်၊ မဂ်ဖိုလ်သို့ ရောက်အောင် တိုးတက်၍ နေ့စဉ်နှင့်အမျှ လူထုတွေ တောင့်တ နေကြသော သန္တိသုခ ခေါ်တဲ့ နိဗ္ဗာန်ကို လျင်မြန်စွာ ဒိနေရာမှာတွေ့ မြင်ရတော့ဒါပါဘဲ။

### ဝိပဿနာအလုပ် အကျဉ်းချုပ် ဆောင်ပုဒ်။

စကျူပေါက်က မြင်တိုင်းသာ၊ ဆာဝနာလုပ်စမ်းပါ၊
အဆင်းခါတ်က ရုပ်ခန္ဓာ၊ ဝေဒနာခံစားတာ၊
မှတ်သားတာ သညာတရားလို့ ပွါးများရှုပါ။
သင်္ခါရာ စေ့ဆော်ပြုလို့၊ မြင်သိမှု ဝိညာဏ်ခေါ်လေဒါ၊
စကျူဒွါရမှာ၊ ခန္ဓာငါးပါး ပေါ်အောင်ရှာ၊

ကြည့်ရာလဲ....ဒါဘဲ ဝိပဿနာ၊
သိစောင်လဲ၊ ဉာဏ်တွဲ ဆင်ခြင်ပါ၊
ပွါးရှုဆဲ-ငါအစွဲ မိစ္ဆာကွာ၊
ဇွာဒါဘဲ ဓါဘဲ နိဗ္ဗာန်ပါ၊

(ခြောက်ဒွါရဆို။)

---

## ရှုဒါမလွဲကြစေနဲ့ ဒါဘာဘဲ နိဗ္ဗာန်တရားတော်ကြီး။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မ·မုတ္တမံ၊
ဧကာ·ဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မ·မုတ္တမံ၊

ယောစ၊ သူမွေး, ရှင်ဘုရင်, သူတောင်းစား ရယ်လို့ လောကအနေမှာ ခွဲခြားစရာရှိကြသော်လဲ၊ စောဘုရား ပရမေ ဘဂဝါဟောကြားဒါ ကြည့်လိုက်ပြန်တော့၊ သဘောတရားမသိမှုအကြင်သူသည်ကား။ ဉတ္တမံ၊ဒါနဲ့သိလ္လသမထနှင့်၊သာသနာပ စရဏတို့ထက်၊ အဆတရာ မကသာ၍၊ နှိုင်းစရာမရ၊ တုစရာမရှိ၊ ပကတိအနေ၊ မြတ်လှပေသော ဓမ္မ၊ရှင်တော်ဘုရား၊လိုရင်းထား၍၊ ဟောကြားမိန့်မှာ၊ငါးခန္ဓာကို၊ ဓမ္မ၊ သုတ်အလိုကတော့ သုံးကျမ်းသာ၊ ဝိနည်းအလိုကျတော့ ငါးကျမ်းပါ၊အဘိဓမ္မာဆိုတာ ခုနစ်ကျမ်း ရယ်လို့၊ ရွှေဉာဏ်တော် ပွင့်လန်း တင့်ဆန်းဖြာ၊ အကျင့်စခန်းမှာ အပိုမသုံးဝရစေနဲ့၊အတိုးချုံးလိုက်တော့ နိဂုံးငါး

ခန္ဓာ၊ ...... ဥာဏ်ဘာပွါးရှု၊ခန္ဓာငါးခု တရားဗုဒ္ဓိုး၊ အ ပဿံ-
အ ပဿသန္တော၊ အရှိတရားမသိပြောလို့၊ သတိမထား မပွါး
များမထင်မြင်၊မဆင်ခြင်မသုံးသပ်မိကြလေဘဲ၊ဝဿသတံ၊
စက္ခုနွံ့ပါရက ငါငါချယ်၊ သောတနွံ့ပါရက သာယာတယ်၊
မာံယာကြွယ် အချစ်တဏှာလုံးတွေနဲ့၊ မသမာဘွယ် အပြစ်
ဘယာဖုံးလို့ရို့၊အာပါယာနယ် နစ်နာရှုံးရအောင်၊ဘာဝနာ
တသွယ် လှစ်ခါမသုံးကြတော့ဘဲ၊အနှစ်ဘရာ ကာသပတ်
လုံး၊ ဇိဝေ၊ကမ္မာသိအလုပ်၊ သာသနာသိမဟုတ်၊ငါအရိုင်ပ်
တုတ်နှင့်သာ အသက်ရှည်၍နေပါပြောအံ့၊ဇိဿဝ၊ဒါန,သီသ
သမထနှင့်၊ အားရတင်းထိမ် အချိန်ကိုဆွဲ၊ဖိမ်ပါဘဲဟာ၊မိုက်
မြဲပြင်မြင်၊မိုက်ပွဲဆင်လျက်၊ ပျော်ရွှင်ကာသာ အသက်ရှည်
၍ နေပါပြောအံ့၊ နှသေယျော၊ ဘယ်ဟာဘဲ လုပ်လုပ်၊
တကယ်ငါအစွဲမပြုတ်ကြရင်ဖြင့်၊ အပါယ်ရွာထဲ ငုပ်ရအုံး
မှာမို့၊ ပျော်လဲမပျော်သာ၊ ရွှင်လဲမ ရွှင်သာ၊ လူဖြစ်သော်
လဲ တဒဂ်သာ၊ နတ်ဖြစ်သော်လဲ အစင်မရပါ၊ ဟိုဖြုယ္ဘ
ပြေကာ, ဖြုယ္ဘာမင်းကြီး ဖြစ်သော်လဲ ( ဘာ့ကြောင့်လဲ
လို့ ဆိုတော့ ) ဒိဋ္ဌိငါ ကျော်ခဲကာ၊ အောက်မြဲ အောက်
တွဲ အောက်ဆွဲ မြုပ်လေဒါ၊ သမုဒ္ဒေဒါ မပြတ်စဲရင်ဖြင့်၊
အဟုတ်မနေသာ အကြပ်ဘဲဟာမို့၊ မြတ်လဲမမြတ်လှသည်
သာတည်း၊နှ သေယျော၊သိလသဏ္ဍိ အသက်ရှေဒါ၊သမထ
သဏ္ဍိ ထက်ပြေဖြုယ္ဘာ၊ မဂ်အခြေမပါရင် ဟန်ပါဝါမကြီး
ကြပါနဲ့၊ ပြောဉ်-ဗျာန်သမာဓိဆိုတာကလဲ မပျက်မနေသာ
·ဘယ်ကိုမြန်းမြန်း တန်းလမ်း ကြိုးသွယ်ကာ၊ ဆိုးတဲ့ငါ
မပယ်ဘဲသာဖြင့်၊ညှိုးငယ်စရာအပါယ်ဆွဲမှာမို့၊ တကယ်

လဲ မဖြစ်လှသည့်သာတည်း၊ ဥတ္တမံ၊ သာသနာပ စရဏ
တို့နှင့် စပ်မရသာ ဖြစ်လှစွာသော၊ ဝါ၊ ကလျာဏ, ပုထု,
မဟာ ရဟန္တာအသိ၊ နိဗ္ဗာန်တိမ်းရှောင် ပို့ဆောင်နိုင်ဘိ၊
စွမ်းသတ္တိကြောင့်၊ မိ၂တိတာပ်ရာ ဖြစ်လှစွာသော၊ ဓမ္မံ၊ ရူ
ပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာ
ဏက္ခန္ဓာ၊ ခန္ဓာငါး၀ သရုပ်မျှကို။ ပဿတော၊ သင်အံဆွေး
နွေး၊ မေးမြန်း ကြားနာ ပွါးများကာနေသောသူအား၊ ဓမ္မ
ပဿတော၊ ဖေါက်ပြန်, ခံစား၊ မှတ်သား, ပြုဖြင်၊ စိတ်ဝိညာဉ်
ဟု၊ ငါးအင်ခန္ဓာ၊ သဘာဝါကို၊ စိန္တာညဏ်ထွဲ၊ ကိုယ်မှာ
ဘဲဟု၊ ပွါးရှုဆင်ခြင် ညဏ်နှံ့မြင်သောသူအား၊ ဝါ၊ "ရုပ်
အနိစ္စံ ဒုက္ခံ အနတ္တံ၊ ဖေါက်ပြန်တာ အနိစ္စလက္ခဏာ၊ ဖေါက်
ပြန်တာ ဒုက္ခလက္ခဏာ၊ ဖေါက်ပြန်တာ အနတ္တလက္ခဏာ"
ခန္ဓာငါးတန်၊ ဖြစ်ပျက်ဟန်ကို၊ ဘာဝနာညဏ်၊ ပစ္စုပ္ပန်
ဖြင့်၊ တန်တန်မနား၊ အမှန်ပွါး၍နေသော သူအား၊ ဧကာ
ယံ၊ ဝိပဿနာ, ဘာဝနာအလေ့၊ မမေ့မပျက် တနေ့
တရက်ပင်သော်လဲ၊ ဇီဝိတံ၊ ငါအရှိဖြုပ်၊ ကမ္ဘာသိမဟုတ်၊
ဘာဝနာ သတိချုပ်လို့မို့၊ သာသနာသိ အလုပ်နှင့်သာ
အသက်ရှင်ကာ နေလိုက်ရခြင်းသည်၊ ဝါ၊ ငါးပါးခန္ဓာ၊
သာသနာတရား လက်ကိုင်ထား၍၊ ပွါးများဆင်ခြင်၊ အသက်
ရှင်ကာ နေလိုက်ရခြင်းသည် သေယျော၊ "ဘာဘဲလုပ်
လုပ်၊ ငါအစွဲပြုတ်ကြရင်ဖြင့် ပျော် ရွှင်စရာ၊ ဘာဘဲလုပ်
လုပ် ငါအစွဲမပြုတ်ကြရင်ဖြင့်မပျော်သာ မ ရွှင်သာ၊ ညွှင်း
မနေကြနဲ့ ဟိုဟာ-ဒီဟာ၊ ပျင်းမနေကြနဲ့ မောင်ဟဝါ-မယ်
ဟာဝါ၊ ငါပြုတ်ဆေး အရေးကြီးတဲ့ခါ၊" ဝါ-သေယျော၊

ဝိသာခါ သောတာပန်လို၊ လောဘရန် မပယ်သေးသော် ကြောင့်၊ သားကလေးတွေနဲ့ပျော်ကာ ရွှင်ကာ၊သမီးကလေး တွေနဲ့ ပျော် ရွှင်ကာ၊ မြေးကလေးတွေနဲ့ ပျော် ရွှင်ကာ၊ မြစ်ကလေးတွေနဲ့ ပျော် ရွှင်ကာ၊ ပျော် ရွှင်ပြောလဲ့ တရား ကံထက်ချုပ်ပါ၊ နရက်ရပ်ရွာလယ်ကာ မပတ်ရအောင်၊ ပင်မြတ်ရတနာ ပယ်ခွါဖြတ်လို့မို့၊ တကယ်သာ မြတ်လှ သည်သာတည်း။သေယျော၊တရားမသိခင်ကတော့ ယောင် တောင်တောင် အပူကောင်၊တရားသိတော့မှ မပူပေါင်၊ နို့ များ အအေးကောင်၊ မေးမနေနဲ့တော့ အမောင်- နောက် နောင်၊ တွေးမနေနဲ့တော့ ပြောင်ပြောင် ကြောင်ကြောင်၊ တရားကိုင်းတဲ့ ဘုရားဂိုဏ်း ဝစ်တိုင်တောင်။ ဝါ၊ သေ ယျော၊ပစ်တိုင်းထောင်ရပ်၊ကြိုးမရှုပ်တော့ဘဲ၊ ဆိုးရုပ်တဲ့ ဒိဋ္ဌိမာသမာကို၊ စိတ်အသိမှာ လာခါမစွဲရအောင် နှိပ်ဖိကာ ဘာဝနာ ထွဲလိုက်ကြပေတော့၊ ဆိတ်မရှိပါ ခွါကာရှဲရင် ဖြင့်၊ နိမ်ပြည် အမတာ ရှာဒါမလွှဲကြစေနဲ့၊ဟော....ဒါပါဘဲ နိဗ္ဗာန် သာလျှင်တည်း။

———o———

# နိဂုံးချုပ်။

ကျွန်ုပ်သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများအား ကျေးဇူးဆပ်ရန်နှင့် လူထုကြီးအား အမြင်မှန် ရအောင် စာစောင်ဖြင့် ရေးသားညွှန်ပြလိုသော စေတနာ ဆန္ဒသည် စောစော အချိန်လောက်ကပင် စတင် ပေါ် ပေါက်ခဲ့ပါသည်၊ သို့ပေါ်ပေါက်ခဲ့ပါသော်လည်း၊ ထို အချိန်အခါက လူထု၏ အသိဉာဏ်သည် လောကုတ္တရာ ရေးရာ၌ ဓမ္မဗိမာန်ကျကျ ဝေဘန်နိုင်လောက်သော အသိ ဉာဏ်များ ယခုအချိန်လောက် တိုးတက် ပွင့်လင်းခြင်းသို့ မရောက်ခဲ့ကြသေးသည့်လည်းတကြောင်း၊ ၊ရင်းပြင်- ထိုအချိန်အခါက ကျွန်ုပ်၏ အသက်အရွယ်သည် အလွန် နုနယ်လှသေး၍ ကျွန်ုပ် သုံးနှုန်းရေးသားလိုသော စကား များနှင့် အသက်အရွယ် မဆက်သွယ်အောင် ရှိနေသည့် လည်းတကြောင်း၊ ဤကဲ့သို့သော အကြောင်းများကို ရှေ့ ထောက် နောက်မျှော် တွေးခေါ် စဉ်းစားကာ၊ငါးနှစ်ကျော် ခြောက်နှစ်နီးပါးမျှ သာသနာပြု နယ်လှည့် ဓမ္မကထိက နှုတ်ဖြင့် ဟောပြောရသော အလုပ်ဖြင့်သာ အချိန်ကုန်၍ လာခဲ့ပေရာ၊ ၁၃၁၅-ခု၊ ယခု ရောက်ဆဲဖြစ်သော ပစ္စုပ္ပန် အချိန်သည်ကား....၊ လူထုကြီးလည်း အသိမှန် အမြင်မှန် များကို ရတန်သလောက် ရလာကြပေပြီ၊ မြန်မာနိုင်ငံ တွင်း၌ အမြင်မှန် ရရန် လမ်းညွှန်ပြကြသော ဓမ္မကထိက ပုဂ္ဂိုလ်များလည်း ရှေးအခါကထက် ပိုမို တိုးတက်၍ လာ

ကြပေပြီ။ သို့အတွက်- ကျွန်ုပ်သည် အဟော အပြောကို လုံးဝ မရပ်စဲသော်လည်း အားလပ်ခွင့် အချိန်ကလေးများ ကိုယူကာ ဟောပြောမှု အကြားထဲမှ ရေးသားလာခဲ့ရာ၊ ဤစာစောင်ကလေးသည်- ၁၃၁၅-ခု၊ သီတင်းကျွတ် လပြည့် သောကြာနေ့၌ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပါသည်။ ဤစာစောင်ကို ရေးသားရာ၌ သူ့အပါး၏ ဂိုဏ်းဂဏ ဝါဒ ကို နှိမ့်ချ၍ မိမိ ဂိုဏ်း ဂဏ ဝါဒကို မြှင့်တင်လိုသော အတ္တုက္ကံသန,ပရဝမ္ဘနစိတ်ထားမျိုး လုံးဝ မရှိခဲ့ပါ။ အားလုံးသော လူထုကြီးအား ဘုရားအလိုတော်ကျ အမြင်မှန် ရလိုသော ဆန္ဒတခုကိုသာ ရှေ့ရှုရေးသားခဲ့ပါသည်။ သို့ပါလျက် မတော်တဆ အခြားသော ဂိုဏ်းဂဏဝါဒများကို ထိပါးနှိမ့်ချသကဲ့သို့ ထင်ရသော်၊ ကျွန်ုပ်၏ စေတနာကို ငဲ့ညှာ၍ ကြည့်ရှုကြစေလိုကြောင်း။ သို့ပါလျက်နှင့်မှ တဆင့်တက်ပြီး ထင်ချင်တတ်တိုင်း အလှိုင်းများစွာ မိမိတို့ စိတ်ထဲ၌သာထိပါးလေသော အသွင်ထင်လာမြင်လာကြ၍ ဘိုင်ပင်ရုံးစည်းဝေးကာ ကျွန်ုပ်၏စာအုပ်ကို သိမ်းဆည်းပြီး မီးဖြင့်ရှို့ပစ်ကြသည့်လည်းဖြစ်စေ၊ ရေသို့မျှော၊ မြေသို့မြှုပ်ပစ်ကြသည့်မှုလည်းဖြစ်စေ ထိုသို့ ပြုလုပ်သည့်အတွက်နှင့် ကျွန်ုပ်က နောက်ထပ် ဆက်လက်၍ အကုသိုလ် အပြစ် အနာအဆာ တဖုံတရာလိမ်းကျံခြင်းမခံလိုတော့ပါ၊ စာအုပ်၏အစကပင် အများလူထု ချီးမွမ်းမှု ကဲ့ရဲ့မှုကို တာဝန်ကြီးတခုအနေနှင့် ထည့်၍မစဉ်းစားလို ဟု ဝန်ခံခဲ့ပါပြီ။ ပါရမီရှင်များအတွက်ကိုသာ ရည်ရွယ်ချက်နှင့် ရေးသားခဲ့ခြင်းပေ၏။ ကျွန်ုပ်၏ စေတနာအတိုင်း ဤစာစောင်၌ပေါ်

ပြုခဲ့သော အလုပ်စခန်းများကို ဂိုဏ်းဂဏပါတီစိတ်မထား ကြဘဲ၊ ဘုရားအလိုတော် ကျမကျကိုသာ ဝေဘန်၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်အားထုတ် အလုပ်လုပ်ပြီး အများလူထုတို့ တောင့်တ ခဲ့ကြသော သန္တိသုခ နိဗ္ဗာနဓာတ်သို့ မြန်မြန်ကြီး ဆိုက်ကပ်နိုင်ကြပါစေသတည်းဟု၊ မေတ္တာ ရေစင် နေ့စဉ် သွန်းလောင်း ဆုမွန်တောင်း၍ အပြီးသတ် အဆုံး နိဂုမ်းချုပ်လိုက်ရပါတော့သည်။

---

## အောင်ပတ္တနာ။

မြမ္မရမ္မေ ဌာနေ ဌာနေ၊ နိဿိတာ ဟိတကာရကာ။
ရက္ခတော ပဋ္ဌာယ ဝေရိနံ၊ ဖိနိဿန္တု အဟာပယံ။

ဘော၊ ကလျာဏမိတ္တ၊ သုဇနနွယ်ဝင်၊ သူတော်စင်မှုလ၊ ရှင့်အခြေခံ၊ သောတာပန် အငယ်စား၊ ဒိဋ္ဌတပည့်များတို့-။ မြမ္မရမ္မေ အညာတဂေါင်းက ဆင်းသက်၍ ကံ့ဇာတာ ကြီးခဲ့ကြပြီး၊ ဘယာပေါင်းမခ, မင်းအဆက်ဆက် စံဖွာနီ မြိုးမြိုးပြီးတော့၊ ရတနာပေါင်းအဝဝနဲ့ ဟန်ပါဝါကြွေးခဲ့ကြတဲ့ ငါတို့ မြန်မာပြည်ကြီး၌၊ ဝါ၊ ရတနာတွေက တဝင်းဝင်း၊ သာသနာနေက တလင်းလင်း၊ အမတာမြေ ချဉ်းနိုင်တဲ့ ငါတို့ မြန်မာမြေအတွင်းဝယ်၊ ဌာနေ–ဌာနေ၊ အောင်ရပ် အောင်ရိပ်၊ အောင်နိမိတ်နဲ့၊ အောင်တိတ်ကြေငြာ၊ အောင် ပတိတ်တွေပြာလို့ရို့၊ အောင်သာယာ ညှို့ဆိုင်း၊ မြို့တိုင်း ရွာတိုင်း အရပ်တိုင်း၌၊ နိဿိတာ၊ ဆရာနဲ့တပည့်၊ အမိနဲ့ အဘ၊ မောင်နဲ့နှမ၊ အစ်မနဲ့အစ်ကို ဖြူဖွေ့ရိုရဲ့တရား လက်ကိုင်

ထားတဲ့ပြင်၊ ဝိပဿနာဉာဏ်ယှဉ် ဗိမ္ဗိစင်ကြတ္တို၊ ဆင်ခြင်ပွါးရှု၊ ပေါင်းရမ္ဗိချွေနေကြပေကုန်သော၊ဟိတကာရကာ၊ ကိုယ့်အကျိုးသူ့အကျိုး၊ လွန့်ဖွံ့ဖြိုးအောင်၊ မျှော်ကိုးကာ ရည့်စိတ်ထားလို့မို့၊ တရားဉာဏ်ကြည်၊ ပါရမီဂုဏ်မြင့်၊ သန္တာတင့်ကြတဲ့၊ သာသနာ့အခွင့်ကြုံသူ များမိုလ်လူတို့ သည်၊မှုတော၊ဤကျမ်းစာကို၊သေချာစေ့ငု၊ ဘတ်ရှုကြရာ ဤခါဤ၌၊ ဤယနေ့မှ၊ပဋ္ဌာယ၊ ဘတ်ရှုရုံသာ မနေပါဘဲ၊ လွန်စွာကြိုးကုတ်၊အားထုတ်သမှု၊အစပြုကြ၍၊ ဝါ၊ သံသရာ ကမောက်ကမ, အစုတွေကို ဖန်ခါခါ ထောက်စာရှုလို့မို့၊ ကြောက်လှသမှု အစပြုကြ၍၊ဝေရိန်၊ ဆယ်ပါးကိလေ၊ ရန်မျိုးတွေကို၊ဝါ၊ဒိဗ္ဗိနှစ်ဆယ်၊ အမြစ်တွယ်တဲ့၊ အပါယ်နှောင်ကြိုး၊ရန်သူမျိုးတို့ကို၊ အဟာပယ်–အဟာပယ်သန္တော၊ ဓမ္မစက်ဗုန်း၊ လက်ကိုင်သုံးကြ၍၊ လုံ့လမယုတ်၊ နောက်မဆုတ်ကြစေဘဲ၊ ဖိနိုသန္တု၊ ဝိပဿနာအလင်း, ဉာဏ် ရောင်ဝင်းလို့မို့ အောင်ခြင်းကြီး အောင်ကြပါစေကုန်သတည်း၊ ဝါ၊ ဝိပဿနာသတိ, လက်ကိုင်ရှိကြ၍ ဒိဗ္ဗိရေ့ ရှေ့ဆောင်၊ ရန်မျိုးကောင်တို့ကို၊ အောင်ကြပြီဟေ, အောင်ပြီဟေ, အောင်သံတွေပေးလို့မို့၊ဟစ်ကြွေးသာယာ နောင် လာမည့် ဓာတုပရိနိဗ္ဗာန်မှာ၊ ခါယခုရှိစိတ် သန့်တို့ကြောင့်၊ ဗွိနိဗ္ဗာန် နောင်စခန်းအပါ ခြုံကြရပေလိမ့်၊ ဂတိနိမိတ်မှန် မှောင်မသမ်းစရာ တနဲ့ငဲ့ပြင်၊ တိဟိတ်ဉာဏ် ကြောင်ပန်း မမ္မာမြဲလို့မို့၊ ဩြော် ...အောင်ခန်းသာယာပွဲကြီး ဝင်နိုင် ကြပါစေကုန်သတည်း၊ ။

ဤတွင် ပဋ္ဌမစာစောင်ပြီးပါပြီ၊

# ဗုဒ္ဓဘာသာစစ်တမ်း။

ဒို ဗမာမိတ်ဆွေ..... ဗုဒ္ဓံသရဏံဂစ္ဆာမိ-ဘုရားကို ကိုးကွယ်ဆည်းကပ်ပါ၏လို့ ပစ်ပကာဆိုဆိုပြီး၊ ဘုရားရှိခိုးနေရင်း၊ ဘုရား ဆွမ်းတော်တင်နေရင်း ဘုရားကို သပိတ်မှောက်ရက်နေသေးသလား။

ဓမ္မံသရဏံဂစ္ဆာမိ-တရားတော်ကို ကိုးကွယ် ဆည်းကပ်ပါ၏လို့ ပစ်ပကာ ဆိုဆိုပြီး၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောက်ျား, မိန်းမ, နိစ္စ, သုခ, အတ္တလို့ယူတဲ့ ဗမာသူပုန်တွေ ဖြစ်နေကြသေးသလား။.... ဘုရားအလိုတော်ကျ ဟောပြကြတဲ့ ဗမာကထိကတွေကို သပိတ်မှောက်-ခွက်မှောက် လုပ်ချင်ကြသေးသလား။

သံဃံသရဏံဂစ္ဆာမိ-သံဃာတော်မြတ်ကို ဆည်းကပ်ကိုးကွယ်ပါ၏လို့ ပစ်ပကာဆိုဆိုပြီး၊ ဗေဒင်ဆရာ၊ ဆေးဆရာ၊ လှေဆရာ၊ လှဲဆရာ၊ နွားဆရာတွေကို အားထား ကိုးကွယ်နေချင်ကြသေးသလား။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ-ဘုရားမှ တပါး အားကိုး အားထားစရာမရှိပါဘူးလို့ ပစ်ပကာဆိုပြီး အသင်ဗမာမိတ်ဆွေတို့ ရပ်ရွာမှာ ဘုရားကျောင်းနှင့် နတ်စင် ဘယ်သင်းကများ၍ ဘယ်ဟာကို အရေးထားကြသလဲ။ ဗမာ

မိတ်ဆွေတို့ အိမ်မှာ ဘုရားညောင်ရေအိုးနှင့် နတ်အိုး ဘယ်ဟာကို ပန်းမညှိုးရအောင် ဂရုစိုက်မိသလဲ၊ ဆွမ်းတော်တင်ရန်နှင့် နတ်တင်ရန် ဝတ္ထုပစ္စည်းရှာတဲ့အခါ ဘယ်ဟာကို အလေးရှာရသလဲ၊ အသင် ဓမ္မမိတ်ဆွေတို့ သားသမီးအိမ်သူ အိမ်သားများ နေထိုင်မကောင်းတဲ့အခါ ဘာကိုအားကိုးလို့ ဘယ်သူကို မေးကြရသေးသလဲ၊ သွေးရိုး သားရိုးပါလို့ ပြောတဲ့အခါ သေချာအောင် ထပ်ကြည့်ပါအုံးလို့ များ နိုင်းမိသေးသလား၊

ဓမ္မော မေ သရဏံ အညံ နတ္ထိ—တရားမှတပါး အားထားကိုးကွယ်ရာ မရှိပါဘူးလို့ ပစ္စက္ကဆိုပြီး၊ နက္ခတ်ဆရာ၊သိုက်ဆရာ၊ဓာတ်လုံးဆရာ၊ ဂြိုဟ်ဆရာ၊ ပေါက်ဆရာတွေကို အားကိုးနေရသေးသလား၊ သာသနာတော်မြတ်ကြီးနှင့် တွေ့ကြုံနေပါလျက်၊ ယခုထက်ထိ ဒါနတရား, သီလတရား,သမထတရားများနှင့် အားထား တင်းတိမ်နေရတုန်းလား၊

သံဃော မေ သရဏံ အညံ နတ္ထိ-သံဃာတော်မှတပါး အားထားကိုးကွယ်ရာမရှိပါဘူးလို့ ပစ္စက္ကဆိုပြီး၊ ရပ်ရွာမှာ မြတ်စွာဘုရား၏ တရားစစ်,တရားမှန်တွေကို ဖုံးအုပ်ထား၍၊ မိမိအတွက် ကြီးကျယ်အောင် လုပ်နေတဲ့ သူတွေကိုအားကိုးနေကြတုန်းလား၊ ကိစ္စ ကြီးငယ်ရှိတဲ့အခါ ထိုသူတွေ မပါလျှင်မဖြစ်နိုင်ဘူးလို့ ထင်နေကြသေးသလား၊

ဒီ-ဓမ္မပိတ်ဆွေတို့....ယခုအခါ ဗုဒ္ဓသာသနာတော် မြတ်ကြီး ထွန်းကားလာပြီဖြစ်၍၊ ဘုရားစစ်-ဘုရားမှန်, တရားစစ် တရားမှန်,သံဃာစစ် သံဃာမှန်တို့ကို ထုတ်ဖေါ်ကာ၊ဘုရား,တရား,သံဃာကို အလွဲသုံးစားပြုနေကြတဲ့ ဗုဒ္ဓသူပုန် အချောင်သမားဝါဒ ငို့ဘ စံနစ်ဆိုးတွေကို တော်လှန် တိုက်ဖျက်ကြပါတော့လော။ ။

အထက်ပါ မေးခွန်းများကို စဉ်းစား၍ဖြေပါ။ သဘောကျလျှင် ဗုဒ္ဓဘာသာအစစ် ဖြစ်သွားပါလိမ့်မည်။

——○——

# မြန်မာနိုင်ငံတော်
# ဝိပဿနာလူထုအင်အားစု
## ကြောင်ပန်းညြဝါဒခံ ဝိပဿနာအသင်းကြီးများ။

မန္တလေးခရိုင်မှ-မန္တလေးမြို့ ဗဟိုရုံဝိပဿနာအသင်းကြီး၊
အမရပူရမြို့-ရတနာ့ဂုဏ်ရည် ဝိပဿနာအသင်းကြီး၊
မြစ်ငယ်မြို့-သမဓိတ္တ ဝိပဿနာအသင်းကြီး၊
ကျောက်ဆည်မြို့-ဓမ္မပါမောက္ခ ဝိပဿနာအသင်းကြီး၊
ဥယျာဉ်တော်-ပြည်သူ့သုခ ဝိပဿနာအသင်းကြီး၊
သပြေသာရွာ-ဝိမုတ္တိရသ ဝိပဿနာအသင်းကြီး၊
တန်းပိုးရွာ-ဒိဋ္ဌိဝိသောဓနီ ဝိပဿနာအသင်းကြီး၊
ညောင်ရွှေရွာ-စတုသစ္စဝိပဿနာအသင်းကြီး၊
ပလိပ်မြို့-ပရိတ္တာရာမ ဝိပဿနာအသင်းကြီး၊
လိပ်ဆန်ခွန်ရွာ-ဗုဒ္ဓဝါဒ ဝိပဿနာအသင်းကြီး၊
သပြေအုပ်ရွာ-ခန္တီစာရ ဝိပဿနာအသင်းကြီး၊
လိပ်ဆန်တင်းရွာ-ဓမ္မာရာမ ဝိပဿနာအသင်းကြီး၊
မြစ်တူးရွာ-ဓမ္မဝိဇ္ဇာနုရ ဝိပဿနာအသင်းကြီး၊
ရေကြည်ပေါက်ရွာ-ဗုဒ္ဓဝါဒဖြန့်ချိရေး ဝိပဿနာအသင်း၊
ရဲလုံးကျော်ရွာ-ဓမ္မသာမဂ္ဂီ ဝိပဿနာအသင်းကြီး၊
ဖရဲကျွန်းရွာ-ဓမ္မအကျိုးရ ဝိပဿနာအသင်းကြီး၊
လက်သစ်ရပ်ရွာ-ပဏ္ဍိတဝိဒူ ဝိပဿနာအသင်းကြီး။
ဆောက်တောဝရွာ-ဓမ္မပရိညာ ဝိပဿနာအသင်းကြီး၊
မန်ကျည်းချိုရွာ-သာသနာ့ဂုဏ်ရည် ဝိပဿနာအသင်း၊

---

## စစ်ကိုင်းခရိုင်။

စစ်ကိုင်းမြို့-ဇေယျရံသီ ဝိပဿနာအသင်းကြီး၊
ငါးပယ်ရွာ-ဓမ္မဝိဘာဝနီ ဝိပဿနာအသင်းကြီး၊
ဇီးကျွန်းရွာ-ဓမ္မသုခ ဝိပဿနာအသင်းကြီး၊
မြစ်သာရွာ-ဓမ္မပါမောက္ခ ဝိပဿနာအသင်းကြီး၊
မြစ်ဆုံရွာ-ဓမ္မမဟာရက္ခိတ ဝိပဿနာအသင်းကြီး၊
ရွှေလှံရွာ-ဓမ္မသေဋ္ဌပါလဝိပဿနာအသင်းကြီး၊
တွင်းကြီးရွာ-ဓမ္မပါရဂူ ဝိပဿနာအသင်းကြီး၊
အမြင့်မြို့-ဓမ္မဂမ္ဘီရ ဝိပဿနာအသင်းကြီး၊
မအူကျွန်း-ဓမ္မဝိသုဒ္ဓိ ဝိပဿနာအသင်းကြီး၊
အုပ်နှဲ့ပုတ်ရွာ-ဓမ္မဝိဇ္ဇာ ဝိပဿနာအသင်းကြီး၊
ဇရပ်ကုန်းရွာ-ဓမ္မဘာရတိ ဝိပဿနာအသင်းကြီး၊
နွှင်းကိုင်းရွာ-ဓမ္မစာရီ ဝိပဿနာအသင်းကြီး၊
ဆူးထေကုန်းရွာ-ဓမ္မဝိမောက္ခ ဝိပဿနာအသင်းကြီး၊
မန်ကျည်းပုတ်ရွာ-ဓမ္မမာနိတ ဝိပဿနာအသင်းကြီး၊
ဖရိမ္မရွာ-ဓမ္မဝဍ္ဎောတ ဝိပဿနာအသင်းကြီး၊
မြစံရွာ-ဓမ္မသိတကူ ဝိပဿနာအသင်းကြီး၊
တောကျောင်းရွာ-ဓမ္မမဉ္ဇရီ ဝိပဿနာအသင်းကြီး၊
ကျောက်တန်းရွာ-ဓမ္မဆဋ္ဌါရိက ဝိပဿနာအသင်းကြီး၊
အနိမ့်ရွာ-ဓမ္မဟိတ ဝိပဿနာအသင်းကြီး၊
ဘူးကိုင်းရွာ- ဓမ္မစက္ခု ဝိပဿနာအသင်းကြီး၊
ဆယ်ရွာ-ဓမ္မဒဿန ဝိပဿနာအသင်းကြီး၊
လှည်းမှူးရွာ-ဓမ္မသိင်္ဂီ ဝိပဿနာအသင်းကြီး၊
ရွာပုလဲရွာ-သုခသဗ္ဗတ္တိ ဝိပဿနာအသင်းကြီး၊

အိုးဖိုကုန်းရွာ-ဓမ္မပါရဂူ ဝိပဿနာအသင်းကြီး။
ပေါက်ချောင်းရွာ-ဓမ္မဝါဒီ ဝိပဿနာအသင်းကြီး၊
ချောင်းစင်းရွာ-ဓမ္မသန္တိကာရဏ ဝိပဿနာအသင်းကြီး၊
ကျွဲရွာ-ဓမ္မဒေသိတ ဝိပဿနာအသင်းကြီး၊
ဥဒယရွာ-ဓမ္မစိန္တာ ဝိပဿနာအသင်းကြီး။
ဂင်ဂဲရွာ-သုဘဂဝေသီ ဝိပဿနာအသင်းကြီး၊
ရန်တပိုရွာ- ရတနပူဇာ ဝိပဿနာအသင်းကြီး၊
ဆင်ချောင်းရွာ-သံသာရဘီရုက ဝိပဿနာအသင်းကြီး၊
ပန်းညိုရွာ-ဝီရိယာဓိပတိ ဝိပဿနာအသင်းကြီး။
ညောင်ပင်ရွာ-အနတ္တဝါဒီ ဝိပဿနာအသင်းကြီး၊
ကျောင်းဖြူရွာ-ပစ္စတ္တံဝေဒိတဗ္ဗ ဝိပဿနာအသင်းကြီး၊
ဘီးဇပ်ကုန်းရွာ ဓမ္မသုန္ဒရ ဝိပဿနာအသင်းကြီး၊

---

## မုံရွာခရိုင်မှ

မုံရွာမြို့မ-ဗုဒ္ဓဘာသာ ဝိပဿနာအသင်းကြီး၊
ချောင်းဦးမြို့ ဓမ္မရတိ ဝိပဿနာအသင်းကြီး၊
ရွှေပေါက်ပင်ရွာ-ဗုဒ္ဓဝေယျာဝစ္စ ဝိပဿနာအသင်းကြီး၊
မထိသာရွာ-ဓမ္မပဏ္ဍိတ ဝိပဿနာအသင်းကြီး၊
ကျွန်းကြီးရွာ-ကလျာဏ ဝိပဿနာအသင်းကြီး၊
ကြာပိုင်ရွာ-နိယျာနိက ဝိပဿနာအသင်ကြီး၊
မုံရွေးရွာ-ယထာဘူတ ဝိပဿနာအသင်းကြီး။
ကျောက်မှော်ရွာ-ဗောဓိပက္ခိယ ဝိပဿနာအသင်းကြီး၊

## မုဓလေင်မြို့နယ်။

ဇရထင်မြို့-မူလမဟာ ဝိပဿနာအသင်းကြီး။
ကျည်းပင်ချောင်းရွာ-အရိယဝံသ ဝိပဿနာအသင်းကြီး။
သားရိုးကုန်းရွာ-ဒိဋ္ဌိဝိသုဒ္ဓိ ဝိပဿနာအသင်းကြီး။
ဆုံကုန်းရွာ-ဗုဒ္ဓဝါဒီ ဝိပဿနာအသင်းကြီး။
ဒန်းတိုင်ရွာ-ဓမ္မဝိဟာရီ ဝိပဿနာအသင်းကြီး။
ကြက်ရိုးကုန်းရွာ-ဓမ္မဋ္ဌိတိ ဝိပဿနာအသင်းကြီး။
ဒုပ်ဒိုင်ရွာ-ဓမ္မမေဒနီ ဝိပဿနာအသင်းကြီး။
ပေယင်းရွာ-သစ္စပဋိဝေဓ ဝိပဿနာအသင်းကြီး။
အောင်သာရွာ-အရိယသစ္စဒဿန ဝိပဿနာအသင်းကြီး။
ထနောင်းကုန်းရွာ-ဓမ္မရက္ခိတ ဝိပဿနာအသင်းကြီး။
သမန္တာရွာ-သဒ္ဓမ္မပရာယန ဝိပဿနာအသင်းကြီး။
ဓိုးတောရွာ-သံဒိဋ္ဌိက ဝိပဿနာအသင်းကြီး။

---

## ရွှေဘိုမြို့နယ်မှ။

လက်လှုပ်ရွာ- ဝိဇ္ဇာစရဏသမ္ပတ္တိ ဝိပဿနာအသင်းကြီး။
မိချောင်းအိုင်ရွာ-သာသနသမ္ပတ္တိ ဝိပဿနာအသင်းကြီး။
မှုးကမ်းကြီးရွာ- သာသနမာမက ဝိပဿနာအသင်းကြီး။
နှမစားရစ်ရွာ-လဒ္ဓပတိဋ္ဌ ဝိပဿနာအသင်းကြီး။
သခွတ်တောရွာ-သာသနပါလ ဝိပဿနာအသင်းကြီး။

## ဒီပဲ့ရင်းမြို့နယ်မှ။

တောက်ကရှပ်ရွာ-ဒိဋ္ဌိဝိသောဓနီ ဝိပဿနာအသင်းကြီး၊
အုန်းတပင်ရွာ-သဒ္ဓမ္မပါလ ဝိပဿနာအသင်းကြီး၊
ယမောက်ရွာ-သဒ္ဓမ္မမာမက ဝိပဿနာအသင်းကြီး၊
တနယ်ရွာ-သဒ္ဓမ္မလာဘီ ဝိပဿနာအသင်းကြီး၊
ဆိုင်ပြင်ကြီးရွာ-ဝိဝဋ္ဋဂါမိ ဝိပဿနာအသင်းကြီး၊
ကျောက်ဖျာရွာ-ဓမ္မာနုဓမ္မပဋိပတ္တိ ဝိပဿနာအသင်းကြီး၊
မင်းဆွေနှစ်ရွာ-ဒိဋ္ဌိဓမ္မသုခဝိဟာရီ ဝိပဿနာအသင်းကြီး၊
ဂေါင်းဗရွာ-သစ္စဝါဒီ ဝိပဿနာအသင်းကြီး၊
ကြံခပ်ရွာ-သမ္မာဝါဒီ ဝိပဿနာအသင်းကြီး၊
ရင်းရဲရွာ-သပ္ပုရိသ ဝိပဿနာအသင်းကြီး၊

---

## ရေဦးမြို့နယ်မှ။

ပိဋကတ်ကျရွာ-အဓိပညာ ဝိပဿနာအသင်းကြီး၊
ပေါက်သာရွာ-အဓိသီလ ဝိပဿနာအသင်းကြီး၊
ဖိန့်ကွန်းအရှေ့ရ-အာရဒ္ဓဝိပဿက ဝိပဿနာအသင်းကြီး၊
နတ်မျှားရွာ-အရိယပရိယေသန ဝိပဿနာအသင်းကြီး၊
ဆင်အင်းရွာ-အဓိစိတ္တ ဝိပဿနာအသင်းကြီး။
ဂုံးဗုရွာ-နိယတဂတိက ဝိပဿနာအသင်းကြီး၊
တာတိုင်ရွာ-နိဗ္ဗာနပစ္စနာ ဝိပဿနာအသင်းကြီး၊
မြေလတ်ရွာ-ဓမ္မဘာသိတ ဝိပဿနာအသင်းကြီး၊
အုန်းပင်ကွက်-လဒ္ဓဿာသန ဝိပဿနာအသင်းကြီး၊
ကျွဲကုန်းရွာ-ပညာဗလ ဝိပဿနာအသင်းကြီး၊

ဖိုးကုန်းရွာ-ဝိဇ္ဇာဓရ ဝိပဿနာအသင်းကြီး။
ချုံရွာ-သမ္မာပဋိပဒါ ဝိပဿနာအသင်းကြီး။
ရွာမိတ်သာ-ဗောဓိပါဒက ဝိပဿနာအသင်းကြီး။
တင်းတိမ်ရုံ-ဗဟုသုတကာရီ ဝိပဿနာအသင်းကြီး။

---

## မော်လိုက်ခရိုင်မှ။

မော်လိုက်မြို့မ-ဓမ္မသာကစ္ဆ ဝိပဿနာအသင်းကြီး။
မထုရွာ-ဝိဝဋ္ဋပက္ခိယ ဝိပဿနာအသင်းကြီး။
မစိန်ရွာ-ဝိဝဋ္ဋစာဂီ ဝိပဿနာအသင်းကြီး။
မော်လိုက်ကလေး-ဝိဝဋ္ဋသမ္ပတ္တိ ဝိပဿနာအသင်းကြီး။
ထွန်းပင်ရွာ-ဓမ္မသဘာဝ ဝိပဿနာအသင်းကြီး။
ဝါးရုံသာရွာ-ဓမ္မဂုဏ်ရည် ဝိပဿနာအသင်းကြီး။
ယူးဝရွာ-ဓမ္မာဘိသမယ ဝိပဿနာအသင်းကြီး။
ဘောင်းပြင်မြို့-ဝိဇ္ဇောဘာသ ဝိပဿနာအသင်းကြီး။
သရောင်းမြို့-ဝိဇ္ဇာစရဏ ဝိပဿနာအသင်းကြီး။
ရွှေဒေါင်းရွာ-ဉာဏဂမ္ဘီရ ဝိပဿနာအသင်းကြီး။
မြင်သာရွာ-စန္ဒိမာစာရ ဝိပဿနာအသင်းကြီး။
မင်းယားရွာ-ဉာဏဗလ ဝိပဿနာအသင်းကြီး။
ဟုမ္မလင်းမြို့-ဓမ္မဩပနေယျိက ဝိပဿနာအသင်းကြီး။
နောင်မကျစ်-ဓမ္မအကာလိက ဝိပဿနာအသင်းကြီး။
ကြို့ကုန်းရွာ-ရတနသမ္ပတ္တိ ဝိပဿနာအသင်းကြီး။
ကင်းတစ်မြို့-သာသနာသာမဂ္ဂီ ဝိပဿနာအသင်းကြီး။

## ပခုက္ကူခရိုင်မှ။

ရေစကြိုမြို့မ-ဓမ္မာနုဂ္ဂဟမိပတိ ဝိပဿနာအသင်းကြီး။
နတ်ညွှန်းရွာ-ဓမ္မာဓိပတိ ဝိဟာရီ ဝိပဿနာအသင်းကြီး။
ဇွဲချောင်းရွာ-သံသာရဝိမောက္ခကာမ ဝိပဿနာအသင်း။
မြင်းခြံမြို့မ-ဓမ္မာဓိပတိဂန္ဓိရ ဝိပဿနာအသင်းကြီး။
သဲဖြူဝ-ဓမ္မဝါဒီ ဝိပဿနာအသင်းကြီး။
သင်းဘောတင်ရွာ-ဓမ္မကောဝိဒ ဝိပဿနာအသင်းကြီး။
ဂေါင်းကွဲရွာ-ဓမ္မသမ္ဘသန ဝိပဿနာအသင်းကြီး။

---

## ငါန်းဖွဲ့နမ်ုမြို့နယ်မှ။

ငါန်းပွန်မြို့မ သာသနာ့မဏ္ဍိုင် ဝိပဿနာအသင်းကြီး။
မြင်းဆယ်ရွာ-သိန္ဓုသာယာ ဝိပဿနာအသင်းကြီး။
ရွာမရွာ-ဝိမာန ဝိပဿနာအသင်းကြီး။
ညောင်ပင်ဝန်းရွာ-ဓမ္မဝိတိဝိပဿနာအသင်းကြီး။
ရွာသစ်ကြီးရွာ-သဒ္ဓါဓိပတိပဿနာအသင်းကြီး။
နတ်ခရိုင်-ဒုဋ္ဌရိတပဟာန ဝိပဿနာအသင်းကြီး။
အုန်းတောရွာ-သာရသုန္ဒရီ ဝိပဿနာအသင်းကြီး။
ရှမ်းတစ်ရွာ-ဓမ္မကောသလ္လ ဝိပဿနာအသင်းကြီး။
ရင်းမာကျင်းရွာ-နာမရူပ ပရိဂ္ဂဟ ဝိပဿနာအသင်းကြီး။
ညောင်ပင်သာ-ကင်ရွာ-ပဋိပတ္တိပါဒ ဝိပဿနာအသင်း။

## ဝက်လက်မြို့နယ်။

ဝက်လက်မြို့-ဝိဇ္ဇာစရဏ သမ္ပန္န ဝိပဿနာအသင်းကြီး၊
မူးကြီးရွာ-ပညာဓိက ဝိပဿနာအသင်းကြီး၊
မကျည်းတုံရွာ-ဓမ္မမာမက ဝိပဿနာအသင်းကြီး၊
မင်းရွာ-ဓမ္မာဓိပတေယျ ဝိပဿနာအသင်းကြီး၊
ခေါတော ဝိပဿနာအသင်းကြီး
သခွတ်တော ဝိပဿနာအသင်းကြီး၊

# ကိုချစ်ကြွယ် နှင့်-သားသွီးများ

## ဗမာ့ မိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်။

## နံပါတ် { ၃၇-၃၉ } ဈေးကြို စိရုံ-မန္တလေး။

## အဘိုးနှုန်းစာရင်း။

**သတိပြုရန်မှာ။** အဘိုးနှုန်းပြထားသော်လည်း၊ စာအုပ်များ အပေါ်, အရှားလိုက်၍၊ တက်ဈေး-ကျဈေး ရှိတတ်ပါကြောင်း။ ။ ရှေးရိုက်ဟု ပါသော စာအုပ်များမှာ - အနည်းငယ် စက္ကူ ဟောင်းခြင်း- ဝါခြင်းများ ပါတတ်ပါကြောင်း။ ပါဠိတော် အဋ္ဌကထာဋီကာစာအုပ်များ တိုက်ပေါင်းစုံရှိက်ဖြစ်ပါသည်။

| စာအုပ်အမည် | ကျပ် ပြား |
| --- | --- |
| ပိဋကတ်သုံးပုံပါဠိတော်အရုံ သားရေဖုံး ရှေးရိုက်များ-စာအုပ်ရေ (၂၀).... .... | ၄၀၀ |
| ပိဋကတ်သုံးပုံပါဠိတော် နိဿယ အရုံ သားရေဖုံး ရှေးရိုက်များစာအုပ်ရေ (၂၁) ... | ၄၂၀ |
| ပါရာဇိကဏ် အဋ္ဌကထာပါဠိ ပ-ဒု ...... | ၄၀ |
| ပါစိတျာဒိအဋ္ဌကထာပါဠိ ပ-ဒု ရှေးရိုက်.... | ၄၀ |
| သုတ်သီလက္ခန်အဋ္ဌကထာပါဠိ .... .... | ၂၀ |
| သုတ်မဟာဝါအဋ္ဌကထာပါဠိ ရှေးရိုက် .... | ၂၀ |
| သုတ်ပါထေယျအဋ္ဌကထာပါဠိ ...... | ၂၀ |
| အဋ္ဌသာလိနီအဋ္ဌကထာပါဠိ .... | ၂၀ |
| သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠိ ရှေးရိုက် | ၂၅ |
| ပဉ္စပကြိုဏ် အဋ္ဌကထာပါဠိ ...... | ၂၅ |
| ပါရာဇိကဏ် အဋ္ဌကထာနိဿယသစ်-မအုရမှူ ပ-ဒု-တ-စ တရုံ .... .... .... | ၈၈ |

(အမှာစာပို့လျှင် လိပ်စာပြည့်စုံစွာရေးပါ။)

| စာအုပ်အမည် | ကျပ် ပြား |
|---|---|
| ပါဠိတော်နှင့် အဋ္ဌကထာနိဿယ ရွေးရိုက်သားရေဖုံး | ၂၀ |
| မဟာဝါ : : ရင်း | ၂၀ |
| စူဠဝါ : : ရင်း | ၂၀ |
| ပရိဝါ : : ရင်း | ၂၀ |
| သုတ်သီလက္ခန် အဋ္ဌကထာနိဿယ ပ-ဒု(နေရင်း) | ၄၀ |
| သုတ်မဟာဝါ, သုတ်ပါထေယျ အဋ္ဌကထာနိဿယ ရိုက်ဆဲ | |
| အဋ္ဌသာလိနီ အဋ္ဌကထာ နိဿယ ပ-ဒု-တ သားရေ | ၂၅ |
| သမ္မော, ပဥ္စပကြိုဏ်နိဿယ ရိုက်ဆဲ | |
| ပိဋကတ်သုံးပုံဋီကာပါဠ် အစုံ ရွေးရိုက် စာအုပ်ရေ (၁၆) အုပ်တစုံ .... .... | ၃ ၂၀ |
| ဓမ္မပဒ အဋ္ဌကထာနိဿယ ပထမ .... ...... | ၂၀ |
| ဓမ္မပဒ အဋ္ဌကထာနိဿယ ဒု, တ, စ, တွဲများရိုက်ဆဲ | |
| ဓမ္မပဒ ဝတ္ထုတော်ကြီး ပ, ဒု, တ, စ, ပဥ္စမအစုံ | ၁ ၂၅ |
| ဓမ္မပဒပါဠိတော်နိဿယ သင်္ဂဇာမှ စက္ကူဖုံး | ၅ |
| သားရေ | ၁၀ |
| ငါးရာ့ငါးဆယ်ဝတ္ထု ပ, ဒု, တ, စ, ပဥ္စမ အစုံ | ၁ ၂၅ |
| ရုပ်ပုံ ဇာတ်တော်ကြီးဆယ်ဘွဲ့ ပ, ဒု, တစုံ | ၅၀ |
| ရုပ်ပုံ ပုံတော် ဖိနဋ္ဌပကာသနီကျမ်း .... | ၂၅ |
| သံဝေဂဝတ္ထုဒီပနီ ဘုရားကြီးဆရာတော်မှ | ၂၅ |
| မိလိန္ဒပဥှာဝတ္ထုတော်ကြီး ...... .... | ၂၅ |
| ပဋ္ဌိတဝေဒနိယကျမ်း သေကျ္ယတောင်.... | ၂၅ |

စာအုပ်အမည် ကျပ် ပြား

ဒက္ခိဏာရာမ,ဘုရားကြီးမှ၊ ဆရာတော်ဦးနာရဒ
သုတ်သင်ပြင်ဆင်သည့် ၂၇ ခဏ်းပါ ၉ ခဏ်း
ဝတ်အန္တရာယ်ကင်း ပဋ္ဌာဓနိယကမ္မဝါစာ...... ၁၀
၎င်း ၃၁ ခဏ်းပါသော ၁၇ ခဏ်းကမ္မဝါနှင့်
ပဋ္ဌာဓနိယ ကမ္မဝါစာ ...... ...... ၁၀
မဏိကုဏ္ဍလဝတ္ထု သားရေဖုံး ၂၀
ဗွယ်ရုံကျော်ထင် ပ,ဒု, ကျီကန်မေး,ကျီသဲဖြေ ၄၀
မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ၂၅
ဝဇီရူပမ ဗျာကရဏ ဂ စောင်တွဲ သားရေ ၁၅
လောကအောင်မြေဆရာတော်ရေး သုဓာနုကြေး
မှ ခေါ် ဓမ္မပဒေသာကျမ်း ၃ စောင်တွဲ ...... ၅
၎င်းဆရာတော်ရေး ဗုဒ္ဓဂုဏ်ရောင်အလင်းပြ ၁
၎င်းဆရာတော်ရေး နိဗ္ဗာန်ဝင်လမ်းကျမ်းရိုက်ဆဲ ၂
သင်္ဂဓာ စကားပုံပေါင်းချုပ် ပ,နှင့် ဒု, တအုပ်
တ, နှင့် စ, တအုပ် တရုံ စက္ကူဖုံး ၁၀၊ သားရေ ၁၅
ဦးပေါ်ဦး လျှောက်ထုံး ပ,ဒု, ၊ ၁၀၊ ၊ ၁၅
မဏိရတနာပုံကျမ်း ၊ ၁၅၊ ၊ ၂၀
အာဒိကပ္ပကဏ္ဍဦးကျမ်း ၊ ၁၅၊ ၊ ၂၀
အယူတော်မင်္ဂလာလျှောက်ထုံး စက္ကူဖုံး...... ၃ ၅၀
စကားတောင်စားဝတ္ထု ...... ...... ...... ၃ ၅၀
ရှင်ဥတ္တမကျော်, ခုံတော်မောင်ကျွဲဘန်းစကား
စစ်ထိုးခန်း ...... ...... ...... ၃ ၅၀
အက္ခရပိသောဓနီကျမ်း (မောင်းထောင်) ၆

| စာအုပ်အမည် | ကျပ် | ပြား |
|---|---|---|
| သဒ္ဒါကြီးရှစ်စောင်ပေါင်း ...... စက္ကူဖြူ | ၃ | ၅၀ |
| သဒ္ဒါကြီးပုဒ်စစ် ...... ၎င်း | ၃ | ၅၀ |
| သဒ္ဒါငယ် ၁၅ စောင်ပေါင်း ...... ၎င်း | ၃ | ၅၀ |
| သဒ္ဒါကြီးသုတ်နက် (ဗားကရာမှ) ၎င်း | ၅ | |
| ၎င်း (မောင်းထောင်မှ) သားရေဖုံး | ၆ | |
| သဒ္ဒါကြီးနိဿယ (နန်းကျောင်းမှ) ပ, ဒု, | ၅၀ | |
| သဒ္ဒါကြီးနိဿယသစ် (သပြေကန်မှ)ပ, ဒု ၎င်း | ၅၀ | |
| ၎င်း ၎င်း ၎င်း တတိယ ၎င်း | ၂၂ | |
| အဘိဓာန် အလင်္ကာ ဆန်းပေါင်း စက္ကူဖြူ | ၃ | ၅၀ |
| အဘိဓာန်နိဿယသစ် (ဝိသုဒ္ဓါရုံမှ) သားရေဖုံး | ၂၀ | |
| အလင်္ကာနိဿယသစ် (စံကျောင်းမှ) ၎င်း | ၂၀ | |
| အလင်္ကာ အရသာ စက္ကူဖုံး-၆၊ ၎င်း | ၁၄ | |
| ကစ္စာယနဂုဠှတ္ထဒီပနီကျမ်း ...... ၎င်း၊ | ၂၀ | |
| သဒ္ဒနီတိ ပဒမာလာပေါင်း ရှေးရိုက် ...... | ၂၀ | |
| ၎င်း ဓာတုမာလာ ။ ...... | ၂၀ | |
| ၎င်း သုတ္တမာလာ ။ ...... | ၂၀ | |
| ၎င်း ပဒမာလာနိဿယ ။ ...... | ၂၅ | |
| ၎င်း သုတ္တမာလာနိဿယ ပ,ဒု ။ ...... | ၅၀ | |
| ပဒရူပသိဒ္ဓိပေါင်း စက္ကူဖုံး ၁၀၊ သားရေဖုံး | ၁၅ | |
| ၎င်း ဋီကာပေါင်း ။ ၅၊ ၎င်း | ၁၀ | |
| ၎င်း နိဿယ ။ ၎င်း | ၂၀ | |
| ၎င်း စာကိုယ်ဋီကာ ၂ တွဲ ၎င်း | ၂၀ | |

| စာအုပ်အမည် | ကျပ် | ပြား |
|---|---|---|
| မပိုးရိမ် ချုပသိန္ဒြီအဖြေ စက္ကူဖုံး ၁၀၊သားရေ | ၁၅ | |
| သမ္ဗုဒ္ဓိစိန္တာဂဏ္ဌိသစ် (မောင်းမထောင်) ၎င်း | ၂၅ | |
| ဝိနည်းငယ် ၄ စောင်ပါ၌ ...... စက္ကူဖုံး | ၃ | ၅၀ |
| ဝိနယသံခိပ်.... ...... ၎င်း | ၃ | ၅၀ |
| ဝိနည်းကွန်ချာ ...... .... | ၃ | ၅၀ |
| ဝိနည်းငယ်လေးစောင်နိသျ (ဦးရှစ်)သားရေဖုံး | ၂၀ | |
| ဝိနယသင်္ဂဟာ အဌကထာပါဠိ ...... .... | ၂၀ | |
| ဝိနယာလင်္ကာရဋီကာပါဠိ ပ, ဒု, တ,ရ ် .... | ၄၀ | |
| ဝိနည်းငယ်လေးစောင်နှင့် ကင်္ခါပါဠိ ...... | ၂၀ | |
| ကင်္ခါအဌကထာပါဠိ စက္ကူဖုံး ၁၀၊ သားရေ | ၁၅ | |
| ၎င်း နိသျ (ယောမှ) ...... ...... | ၂၅ | |
| ကင်္ခါဋီကာသစ်ပါဠိ ရှေးရိုက် .... ...... | ၁၅ | |
| ပါတိမောက်နှင့် ကင်္ခါအမေးအဖြေ | | |
| စက္ကူဖုံး ၁၀၊သားရေ ...... | ၁၅ | |
| ပါတိမောက္ခဝိနိစ္ဆယကျမ်း .... —— | ၂၅ | |
| ပါတိမောက္ခမေဒနီ...... ...... ...... | ၂၅ | |
| ခုဒ္ဒသိက္ခာအဌကထာပါဠိနှင့် ဋီကာဟောင်း | | |
| ဋီကာသစ် | ၂၀ | |
| မူလသိက္ခာအဌကထာပါဠိနှင့် ဋီကာဟောင်း | | |
| ဋီကာသစ် | ၂၀ | |
| မှန်ပြသင်္ဂြိုဟ်ပါဠိ ... .... | ၁ | |
| သင်္ဂြိုဟ်နိသျ ဗားကရာမှ | ၄ | |

| စာအုပ်အမည် | ကျပ် | ပြား |
|---|---|---|
| သင်္ဂြိုဟ် ဗားကရာအကောက် စက္ကူဖုံး | ၃ | ၅၀ |
| ၎င်း မြို့ပြင်းကြီးအကောက် | ၃ | ၅၀ |
| သင်္ဂြိုဟ်ဘာသာ ဋီကာ (အရှင်ဇနကာဘိဝံသ) စက္ကူဖုံး ၁၀၊ သားရေ | ၂၅ | |
| အဘိဓမ္မာသရုပ်ပြဒီပနီ (ဦးထိလောက) | ၃ | ၅၀ |
| အဘိဓမ္မတ္ထဒီပက ပ, ဒု, တရုံ (မိုလ်ကုန်း) | ၅၀ | |
| ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာသစ်ပါဌ် | ၂၀ | |
| ၎င်းနိသျ ပထမတွဲသာရှိသည် (လယ်တီ) | ၂၀ | |
| မာတိကာဓာတုကထာ အရကောက် | ၂၅ | |
| ယမိုက် အရကောက် | ၂၅ | |
| ပဋ္ဌာန်း အရကောက် | ၂၅ | |
| ဓာတုကထာဝိဘာဝနီ သဒ္ဒမ္မောဒယ | ၁၅ | |
| မာတိကတ္ထဝိဘာဝနီ ၊ | ၂၀ | |
| ယမကတ္ထဝိဘာဝနီ ပ, ဒု, တရံ- စက္ကူဖုံး-၄၀၊ သားရေ | ၅၀ | |
| ပဋ္ဌာနသာရဝိဘာဝနီခေါ်–ပဋ္ဌာန်းဂဏ္ဌိကျမ်းကြီး ပ, ဒု, တ, | ၆၀ | |
| ဆန္ဒောသာရဝိဘာဝနီ ဆန်းပါဌ်-နိသျသစ် စက္ကူ-၁၅၊ သားရေ | ၁၈ | |
| ဆန္ဒမေဒနီ စက္ကူဖုံး | ၅ | |
| နေတ္တိဟာရဝိဘာဝနီ–၃-စောင်တွဲ | ၃ | ၅၀ |
| ဝိဂ္ဂဟနယနှင့် အလင်္ကာ-နေတ္တိအကောက် | ၅ | |

| စာအုပ်အမည် | ကျပ် | ပြား |
|---|---|---|
| ပဋ္ဌာန်းညွှန်ဝါ-၃-စောင်တွဲ(သဲအင်းသာသနာပိုင်) | ၅ | |
| ဋီကာကျော်ပါဠိ စက္ကူဖုံး-ဂို၊ သားရေ | ၁၂ | |
| ၎င်း နိဿျ (နေရှင်း) | ၂၅ | |
| ဋီကာကျော် အဖြေ (မပိုးရိမ်) | | |
| စက္ကူဖုံး-၁၅-၅၀ ပြား၊သားရေဖုံး | ၁၇ | ၅၀ |
| ဋီကာကျော်-မြန်မာပြန် ပ-ဒု-တ,၃-တွဲ ၎င်း | ၂၀ | |
| အဘိဓမ္မာသင်တန်း ပ-ဒု-တ- တရု စက္ကူဖုံး | ၄ | ၅၀ |
| ယမိုက်အဖြေကျမ်း (လယ်တီ) ၎င်း | ၆ | |
| ကာယာနုပဿနာကျမ်း (ယောမင်းကြီးရေး) | ၅ | |
| နိဗ္ဗာနမဂ္ဂဒီပနီ (မဟာဂန္ဓာရုံ )စက္ကူဖုံး | ၇ | ၅၀ |
| လယ်တီဒီပနီများ ဘာဝနာဒီပနီ ၎င်း | ၃ | ၅၀ |
| အာဟာရဒီပနီနှင့် သီလဝိနိစ္ဆယ | ၂ | |
| အနတ္တဒီပနီ | ၂ | |
| ဝိဇ္ဇာမဂ္ဂဒီပနီနှင့် လက္ခဏာဒီပနီ | ၂ | |
| ကမ္မဋ္ဌာနဒီပနီ | ၂ | |
| ဗောဓိပက္ခိယဒီပနီနှင့် အာနာပါနဒီပနီ | ၂ | ၅၀ |
| ဥတ္တမပုရိသဒီပနီ | ၂ | ၅၀ |
| ပါရမီဒီပနီ | ၂ | ၅၀ |
| နိဗ္ဗာနဒီပနီ | ၂ | |
| ဓမ္မဒီပနီနှင့် ပဋ္ဌာနောဝါဒကမ္မဋ္ဌာန်း | ၂ | ၅၀ |
| ပဋိစ္စသမုပ္ပါဒ်ဒီပနီ | ၂ | ၅၀ |
| သုကုမာရမဂ္ဂဒီပနီနှင့် လယ်တီမင်္ဂလသုတ္တန် | ၂ | ၅၀ |

| စာအုပ်အမည် | ကျပ် | ပြား |
|---|---|---|
| အာနာပါနဒီပနီ-ခေတ်ကမ္မဋ္ဌာန်းကျမ်းသစ် | | |
| ရူပဒီပနီ နိဗ္ဗာနဝိသဇ္ဇနာ-၄-တွဲ (လယ်တီ) | ၂ | ၅၀ |
| သာသာနသမ္ပတ္တိကျမ်း | ၅ | |
| သာသနာ့ဝိသောဓနီ-ပဌမ-၅၊ ဒုတိယ-၄-၅၀၊ တတိယ-၄-၅၀၊ | | |
| လယ်တီကမ္မဋ္ဌာန်းကျမ်းကြီး | ၅ | ၅၀ |
| လယ်တီ-သီလဝိနိစ္ဆယပေါင်းချုပ် | ၂ | ၅၀ |
| လယ်တီမဟာထေရုပ္ပတ္တိကထာ | ၂ | ၅၀ |
| ဘာသာရေးပုစ္ဆာ အဖြေပေါင်းချုပ် | ၃ | |
| မဂ္ဂင်္ဂဒီပနီ | ၁ | |
| ဝိပဿနာဒီပနီ | ၁ | |
| သမ္မာဒိဋ္ဌိဒီပနီ | ၁ | ၅၀ |
| ဒါနာဒိ ဒီပနီ-စတုသစ္စဒီပနီ-နိယာမ ဒီပနီ | ၂ | ၅၀ |
| ကြောင်ပန်း ဝိပဿနာ-၆-စောင်တွဲ | ၃ | |
| တရားသင်းနည်း-ဆွေးနွေးနည်း ကြောင်ပန်း-၃ စောင်တွဲ | ၁ | ၅၀ |
| ကြောင်ပန်း ဦးတိဿ၏ ဒိဋ္ဌိပြုတ်လမ်း ဟောပုံကျမ်း ပ, ဒု | | ၁၀ |
| အရှင်ကောဝိဒ၏ နာမ်လောကနှင့် နာမ်ဘုရင် | ၁ | ၅၀ |
| အရှင်ကောသလ္လ၏ ဝိပဿနာအလုပ်စခန်း | | |
| ကြောင်ပန်းလမ်းစဉ် ဂျပ်ထူးဖုံး | ၇ | |
| အရှင်ဇနိန္ဒ၏ ဟောပုံဝိပဿနာဂုဏ်ရည် | ၂ | ၅၀ |

သင်္သည်း ယခုဘဝ ဟိုလိုလိုဒီလိုလိုနှင့် ဝိပဿနာဘက်၌ ခိုင်မြဲစိတ်ချရမှု မရှိသေးလျှင် (အသျှင်ကောသလ္လ)၏ ဝိပဿနာအလုပ်စခန်း ကြောင်ပန်းလမ်းစဉ် စာစောင်ကို ဘတ်ပါ။

---

ဝိပဿနာ အဟောအပြောဘက်သို့ ဝါသနာသက်၍ ဓမ္မကထိကပုဂ္ဂိုလ်တဦး ဖြစ်လိုသူများ အရှင်ကောသလ္လ၏ ( ဝိပဿနာ တရားဟောပြောနည်း=အားထုတ်နည်း ) စာစောင်ကို လေ့လာပါ။

---

ကိုချစ်ကြွယ် နှင့် သား–သမီး–များ
ဇာမ္ဗူ့မိတ်ဆွေ ပိဋကတ်–စာအုပ်ဆိုင်
နံပါတ် {၃၁=၃၉} စီရုံး ဈေးကြိုအောက်
မန္တလေးမြို့၊

---

သမတ ပုံနှိပ်တိုက်၊ ဆိုင်းတန်း–မန္တလေး။